
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ပုံနှိပ်မှတ်တမ်း

၈၉၅.၈၃

မြပုလဲခင်

ရွှေအချစ်ရွှေသစ္စာ/မြပုလဲခင်။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၃။

၂၇၀-စာ၊ ၁၂.၅ x ၁၈.၂စင်တီ။

(၁) မြပုလဲခင်

ဖြန့်ချိရေး--အောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်--အောင်မြင်ပုံနှိပ်တိုက်

ထုတ်ဝေသူ--ဦးအောင်မြင့်၊ ပထမအကြိမ်၊ စက်တင်ဘာလ၊ ၂၀၁၃၊ တန်ဖိုး(၁၅

# မြပုလဲခင်



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတဲ့အရာဟာ အင်မတန် တန်ဖိုးကြီးပါတယ်၊
ဘယ်အရာနဲ့မှ တန်ဖိုးဖြတ်လို့မရတဲ့ ထူးဆန်းအံ့သြဖွယ်ရာ
ဖြုပ်မှဲ့အရာတစ်ခုပါပဲ၊ ကျွန်မလေ အဲဒီထူးဆန်းတဲ့
အရာတစ်ခုလို့ သတ်မှတ်ထားတဲ့အချစ်ကို
သိမ်ပိုင်ဆိုင်ချင်တယ်၊ ရယူချင်တယ်၊ ဒါပေမယ့်...
အချစ်ကို ခြောက်လှန့်နေတဲ့ အရာတစ်ခုက ရှိနေပြန်တယ်၊
အဲဒါက သစ္စာပဲ၊ သူကလဲ အံ့သြစရာကောင်းလောက်အောင်ကို
တန်ဖိုးမဖြတ်နိုင်တဲ့ အရာတစ်ခု ဖြစ်နေ ပြန်တယ်၊
သူ့ကို လွှန်ဆန်နိုင်တဲ့ စွမ်းအားမျိုး အချစ်မှာ ရှိနေမယ်
ဆိုရင်တော့လည်း ....

(မုန်းမာန်ပြေ)



BURMESE CLASSIC .com



အချစ်ကို ခြစ်ခြစ်နိုးနိုးနဲ့ ရယူဖို့အတွက် လဲလှယ်ရမယ်
အရာဟာ သစ္စာတရားဖြစ်နေတော့ ဆုံးရှုံးမှုတွေဟာ
နောက်ဆက်တွဲ ဖြစ်ပေါ်လာလိမ့်မယ်၊ အဲဒီအထဲမှာ
အကြီးမားဆုံးသော ဆုံးရှုံးမှုက ဂုဏ်သိက္ခာ ကျဆင်းခြင်းပဲ
ဖြစ်လိမ့်မယ် ထင်တယ်လို့ မာန်ယူဆနေတယ် မှတ်လား။
အမှန်တော့ မာန့်အယူအဆတွေ လွဲနေတယ်၊ သစ္စာတရားဟာ
ဂုဏ်သိက္ခာ မဟုတ်ဘူး၊ ဂုဏ်သိက္ခာဆိုတဲ့ အတ္တရဲ့သားကောင်ပဲ
ဒီတော့ အင်မတန် နက်နဲနူးညံ့သိမ်မွေ့ဆန်းကြယ်လွှန်းတဲ့
အချစ်နဲ့ နက်ရှိုင်းခိုင်ခံ့တည်ငြိမ်လွန်းလှတဲ့ သစ္စာတရားဟာ
အတ္တကင်းကွာပါတယ်၊ ဒါကြောင့် အချစ်နဲ့ သစ္စာရဲ့သန့်စင်မှုကို
ဂုဏ်သိက္ခာဆိုတဲ့ အတ္တအရောင် လာမဆိုးပါနဲ့ မာန်။

(နှောင်ဖွဲ့)

www.burmeseclassic.com


www.burmeseclassic.com



BURMESE CLASSIC .com

သစ္စာဆိုတာ လူတိုင်းအပေါ်ထားရှိနိုင်တဲ့ အရာတစ်ခုဖြစ်တယ်၊ ဒါပေမယ့် လူတိုင်းမလိုက်နာနိုင်အောင်ကို လူမှုဆက်ဆံရေး နယ်ပယ်အတွက် အင်အားသိပ်ကြီးမားတဲ့ အရာတစ်ခုပါ၊ အဲ.. အချစ်ဆိုတာကတော့ အစွဲအလမ်းကြီးတတ်တဲ့ သူတွေအတွက် တစ်သက်မှာတစ်ခါပဲ ပေါက်ပွားတတ်တဲ့ အရာတစ်ခု ဖြစ်တယ်လို့သာ ကျွန်တော်လိုက်ပြောလိုက်ရင် အချစ်ကို သွေးနှောင်ဖြားယောင်းရာ ကျရောက်သွားမှာကို စိုးရိမ်တယ်။ ကျွန်တော့်ရဲ့ သန့်စင်တဲ့ အချစ်ကို ဘာနဲ့မှ အစွန်းအထေး မခံနိုင်တဲ့အတွက် ကျွန်တော် ဘာမှမပြောပါရစေနဲ့တော့

(ချစ်ခွန်း)






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

ဝမ်းနည်းကြေကွဲခြင်းနှင့်အတူ မိုးယံဆီသို့ ထိုးတက်သွားသော လေယာဉ်ပျံကိုကြည့်ရင်း ရစ်ဝဲလာသော ကြေကွဲရိပ်တို့ကို မျက်တောင်ခတ် သိမ်းဆည်းရန် အားယူလိုက်စဉ်. . .

"မုန်းမာန်ပြေ ဟုတ်ပါတယ်နော်၊ ဒီက မုန်းမာန်ပြေ ထင်ပါတယ်"

နှောင်ဖွဲ့နှင့် ခွဲခွာခြင်းအတွက် ကျလုလုမျက်ရည်စက်နှင့် အလွမ်းရိပ်တို့သည် ဆန့်တငံ့ငံ့နှင့် ဟန့်ထားခြင်းခံလိုက်ရသကဲ့





သို့ ဖြစ်သွားပြီး အသံရှင်ကို ငဲ့စောင်းကြည့်လိုက်မိသည်။

တဒင်္ဂအတွင်း မုန်းမာန်ပြေ၏ သတိအာရုံသည် မှင်တက်ခြင်း၏ ဖမ်းစားခြင်းကို ခံလိုက်ရသည်။

ထိုတဒင်္ဂသည် စက္ကန့်ပေါင်းများစွာမှ မိနစ်ဆီသို့ကူးပြောင်းသွားပြီး ထင်ပါသည်။

မုန်းမာန်ပြေ၏ စိတ်ကူးယဉ်အိမ်မက်ကမ္ဘာထဲမှ လူသားကို မုန်းမာန်ပြေ တွေ့လိုက်ရပြီ။

ယခုမှ လာတွေ့ရတယ်တဲ့လား။

"ကျွန်တော် ချစ်ခွန်းပါ"

'ချစ်ခွန်း' ရင်ထဲ၌ ပဲ့တင်ထပ် မြည်ဟည်းသွားသည်။ သည်အမည်လေးကလည်း ကြားလိုက်ရုံမျှနှင့် မုန်းမာန်ပြေ၏ ရင်ကို နက်ရှိုင်းစွာ ဝင်ရောက်ထိုးဖောက် အမြစ်တွယ်ခဲ့သော အမည်ပေပဲ။ ယခု ရုပ်ရည်ရူပကာကို မြင်လိုက်ရသည့်အခါ. . မုန်းမာန်ပြေ ဟန်ဆောင်မှု ကင်းကွာသွားသည်။

တဒင်္ဂအတွင်း သူ့အား စူးစူးစိုက်စိုက် ငေးကြည့်မိသည်။

"မုန်းမာန်ပြေ"

"ရှင်"

"ကျွန်တော် ကိုကိုသဲဦးပိုင်ရဲ့ လူကြုံပါးလိုက်တဲ့ပစ္စည်းတွေ မုန်းမာန်ပြေဆီ လာပို့ပေးမလို့ပါ၊ ခု မမျှော်လင့်ဘဲ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ရတော့ အံ့အားသင့်ပြီး အပြေးအလွှားလာနှုတ်ဆက်မိတာပါ၊ ပစ္စည်းတွေတော့ မရွေးရသေးဘူး"

သူ၏ ဖြေရှင်းချက်များကြောင့် မှင်တက်မိခြင်း၏



www.burmeseclassic.com

www.burmeseclassic.com



ယောင်းရိပ်အောက်မှ မုန်းမာန်ပြေ လွတ်မြောက်လာသည်။

"ဪ် အဲဒီက ကျွန်မကို သိနေတာက"

"ကိုကိုသဲဦးပိုင်ဆိုမှရှိတဲ့ မိသားစုဓာတ်ပုံထဲက မုန်းမာန်ပြေကို ကျွန်တော်မြင်ဖူး တွေ့ဖူးနေလို့"

"ဪ်"

မုန်းမာန်ပြေ၌ ဆက်ရန်စကားများ ပျောက်ဆုံးသွားလောက်ရအောင်ပင် တုန်လှုပ်မှုများက ချုပ်ကိုင်ထားကြသည်။

"ကျွန်တော် မုန်းမာန်ပြေကို ဘာများအကူအညီပေးရဦးမလဲ"

"ဟင် ဘာဖြစ်လို့မေးတာလဲ"

အနား၌ပါသော သူငယ်ချင်း အမြွာညီအစ်မ သဇင်မောင်နှင့် နှင်းဆီမောင်က သူ့အားလှမ်းတို့သည်။ ကယောင်ချောက်ချားဖြစ်နေသောသူ့ကို သတိပေးတာလား။

သူတို့နှင့် မိတ်ဆက်ပေးရန် သတိပေးတာလား။ ထိုအကြောင်းအခြင်းအရာနှစ်ခုအနက် ဘယ်ဟာဖြစ်မည်ကို သိဖို့မကြိုးစားတော့ဘဲ မိမိအမြတ်နိုးဆုံးအရာတစ်ခု ပျောက်ဆုံးသွားမှာကို ကြောက်သည့်အလား ချစ်ခွန်းကိုကြည့်ကာ ခပ်ကြောင်ကြောင်မေးခွန်းတစ်ခုကို ပြန်ထုတ်လိုက်မိသည်။

ချစ်ခွန်းက အံ့အားသင့်သွားပုံနှင့်တူ၏ စိမ်းနက်ညိုမှောင်နေသော မျက်ခုံးနက်နက်တို့ အနည်းငယ် တွန့်လိုက်ပြီးမှ အပြုံးတစ်ခုကို ဖန်တီးကာ၊

"မဟုတ်ပါဘူး၊ မုန်းမာန်ပြေ ဘယ်မှခရီးသွားတာ မဟုတ်ဘူး၊ . တစ်စုံတစ်ယောက်ကို လိုက်ပို့တာသက်သက်ဆိုရင်တော့လဲ ကျွန်တော်အကူအညီပေးစရာ မလိုဘူးထင်ပါတယ်။ ဒီလိုဆို ကျွန်တော့်ကိုသွားခွင့်ပြုပါလို့ ခွင့်တောင်းမလို့"

"ဪ် . . ဟုတ် ဟုတ်ကဲ့၊ ဒါထက် အိမ်ကိုဘယ်တော့လာမှာလဲဟင်၊ ကျွန်မဒီလိုမေးတာ ပစ္စည်းတွေ အမြန်ဆုံးလိုချင်လို့မဟုတ်ဘူးနော်"

မုန်းမာန်ပြေ ဘယ်လိုဖြစ်နေတာလဲဟု မိမိကိုယ်မိမိသတိထားချိန် မရောက်လောက်အောင်ပင် ပျာယာခတ်မိသွားပြီးမှ သတိပြုမိတော့သည်။ ဘယ်သူက ဖြေရှင်းချက်တုတ်ခိုင်း၍ ဖြေရှင်းချက်ပါပေးမိရသနည်း။

"အင်း အစကတော့ နောက်နေ့မှလာမလို့ပဲ၊ ဒါပေမယ့် အခုတော့ အိမ်ပြန်ရောက်ရင် ရေမိုးချိုးပြီးတာနဲ့ မုန်းမာန်ပြေတို့အိမ်ကို အရင်ဆုံးလာမယ်လို့ ဆုံးဖြတ်ချက်ချပြီးသွားပြီ"

သည်မျက်လုံး စူးစူးတောက်တောက်၌ အင်အားရှိနေသလို သူ့စကားထဲ၌လည်း အဓိပ္ပာယ်တွေများစွာ ပါဝင်နေသည်ဟု မုန်းမာန်ပြေ ကိုယ်လိုရာ ကိုယ်စွဲတွေးလိုက်သည်။

"ဟုတ်ကဲ့၊ သိပ်ကောင်းတဲ့ ဆုံးဖြတ်ချက်ပဲ"

"ဒါဖြင့် ကျွန်တော့ကို ခွင့်ပြုပါဦးနော်"

"ဟုတ် . . ဟုတ်ကဲ့"

လှပသောအပြုံးတစ်ချက်ကို ချစ်ခွန်းက ပြုံးပြပြီး သူ့ကိုကျောခိုင်းလိုက်နိုင်ပေမယ့် မုန်းမာန်ပြေက တုံ့ပြန်ပြုံးရန်ပင် မေ့လျော့သွားပြန်သည်။





www.burmeseclassic.com


www.burmeseclassic.com



ချစ်ခွန်း ပျောက်ဆုံးသွားမှာကို စိုးရိမ်မှုဖြင့်သူမပြုံးနိုင်ခြင်းဖြစ်သည်။ တစ်ဆက်တည်းရင်၌ ဝေဒနာတစ်ခုထပ်ဆင့်၍ နှိပ်စက်ကာလူပြုပြုန်သည်။ ထိုအခြင်းအရာသည် နှမြောတသသသာဖြစ်သည်ဟု မှန်းမာန်ပြေ မိမိကိုယ်မိမိစက်ဆုပ်ရွံရှာစွာဖြင့် သိရှိလိုက်လေသည်။







# အခန်း (၂)

"ရှင် ဘယ်လိုဖြစ်သွားတာလဲ မာန်"

သဇင်မောင်၏ အမေးကို မှန်းမာန်ပြေ ဖြေရန်အဖြေသည် နှလုံးသား၌ အသင့်ရှိနေပါသည်။ သို့သော် ထိုအဖြေကို မိမိနှုတ်မှ ထုတ်ဖော်ကြေညာလိုက်လျှင်. . .

"မသိဘူးဟာ၊ ကျုပ် အိပ်မက်ထဲကလူ ဖြစ်နေခဲ့တယ်လို့ပြောရင် ရှင်တို့အံ့သြနေမလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ရဲ့အိမ်မက်ကို ကျုပ်တို့အံ့သြမှာ မဟုတ်ဘူး မာန်"

"ဘာဖြစ်လို့လဲ"

"အိမ်မက်ဆိုတာ သွေးလေချောက်ချားပြီး မက်တာမျိုး၊ အစာမကြေလို့ မက်တာမျိုး၊ စိတ်စွဲလမ်းလို့ မက်တာမျိုး. . . အို မျိုးစုံရှိတာပဲ"

"ဟုတ်တယ်. . အိမ်မက် မက်တယ်ဆိုတာ အံ့သြစရာ မဟုတ်ဘူး၊ ဒါပေမယ့် ရှင့်အပြုအမူက အံ့သြစရာကောင်း လောက်အောင်ကို ရုပ်ပျက်ဆင်းပျက်နိုင်တယ်"

"ဟင်"

နှင်းဆီမောင်၏ စွပ်စွဲချက်ကို မုန်းမာန်ပြေ စိတ်မကောင်းစွာဖြင့် လက်ခံလိုက်သည်။

"ဟုတ်တယ် သူ့ကိုတွေ့လိုက်ရတဲ့ တဒင်္ဂအတွင်း ကျုပ်ကိုယ်ကျုပ် ဘာဖြစ်သွားမှန်းကို မသိလိုက်ဘူး၊ ကျုပ်လေအရာရာကို မေ့လျော့သွားပြီး ဤကမ္ဘာလောကကြီးမှာ သူနဲ့ကျုပ်နှစ်ယောက်တည်းရှိတယ်လို့ ခံစားလိုက်ရတယ်"

"ရှင့်စိတ်ထဲမှ နှောင်ဖွဲ့ လုံးဝရှိမနေဘူးလား"

မုန်းမာန်ပြေပို၍ ချောက်ချားသွားရသည်။ နှောင်ဖွဲ့ ဟုတ်ပါသည်။ မိမိ၏ချစ်သူ နှောင်ဖွဲ့ကို မိမိက မေ့ပျောက်ထားမိခြင်းသည် လည်းကောင်း၊ သူစိမ်းယောကျာ်းတစ်ဦးအပေါ် မှင်တက်မိကာ ရင်ခုန်သွားမိခြင်းသည်လည်းကောင်း ကြီးမားသော နှလုံးသားဖောက်ပြန်မှု တစ်ရပ်ဟု သူငယ်ချင်းတွေ စွပ်စွဲခြင်းသာဖြစ်မည်။





သို့သော် မုန်းမာန်ပြေ မညာတတ်သဖြင့်. . .

"အဲဒီအချိန်မှာ အံ့အားသင့်လွန်းလို့ ကျုပ်ဦးနှောက်မှာ ဘယ်သူမှ ရှိမနေတာ အမှန်ပါပဲ၊ ဒါပေမယ့် ကျုပ် နှောင်ဖွဲ့အပေါ် ဘယ်တော့မှသစ္စာမဖောက်ပါဘူး၊ ကျုပ်နားလည်ပါတယ်၊ စောစောက ငမ်းငမ်းတက်ပုံစံမျိုး ဖြစ်သွားခဲ့ရင်လဲ. . နောက်အဲဒီပုံစံမျိုး မဖြစ်ရအောင် ကျုပ်ကိုကျုပ် ထိန်းသိမ်းသွားပါမယ့်"

"ဟူး. . . ရှင်တော့ မလွယ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ နှင်းဆီ"

"ရှင့်မျက်လုံးတွေမှာ ဖြစ်ပေါ်နေတဲ့ တောက်ပမှုမျိုးနဲ့ ရှင်တစ်ခါမှ နှောင်ဖွဲ့ကို မကြည့်ခဲ့လို့ပဲ"

"အို"

မုန်းမာန်ပြေ တုန်လှုပ်သွားသည်။

သခင်မောင်က ကားမောင်းနေရာမှ. . .

"ဟုတ်တယ် ကျုပ်အကောင်းဆုံး အကြံတစ်ခုပေးချင်တယ်"

"ဆိုပါဦး"

"ရှင် နောက်တစ်ကြိမ် ချစ်ခွန်းနဲ့ မတွေ့မိအောင် ကြိုးစားပါ"

"ဟင်"

"ဟုတ်တယ် ရှင် နှောင်ဖွဲ့ကို ငဲ့ညှာရင်ပေါ့လေ၊ နှောင်ဖွဲ့ တုန်းကလဲ ရှင်ပဲစခဲ့တာ မဟုတ်လား"

"တော်ပါပြီ ကျုပ် နားလည်ပြီ၊ ကျုပ်ကိုအမြဲပြန်မပို့နဲ့



www.burmeseclassic.com

www.burmeseclassic.com




တော့၊ ရှင်တို့အိမ်ပဲ လိုက်နေမယ်"

"တော်သေးတာပေါ့၊ ဒီလိုအကြံမျိုးမှ ရှင့်ခေါင်းထဲ ထွက်ပါ့မလားလို့၊ ကိုင်း ရှင်ဆုံးဖြတ်ချက်ချပြီးရင် ကျုပ်တို့အိမ်ကိုပဲ မောင်းတော့မယ်နော်"

သဇင်မောင်အား ခေါင်းညိတ်ပြလိုက်သည်နှင့် တစ်ပြိုင်နက်ဆိုသလို မုန်းမာန်ပြေ၏ရင်ထဲ၌ စူးနင့်နာဖြစ်သွားသော ဝေဒနာတစ်ရပ်က နှလုံးသား၌ ဖြစ်ပေါ်သွားခြင်း ဖြစ်လိမ့်မည်ဟု. . .







# အခန်း (၃)

ချစ်ခွန်း၏ ခြေလှမ်းတို့သည် သွက်လက်နေသည်။ ပျော်ရွှင်ခြင်းသည် ချစ်ခွန်း၏ စိတ်နှလုံးကို သိမ်းကျုံးလွှမ်းမိုးထားလေသည်။

မျက်ဝန်းအိမ်၌ ပုံရိပ်ထင်ဟပ်လာသော မုန်းမာန်ပြေကို မှတ်နိုးစွာဖြင့် နှလုံးသားမျက်ဝန်းရိပ်ဖြင့် ပြုံးကြည့်မိ၏။

ကိုကိုသဲဦးပိုင်၏ မိသားစုဓာတ်ပုံမှာ မြင်ကတည်းက တမ်းတမ်းတတ စွဲလမ်းခဲ့ရသော မုန်းမာန်ပြေကို [illegible]ကောင်



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှား တွေ့မြင်လိုက်ရသည့်နောက် စွဲလမ်းခြင်းအပေါ် မြတ်နိုးခြင်း၊ တွယ်တာနှောင်ဖွဲ့ခြင်းနှင့်အတူ ချစ်ခြင်းသည် သူ့နှလုံးသား၌ နက်ရှိုင်းစွာဖောက်ဝင် နေရာယူသွားလေသည်။

"ခွန်းရယ် မင်းဟာက မလွန်လွန်းဘူးလား၊ မေမေတောင် မင်းမျက်နှာကို ဝအောင်မကြည့်ရသေးဘူး၊ ခြေလှမ်းက အိမ်ပြင်ကိုလှမ်းနေပြီ"

"ခွန်း သွားစရာရှိသေးတယ် မေမေ၊ ဒီလိုပါ ခွန်းကို လူကြုံပါးလိုက်တဲ့ပစ္စည်း သွားပို့စရာကိစ္စပါ၊ ဒီနေ့ညနေလာပို့ပေးမယ်လို့ ကတိပေးထားပြီး ဖြစ်နေလို့ပါ မေမေ"

ချစ်ခွန်းမိခင်အား ဖြေရှင်းချက် ပေးလိုက်မိသည်။

"ကတိပေးပြီးသားဆိုတော့လဲ သွားရမှာပေါ့လေ၊ ဒါပေမယ့် ညနေစာထမင်းစားအမီ မေမေစောင့်နေမယ် ဆိုတာတော့ ခွန်းခေါင်းထဲကို ထည့်သွားနော်"

"စိတ်ချပါမေမေ"

တစ်ဦးတည်းသောသား ဖြစ်ရခြင်းအတွက်လည်း တစ်ခါတစ်ရံ ချစ်ခွန်းစိတ်ကျဉ်းကျပ်ရသည်။ မိဘများ မျက်စိအောက်ကအပျောက်မခံနိုင်အောင် ချစ်မိခြင်းသည် ချစ်ခွန်း၏ လွတ်လပ်သော လူငယ်ခြေလှမ်းများကို သော့ခတ်ထားခြင်းနှင့်တူနေသည်။

"ဟဲ့. . ခွန်း၊ ကားကို ကိုယ်တိုင်မောင်းသွားမလို့လား မဖြစ်ဘူး၊ မြန်မာဖြည်နဲ့ သုံးနှစ်ကျော် ကင်းကွာနေတဲ့ လူတစ်ယောက်ဟာ ချက်ချင်းပဲ ကားကို ကိုယ်တိုင်မမောင်းသင့်သေးဘူး





တို့ မေမေထင်တယ်"

"ရပါတယ် မေမေ၊ နယူးယောက်လို နေရာမျိုးမှာကောင် ခွန်း ကားမောင်းခဲ့သေးတာပဲ၊ ကားမောင်းတတ်ခြင်းဟာနေရာဒေသနဲ့ မဆိုင်ပါဘူး၊ ကျွမ်းကျင်မှုနဲ့ပဲ ဆိုင်ပါတယ်"

မေမေ့ကို စောဒက တက်လိုက်မိခြင်းအတွက် သူစိတ်ကောင်းပါဘူး။ သို့သော် မုန်းမာန်ပြေနှင့် တွေ့ဆုံမှုတွင် လွတ်တ်လပ်လပ် ရှိစေချင်သည်။

"ခွန်းဟာလေ အရင်ကလို မဟုတ်တော့ဘူး၊ ဆင်ခြေဆင်လက်တွေ ပေးတတ်နေပြီ"

မေမေ့စကားများကို ချစ်ခွန်းကျောခိုင်းလိုက်သည်။

ချစ်ခွန်း မုန်းမာန်ပြေကို တွေ့ချင်လှပြီ။ မုန်းမာန်ပြေ၏ သော မျက်လုံးအစုံ၌ရှိနေသော အကြည်ဓာတ်သည် သူ၏ အိမ်ကို ညှို့ဝင်ဖမ်းစားသွားသည်ဟု သူထင်သည်။ ဒါက မဟုတ်။ ကိုကိုသဲဦးပိုင်ထံမှ မိသားစုဓာတ်ပုံ မြင်ကတည်း ဖြစ်သည်။

"ကိုယ်တို့က မောင်နှမနှစ်ယောက်တည်းလေကွာ၊ ညီမ ကိုယ်ဝန်ရှိစမှာပဲ ကိုယ့်ဖေဖေနဲ့မေမေက ကွဲသွားကြတာ၊ တွေ၊ မာန်မာနတွေနဲ့ပေါ့ကွာ၊ ဒါပေမယ့် အဖေတူသမီး ကို ကိုယ့်မေမေက မွေးပြီးတဲ့အခါမှာ ဖေဖေ့အပေါ် ထားရှိ အမုန်းအာဃာတတွေ ပြေပျောက်သွားသလို ကိုယ့်ဖေဖေ သမီးကလေးကို မြင်တွေ့တာနဲ့ မာန်မာနလုံးဝမရှိတော့ ကို ဒူးထောက်တောင်းပန်လိုက်တယ်၊ ဖေဖေတို့ မေမေတို့



www.burmeseclassic.com

www.burmeseclassic.com



ဟာ အဲဒီအချိန်ကစပြီး ပြန်လည်သင့်မြတ်သွားခဲ့တာ ယခုထက်ထိ တစ်ခါမှ ကတောက်ကဆ ဖြစ်တယ်ဆိုတာ မရှိသလောက်ပဲ၊ ဒါကြောင့် ညီမလေးနာမည်ကို ဖေဖေက မုန်းမာန်ပြေလို့ ပေးခဲ့တာပဲ"


ရာဇဝင်လေးနဲ့ အမည်ရှင် မုန်းမာန်ပြေ၏ ပုံရိပ်သည် သူ့နှလုံးသား၌ စွဲထင်ရုံမက လူသားစင်စစ် မုန်းမာန်ပြေကို မြင်တွေ့လိုက်ရသောအခါ ပိုင်ဆိုင်ချင်စိတ်တို့သည် ထိန်းမနိုင်သိမ်းမရတော့။

သို့သော် ထိုပိုင်ဆိုင်ချင်စိတ်ကို သူ အချစ်လို့အမည်တပ်ရမည်လား၊ မတပ်ရဘူးလား ဆိုတာကိုတော့ သူကိုယ်တိုင် တွေး၍မရသေးသည်မှာ သေချာသည်။

လိပ်စာအရ မုန်းမာန်ပြေတို့၏ အိမ်ရှေ့သို့အရောက်တွင် သူ၏ရင်ခုန်သံကို သူ ပြန်ကြားလိုက်ရသည်မှာတော့ သေချာသည်။







# အခန်း (၄)

"ကျွန်တော် ချစ်ခွန်းပါ၊ ကိုကိုသဲဦးပိုင်က ပစ္စည်းတွေ [illegible]ပါးလိုက်တာ လာပို့တာပါ"

"ဪ သားဖုန်းဆက်ထားလို့ အန်တီတို့က သိနှင့်ပြီး ဒါဖြင့် လာ. . မောင်ချစ်ခွန်း၊ ဝင်ပါ"

ချစ်ခွန်း အိမ်ထဲသို့ အသာအယာ လှမ်းဝင်လိုက်ရသည်။ စိတ်ထဲ၌ ကသိကအောက်ဖြစ်သွားသည်။ 'သားဖုန်းဆက်လို့



www.burmeseclassic.com

www.burmeseclassic.com



သိနှင့်ပြီးပါပြီး' ဟူသောစကားအပြင် 'သမီးပြောပြထားသ… အန်တီတို့တောင် မျှော်နေတာ' ဟူသောစကားသာလျှင် ဖြစ်… သင့်သည်ဟု ထင်ပါသည်။

"ထိုင်ပါ မောင်ချစ်ခွန်း"

"ဟုတ်ကဲ့"

"မင်း အန်ကယ်တော့ ဂေါ့ဖ်ရိုက်သွားတယ်ကွယ်"

ချစ်ခွန်း တွေ့ချင်နေတာ 'မင်းအန်ကယ် မဟုတ်ဘူး။ မင်းညီမပါ' ဟု ရင်တွင်း၌ ပြောမိသည်။

သို့သော် နှုတ်မှတော့. . .

"ဒါက ကိုကိုသဲဦးပိုင်ရဲ့ စာပါခင်ဗျာ"

"ဪ အေးကွယ်၊ သားကြီး ကျန်းကျန်းမာမာရှိရဲ့လား"

"ဟုတ်ကဲ့ ကျန်းမာပါတယ်၊ စာဖတ်ကြည့်လိုက်ပါဦး အန်တီ၊ ပြီးရင် ငွေနဲ့ပစ္စည်းတွေ ကျွန်တော်အပ်ချင်လို့ပါ"

"အေး. . အေး၊ ဒါထက် ခဏနေဦး၊ ရွှေစာရေ အအေး ယူခဲ့ပါကွယ်"

ချစ်ခွန်းအတွက် မျှော်လင့်ချက်တို့သည် ကုန်ဆုံးစပြုနေလေပြီ။ မုန်မာန်ပြေနှင့် ပတ်သက်၍ သူဘာပြောရမည်နည်း။ မုန်းမာန်ပြေသည် မိခင်မသိဘဲ ဘာမှလုပ်လိမ့်မည်မဟုတ်ဟု ချစ်ခွန်းယုံကြည်မိသည်။

ထို့ကြောင့်. . .

"ကျွန်တော် လေဆိပ်ကိုရောက်ရောက်ချင်း မုန်းမာန်…





…နဲ့ တွေ့ခဲ့ပါတယ်"

"ဟင်"

ကိုကိုသဲဦးပိုင်၏မိခင် ဒေါ်တင်ဇာဝေ၏ အံ့ဩသော အာမေဋိတ်ကြောင့် ချစ်ခွန်းသည် မိမိတစ်စုံတစ်ခု မှားယွင်းသွားပြီလားဟု သံသယနှင့်အတူ နောက်စကားများကို ဆင်ခြင်ခြင်ပြောရန် ဆုံးဖြတ်လိုက်သည်။

"လေဆိပ်မှာတွေ့တယ် ဟုတ်လား၊ ဘယ်အချိန်လဲ၊ ဘယ်သူတွေနဲ့လဲ၊ ဘာလာလုပ်တာတဲ့လဲ"

ဒေါ်တင်ဇာဝေ၏ မေးခွန်းများက များလွန်းလှသဖြင့် ချစ်ခွန်း ရုတ်တရက်တော့ ဘယ်ကစဖြေရမှန်းမသိအောင် ဖြစ်သွားရသည်။

"မနက်(၉)နာရီလောက်ကပါ၊ သူ့သူငယ်ချင်း အဲ အမြွာညီအစ်မနှစ်ယောက်နဲ့တူတယ်၊ ရုပ်ချင်းအတော်ဆင်သလို အ…တ်အစားလဲ ဆင်တူဝတ်ထားတဲ့နှစ်ယောက်နဲ့ တွေ့တာပါ"

"ဪ သဇင်နဲ့နှင်းဆီပဲ"

"ဘယ်သူတွေလဲတော့ ကျွန်တော်မသိပါဘူး"

"အခြားဘယ်သူမှမပါတာ သေချာလား"

"သေချာပါတယ်"

"ဒါထက် မောင်ချစ်ခွန်းက သမီးကို ဘယ်လိုသိတာလဲ"

ချစ်ခွန်းအတွက် ထွက်ပေါက်မရှိအောင် မေးခွန်းများ…ယ်ဆက်သကဲ့သို့ မေးလာသည်။

"ကိုကိုသဲဦးပိုင်ဆီမှာ မိသားစုဓာတ်ပုံ တွေ့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . ဪ. . . ဒါထက် သမီးက တစ်စုံတစ်ယောက်ကို လိုက်ပို့တာထင်တယ်၊ မင်းမတွေ့လိုက်ဘူးလား"

"မတွေ့မိလိုက်ဘူး အန်တီ"

"အအေးလေးသောက်လိုက်ပါဦး မောင်ချစ်ခွန်း၊ သမီးက ခုထက်ထိ ပြန်မလာသေးဘူး၊ သူ့သူငယ်ချင်းအိမ်ကို ဆက်လိုက်သွားတယ် ထင်တယ်၊ ခဏနေ အန်တီဖုန်းဆက်လိုက်ဦးမယ်"

ချစ်ခွန်းရင်ထဲ ပျော်ရွှင်မှုတို့ ကျွမ်းထိုးမှောက်ခုံပြုလေတော့သည်။ မျှော်လင့်ခြင်းနှင့်အတူ အအေးဖန်ခွက်ကို အရသာမခံဘဲ မော့ချလိုက်သည်။ တယ်လီဖုန်းခွက်ကို ကျယ်ဝန်းသောဧည့်ခန်းမကြီး၏ ထောင့်တစ်နေရာ လှေကားအတက်အဆင်း၌ ရှိနေသဖြင့် ချစ်ခွန်းနှင့် အတော်အလှမ်းဝေးလေသည်။

အမေနှင့်သမီး ဘာတွေပြောကြမည်ကို ချစ်ခွန်းမမှန်းနိုင်။ သို့သော် သူမပြန်အလာကိုသူ့အား ဒေါ်တင်ဇာဝေသည် စောင့်ခိုင်းလိမ့်မည်မဟုတ်ဟု ချစ်ခွန်းထင်သည်။

"အန်တီ ထင်တဲ့အတိုင်းပဲကွယ်၊ အမွှာညီအစ်မအိမ်ကို ဆက်လိုက်သွားတာတဲ့"

တော်ပါသေးရဲ့ဟု ချစ်ခွန်းရင်ထဲ အလုံးကြီးကျသွားသည်။ အရွယ်အရ သူငယ်ချင်းကို ခင်တွယ်ခြင်းသည် သဘာဝကျပါသည်။

"အန်တီ. . ဒီမှာ ကိုကိုပေးလိုက်တဲ့ ငွေနဲ့ပစ္စည်းတွေပါ စစ်ကြည့်ပါဦး အန်တီ"





"အေး. . အေး. . "

ဒေါ်တင်ဇာဝေက ပစ္စည်းနှင့်ငွေကို စစ်ကြည့်အပြီး. .

"မောင်ချစ်ခွန်းကတော့ ဟိုမှာ အလုပ်သွားလုပ်တာလား"

"မဟုတ်ပါဘူး၊ ဖေဖေ အလုပ်သွားလုပ်တဲ့ဆီကို လိုက်သွားတာပါ"

"ဪ ကျောင်းကော နေသလား"

"ဟုတ်ကဲ့၊ သံရုံးကနေ ကျွန်တော် ဒီကစာမေးပွဲတွေကို ပဲဖြေခဲ့ပါတယ်၊ အခု ဒီနှစ်တော့ ဒီမှာပဲပြန်တက်တယ်မယ်"

"ဘာမေဂျာလဲ"

"မက်စ်မေဂျာပါ"

"သမီးလဲ မက်စ်မေဂျာပဲ၊ စက်ကင်းနီးယားလေ"

"ဟာ ကျွန်တော်နဲ့အတူတူပဲ"

ချစ်ခွန်းထံသို့ ကံကောင်းခြင်းတရားတို့ ဆိုက်ရောက်လာပြီ ထင်ပါသည်။

"အေး ဒီလိုဆို အန်တီသမီးအတွက် မင်းကိုပဲ အပ်ရတော့မယ်ထင်တယ်"

"ရပါတယ်"

ချစ်ခွန်း ဟန်မဆောင်နိုင်တော့။

"မင်း အိမ်ကို မကြာခဏ လာပါကွယ်၊ မုန်းမာန်ပြေအောင်လဲ အန်တီပြောထားမယ်၊ မင်းလိပ်စာနဲ့ ဖုန်းနံပါတ်ပေးရှိရင် အန်တီ့ကိုပေးထား၊ သားကြီးဆီ လူကြုံရှိရင် မင်းဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဩော်. . ဖခင်က ဟိုမှာပဲလား"

"ဟုတ်ပါတယ်၊ ဂျပန်မှာပါပဲ အန်တီ"

"အဆင်ပြေလိုက်လေ၊ မင်းမိသားစုနဲ့ အန်တီတို့မိသားစု နှစ်အိမ့်တစ်အိမ်လိုသာ သဘောထား၊ မေမေကတော့ဘာလုပ်သလဲ၊ အခြားညီအစ်ကိုမောင်နှမတွေကော"

အခြားအမျိုးသမီးကြီးသာဆိုလျှင် စပ်စုရန်ကောဟူသောအတွေးဖြင့် ပေါက်ကရ လျှောက်ဖြေလိမ့်မည်။ ယခုတော့ ဒေါ်တင်ဇာဝေသည် မုန်းမာန်ပြေ၏မိခင် ဖြစ်နေသဖြင့် သူ၌ ဖြေစရာစကားတွေ သိပ်ရှိနေသည်။

"မေမေကဒီမှာ ဖေဖေပို့ပေးသမျှပစ္စည်းတွေကို 'ယမင်းစတိုးဆိုင်' ဖွင့်ထားပါတယ်၊ ဗိုလ်ချုပ်ဈေး အနောက်တန်းမှာ"

"ဩော် သိပြီ၊ အန်တီတောင် ကီမိုနိုဝယ်နေကျဆိုင်ပဲ၊ အဆင်စုံတယ်၊ တစ်ခါတစ်ရံတွေ့ရတဲ့ အမျိုးသမီးချောချောဟာ မင်းအမေထင်တယ်၊ ကီမိုနိုပဲ အမြဲဝတ်တာလေ"

"ဟုတ်မယ်ထင်တယ်၊ မေမေနဲ့ကျွန်တော် ရုပ်ချင်းဆင်တူတယ်လို့ ပြောကြတာပဲ"

ချစ်ခွန်းက အပြုံးလေးဖြင့် ပြောလိုက်သည်။ ဒေါ်တင်ဇာဝေက သဘောကျစွာဖြင့် အသံထွက်အောင်ရယ်ပြီး. . .

"ဟုတ်မယ် ဟုတ်မယ်၊ ဒါထက် မင်းညီအစ်ကိုမောင်နှမတွေကကော ဘယ်နှတန်းတွေ ရောက်ကုန်ကြပြီလဲ"

အခြားသမီးရှင်များ၏ စပ်စုခြင်းကို ချစ်ခွန်းမကြိုက်သလောက် ဒေါ်တင်ဇာဝေ စပ်စုခြင်းကိုတော့ အင်မတန်လိုလား





နေသည်ဖြစ်ရာ. . .

"ကျွန်တော်က တစ်ဦးတည်းသောသားပဲ အန်တီ၊ ဒါကြောင့် ကိုကိုသဲဦးပိုင်ကို အစ်ကိုတစ်ဦးလို ခင်တွယ်သွားမိတာပါ"

အသားလို၍ အရိုးတောင်းခြင်းနဲ့တော့ မတူပါဘူးဟု ချစ်ခွန်း မိမိကိုယ်မိမိ အားပေးလိုက်သည်။

"ခင်ပါကွယ်၊ အန်တီတို့လဲ သားတစ်ယောက် တိုးတာပေါ့"

"ဒါကဲ ကျွန်တော်တို့ လိပ်စာကတ်ပါအန်တီ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

"အေးကွယ်၊ အန်တီတို့အိမ်ကိုလဲ မကြာခဏဝင်ပါ"

"စိတ်ချပါ အန်တီ"

ထိုစကားကိုတော့ စိတ်ထဲရှိသည့်အတိုင်း အမှန်ကန်ဆုံးစကားအဖြစ် ချစ်ခွန်းမရှက်တမ်းပြောလိုက်ပြီး နှုတ်ဆက်ကာ မြန်ခဲ့သည်။

ရင်ထဲမှာတော့ မျှော်လင့်ချက်များအတွက် ရင်အေးရသော်လည်း . . .

မြင်တွေ့လိုသော မျက်နှာကလေး မမြင်တွေ့ရခြင်းအတွက်တော့ ရင်ဝယ်လွမ်းတသသဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

မိခင်သည် နှောင်ဖွဲ့နှင့်ပတ်သက်၍ ဘာမှမပြောဘူး ဆိုရင် မုန်းမာန်ပြေ နှောင်ဖွဲ့နှင့် ချစ်သူရည်းစားဘဝရောက်ရှိ သွားလိမ့်မည်မဟုတ်ပါ။

ယခုတော့ မိခင်၏ ဆူပူကြိမ်းမောင်းသောစကား နှောင်ဖွဲ့အား ရစရာမရှိအောင် နှိမ့်ချသောစကားများကြောင့် မုန်းမာန်ပြေ၏ နှလုံးအိမ်သို့ သနားကရုဏာဟူသော တွန်းပို့မှုနှင့်အတူ နှောင်ဖွဲ့ရောက်ရှိလာခြင်းဖြစ်သည်။





"ငါ့အတန်တန်ပြောလျက်သားနဲ့ မိမုန်း၊ ဘာမက်စရာရှိလို့ နင်ဒီလောက်တောင် မက်နေရတာလဲ. . ."

"မောင်နှမခုနစ်ယောက်မှာ အကြီးဆုံး၊ သူ့ ဆယ်နှစ်ဆယ်မိုး ရုန်းကန်တာတောင်မှ အိမ်တစ်ဆောင် မီးတပြောင်ဖြစ်လာနိုင်ပါ့မလား၊ သူ့မိသားစုဝမ်းရေး ပင်လယ်ထဲမျောသွားမလားဆိုတာ နင်စောင့်ကြည့်ချင်သပ ဆိုရင်လဲကြည့်၊ ငါဘာမှ မပြောချင်ဘူး. . .

"ခု မရှက်မကြောက် လေယာဉ်ကွင်းလိုက်ပို့ရတယ်လို့ တော်တော်ကဲနေ"

မုန်းမာန်ပြေတို့ခေတ်၏ ရိုးသားပွင့်လင်းမှုအကြောင်းကို မိခင်က မသိ၍ ဆူပူခြင်းဖြစ်မည်။

မုန်းမာန်ပြေနှင့် နှောင်ဖွဲ့၏ ဆက်ဆံရေးသည် သူငယ်ချင်းများအဆင့်ထက် ဘာမှမပိုကြောင်း မိခင်သိအောင် ပြောပြမနေတော့. . .။

"မာန် . . . နင် ငါ့ကို ဘာမှာဦးမလဲ"

"ဘာမှာရမှာလဲ"

"တစ်ခုခုပေါ့ဟာ"

"သစ္စာရှိပါတို့၊ ကျန်းမာရေး ဂရုစိုက်ပါတို့လား၊ မလိုပါဘူးဟာ၊ နင်ဟာ နင့်ကြမ္မာကို နင်ဖန်တီးနိုင်မယ့် လူတစ်ယောက်လို့ ငါယူဆထားပြီးသားပဲ နှောင်ဖွဲ့ရာ၊ နင့်ကိုငါ စိတ်ချတယ်"

"ငါလဲ နင့်ကို စိတ်ချပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မချဘူးလို့ နင်ပြောကြည့်ပါလား"

"ပြောကြည့်ဖို့ စိတ်ကူးကိုမရှိတာ"

"ဘာဖြစ်လို့လဲ"

"နင် ငါ့ကို စိတ်ဆိုးမှာပေါ့"

"ကဲပါ သွားတော့၊ နင် လေယာဉ်ပေါ် တက်သွားတာ ကြည့်ပြီး ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကလို ငါခံစားကြည့်ချင်လို့"

"နင်ကလဲဟာ"

လေယာဉ်ကွင်း၌ ထိုကဲ့သို့စကားမျိုးဖြင့် ချစ်သူနှစ်ဦး ခွဲခွာခြင်းအတွက် နှုတ်ဆက်ကြပါသည်ဟုပြောလျှင် မိခင်ယုံ မည်မထင်။

"ကိုယ်ကမိန်းကလေး၊ နစ်နာစရာရှိရင် ကိုယ်ပဲနစ်နာတယ်ဆိုတာလေးများ ခေါင်းထဲထည့်ထားပါဦး မိရွှေမုန်း"

မုန်းမာန်ပြေ မိခင်ကို တစ်ခွန်းမှပြန်မပြော၊ ခေါင်းငုံ့ကာ ပြောသမျှကိုနားထောင်သည်။

"မောင်ချစ်ခွန်းကို ဘယ်လောက်အားနာဖို့ကောင်းသလဲ၊ လေယာဉ်ကွင်းမှာ တွေ့ပြီးရင်လဲ ညနေသူလာမယ် ပြောထားတာကို အမိပြန်လာပြီး စောင့်ဖို့ကောင်းတယ်"

မုန်းမာန်ပြေ၏ ရင်ထဲတုန်ခါသွားသည်။ ချစ်ခွန်းဟူသောအမည်နာမလေးတစ်ခုကို ကြားရုံမျှနှင့် ရင်ခုန်တတ်ခြင်းသည် အင်မတန်ဆိုးရွားသော ရောဂါဆိုးတစ်ခုဖြစ်သည်။

"မေမေနဲ့ တွေ့သွားတယ်မဟုတ်လား၊ ပြီးတာပဲပေါ့"

ခပ်ပေါ့ပေါ့စကားဖြင့် တုန်ခါခြင်းဝေဒနာရပ်ကို လျော့





ပါးစေရန် မုန်းမာန်ပြေ ကြိုးစားလိုက်သည်။

"ပြီးမလား သမီးကိုကိုက ယောကျ်ားလေး သူစိမ်းတစ်ယောက်ကို အိမ်ကိုအကြောင်းမဲ့ လွှတ်ဖူးသလား၊ သူ့ညီမအပျိုချောချောလေး အရွယ်ရောက်လာကတည်းက သူ့သူငယ်ချင်းတွေကိုတောင် အိမ်ခေါ်ခဲ့တော့လို့လား၊ ခုမောင်ချစ်ခွန်းကို အိမ်ကိုလွှတ်လိုက်ပြီး ညီမလေးနဲ့လဲ မိတ်ဆက်ပေးထားပါဆိုတာ အကြောင်းမဲ့ သက်သက်မဟုတ်ဘူးလို့ မေမေထင်တယ်"

မုန်းမာန်ပြေအတွက် ပျော်ရွှင်စရာ အကောင်းဆုံးသော စကားများပါ။ သို့သော် နှောင်ဖွဲ့၏မျက်နှာ အာရုံ၌ပေါ်လာသည့် အခါ၌ ပျော်ရွှင်ခြင်းတို့သည် ဆိတ်သုဉ်းသွားလေသည်။

"အကြောင်းမဲ့သက်သက် မဟုတ်ဘူးဆိုရင်လဲ ဖွင့်သာ ပြောလိုက်တော့ မေမေ၊ အစ်ကိုကလဲ သဘောတူ၊ အမေအဖေကလဲ သဘောတူဆိုရင် အတိုင်းထက်အလွန်ပေါ့၊ မိမုန်းတို့က ဘာငြင်းစရာရှိသလဲ၊ အဲ မြင်းကမလှုပ် ခုံကလှုပ်တဲ့အဖြစ်မျိုး ကတော့ မဖြစ်စေနဲ့နော် မေမေ၊ ကျွန်မကြားဖူးတာက တစ်ဦး တည်းသောသားရဲ့ မိခင်တွေဟာ သူတို့သားကို အင်မတန်နှမြောဆိုပဲ၊ အဲ. . . ကမ္ဘာပေါ်မှာ ရှိရှိသမျှ မိန်းကလေးတွေဟာ သူတို့သားနဲ့ ပတ်သက်လာရင် ခြောက်ပြစ်ကင်းသဲလဲစင်ဆိုတာ မရှိသလောက်ဖြစ်ကုန်အောင်ကို သူတို့အမြင်စောင်းကုန်တတ်ကြတယ်တဲ့"

"ကိုင်း တော်ပါတော့၊ မိကျောင်းမင်း ရေခင်းပြမနေပါနဲ့ ဒါ မေမေတို့အလုပ်ပါ၊ သမီးဘက်ကသာ ဟိုကောင်နှောင်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပြတ်ပြတ်သားသား ဖြစ်ပါစေ”

“သူငယ်ချင်းဆိုတာ ပြတ်သားလို့ရမလားမေမေ”

မုန်းမာန်ပြေ ဖွတ်ညာလိုက်သည်။ သို့သော် မိခင်၏ စူးရှသော မျက်လုံးများက သူ၏နှလုံးသားကို ဖောက်ထွင်းမြင်ရသည့်အလား. . .

“အခြားလူတွေကို ညာလို့ရမယ်၊ မေမေ့ကိုညာလို့မရဘူးဆိုတာ မြဲမြဲမှတ်ထား မိမုန်း”

“ထင်ချင်သလိုထင်တော့ မေမေရာ၊ ကျွန်မဘာမှ မပြောတော့ဘူး၊ ကျွန်မပြောလဲ မေမေတို့က ယုံမှာမှမဟုတ်တာ အပေါင်းအသင်း သူငယ်ချင်းဆိုတာ မိန်းကလေးလဲရှိမှာပဲ၊ ယောကျ်ားလေးလဲရှိမှာပဲ၊ ဒါကို အပြစ်ကြီးတစ်ခုလို ချုပ်ချယ်နေတော့ ကျွန်မအနေအထိုင် ကျဉ်းကျပ်တာတော့ အသေအချာပဲ”

မုန်းမာန်ပြေ မှုန်ကုပ်ကုပ်နှင့် မိခင်အား တုံ့ပြန်ပြောလိုက်မိသည်။ မိခင်ကတော့. . .

“အေးလေ လိမ်ညာပြီး မိဘမကြိုက်တာလုပ်တဲ့ သားသမီးဟာ ဘယ်လောက်အပြစ်ကြီးသလဲဆိုတာ ဝဋ်လည်မှာပဲ မိဘ ခံစားမှုထက်ကြီးမားတဲ့ ဝေဒနာတစ်ရပ် ခံစားရလိမ့်မယ်ဆိုတာ ကိုယ်တိုင်မိခင်ဘဝရောက်မှ သိလိမ့်မယ် မိမုန်း”

“မေမေတို့ကတော့ ဒါပဲ”

မုန်းမာန်ပြေ ပြောပြောဆိုဆိုဖြင့် အပေါ်ထပ်သို့တက်ခဲ့သည်။





နှောင်ဖွဲ့နှင့်က ငယ်ငယ်လေး သူငယ်တန်းဘဝတည်းမှနေ၍ ဆယ်တန်းအောင်သည်အထိ တစ်ခန်းတည်းအတူနေ သူငယ်ချင်းဖြစ်သည်။ သူငယ်ချင်းဘဝကနေ ကူးပြောင်းလာသော အချစ်ဖြစ်၍ သံယောဇဉ်က ကြီးမားလှသည်။

ငယ်စဉ် မွေးနေ့ပွဲတွေ ဘာတွေလုပ်လျှင်လည်း နှောင်ဖွဲ့သည် မိမိမိခင်၏ အနှိမ်ခံဘဝဖြင့် မျက်နှာငယ်စွာဖြင့်နေရခဲ့ရသူ။ သို့သော် သည်းခံစိတ်ဖြင့် မုန်းမာန်ပြေအတွက် လိုအပ်သမျှကို ကူညီဖြည့်ဆည်းပေးရှာခဲ့သူဖြစ်ရာ ထိုဖွဲ့လုံ့လကြောင့် မိမိ၏သည်းဦးပန်းကို ဆွတ်ချူနိုင်ခဲ့သည် ထင်ပါသည်။

မုန်းမာန်ပြေ အပေါ်ထပ်လသာဆောင်သို့ ထွက်ခဲ့သည်။ လသာသာ၌ မိသားစုဝိုင်းဖွဲ့စကားပြောနေကျကိုသတိရမိသည်။ ထိုမှ နှောင်ဖွဲ့. . .

နှောင်ဖွဲ့တို့ ဖခင်သည် အစိုးရအမှုထမ်း လခစားတစ်ဦးဖြစ်၍ စားဝတ်နေရေး ကျပ်တည်းလှသည်။ သို့သော်မိခင်က စက်တစ်လုံးဖြင့် မိသားစုဝမ်းရေးကို ကူညီဖြေရှင်းပေးနိုင်သဖြင့် စားနိုင်သောက်နိုင်ရုံ အဆင့်မျှသာရှိသည်။ ထိုကြားထဲ နှောင်ဖွဲ့ ရှစ်တန်းနှစ်၌ ဖခင်ကကွယ်လွန်သွားသဖြင့် မိခင်မှာမုဆိုးမဘဝဖြင့် ခင်ပွန်း၏ ပင်စင်လစာလေးဖြင့် ပို၍ ခြစ်ခြစ်ချုတ်ချုတ်နေထိုင်ခဲ့ရသည်။

အကြီးဆုံးဖြစ်သော နှောင်ဖွဲ့မှာ ဆယ်တန်းအောင်သည်နှင့် ဖခင်၏မိတ်ဆွေများ အကူအညီဖြင့် ကွန်ပျူတာတက်၊ ကုမ္ပဏီတစ်ခု၌ အလုပ်လုပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်မောင်နှမ ငါးယောက်စလုံး၏ ပညာရေးအတွက် သူ ငါးနှစ်မျှ ရုန်းကန်မည်။ အဆင့်ဆင့်တာဝန်ယူသွားနိုင်စေရမည်။ ပြီးလျှင် မိမိနှင့် လက်ထပ်မည်ဟူသော နှောင်ဖွဲ့၏စိတ်ကူးနှင့် မျှော်မှန်းချက်တို့အတွက် အားပေးဖော်အဖြစ် မိမိက အမြဲရပ်တည်ပေးခဲ့သည်။

ချစ်သူသက်တမ်းက နှစ်နှစ်မျှသာရှိသော်လည်း သံယောဇဉ်ကတော့ ငယ်စဉ်ကတည်းကစတင်ကာ အရင်းအမြစ်တွယ်တာခဲ့သည်ဖြစ်၍ ဖြတ်တောက်၍မရနိုင်အောင် ခိုင်မာလွန်းလှသည်ကို မိမိကိုယ်မိမိအသိဆုံးဖြစ်သည်။

နှောင်ဖွဲ့သည် ရိုးသားသည်။ ကိုယ့်အားကိုယ်ကိုးကာ ကိုယ့်ဒူးကိုယ်ချွန်သည့် လူတော်လူကောင်းဖြစ်သည်။

နှောင်ဖွဲ့လိုလူမျိုးကို မိဘမောင်ဖွားက သဘောမတူဟူသောအကြောင်းပြချက်တစ်ခုတည်းနှင့် ဖြတ်တောက်ရအောင် မိမိသည် ညံ့ဖျင်းသော မိန်းမတစ်ယောက်မဟုတ်။ လူပေါ်ကြော့မဟုတ်ဘဲ ကိုယ့်ဒူးကိုချွန်သည့် ယောကျ်ားကောင်းတစ်ယောက်ကို မိမိကဘာအတွက် ကျောခိုင်းပစ်ရမှာလဲ။

အတွေးအိမ်၌ တရိပ်ရိပ်ဝင်ရောက်လာသည့် ပုံရိပ်တစ်ချို့ကို မုန်းမာန်ပြေအလန့်တကြား မောင်းထုတ်လိုက်သည်။

သူကား ချစ်ခွန်းဖြစ်သည်။







# အခန်း (၆)

"ဟဲလို"

ချစ်ခွန်း၏ ရင်တွင်းသို့ သိမ့်ခနဲ တုန်ခါသွားအောင် ...ခတ်သွားသောအသံကြောင့် တဒင်္ဂ တုန်လှုပ်မှုက ကြီးစိုး...သည်။ ထို့ကြောင့် ရုတ်တရက်စကားပြန်ပြောရန် မေ့လျော့...လေသည်။

"ဟဲလို"

ထပ်ဆင့်လာသောအသံကြောင့် စိုးကြောက်မှုတစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ. . .

"မုန်းမာန်ပြေ"

"ချစ်ခွန်းလား"

သူမုန်း သိနိုင်သော စွမ်းအားတစ်ရပ် မုန်းမာန်ပြေမှာ ရှိနေခြင်းအတွက် သူအတိုင်းမသိ ဝမ်းသာပျော်ရွှင်သွားရာ. .

"ဟုတ်ပါတယ် မုန်းမာန်ပြေ၊ ကိုယ်မုန်းသိတယ်ပေါ့"

"ကိုယ်မုန်းလဲသိတယ်၊ ခေါင်းမုန်းလဲသိတယ်"

သူ သဘောကျစွာ ပြုံးလိုက်သည်။ မုန်းမာန်ပြေ၏ အ ရွှတ်အနောက်ကလေးသည်လည်း နှစ်သက်စွဲမက်ဖွယ်ရာ ဖြ သည်။

"နောက် သိနေတာတစ်ခု ရှိသေးတယ်လို့ပြောရင် သ အံ့အားသင့်ဦးမှာ သိလား"

"ပြောပါဦး၊ အံ့အားသင့်ချင်လို့ပါ"

"ယူ ဘာအကြောင်းပြောချင်လို့ ကျွန်ုပ်ဆီ ဆက်တ ဆိုတာကို သိနေတယ်ဆိုရင်"

"ဟာ"

"ဘာဖြစ်တာလဲ"

"သိပ်ကို အံ့အားသင့်စရာ ကောင်းလွန်းတဲ့အတွက် အ မေ့ဒိုတ်ထွက်သွားတာလေ"

"ဟင်း. . ဟင်း. . ဟင်း"

သဘောကျစွာ ရယ်လိုက်သောအသံလေးကို ချစ်ခွ အမြဲထာဝရ ကြားလိုပါသည်။ ရယ်မောနေသောမျက်နှာက





သည် အဘယ်မျှချစ်စရာကောင်းလိမ့်မည်ကို ချစ်ခွန်းမုန်းကြည့် ဘာရင်ထဲ နွေးထွေးလျက်ရယ်သံဆုံးအောင် စောင့်နေသည်။

"ချစ်ခွန်း"

"နားထောင်လျက်ပါ"

"မသိပါဘူး၊ တိတ်နေလို့ ဖုန်းကိုင်လျက်ကြီးများ အိပ် ပျော်သွားပြီးလားလို့"

"မျောပါနေတာပါ၊ ရယ်သံလှိုင်းလေးထဲမှာ မျောပါသွား တာ"

"ယူ ဟာလေ. . ကိုင်း ပြောမယ်၊ နားထောင်"

"ဟုတ်ကဲ့"

"မနက်ဖြန် ကျောင်းသွားအပ်မယ်၊ အဲဒီအတွက် ကိုယ် ဘာကူညီပေးရမလဲ မုန်းမာန်ပြေလို့ ယူမေးမလို့ မဟုတ်လား"

"ဟုတ်လိုက်လေ မုန်းမာန်ပြေရယ်၊ မင်း တက္ကသိုလ်မှာ ဆစ်နှစ်ကျင်လည်ပြီးပြီဆိုတာ ကိုယ်သိပါတယ်၊ ဒါပေမယ့် ကိုယ် ယောကျ်ားလေး ဖြစ်နေတဲ့အတွက် ကိုယ် မင်းအတွက်ပါ ဆုပ်ရှားပေးမယ်"

"ယောကျ်ားမာနပေါ့ ဟုတ်လား"

"မာန မာနဆိုတာ ခက်ထန်တဲ့ စိတ်ဓာတ်တစ်ခုပဲ၊ ကိုယ့်မှာ ခက်ထန်တဲ့စိတ်ဓာတ် မရှိပါဘူး၊ အကူအညီပေးချင်တဲ့ စိတ်တွေ့ရှိတယ်၊ ကိုယ်နဲ့ပတ်သက်လာတဲ့သူတွေအပေါ် ကိုယ် ထဲ အနစ်နာခံအကူအညီပေးတတ်တာ ကိုယ့်ဝသီဖြစ်နေလို့



www.burmeseclassic.com

www.burmeseclassic.com



"ပြည်သူ့နီတိ ကျွမ်းကျင်တယ်ပေါ့"

"လူမှုဝန်ထမ်းစိတ်ဓာတ်ရှိတယ်လေ၊ မယုံရင်ဘော်ဒါ စာရင်းသွင်းကြည့်ပါလား"

"ကောင်းပြီလေ၊ စမ်းကြည့်တာပေါ့၊ မကျေနပ်တာရှိ ရင်တော့"

"တစ်ကပြန်စလေ"

"အမယ် ကြိုက်တတ်လိုက်တာ"

"ကျေနပ်ရင်ကော"

"ရာသက်ပန် အပေါင်းအသင်းအဖြစ် ရင်တွင်းစာရင်း သွင်းလိုက်ပါမယ်"

'မပိုတော့ဘူးလား' ဟူသောစကားကို ချစ်ခွန်း၏ ရင် တွင်း၌ပင် ထားလိုက်သည်။

"ဘယ်အချိန်လာကြိုပေးရမလဲ"

"အဆင့်ကျော်လှချည်လား"

"ခင်မင်မှုမှာ အဆင့်မရှိဘူးထင်ပါတယ်"

"အမြွာနှစ်ကောင်လာကြိုလိမ့်မယ်"

"ဘယ်အချိန်ထွက်မှာလဲ"

"ရုံးချိန်"

"စံတော်ချိန်လား၊ စာရေးတွေ ရောက်မယ့်ရုံးချိန်လား"

"မြန်မာပြည် ရုံးချိန်လေ"

"အိုကေ . . ဒါဖြင့် ကိုယ် ကျောင်းကပဲစောင့်နေတော့ မယ်"





"ကောင်းပြီ၊ ဒါပဲနော်"

ဒါပဲမကပါဘူး၊ ပြောချင်နေတာတွေက နှလုံးသားပြင်မှာ ခေါင်းပြူထနေတယ်။ ဒါပေမယ့်တစ်ဖက် တယ်လီဖုန်းချအသွား၌ ချစ်ခွန်း၏ရင်၌ လှစ်ဟသွားသည်။

ဒေါ်လှယမင်းက ချစ်ခွန်း၏ အပြုအမူကို သိုးမွေးထိုး နေရာမှ မသိမသာ အကဲခတ်လိုက်သည်။

ချစ်ခွန်းရင်ထဲ၌ အချစ်ပြောင့်ကလေး ခေါင်းပြူထနေ သည်ကို မိခင်တစ်ယောက်အနေဖြင့် အကဲခတ်မိလိုက်သည်။

အပျော်အချစ်မဟုတ်၊ ဘဝတစ်ခုလုံးကို ဖမ်းစားတော့ မည့်အချစ်ပြောင့်ဟု ဒေါ်လှယမင်းသိလိုက်ပြီ။

ချစ်ခွန်း မိခင်အားမမြင်ဘဲ သူ၏နှလုံးသားပုံရိပ်၏စေ ရာ အတွေးကမ္ဘာသို့ ရောက်ရှိနေဟန်တူသည်။ ဆုံလည်ကုလား ထိုင်ကို လှုပ်ယမ်းရင်းမှအပ လှုပ်ရှားမှုကင်းမဲ့နေသည်။

ဒေါ်လှယမင်း စဉ်းစားလိုက်သည်။ သား ခွန်း၏ နှလုံး သားပုံရိပ်ကိုသိရှိအောင် အမြန်ဆုံး စုံစမ်းရမည်ဟု။

ယခုလူငယ်တို့၏ ဆက်ဆံရေးကို အထင်သေး၍ မရ သလို အထင်ကြီး၍လည်းမရသည်မှာ သေချာသည်။

အချို့က ရိုးသားပွင့်လင်းကြသည်။

အချို့က ရှုပ်ထွေးကြသည်။

သားခွန်း၏ အပေါင်းအသင်းများသည် ရိုးသားပွင့်လင်း စေချင်သည်။

အပေါင်းအသင်းမမှားဖို့ လေ့လာရမည်မှာ မိဘများ၏



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ဖြစ်သည်။

နေပါစေ၊ သူ့အတွေးရိပ်ကလေးနှင့်သူ ရှိနေပါစေဟု ဒေါ်လှယမင်း သဘောထားကာ အသာလေးထိုးလက်စသိုးမွေးကိုသိုးမွေးခြင်းထဲသို့ထည့်ပြီး မီးဖိုဘက်သို့ လှမ်းလိုက်သည်။

ချစ်ခွန်း၏ မျက်လုံးအိမ်သို့ အရိပ်တစ်ခုဖြတ်သန်းသွားသည်ဖြစ်ရာ နှုလုံးသားပုံရိပ် ပျက်စီးသွားသည်။

"ဟာ မေမေ"

"ဘာလဲ အလန့်တကြား ဘာဖြစ်တာလဲ"

"မေမေရှိနေတယ်"

"ဘာရှိတာလဲ"

"ခွန်း ဖုန်းဆက်နေတုန်းက"

"ဘာဖြစ်နေတာလဲ ဖေဖေ့ဆီကဖုန်းလာလို့လား မေမေ ဧည့်ခန်းမှာ သိုးမွေးထိုးနေတာလေသား၊ ဘာဖြစ်လို့ လှမ်းမခေါ်သလဲ"

ဒေါ်လှယမင်းက ပရိယာယ်လှလှ သုံးလိုက်သည်။

ချစ်ခွန်းသက်ပြင်းချလိုက်သည်။ မေမေဘာမှ မသိဘူးဟု ယူဆကာ. . .

"မဟုတ်ပါဘူး"

"အေးပါ ခွန်း၊ ဖေဖေဆီက မဟုတ်နိုင်ပါဘူး၊ ခွန်းဖေဖေဆီကဆိုရင် မေမေ့ကိုအရင်ဆုံးခေါ်ခိုင်းမှာပဲ မဟုတ်လား၊ ကိုင်း ခွန်း ဒီမနက်စာ ဘာဟင်းစားချင်သလဲ"

ချစ်ခွန်းအတွက် ထူးဆန်းသွားသည်။ ချစ်ခွန်းအပေါ်





ကလေးလေးတစ်ယောက်လို အမြဲတမ်း အရိပ်တကြည့်ကြည့် ရှိနေတတ်သော မေမေသည် ယခုချစ်ခွန်းအား မေးခွန်းတွေ မထုတ်တော့ပါလား။

"မေမေနဲ့ ဈေးလိုက်ဦးမလား ခွန်း"

" မလိုက်တော့ပါလား"

"ဒါဖြင့် မနက်စာစားပြီးမှ မေမေသွားမယ်၊ ခွန်းကို ထမင်းကျွေးပြီးမှ"

"ခွန်းက ကလေးမှမဟုတ်တာ၊ ရပါတယ် မေမေရာ"

"ကလေးမဟုတ်လို့ မေမေက ဂရုစိုက်ရတာ၊ ကလေးဆိုရင် ကစားမက်လို့ စားဖို့သောက်ဖို့ မေ့တာမျိုးဆိုရင် တုတ်ပြချော့မော့ပြီး ကျွေးလိုက်ရုံပဲ၊ လူကြီးတစ်ပိုင်းဖြစ်လာလို့ အတွေးနယ်လွန်ပြီး အစားအသောက်ပျက်တာမျိုးကို မေမေဘယ်လိုနည်းနဲ့ ကျွေးရမယ်ဆိုတာမသိဘူး"

"ဟာ မေမေကလဲ"

ချစ်ခွန်း နားလည်လိုက်သည်က မေမေသည်ချစ်ခွန်း၏ စိတ်လှုပ်ရှားနေမှုကို ရိပ်မိနေပြီဟု. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

မုန်းမာန်ပြေ စိတ်လှုပ်ရှားနေသည်။ ချစ်ခွန်းနှင့် တွေ့ရတော့မည်။ ရှောင်နေခြင်းသည် အကောင်းဆုံးဟူသောဆုံးဖြတ်ချက်နှင့်အတူ ကြိုးပမ်းပါသော်လည်း မရ။ သူ့အသံလေးကြားချင်လာသည်။ သူ့ရုပ်သွင်လေး မြင်ချင်လာသည်။ သည်ကြားထဲ သူက မေမေနှင့်အလွမ်းသင့်ကာ ဖုန်းဖြင့်အဆက်အသွယ်လေးနှင့်အတူ မုန်းမာန်ပြေကျောင်းအပ်မည့်ရက်ကိုပါ သိရှိကာ တယ်လီဖုန်းနှင့် ချိန်းဆိုလာခြင်းကို ဖုန်းမာန်ပြေလက်ခံလိုက်





သည်။

နှလုံးသား၏ ဖောက်ပြန်မှုကို မုန်းမာန်ပြေ၏ ဦးနှောက်ကဖွတ်အနိုင်ယူရန် ကြိုးပမ်းထားသည်။

မိမိ၏ နှောင်ဖွဲ့ဟူသော ချစ်ဦးသူရှိသည်။

နှောင်ဖွဲ့ကို သစ်စိမ်းချိုးချိုးရက်သောစိတ် မိမိ၌ရှိမနေခြင်းကိုကပင် ခိုင်မြဲသောအချစ်နှင့်သစ္စာဟု မုန်းမာန်ပြေစွဲမြဲစွာ သိရှိရသည်။

"ဒီအတိုင်းသာဆိုရင် ရှင်တို့ကိစ္စက မလွယ်ဘူးထင်တယ်"

"ရှင် ဘာကိုဆိုတာလဲ"

"ရှင် ချစ်ခွန်းကို စိတ်ဝင်စားနေတဲ့ကိစ္စ"

"စိတ်ဝင်စားတာထက် စိတ်ထဲမှာ လက်ခံနေတာ၊ သူ့ကိုကျုပ်ဘဝရဲ့ အစိတ်အပိုင်းတစ်ခုလို လက်ခံနေမိတာဆိုရင် ရှင်တို့ ကျုပ်ကို ရှုတ်ချမှာလား"

"ခက်တယ် စိတ်ကစားခြင်းကို အချစ်လို့ မသတ်မှတ်နိုင်သလို ကျုပ်တို့ နားမလည်နိုင်တဲ့ အချစ်ဆိုတဲ့အရာကြီးရဲ့ စေ့ဆော်မှုကြောင့် ဖြစ်တည်နေတဲ့ပြဿနာရပ်တွေကို ကျုပ်တို့ မချိုးနှိမ်နိုင်သလို မရှုတ်ချသင့်ဘူးလို့ ကျုပ်ထင်တယ်လေ"

"ကျုပ် ချစ်ခွန်းကို ချစ်နေပါတယ်လို့ တစ်ခွန်းမှ မပြောသေးဘူးနော်"

"အေးလေ မပြောသင့်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်တစ်ပြီး နှောင်ဖွဲ့ကိုချစ်တယ်လို့ ပြောခဲ့တဲ့အတွက် နှောင်ဖွဲ့နဲ့ရှင်



www.burmeseclassic.com

www.burmeseclassic.com



တို့ဟာ အပေါင်းအသင်းတွေအားလုံးက သိရှိကြည်ဖြူထားတဲ့ တရားဝင်ချစ်သူစုံတွဲလေးတစ်တွဲ ဖြစ်နေတယ်လေ"

"ဟုတ်ပ ရှင် ဘယ်နှယောက်ကိုများ ချစ်တယ်လို့ ပြောဦးမှာလဲ"

သဇင်မောင်နှင့် နှင်းဆီမောင်တို့က ညှပ်ပူးညှပ်ပိတ် လုပ်ကာ သူ့ကို ချောင်ပိတ်ဖို့ ကြိုးစားနေသည်ဟု မုန်းမာန်ပြေ ယူဆလိုက်သည်။ ထို့ကြောင့် ချောင်အပိတ်မခံဘဲ. . .

"မပြောပါဘူး၊ ဘာကိစ္စပြောရမှာလဲ၊ နှောင်ဖွဲ့ တစ်ယောက်တည်းပဲ ကျုပ်ချစ်တဲ့ချစ်သူပဲ၊ ချစ်သူအပေါ် သစ္စာရှိစွာနဲ့ ရာသက်ပန်ချစ်သွားဖို့ဟာ နှလုံးသားရဲ့တာဝန်၊ ကျုပ်နှလုံးသားကို စိတ်လှုပ်ရှားမှုတစ်ခုလောက်နဲ့ အရောင်ဆိုးမခံနိုင်ဘူးဆိုတာ ရှင်တို့မြဲမြဲမှတ်ထားပေတော့"

"သာဓု သာဓု"

နှင်းဆီမောင်က အလန့်တကြားခေါ်လိုက်သည်။

"ဘာလဲဟ"

"သာဓုကို သုံးကြိမ်စလုံး မခေါ်နဲ့လေ"

"အေးပါ သိပါတယ်၊ တစ်ခွန်းချန်ထားတာ မတွေ့ဘူးလား"

မုန်းမာန်ပြေ မျက်စောင်းတစ်ချက်ဝင့်ကာ ညီအစ်မနှစ်ယောက်စလုံးကို တစ်ပြိုင်နက် ထိုးလိုက်သည်။

"မိန်းမတွေနော်၊ နှောင်ဖွဲ့စိတ်ဆင်းရဲစရာ သတင်းစကားမျိုး ရှင်တို့မရေးမိကြစေနဲ့"





"စိတ်ချ၊ ကျုပ်တို့လူမိုက်မဟုတ်ဘူး၊ အချစ်ရေးကြားဘယ်တော့မှ မဝင်ဘူးမှတ်"

"ကျေးဇူးတင်ပါတယ်"

"ဒါပေမယ့် ကိုယ်တို့အပေါင်းအသင်းတွေထဲက တစ်ယောက်ယောက် နှလုံးသားပျက်သုန်းကြေမွရမယ့်အဖြစ်ဆိုးကိုတော့ ဘော်ဒါစိတ်နဲ့ တားမြစ်ရလိမ့်မယ်နော်"

"ဒါပေါ့၊ ရပါတယ် တားမြစ်ပါ၊ ပိတ်ပင်ပါ၊ ချုပ်ချယ်ပါ၊ ကန့်သတ်ပါ၊ ဒါတွေအားလုံးဟာ သူငယ်ချင်းကောင်းတွေရဲ့ ဝတ္တရားတွေပဲ၊ ကျုပ်ကလဲ သူငယ်ချင်းကောင်းပဲ လိုချင်ပါတယ်"

"အေးပါ. . အေးပါ. . နောက်တော့သာ ငယ်စာရင်းက ပယ်လိုက်ရတဲ့အဖြစ်မျိုး မရောက်ပါစေနဲ့"

"စိတ်ချ"

"ဒါပေမယ့် ရှင်တို့ကို ကျုပ်တစ်ခုတောင်းဆိုချင်တယ်"

"ဘာလဲ"

"ချစ်ခွန်းကိုပါ ကျုပ်တို့ဘော်ဒါစာရင်းထဲသွင်းဖို့"

"ဖြစ်ပါတယ်၊ မိတ္တဗလဆိုတာ ဗလင်းတန်ထဲ ပါဝင်ပြီးသားပဲ"

"ဒါပေမယ့် တစ်ခုတော့ ရှင်တို့နားလည်ထားရမှာက သူဟာ ကိုကိုနဲ့မေမေတို့နဲ့ အရမ်းရင်းနှီးတဲ့အတွက် ကျုပ်နဲ့ နှောင်ဖွဲ့တို့ကိစ္စကို သူမသိစေချင်ဘူး၊ သူကတစ်ဆင့် မေမေသိသွားခဲ့ရင် ကျုပ်နဲ့ ရှင်တို့နဲ့ ဆက်ဆံရေးကိုပါ ချယ်လှယ်မှုဖြစ်သွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ သူဟာ တို့ရဲ့အပေါင်းအသင်းစာရင်းဝင်ပေမယ့် ငယ်ပေါင်းလိုတော့ အကြောင်းရင်းကိုတော့ မသိနိုင်သေးခင်တော့ အစစအရာရာ ဆင်ခြင်ရတာပေါ့၊ စိတ်ချပါ ရှင် ထိခိုက်နစ်နာစေမယ့်ကိစ္စမျိုးကို ကျုပ်တို့ပြောပါ့မလား"

ဘာပဲပြောပြော မုန်းမာန်ပြေအနေဖြင့် အစစအရာရာ ဆင်ဆင်ခြင်ခြင် နေထိုင်သွားရန် ဆုံးဖြတ်လိုက်သည်။

"ဟာ ကြည့်စမ်း၊ တကယ့်ရွှေမင်းသားပဲ၊ လူအုပ်ကြားထဲမှာ သူဟာအထင်းဆုံး၊ အဝင်းဆုံးနဲ့ ကြည့်အကောင်းဆုံးပါလား"

နှင်းဆီမောင်မျက်လုံးရွှေ့လျားရာသို့ မုန်းမာန်ပြေပါ လိုက်ပါရွှေ့လျားလိုက်သည်။

ဟင်းခနဲ သက်ပြင်းနှင့် ရင်ထဲလှုပ်ခတ်လာသော နှလုံးသားကိုဟန့်တားလိုက်သည်။

ချစ်ခွန်းသည် တက္ကသိုလ်ဝင်ပေါက်၌ရပ်ကာ မိမိတို့အားစောင့်ကြိုနေသည်။

ကားပေါ်မှ ခေါင်းပြူအကြည့်တွင် မျက်လုံးချင်းဆုံကြသည်။ လှိုက်လှဲသော အပြုံးသည် နှလုံးသားမှ ဖြစ်ပေါ်တတ်ကြောင်း မုန်းမာန်ပြေသိရှိပါသော်လည်း လှိုက်လှိုက်လှဲလှဲပြုံးပြမိလျက်သား ဖြစ်သွားလေသည်ကိုတော့. . .







# အခန်း (၈)

"မောသွားသလား၊ အကျိုးတော်ဆောင်ပေးတဲ့အတွက် ဒီဝိုင်းကို ကျုပ်ရှင်းမယ်နော်"

မုန်းမာန်ပြေ အမြွာညီအစ်ကိုပြောဆိုသကဲ့သို့ ချစ်ခွန်းကိုလည်း ရှင်နဲ့ကျုပ်ဟုပင် သုံးနှုန်းလိုက်သည်။

"ရပါတယ်၊ အလှည့်ကျပေါ့၊ နောက်ရက်တွေ ရှိသေးတာပဲ"

"ဟုတ်ပြီ၊ နာတယ် သာတယ် မတွေ့ကဲ့ဘဲ ကျုပ်တို့ငါး



www.burmeseclassic.com

www.burmeseclassic.com



ယောက် တစ်နေ့ကိုတစ်ယောက် အလှည့်ကျရှင်းသွားကြေး သဘောတူလား"

"တူတယ်"

လိပ်ပုခေါ်၊ ဂျပုခေါ်၊ လေက်မဟုခေါ်သော မြတ်စိုးက ခွေးခြေပေါ် ဆောင့်ကြောင့်ထိုင်ကာ လက်မထောင်ပြလိုက်ရာ မုန်းမာန်ပြေက. . .

"ဂျပုရယ် ကောင်းကောင်းထိုင်စမ်းပါ။ ပြုတ်ကျရင် ခွေးပစ်တဲ့တုတ်လောက်ရှိတဲ့ နင့်ခန္ဓာကိုယ်ကို ရှာမရဘဲဖြစ်နေပါမယ့်"

"ကိစ္စမရှိပါဘူး၊ နင်ရှာမရရင် စည်ပင်ကိုသာခေါ်လိုက်၊ သူတို့ကအရှာအဖွေတော်တယ်"

ခေတ်စကားများနှင့် တစ်ယောက်နှင့် တစ်ယောက် အရှုံးမပေးတတ်သော အုပ်စုထံသို့ ချစ်ခွန်းရောက်ရှိခြင်းသည် ကံကောင်းခြင်းဟုဆိုရမည်။ သူတို့အုပ်စုသည် ရိုးသားပွင့်လင်းကြသည်။

"ဘာသောက်မလဲ၊ ဘာစားမလဲ၊ ကိုယ်ကြိုက်တာ ကိုယ်မှာကြ"

"ဒီနေ့ ငါရှင်းအလှည့်မဟုတ်တဲ့အတွက် ဒီဆိုင်က ဈေးအကြီးဆုံးကို ရှာလိုက်ဦးမယ်"

"တွေ့လား ဒီလောက်စိတ်ပုပ်တာ၊ ဒီဘဝမှာ အရပ်တင်ပေ၊ နောက်ဘဝဆိုရင် တစ်လက်မတောင် ရှိပါဦးမလား မသိပါဘူး"





မြတ်စိုးက အကျီစားသန်သည်။ မုန်းမာန်ပြေနှင့် အမြဲညီအစ်မကလည်း ဘယ်တော့မှ အလျှော့မပေးတတ်။

"အားလုံးထဲမှာ အချမ်းသာဆုံး၊ ကပ်စေးအနဲဆုံး အရပ်ကလဲ အပုဆုံး"

"ဒါကြောင့် နင်တို့ကို ဒေါက်ဖိနပ် မစီးနဲ့လို့ပြောတာ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ငါ့အရပ်က သိပ်မပုလှပါဘူး၊ နင်တို့ရဲ့ နှစ်လက်မခွဲ ဒေါက်ကြောင့် ငါ့အရပ်လဲ နှစ်ပေခွဲလောက် ပိုပုသွားတာပေါ့"

"ညောင်ဦးကမ်ပါးပြိုတာနဲ့ စမွန်နဂိုက နွားမ ပေါင်ကျိုးသလို သူပြောလိမ့်မယ်၊ ခွန်း ရှင် သူ့စကားကိုမယုံစားလိုက်နဲ့၊ ရှင်ပဲ အရှုံးဖြစ်သွားလိမ့်မယ် သိလား"

မုန်းမာန်ပြေက ချစ်ခွန်းအား လှည့်ပြောလိုက်သည်။

ချစ်ခွန်း ရင်ထဲ လှိုက်ဖိုသွားသည်။ ခွန်းတဲ့ မေမေခေါ်သတဲ့သို့ အခေါ်အဝေါ်မျိုးကို သူမ ရွေးချယ်လိုက်ခြင်းအတွက် ချစ်ခွန်းရင်ထဲ ကျေနပ်သွားသည်။

"ခွန်း ဘာခွန်းလဲ"

မြတ်စိုးခေါ်၊ လိပ်ပုခေါ်၊ လေက်မခေါ်၊ ဂျပုကအငြိမ်မနေဘဲ မေးလိုက်သည်။ သဇင်မောင်က . . .

"ချစ်ခွန်းပေါ့"

"သူများမိဘတွေများ တော်လိုက်တာ၊ သားသမီးတွေအများသူငါ စိတ်ဝင်စားစေမယ့် နာမည်လှလှလေးတွေနဲ့ မြူ



www.burmeseclassic.com

www.burmeseclassic.com



ဆွယ်ပေးတတ်တယ်၊ တို့များမိဘကတော့ သားဖြစ်သူကို ပေးလိုက်တာများ မြတ်စိုးတဲ့၊ ရိုးစင်းလိုက်တာ"

"ဘာဖြစ်လဲ၊ ရိုးသားခြင်းဟာ ထာဝရဆန်းသစ်ခြင်းတဲ့ လိပ်ပုလေးရဲ့"

"ဆန်းသစ်သလား မသစ်သလားမသိပါဘူး၊ အမေပေးတဲ့နာမည်က တစ်မျိုးတည်း၊ နင်တို့နဲ့တွေ့တော့မှ လိပ်ပုလေးဖြစ်လိုက်၊ ဂျပုဖြစ်လိုက်၊ လေက်မဖြစ်လိုက်၊ စောစောက ခွေးပုစ်တဲ့တုတ်ဖြစ်သွားသေး"

"အဲဒါ ကျေးဇူးတင်"

"ဘာတင်ရမှာလဲ"

"ဟိုတုတ်မဟုတ်တာ"

"ဘာတုတ်လဲ"

"တုတ်ခနွောင်းလေ"

"ဖွိ"

"စားပြီးသားတွေ အန်ထွက်ကုန်မယ်နော်"

မိန်းကလေးသုံးယောက်နှင့် မြတ်စိုးအပြန်အလှန် ပြောဆိုမှုကို ဒိုင်ခံရယ်မောသူက ချစ်ခွန်းဖြစ်သည်။

ချစ်ခွန်းရယ်မောခြင်းကို အမှတ်မထင် ငေးကြည့်လိုက်သော မုန်းမာန်ပြေ၏ရင်ထဲ၌ ထင်ကျန်ရစ်စေသော မြင်ကွင်းတစ်ခုကို တိုးသွားပြန်သည်။ ရယ်လိုက်လျှင် ပါးချိုင့်ကလေးများ အပြင် သွားတက်စွယ်လေးနှင့်ပါလား။

"ခွန်းရှည် မင်းသိပ်ရယ်ပြမနေနဲ့၊ အခြားစားပွဲက





ကောင်မလေးတွေ ကွက်ကြည့်ကွက်ကြည့်နဲ့ မင်းကို ခိုက်နေကြပြီ"

"ခိုက်တော့ ဘာဖြစ်သလဲ"

"ဖြစ်တာပေါ့၊ ခိုင်းကောင်းတဲ့ သူငယ်ချင်းကောင်းတစ်ဦးလျော့သွားရင် နင်တို့ ယူအုပ်ကြားထဲ တိုးနေရမှာစိုးလို့ ပြောတာဟဲ့"

မြတ်စိုးအပြောကို ချစ်ခွန်းက နာရကောင်းမှန်းမသိဘဲ ရယ်မောလိုက်ရာ မုန်းမာန်ပြေတင်မက အမြွှာညီအစ်မပါ မှင်သက်သွားပြီး. . .

"ဟုတ်သားပဲ၊ ခွန်းဟာ ရယ်လိုက်ရင် ပိုတောင်ချောပြီး ချစ်စရာကောင်းတယ်ဟ"

နှင်းဆီမောင်က ကောက်ချက်ကို ပေါ်တင်ချလိုက်သည်။ မုန်းမာန်ပြေရင်ထဲ မနာလို ချိုးကပ်သွားကာ နှင်းဆီမောင်အားမျက်စောင်းထိုးလိုက်သည်။

ချစ်ခွန်းကအရယ်ကို အရှိန်သတ်ကာ. . .

"ဒုက္ခပါပဲ၊ ငယ်ငယ်က မေမေက သားကရယ်ရင် သိပ်ချစ်စရာကောင်းတာပဲဆိုလို့ လူမြင်တိုင်းရယ်ပြတတ်ခဲ့တဲ့အကျင့်ပါလာတဲ့အထိ ဖျောက်ဖျက်လို့မရဘူး ဖြစ်နေတယ်"

"မရရင်လဲ မဖျောက်နဲ့တော့၊ ဒါပေမယ့် ခွန်းမေမေကိုတော့ တစ်ခုလောက်တော့ ပြန်ပြောလိုက်ပါ"

မုန်းမာန်ပြေကို ချစ်ခွန်းက ကြည်လဲ့စွာကြည့်ရင်း. . .

"ဘာပြောရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် မေမေ့စကားကြောင့် သားအရယ်လွန်ပြီး ဘရိတ်အုပ်လို့မရတော့တဲ့အတွက် လူပျို့အမေ ဆန်တစ်အိတ်နဲ့ မန်းတောင်ရိပ်ကို မေမေခိုပေတော့လို့"

"ဟင့်အင်း. . . ကျွန်တော် အဲဒီလိုမပြောချင်ဘူး"

"ဟ. . . ဘာကျွန်တော်လဲ"

"လုပ်မနေနဲ့၊ ကျုပ်တို့ကြားမှာ ကျွန်တော် ကျွန်မ မရှိဘူး"

"ဟုတ်တယ်၊ နင် ငါနဲ့ ကျုပ်ပဲ"

"ဟုတ်တယ်၊ ဒါ အမှန်တရား၊ ဘယ်သူကိုမှ ရိုသေစရာ ရှိန်းတိန်းတိန်း ဖိန်းတိန်းတိန်း ဖြစ်စရာမလိုဘူး၊ ဒါ ငါတို့ဘော်ဒါတွေရဲ့ စည်းကမ်းပဲ"

မြတ်စိုးက ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်သည်။ ချစ်ခွန်းကပြုံးကာ. . .

"ကိုယ် မသိလို့ပါ။ အဲ ငါ ငါ မနည်းကျင့်ယူရမယ် ဘယ်သူ့ကိုမှ ငါနဲ့မပြောဖူးဘူး"

"ဟုတ်လို့လား ကြည့်လဲဖြီးပါ၊ ရှစ်တန်းအထိ ဒီမှာနေသွားတာဆို"

သဇင်မောင်က ဝင်ထောက်လိုက်သည်။ ချစ်ခွန်းက အပြုံးမပျက်။

"ဟုတ်တယ်၊ ငယ်ငယ်တုန်းက ဘွားဘွား၊ မေမေနဲ့ အဒေါ်တွေရဲ့ သွန်သင်မှုနဲ့ ကိုယ့်ကိုယ်ကိုယ် ခွန်းကလေး၊ ကျွန်တော်ကလေနဲ့ ပြောတတ်တာ အခြောက်ဖြစ်သွားမှာစိုးရိမ်လို့ ဖေဖေ





က ဟိုကို သူနဲ့အတူ တမင်ခေါ်သွားတာ"

"ကျွတ်. . ကျွတ်. . အခုတော စိုးလာပြီလား"

မြတ်စိုးက ချစ်ခွန်းအား စေ့စေ့ကြည့်ကာ ပြောလိုက်ရာ. . . ချစ်ခွန်းက ရုတ်တရက် ကြောင်သွားရာမှ မိန်းကလေးသုံးယောက်က ဝိုင်းရယ်သဖြင့် သူသဘောပေါက်ကာ ရှက်သွားပြီး. . .

'ဟာ. . ဂျပုကလဲကွာ' ဟု ဆိုကာ ရှယ်ရယ်ရယ်လေသည်။

"ပြန်ပြောလိုက်ပါလား ခွန်းရဲ့၊ သိချင်ရင် မင်းအစ်မကို သွားမေးလိုက်ပါလား ခွေးပုရဲ့လို့"

နှင်းဆီမောင်က ချစ်ခွန်းဘက်က ဝင်၍ပြောလိုက်ရာ

"ဟုတ်လား၊ ပြောလိုက်လေ ယောက်ဖရဲ့၊ ဒါမှ ငါ့အစ်မ ခေါ်မစွံကြီးစွံမှာ"

"တော်ပြီ၊ အရှက်လဲ တစ်စက်မှ မရှိတဲ့ကောင်"


ချစ်ခွန်းဘာမှဝင်မပြောဘဲ ဆန်းကစ်ဘူးကိုသာ အသာ ချိုးသောက်ရင်း အိမ်ပြန်ရောက်လျှင် သူ၏အပေါင်းအသင်းသစ်များ၏ ဇရုတ်ကျမှုကို မေမေ့အား ပြန်ပြောပြလိုက်မည်ဟု။ ထို့အတူ မုန်းမာန်ပြေ၏ အလှကိုလည်း အသေးစိတ်ပြောပြလိုက်လျှင် မေမေဘာပြောမည်ကိုတော့ဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

"အသားက ဝါနှစ်နေတာပဲမေမေ၊ ခွန်းအသားထက်ကို ပိုလှတယ်"

"မိန်းကလေးဆိုတော့ ပိုဝင်းဝါတာပေါ့။ ခွန်းလဲ အသားလှတာပဲ၊ ဒါအဆန်းမဟုတ်ပါဘူး"

"အရပ်ကလဲ ငါးပေခြောက်လက်မလောက် ရှိတယ်မေမေ၊ ခွန်းအရပ်ကို မီလုမီခင်ပဲ၊ ဒါပေမယ့် ဒေါက်ဖိနပ်စီးတော့ ခွန်းနဲ့ အရပ်တူလို့ထင်ရတယ်"





"မြန်မာပြည်မှာ မိန်းကလေးကလေးတွေ အရပ်အနိမ့်အမြင့် အရေးမကြီးလှပါဘူး"

မေမေ၏စကားများကို ချစ်ခွန်းသိပ်မကြိုက်လှ။ ခွန်းအလေးထားမှုကို ခပ်ပေါ့ပေါ့ ဖြစ်သွားစေသည်ဟု သူယူဆကာ စိတ်မကောင်းဖြစ်သွားပြီး. . .

"ဆံပင်က ဖြောင့်စင်းပြီး အရှည်ကြီးပဲ၊ အဲဒါကို ဖားလျားချထားသော သိပ်လှတာပဲ"

"ဒါက ယခုခေတ်မိန်းကလေးတွေရဲ့ စတိုင်တစ်မျိုးပဲ၊ မေမေကတော့ သိပ်သဘောမတွေ့လှပါဘူး၊ ရှေးဘိုးဘွား မိဘတွေကတော့ ဖားလျားချရင် အပူသည်လို့ ယူဆကြတယ်"

"ဟာဗျာ မေမေကလဲ၊ မုန်းမာန်ပြေအပေါ် ဘာတစ်ခုမှ အကောင်းမမြင်ပါလား"

"မကောင်းဘူးလို့ မေမေတစ်ခုမှ မပြောဘူးနော်သား၊ ခွန်းက သုံးနှစ်ကျော်ကျော် မြန်မာပြည်နဲ့ ကင်းကွာနေတာ၊ မေမေက မြို့လယ်ကောင် ဗိုလ်ချုပ်ဈေးမှာ စတိုးဆိုင်ဖွင့်ထားတဲ့ လူဖြစ်လို့ ခုခေတ်မိန်းကလေးတွေရဲ့စတိုင်ကို မေမေက ခွန်းထက်ပိုသိတယ်၊ ဒါကြောင့် ခွန်းအတွက် တအံ့တသြဖြစ်စရာတွေဟာ မေမေ့အတွက် အံ့သြစရာမဟုတ်တာ၊ အဆန်းမဟုတ်ပါဘူးနော် ခွန်း"

"ဒါဖြင့် ခွန်း ဘာမှပြောမပြတော့ဘူး၊ တော်ကြာမှ မေမေခွန်းကို အပြစ်မတင်နဲ့"

ဒေါ်လှယမင်းက ကလေးဆန်ဆန် ပြောလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



သားကို ချစ်စနိုးအပြုံး ကြည့်လိုက်ပြီး. . .

"ဘာကိုအပြစ်တင်ရမှာလဲ ခွန်း၊ ခွန်းက အရွယ်ရောက်နေပြီပဲ၊ ပြီးတော့ တက္ကသိုလ်ပညာကို သင်ယူနေတဲ့သူပဲ၊ ရည်းစားထားတယ်၊ အတွဲထားတယ်ဆိုတာ ကန့်ကွက်စရာကိစ္စမှ မဟုတ်တာ"

ချစ်ခွန်း ဘဝင်မကျနိုင်အောင် ဖြစ်သွားကာ. . .

"မဟုတ်ဘူးထင်တယ် မေမေ၊ မုန်းမာန်ပြေကို ခွန်း စိတ်ဝင်စားတာ အတွဲရရုံသက်သက် မဟုတ်ဘူး၊ ရည်းစားဖြစ်ရုံသက်သက်လဲ မဟုတ်ဘူး၊ ဘာပြောရမလဲ ခွန်းရဲ့ဘဝတစ်ခုလို စိတ်ဝင်စားတာ"

"အလို. . ."

ဒေါ်လှယမင်းက အံ့အားသင့်ဟန်ပြုလိုက်သည်။

ချစ်ခွန်းကလည်း အမေ၏ အကြောကိုသိသဖြင့်. . .

"ခွန်းကိုမလှောင်ပါနဲ့ မေမေ"

"မလှောင်ပါဘူး၊ ဒီအရွယ်မှာ အသည်းအသန် သောကဖြစ်ခဲ့တဲ့ နှလုံးသားရေးရာ ကိစ္စတစ်ခုဟာ ကြီးလာတဲ့အခါမှာ ရယ်စရာဟာသတစ်ပုဒ်၊ ဒါမှမဟုတ် မြေးတွေကို အိပ်ရာဝင် ပုံပြင်တစ်ပုဒ်လို ပြောပြရတဲ့သူတွေ ဒုနဲ့ဒေးပါခွန်းရယ်"

"တော်ပြီမေမေရာ၊ မေမေ့ကို ခွန်းဘာမှမပြောတော့ဘူး၊ ဒါပေမယ့် ခွန်း အမှန်ဆုံးသောစကားတစ်ခု ထပ်ပြောလိုက်မယ်၊ ခွန်း. . ပြေ့ကို ဘဝတစ်ခုလို စိတ်ဝင်စားသလို စိတ်ဝင်စားတယ်၊ မြတ်နိုးနေပါတယ်ဆိုတာ မေမေ့ကို အသိပေးတာပါ၊





နောက်မှ မေမေခွန်းကို အပြစ်မတင်နဲ့နော်"

ချစ်ခွန်းအချစ်အတွက် သတ္တိတွေကောင်းနေပြီဟု ဒေါ်လှယမင်း သဘောလိုက်သည်။

"အသိပေးတယ်ဆိုတာ ဘဝခရီးဖော်အဖြစ် ခွန်းဘက်က တစ်ဖက်သတ်ရည်ရွယ်လိုက်ပြီဆိုတဲ့ သဘောလား"

"ဟုတ်တယ် မေမေ"

"ခွန်းက မိန်းမတစ်ယောက်ကို ရွေးချယ်တဲ့နေရာမှာ ဘာကိုကြည့်ပြီး ရွေးချယ်တာလဲ"

"ဗျာ"

ချစ်ခွန်းနားမလည်။ အချစ်ဟူသောအရာကို မြည်းစမ်းကြည့်ဖူးသူမဟုတ်။ မုန်းမာန်ပြေကို မြင်မှအချစ်စိတ်မွေးဖွားလာသည်နှင့် တစ်ပြိုင်နက် ရယူပိုင်ဆိုင်ချင်လာသည်။ ထိုရယူပိုင်ဆိုင်မှုအတွက် ဘယ်လိုနည်းများနှင့် ချဉ်းကပ်ရမည်၊ ကြိုးစားရမည်ကို သူနားမလည်။ ထို့ကြောင့် သူလောက ကမ္ဘာ၌ အရင်းနှီးဆုံးဖြစ်သောမိခင်အား သူ၏ခံစားမှုကို ဖွင့်ဟလိုက်ခြင်းဖြစ်သည်။ မိခင်က လိုလိုလားလားမရှိသောအခါ သူမကျေမနပ် ဖြစ်သွားရသည်။

"ဪ. . အဆင်းလား၊ အချင်းလား၊ မင်းဘာကို နှစ်သက်တာလဲ"

"ရုပ်အဆင်းအလှကိုပဲ ကျွန်တော် မြင်ဖူးသေးတာကိုး"

"စိတ်နေစိတ်ထားကိုကော မလေ့လာတော့ဘူးလား"

"စိတ်သဘောထားက ပွင့်ပွင့်လင်းလင်း ရှိပါတယ်၊ များ



www.burmeseclassic.com

www.burmeseclassic.com



သောအားဖြင့် ပွင့်လင်းခြင်းဟာ ရိုးသားခြင်းပဲ၊ ရိုးသားခြင်းဟာ ဖြူစင်ခြင်းမဟုတ်ဘူးလား မေမေ"

"ဩော်. . ခွန်း. . ခွန်း မင်းဟာ မိန်းမတစ်ယောက်ကို ချစ်ဖို့ပဲတတ်တာကိုး"

"မေမေကလဲ၊ ခွန်း ဘာကိုမှ နားမလည်တော့ဘူး"

"နောက်တော့ ခွန်းနားလည်လာလိမ့်မယ်၊ ပွင့်လင်းတယ်ဆိုတာ ဘာကိုပြောတာလဲ၊ ရဲရဲတင်းတင်းပြောရဲဆိုရဲတာကိုလား"

"ဟုတ်တယ်၊ ရှိုးတိုးရှန့်တန့် မရှိဘူး"

"အင်းလေ ဖြစ်နိုင်ပါတယ်၊ ခုခေတ်မိန်းကလေးအများစုကိုက ရဲတင်းလွန်းကြပါတယ်၊ ဟီရိုဩတ္တပ္ပတရားနဲ့အညီ ရှက်တတ်တာကတော့ မိန်းမကောင်း မိန်းမမြတ်ပဲ"

ချစ်ခွန်း နားမလည်တော့မှန်း သူ၏ မျက်လုံးကလေးကလည်ကလည်ဖြစ်နေခြင်းကို ကြည့်ခြင်းအားဖြင့် ဒေါ်လှယမင်း သဘောပေါက်ပါသည်။ ထို့ကြောင့်သားဖြစ်သူအား သနားသွားပြီး. . .

"ခွန်းကအခုမှ အပျံသင်စကိုး. . နောက်တော့ ခွန်းနားလည်သွားမှာပါ၊ ခွန်းမိန်းကလေးကို မေမေလဲ လေ့လာကြည့်ဦးမယ်"

ချစ်ခွန်း ဝမ်းသာသွားသည်။ မိမိနှစ်သက်သော မိန်းကလေးအပေါ်၌ မိခင်ကြည်ဖြူစေချင်သည်မှာ သဘာဝတရားတစ်ခုဟု ဒေါ်လှယမင်းသဘောပေါက်ပါသည်။





ရင်တွင်းမှာတော့ ကိုယ့်ရင်သွေးကို နို့နံ့ပင်မစင်သေးဟု ထင်ထားကြသည်မှာလည်း မိဘများ၏ တုနှိုင်းစရာမရှိသော မေတ္တာတရားပင်။ ဒေါ်လှယမင်း သက်ပြင်းချကာ. . .

"ကိုင်း မီးဖိုချောင်အတွက် ဒီနေ့ချက်စရာစီမံပြီးရင် မေမေဆိုင်သွားဦးမယ်၊ ခွန်း ကားမောင်းရင်တော့ ဂရုစိုက်နော်၊ အာရုံတွေ သိပ်မပျံ့လွင့်စေနဲ့"

"ဟုတ်ကဲ့ပါ၊ ခွန်း ဂရုစိုက်ပါ့မယ်"

တစ်ဦးတည်းသော သားဖြစ်သော်လည်း ဆိုးသွမ်းခြင်းမရှိဘဲ လိမ္မာသောသားကို မိဘနှစ်ပါးစလုံးက ငုံထားမတတ် ချစ်ခင်နှစ်သက်သည်။ ဘဝတစ်သက်တာအတွက် အရေးပါသော အိမ်ထောင်ရေးကိစ္စ၌ အရွေးမှားသွားမှာကို စိုးရိမ်သည်။

ဒေါ်လှယမင်းသည် သား၏မျက်ကွယ်ဖြစ်သော ထမင်းစားခန်းနေရာရောက်မှ သက်ပြင်းကိုချကာ စိတ်မောမှုကို ထွက်ပေါက်ပေးလိုက်ရလေသည်။ သားဖြစ်သူ စိတ်ဆိုးသွားမှာ စိုးရိမ်၍သာ ပြောချင်လွန်းသောစကားကို မျိုသိပ်လိုက်ရသည်။

ထိုမျိုသိပ်မှုက ရင်ကိုတင်းကျပ်စေသည်။

'သား ခွန်းရယ် မင်းသိပ်ငယ်ပါသေးတယ်၊ အချိန်တန်ရင် မေမေတို့ကိုယ်တိုင် ခွန်းအတွက် ဗိုင်းကောင်းကျောက်ဖိ ဘုန်းခြေရှင်မိန်းမတစ်ယောက်ကို ရွေးချယ်ပေးမယ်' ဟူသော စကား။


သို့သော်. . . ပြောမထွက်ခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

"မိမုန်း၊ ရော့ . . သမီးအတွက်အစတွေ မေမေဝယ်လာတယ်"

"ဒီလိုဆို ကားအားလား၊ သွားအပ်လိုက်မယ်"

မုန်းမာန်ပြေ အပြင်သို့ထွက်ချင်နေသည်။ စောစောကလေးတင် အမြွာညီအစ်မဆီက ဖုန်းလာသည်။ နှောင်ဖွဲ့ဆီမှ စာရောက်နေသည်တဲ့ . . ။ ထို့ကြောင့် လမ်းစရှာနေသည်နှင့် အတော်ပဲဖြစ်သွားသည်။ ရေငတ်တုန်း ရေတွင်းထဲကျသည့်အ





လား အစထုပ်ကိုယူကာ ပြောလိုက်သည်။

"အားပါတယ်၊ တအောင့်နေမှသွား၊ ခု ထိုင်ဦး၊ မေမေ ပြောစရာရှိသေးတယ်"

"ပြန်လာမှပြောလဲ ရပါတယ် မေမေရာ၊ အေးအေးဆေးဆေးပေါ့"

"မိမုန်း"

မုန်းမာန်ပြေ၏ ပြင်နေသော ခြေလှမ်းသည် ရပ်တန့်သွားသည်။

"ဘယ်လိုဖြစ်နေတာလဲ၊ အစက အင်္ကျီစတွေကို တစ်နှစ်လောက်အကြာအထိ အပ်ချင်မှအပ်တဲ့သူက ခုဘယ်လိုဖြစ်နေတာလဲ"

မုန်းမာန်ပြေခေါင်းထဲက ဉာဏ်နီဉာဏ်နက်တို့သည် အလိုအလျောက် ခုန်ထွက်လာသည်။

"အရင်ကနဲ့ မတူတော့ဘူးလေ၊ ခု ဒုတိယနှစ်ရောက်လာပြီ မေမေရဲ့၊ အင်္ကျီတွေ ထပ်ကုန်မှာစိုးလို့"

"ဟင်း တော်တော်အလှကြိုက်လာပြီပေါ့"

"ကြိုက်ဆို ခွန်းတောင် ယောကျ်ားလေးတန်မဲ့ အင်္ကျီထပ်ဘူး မေမေရဲ့၊ ကော့နေတာပဲ၊ သူ့မေမေက သူကိုယ်တိုင်သွားဝတ်ဖို့ကို ထုတ်ပေးတာတဲ့"

ချစ်ခွန်းအကြောင်း စလိုက်ပြီဆိုသည်နှင့် ဒေါ်တင်ဇော်၏ မျက်နှာပြောင်းလဲသွားသည်။ မုန်းမာန်ပြေအပေါ်၌ စောစောကဖြစ်ပေါ်နေခဲ့သော သံသယစိတ်ကလေး ပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားကာ ပြုံးတုံ့တုံ့နှင့်. . .၊

"ဟုတ်မယ်. . ဟုတ်မယ်၊ ဒေါ်လှယမင်း ကိုယ်တိုင်က လဲ ကြောင်ကြောင်မော့မော့လေးနဲ့ လှနေတုန်းပဲ သမီး"

မုန်းမာန်ပြေ စိတ်ဝင်စားသွားသည်။ အမှန်တော့ ချစ်ခွန်းနှင့် ပတ်သက်လာလျှင် အသေးအမွှားကလေးများမှအစ စိတ်ဝင်စားတတ်သောစိတ်သည် ထူးဆန်းစွာဖြင့် သူ့ရင်၌ သန္ဓေတည်လျက်ရှိသည်ဖြစ်ရာ. . .

"ဟုတ်လား၊ မေမေနဲ့တွေ့ခဲ့တယ်"

"တွေ့ဆို ကီမိုနိုနဲ့ ဂျပန်ကီလိုစတွေဝယ်ရင်း 'ယမင်းစတိုး'ကို ရောက်ခဲ့တယ်လေ"

"မေမေတို့အချင်းချင်း သိသွားကြပြီလား"

"ဒီလိုပဲပေါ့၊ ဈေးဆစ်ရင်း မောင်ချစ်ခွန်းအမေ ထင်တယ်၊ သားက သူ့မေမေဟာ ယမင်းစတိုးဖွင့်ထားတယ် ပြောတာနဲ့ဆိုပြီး မိတ်ဆက်ရတာပေါ့၊ တော်တော်အပြောကောင်းတဲ့ အမျိုးသမီးပဲ၊ မေမေ့ကိုလဲ ဖော်ဖော်ရွေရွေပါပဲ၊ အအေးတွေနဲ့တောင် ဧည့်လိုက်သေးတယ်"

မုန်းမာန်ပြေ စိတ်ဝင်စားစွာ ဆိုဖာဆက်တီ၌ ပြန်ထိုင်ချလိုက်သည်။

"မေမေ့ကို မုန်းမာန်ပြေအမေမှန်း သိသွားသလား"

"သိသွားတယ်"

"ဟင် မေမေက ပြောလိုက်တာလား၊ ရှက်ဖို့ကောင်းမနေဘူးလား မေမေ"





"မေမေက သမီးရှင်သိက္ခာကျမဲ့အလုပ်မျိုး မလုပ်ပါဘူး၊ သားကြီးသဲဦးပိုင် ပေးပို့လိုက်တဲ့ပစ္စည်းတွေ လာပို့ပေးရင်း မောင်ချစ်ခွန်းပြောပြလို့ သိရတာလို့ ပြောတာပေါ့"

"တော်ပါသေးရဲ့"

"စိန်တွေမှ ညွတ်နေတာပဲ"

မုန်းမာန်ပြေ၏ စိတ်ထဲမှာတော့ မေမေတို့ကတော့ ဒါပဲပဲဟု။

"တော်တော်ချမ်းသာပုံပဲ သမီးရဲ့၊ စိတ်ကူးမလွဲနဲ့နော်၊ တစ်ဦးတည်းသော သားဆိုတော့ ပြိုင်ဘက်လဲကင်းတယ်"

နှလုံးသားကို ဈေးတွက်တွက်တတ်သည့် အလေ့အထမျိုးသည် မိခင်ဟူသော လူတန်းစားများ၌ ဖြစ်ပေါ်တတ်သည် ဆင်ပါသည်။ မုန်းမာန်ပြေ ထိုင်ရာမှထလိုက်သည်။

"ဟုတ်တယ်၊ ခွန်းက ကျောင်းကိုလာရင်တောင် ကားသည်လဲ စီးလာတာ၊ ကျန်တဲ့မိန်းကလေးတွေတောင် ကျွန်မကို နောလိုဖြစ်နေကြတယ်. . . နေရထိုင်ရ ကျဉ်းကျပ်လိုက်တာ၊ သွားတော့မယ်နော် မေမေ"

မိခင်ကြည်သာသွားချိန်ကို အခွင့်ကောင်းယူကာ မုန်းမာန်ပြေ အပြင်သို့ထွက်ခဲ့သည်။

အပ်ချုပ်ဆိုင်သို့ အရင်မသွားဘဲ အမြွာညီအစ်မအိမ်သို့ ထွက်ခဲ့သည်။ အမြွာညီအစ်မက အဆင်သင့်ပင် သူ့အတွက် စာကို ထုတ်ပေးသည်။

"စာကို ရှင်ယူသွားလို့မဖြစ်ဘူးနော်၊ တော်ကြာကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ဆီ လာလည်ခွင့်ပါ ပါမစ်ပါပြုတ်သွားလိမ့်မယ်"

"ကျုပ်နားလည်ပါတယ်၊ အခုဖတ်ပြီး ရှင်တို့လက် ဝကွက်အပ်ခဲ့မှာပါ။ ရှင်တို့ဘာသာရှင်တို့ ပြုတ်ပြုတ်ကြော့ကြော့ပေါ့"

"ဝေါ့.. ညီတယ်"

"ဘာ.. ညီတာလဲ"

"ရှင်တို့အချစ်က ကျုပ်တို့လို သူငယ်ချင်းချစ် သန့်သန့်လေးတွေမှ မဟုတ်တော့ဘဲ"

"ဟုတ်ပ ကျုပ်တို့လို သန့်သန့်လေးတွေအတွက်တော့ ညီတာပေါ့"

"ခွေးအမြွှာစုတ်တွေ"

အမြွှာညီအစ်မကို လှမ်းဆဲလိုက်ပြီး စာကိုဖောက်ဖတ်လိုက်သည်။

အမြဲတစေ သေသပ်လှပသော နှောင်ဖွဲ့၏လက်ရေးများကို မြင်ရသည့် တဒင်္ဂ၌အရာရာကို မေ့လျော့သွားစေသည်။

**မာန်**

ကံကောင်းခြင်းဟာ ငါ့အတွက် အဖော်ကောင်းအဖြစ်ရောက်ရှိလာပြီဆိုတဲ့ သတင်းကောင်းလေးနဲ့ နင်နဲ့အတူ သူငယ်ချင်းအားလုံးကို အရင်ဆုံးမျှဝေပေးပါရစေ။ ငါ့အတွက် နင်တို့ပျော်ရွှင်နိုင်ကြလိမ့်မယ်ဆိုတာ တွေးပြီးငါကျေနပ်တယ်။

ငါရောက်ရောက်ချင်းပဲ အလုပ်ရတယ်။ အံ့ဩစရာ





ကောင်းတဲ့အဖြစ်က ငါရဲ့ဘော့စ် မစ္စတာယိုကိုဆာကိုးတားရဲ့သားဟာ ငါနဲ့ရုပ်ချင်းအတော်ဆင်နေခြင်းဟာ ကံကောင်းခြင်းနိမိတ်ကို ဖန်ဆင်းပေးလိုက်သလိုပါပဲ။

ရုတ်တစ်ရက်တော့ ငါ့အကြောင်းကိုမသိသေးတော့ မျက်နှာသာမပေးဘဲ လေ့လာနေတုန်းပါပဲ။ ဒါပေမယ့် သူ့မျက်ဝန်းတွေဟာ ငါ့ကိုချစ်ခင်နှစ်သက်တဲ့ အရိပ်အယောင်တွေကို အပြည့်အဝတွေ့နေရတယ်။

သနားဖို့ကောင်းတာက သူ့သားဟာ ဆယ့်နှစ်နှစ်အရွယ်မှာ ရေနစ်သေဆုံးသွားခဲ့တယ်။ သူ့မှာ အိမ်ထောင်ကျသွားပြီးဖြစ်တဲ့ သမီးနှစ်ယောက်ပဲရှိတယ်။ သူ့ရဲ့စက်ရုံမှာ ငါ အောက်ခြေသိမ်းဝင်လုပ်တယ်။ ဘယ်အရာမဆို အောက်ခြေခိုင်ဖို့ အရေးကြီးတယ်မဟုတ်လား။

မစ္စတာယိုကိုဆာကိုးတားဟာ ငါ့ကိုချက်ချင်းပဲ အလုပ်ပေးတယ်။ သူ့ဘဝကအထီးကျန်ဆန်တဲ့မုဆိုးဖိုကြီး တစ်ယောက်ပဲ။ အနုပညာဝါသနာပါတယ်။ အားရင်တယောထိုးနေလေ့ရှိတယ်။ သူက တယောထိုး၊ ငါကပန်းချီဆွဲနဲ့ ရင်ထဲကဝေဒနာတိုယ်စီကို ဖြေဖျောက်လေ့ရှိကြတယ်။

နင်ကော အဆင်ပြေရဲ့လားမာန်ဆိုတဲ့မေးခွန်းကို မေးဖို့မလိုအပ်ဘူးထင်ပေမယ့် ငါမေးပါရစေ။

နောက် ငါငွေပို့ပေးချင်တယ်။ အမြွှာတို့အိမ်ပို့ပေးရမလား၊ ဂျပုဆီပို့ပေးရမလား။

မေမေတို့ဆီလဲ ငါနောက်လဆန်းမှာ နှစ်သိန်းပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်။ နင့်ဆီပို့ပေးမယ်ဆိုတာ နင်နဲ့ငါနဲ့အနာဂတ်အိမ်က လေးအတွက်လေ။ နင်သိပါတယ်မာန်။

ငါးနှစ်ဆိုတဲ့ကာလမှာ နင့်ကိုနင့်မိဘထက်သာတဲ့ အိမ်တစ်ဆောင် မီးတပြောင်မျိုးကို ထားနိုင်တဲ့လုပ်ငန်းရှင်တစ်ယောက်ရဲ့ ဘဝမျိုးကို ငါမျှော်မှန်းထားတာ။

ဒါဟာ ငါရဲ့မာနမဟုတ်ဘူးနော်။

ငါရဲ့ နင့်အပေါ်ထားရှိတဲ့ မေတ္တာတရား။

နင့်ကို ငါအရမ်းလွမ်းတယ်။ နင်ရဲ့ဓာတ်ပုံတူ ပန်ချီကားကို ငါဆွဲပြပြီး ငါ့အခန်းထဲမှာ အမြတ်တနိုးမှန်ပေါင်သွင်းပြီး ချိတ်ထားတယ်။ ဒါကိုမစ္စတာဟိုကိုဆာကိုးတားက မြင်တော့ပြုံးတယ်။ သိပ်ကိုဆွဲဆောင်မှုရှိတဲ့ မိန်းမချောလေးပဲ ဆိုတဲ့မှတ်ချက်ပဲချတယ်။ ဘယ်သူလဲ။ ဘာတော်သလဲလို့မမေးဘူး။

ငါကမေးစေချင်နေတာ။ ဒါမှငါက ဂုဏ်ယူဝင့်ကြွားစွာနဲ့ တစ်လောကလုံးကို အောင်နိုင်တဲ့လူတစ်ယောက်ရဲ့ အပြုံးမျိုးနဲ့. . .

'ဒါကျွန်တော့်ချစ်သူလေး' လို့ ပြောလိုက်ချင်တာ။

ကိုင်း စာလည်းအတော်ရှည်သွားပြီ။

နင်တို့အားလုံးရဲ့ စာကို ငါမျှော်နေတယ်ဆိုတာကိုတော့ အကြွင်းမဲ့ ယုံကြည်ထားကြတယ်ဆိုရင် ငါ့ဆီကိုစာပြန်ကြဦး။

မေမေတို့ဆီလည်း ဒီစာနဲ့အတူ ထည့်လိုက်တယ်။

ဒါထက် မာန်၊ နင်ရဲ့ဖုန်းနံပါတ်လေးကို သိနေလျက်နဲ့ ဖုန်းခေါ်ခွင့်မရတာကတော့ ကံကောင်းခြင်းဆိုတဲ့ သူငယ်ချင်းက





ခလိုအပ်ဘူးထင်လို့ ချန်ထားရစ်ခဲ့တယ်နဲ့ တူပါတယ်ကွာ။

ချမ်းမြေ့ကြပါစေ
သူငယ်ချင်း
နှောင်ဖွဲ့

အမြွှာနှစ်ယောက်က သက်ပြင်းကိုယ်စီချလိုက်ကြသည်။

သုံးယောက်သား ခေါင်းချင်းဆိုင်၍ ဖတ်ကြသည်။ မုန်းမာန်ပြေရင်ထဲ၌ နှောင်ဖွဲ့၏ယောက်ျားပီသသော မျက်နှာကိုသာ မြင်ယောင်ရင်း. . .

"ငါ စာရေးချင်တယ်"

"ဖြစ်ပါ့မလား၊ အန်တီက ရှင်နောက်ကျရင် ပြောနေမှာပေါ့"

"အေး ဒါလဲ ဟုတ်တာပဲ၊ ဒါဖြင့် ကျုပ်ညရောက်ရင်ရေးမယ်၊ မနက်ဖြန် ကျောင်းကိုယူလာပြီး ရှင်တို့ကိုပေးမယ်"

"အိုကေ"

"ကြည့်လဲ ရေးဦးနော်၊ မလစ်ရင် မရေးနဲ့၊ သိသာသိစေမြင်စေနဲ့"

"အင်းပါ"

"ရည်ရွယ်ချက်မပြည့်ခင် ဘာမှ အမှားအယွင်းမရှိစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဘွားဘွားတို့ရယ်၊ ကိုင်း ကျုပ်သွားတော့မယ်"

သဇင်မောင်၏လက်ထဲသို့ နှောင်ဖွဲ့၏စာကို မထည့်ရက်ထည့်ရက်နှင့် ထည့်လိုက်ရသည်။

ချစ်သူ၏စာကို အမြတ်တနိုးသိမ်းထားပြီး နောက်ထပ်တစ်စောင် မလာမချင်း ထပ်ခါတလဲလဲဖတ်ကာ အလွမ်းဖြေချင်သည်မှာ ချစ်သူတို့၏ သဘာဝထင်ပါသည်။


ထိုသဘာဝကို မုန်းမာန်ပြေ လိုချင်ပါသည်။

သို့သော် ထိုသဘာဝကို ပိုင်ဆိုင်ခွင့်အတွက် ကံကြမ္မာကမပေးချေ။

မုန်းမာန်ပြေ သက်ပြင်းမောတစ်ချက် ချလိုက်မိလေသည်။







# အခန်း (၁၁)

"ဘယ်လိုလဲ"

သဇင်မောင်က မုန်းမာန်ပြေကို တွေ့တွေ့ခြင်း မေးလိုက်သည်။

မုန်းမာန်ပြေက မဲ့ပြုံးပြီး လက်ခါပြလိုက်သည်။

ဤအပြုအမူကို ချစ်ခွန်း စိတ်ဝင်စားသွားသည်။ သို့သော် ရိုင်းရာကျမှာစိုးသဖြင့် မမေးမိ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ကလပ်စ်တစ်ချိန်ဖျက်ပြီး စာကြည့်တိုက်သွားမယ် ဘယ်သူ အဖော်လိုက်ပေးမလဲ"

"ဒါလား၊ လိုက်ပေးမယ်"

ချစ်ခွန်းက မဆိုင်းမတွပင် ပြောလိုက်သည်။

မုန်းမာန်ပြေက ချစ်ခွန်းကို မျက်မှောင်ချီ၍ ကြည့်လိုက်သည်။ ခေါ်သင့်မခေါ်သင့် စဉ်းစားလိုက်ခြင်းဖြစ်သည်။

"နေစမ်းပါဟာ၊ ငါပဲလိုက်သွားမယ်၊ နှင်းဆီကမလာတော့ ဂျပုလက်ချာက ခပ်စုတ်စုတ်၊ ပြန်ကူးဖို့ကောင်းမှာ မဟုတ်ဘူး၊ ငါပဲလိုက်သွားတော့မယ်"

"ဘယ်မှ မသွားနဲ့နော်၊ တစ်ချိန်ပဲ၊ ဒီမှာပဲစောင့်နေကြ"

"ဘာတွေကြံစည်နေသလဲ မသိပါဘူး ခွန်းရာ၊ မိန်းကလေးတွေမှာ လျှို့ဝှက်မှုကို နိုင်တယ်"

"မရှုည်နဲ့၊ နင့်ပါးစပ်ပိတ်ထားနော် ဂျပု"

ဂျပုက ပါးစပ်ကို လက်ဝါးဖြင့် အုပ်လိုက်သည်။

မုန်းမာန်တို့နှစ်ယောက် စာသင်ခန်းအတွင်းမှ ထွက်သွားလေသည်။

ချစ်ခွန်း မနေနိုင်ဘဲ. . .

"ဂျပု"

"ဘာလဲ. . . မင်း ငါ့ကို မိမုန်းအကြောင်း မေးမလို့လား မမေးနဲ့တော့"

"ဘာဖြစ်လို့လဲ"





"ဘာမှ မဟုတ်ပါဘူးကွာ၊ ငါတို့ယောကျ်ားလေးတွေ သိစေချင်တဲ့ မိန်းမတွေပြဿနာမျိုးရှိလို့ နေမှာပေါ့"

ဂျပုအဖြေကို ချစ်ခွန်းဘဝင်မကျပါ။ သို့သော် စောဒက မတက်တော့ဘဲ ငြိမ်နေလိုက်သည်။

အချိန်က စကားပြောပါလိမ့်မည်။ ချစ်ခွန်းဘဝအတွက် မုန်းမာန်ပြေသည် အရေးပါသော မိန်းမတစ်ဦးဖြစ်သည်။

ထို့ကြောင့် သူမ၏ အခက်အခဲမှန်သမျှကို သိရှိအောင် ကြိုးပမ်းပြီး ဖြေရှင်းပေးရန် သူဆုံးဖြတ်လိုက်သည်။

"အေးပေါ့ကွာ၊ မင်းတို့က ငါ့ကို ငယ်ပေါင်းမဟုတ်ဘူးဆိုပြီး လျှို့ဝှက်ထားကြမယ်၊ ဒါလဲ ငါအပြစ်မပြောပါဘူး၊ ဒါပေမယ့် ငါမင်းတို့အပေါ် ထားတဲ့စိတ်ဓာတ်က ငယ်ပေါင်းထက် သာရင် နေရမယ် မလျော့ပါဘူး"

"အင်းပါ မင်းသားရယ်၊ မင်းစိတ်ဓာတ်ကို ငါနားလည်ပါတယ်၊ ဒါပေမယ့် အချိန်မတန်သေးလို့ မင်းကို သူတို့မပြောသေးတာပါ။ အချိန်တန်ရင် မင်းသိရမှာပါ၊ အဲဒီအခါကျရင်သာ"

"အဲဒီအခါကျရင်ဘာဖြစ်သလဲ ညီပုလေး၊ ပြောစမ်းကွာ"

"ပြောတာနောက်ထား၊ ဆရာဝင်လာပြီကွ"

ချစ်ခွန်း ငြိမ်သက်လိုက်ရသည်။ ရင်ထဲမှာတော့ သံသယဖြင့် သိချင်စိတ်ဇောတို့က အုံကြွလျက်. . .

"ပြေ့မှာ လျှို့ဝှက်ချက်တစ်ခုခု ရှိနေလို့လားကွာ"

"မဟုတ်ပါဘူး၊ ပြေတစ်ယောက်တည်းပဲ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တို့သူငယ်ချင်းတွေ အားလုံးနဲ့ဆိုင်တဲ့ လျှို့ဝှက်ချက်တစ်ခုရှိတယ်"

"ငါ့ကို မင်းတို့ရဲ့ သူငယ်ချင်းစာရင်းထဲ မသွင်းနိုင်ဘူးလား"

ဂျပုက ချစ်ခွန်းအား ကြည့်လိုက်သည်။

အားမနာနိုင်ပါ။ နှောင်ဖွဲ့က ရှိနေသည်။ နှောင်ဖွဲ့နှင့် မုန်းမာန်ပြေတို့၏ အချစ်လမ်းခရီး ဖြောင့်ဖြူးစေဖို့အတွက်ဆိုလျှင်. . .

"မသွင်းနိုင်သေးဘူး"

"ဘာဖြစ်လို့လဲ"

"မင်းနဲ့ ငါတို့ပေါင်းတာ လပိုင်းပဲရှိသေးတာကိုကွာ. . .၊ ရှူး. . မင်းပါးစပ် ပိတ်လိုက်တော့ကွာ၊ ဆရာလှမ်းကြည့်နေပြီ"

ချစ်ခွန်း သက်ပြင်းချလိုက်သည်။ ဂျပုကိုသိမ်းသွင်းဖို့ မလွယ်မှန်း သိလိုက်သည်။ ။ ဂျပုသည် ပေါသလိုလို၊ ကြောင်သလိုလို ရှိသော်လည်း တကယ်တမ်းတော့ နှုတ်လုံကာ သူငယ်ချင်းများအပေါ် သစ္စာရှိသူတစ်ယောက်ဖြစ်သည်။ ချစ်ခွန်း သဘောပေါက်လိုက်ပြီ။

ချစ်ခွန်းအတွက် စည်းရုံးရန်မှာ မုန်းမာန်ပြေသာရှိတော့သည်။

မုန်းမာန်ပြေနှင့် နီးစပ်ဖို့အရေးအတွက် ဂျပုကော အမြွာညီအစ်မကို အားကိုး၍ ရနိုင်မည်မဟုတ်မှန်း ကောင်းစွာသဘောပေါက်လိုက်ပြီ။

"ဟော့ကောင် မုန့်ကြိုးလိမ်စားမလား"





"ဘာလဲကွာ"

"မုန့်ကြိုးလိမ်လေ"

"ဘယ်မှာလဲ"

"စားမယ်ဆိုရင် မင်းလည်ပင်း မင်းဖြတ်စားတော့"

"ဟာကွာ"

ဂျပုက မုန်းမာန်ပြေအား လှမ်းမျှော်နေသော မိမိအားနောက်ပြောင်ကျီစယ်လိုက်မှန်းကို သိလိုက်ရတော့ ရင်ဝယ်နွေးခနဲဖြစ်သွားသည်။

ဂျပုအား ဖွင့်ပြောလိုက်ချင်သည်။

သို့သော် ခင်မင်ခွင့် ပါမစ်လေးပါ ရုပ်သိမ်းသွားမှ ချစ်ခွန်းတစ်ယောက် အသည်းကွဲသီချင်းကို ဟစ်ကြွေးနေရပေမည်။

"သူငယ်ချင်း အချင်းချင်းဆိုတာ မစားကောင်းတဲ့ အသီးတစ်ခုလို မင်းသဘောထားနိုင်မှ ငါတို့နဲ့ဆက်ပေါင်းနော် ခွန်း"

"ငါ ဘာဖြစ်နေလို့လဲ"

"ဒါကတော့ မင်းကိုမင်း အသိဆုံးနေမှာပေါ့ကွာ"

"ထားပါတော့၊ ဒါထက် ငါ့ကို အစမ်းခန့်ကာလ ဘယ်နှလဲ"

"မြန်မာပြည်ဥပဒေအရဆိုရင်တော့ အစမ်းခန့် တစ်နှစ်ကာလဖြစ်မှာပေါ့။ မင်းကောင်းကောင်းနေ၊ သူငယ်ချင်းရာထူးချင်တယ်ဆိုရင် ငါအကြံပေးလိုက်မယ်"

"ဆိုပါဦး"

"မစပ်စုနဲ့၊ သဘောထားမနုနဲ့၊ ယောကျ်ားပီသပါ၊ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထားတည်တဲ့ကြံ့ခိုင်ပါ၊ သဘောထားကြီးပါ"

"ဒါ ယောက်ျားကောင်းတွေရဲ့အလုပ်ပဲ၊ ငါ့ကိုယ်ငါ ယောက်ျားကောင်းဖြစ်အောင် ကျင့်ကြံအားထုတ်နေတဲ့ လူပါကွာ၊ ငါနားလည်ပါတယ်"

ချစ်ခွန်းစိတ်ကိုလျှော့လိုက်သည်။ ပန်းသဲတင်းလေညင်းဆောင်သည်။ လူသတင်း လူချင်းဆောင်မှာပါ။ အချိန်တန်လျှင် ချစ်ခွန်းနားသို့ သတင်းတစ်စုရောက်လာနိုင်သည်။

ထိုစဉ် အတန်းဆီသို့ မုန်းမာန်ပြေတို့လျှောက်လာသည်။ ဆရာရှိနေသေးသဖြင့် မဝင်သေးဘဲ ချစ်ခွန်းတို့မြင်သာသောနေရာ၌ ရပ်စောင့်ကာ လူရိပ်ယောင်ပြနေလေသည်။


"ဟိုမှာ ရောက်နေပါပြီ၊ မင်းအမောပြေပေတော"

ချစ်ခွန်းပြုံးပြလိုက်သည်။ မုန်းမာန်ပြေကလည်း ပြန်ပြုံးပြ၏။ တကယ်တမ်းလည်း ဂျပုပြောသကဲ့သို့ပင် ချစ်ခွန်းရင်ထဲ၌ သံသယအမောတို့သည် ပြေပျောက်သွားလေတော့သည်။

မုန်းမာန်ပြေ၏ အပြုံးတစ်ခွက်သည် ချစ်ခွန်းအတွက် မျှော်လင့်ခြင်းကို ရှင်သေစေသော အားဆေး တစ်ခွက်ဖြစ်သည် ဟု. . .







# အခန်း (၁၂)

"ပြေ"

"ဘာလဲခွန်း"

"ခွန်း ပြေ့ကို တစ်ခုမေးချင်တယ်၊ ဒါပေမယ့်. . မေးလဲ မေးချင်ဘူး"

"ဘာဖြစ်လို့လဲ"

မုန်းမာန်ပြေ၏ ရင်ထဲ၌ စိုးရိမ်မှုဖြင့် ထိတ်ခနဲဖြစ်သွားသည်။ တစ်နေ့က စာကြည့်တိုက်သို့သွား၍ စာရေးခြင်းကိစ္စနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ ဘာမှမမေးပါစေနဲ့ဟု ဆုတောင်းလိုက်သည်။ သို့သော်ဆုတောင်းခြင်းသည် အမြဲတစေ ပြည့်ဝတတ်သည်မှ မဟုတ်လေဘဲ။

"ခွန်းဟာ စပ်စုတတ်တဲ့ ယောကျ်ားတစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ပြေနဲ့ ပတ်သက်လာရင်တော့ အရာရာကို သိချင်နေတတ်တယ်"

"ခွန်း"

မုန်းမာန်ပြေ မျက်နှာကို အနည်းငယ်တင်းမာသွားအောင်ပြင်ပြီး အသံကို ခပ်မာမာဖြင့်ခေါ်လိုက်သည်။ ထိုအပြုအမူအတွက် မုန်းမာန်ပြေ၏ရင်၌ ထိခိုက်နာကြင်မှုက နင့်နင့်သီးသီးပင်။

ချစ်ခွန်းတုန်လှုပ်သွားသည်။ ချစ်ရလွန်း၏ လေသံမာမာသည် သူ၏နှလုံးသားကို ဓားပါးပါးဖြင့် လှီးလိုက်သကဲ့သို့ ခံစားလိုက်ရသည်။

"သူငယ်ချင်းအချင်းချင်း ဘောင်လွတ်တဲ့ စကားမျိုးကို မပြောပါနဲ့၊ ပြေနားမထောင်ချင်ဘူး'

"မှန်သောစကားတစ်ခုအတွက် ပြေမကျေနပ်ဘူးဆိုရင်လဲ ခွန်းဆင်ခြင်ပါမယ်၊ ဒါပေမယ့် ပြေတို့ဟာ ခွန်းကိုသူငယ်ချင်းစာရင်းကို နှုတ်အားဖြင့်သာ ကြေညာထားပေမယ့် တကယ်တမ်းကြတော့ ခွန်းဟာပြေတို့လေးယောက်ရဲ့ အပြင်ဘက်မှာ သီးခြားရှိနေသလိုပဲ"

မုန်းမာန်ပြေရင်ထဲ နင့်ခနဲဖြစ်ပြီးရင်း ဖြစ်နေရပြီ။





"ခွန်းရယ် ငလက်မပြောသလို အစမ်းခန့်ကာလ တစ်နှစ်ပါ၊ တစ်နှစ်ပြည့်ပြီးရင် ခွန်းဟာပြေတို့နဲ့ ငယ်ပေါင်းကြီးဖော်စာရင်းထဲဝင်သွားပြီး ၊ အဲဒီအခါကျရင်သာ"

မုန်းမာန်ပြေ စကားမဆက်ရက်ပါ။

ချစ်ခွန်းက မနေသာဘဲ. . .

"အဲဒီအခါ ဘာဖြစ်သလဲ ဆက်ပြောပါဦး ပြေ"

"ဟင့်အင်း ပြေ ဘာမှမပြောချင်တော့ဘူး၊ ခွန်းကိုပြေအရမ်းခင်တယ်၊ ငယ်ပေါင်းကြီးဖော်လို ခင်မင်တာ၊ ဒါကြောင့် ခွန်းနဲ့ ပြေအကြား ဝေးကွာသွားစေမယ့် အပြောအဆိုမျိုးကို ခွန်း မပြောမိပါစေနဲ့"

ချစ်ခွန်း၏ ရင်တွင်းဆန္ဒကို မျိုသိပ်လိုက်သည်။

"ကောင်းပြီလေ ပြေ့ဆန္ဒဟူသမျှဟာ ခွန်းရဲ့ဆန္ဒတွေပါ။ သာပြေ၊ ခုလောက်ဆိုရင် ပြေ့ကားရောက်ရောပေါ့ သွားကြရအောင်"

ချစ်ခွန်းကအအေးဖိုးကို ရှင်းပေးပြီး ဟာမိုနီထဲမှထွက်ခဲ့ကြသည်။ ဒီနေ့မှ အမြွှာညီအစ်မက ကျောင်းမတက်၊ ဂျပုကလည်းစောစောစီးစီး ကားပွဲစားနှင့် ချိန်းထားသည်ဟုဆိုကာ တစ်ချိန်တက်ပြီး ပြန်သွားသည်။ ထို့ကြောင့် ချစ်ခွန်းနှင့်မုန်းမာန်ပြေနှစ်ယောက်သာရှိသည်။

နောက်ဆုံးချိန် ဆရာမဝင်သဖြင့် ဟာမိုနီထိုင်ကာ အအေးသောက် အချိန်ဖြုန်းရင်း မုန်းမာန်ပြေကို လာကြိုသောကားအား စောင့်နေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြေ့ကားက လာပါဦးမလား"

"လာကြိုမယ်ပြောတာပဲ၊ ဒါပေမယ့် မအားလို့ရှိရင် အမြဲကားနဲ့လိုက်နေကျဆိုတော့ သူတို့အေးနေမှာပေါ့"

"ခွန်း လိုက်ပို့ပေးမယ်လေ"

"နေပါစေ မုန်းသွားတတ်တယ်"

"လုပ်မနေစမ်းပါနဲ့ပြေရာ ပြေနဲ့ခွန်းဟာ သူငယ်ချင်းပဲ သူငယ်ချင်းကောင်းအရဆိုရင် ပြေ ခွန်းကားနဲ့လဲ လိုက်ရဲရမယ်၊ ခွန်းဟာ ပြေ့ကားနဲ့လဲလိုက်ရဲရမယ် မဟုတ်ဘူးလား၊ ပြေ ဂျပု ကားနဲ့တော့ လိုက်ရဲပြီးတော့"

"လက်မက ငယ်ပေါင်းလေ"

"ငယ်ပေါင်းမဟုတ်ပေမယ့် စိန်ခေါ် ရဲပါတယ် ပြေ၊ ခွန်း ရဲ့မေတ္တာစေတနာနဲ့ ခင်မင်မှုဟာ ဂျပုတို့ထက် လုံးဝမလျော့နိုင် ဘူးလို့ စိန်ခေါ် ရဲတယ်"

"ကဲပါ မိကျောင်းသားရယ်၊ လိုက်ပို့မယ် ကြွတော်မူ နားငြီးတယ်"

မုန်းမာန်ပြေက ရွှင်ပျစွာဖြင့် အငေါ်တူးလေးဖြင့် ပြော ဆိုလိုက်သည်။

ချစ်ခွန်းရင်ထဲ ဖော်မပြနိုင်သော ပီတိကြောင့် ပြုံးရွှင် သွားသည်။

မုန်းမာန်ပြေရင်ထဲ၌ ရှုပ်ထွေးသွားသည်။ ချစ်ခွန်း၏ စိတ်နှလုံး ရွှင်ပြုံးစေဖို့ လိုက်လျောလိုသောဆန္ဒကို ချိုးနှိမ်ဖို့ လို အပ်သည် ထင်ပါသည်။ ထိုဆန္ဒသည် နှောင်ဖွဲ့အပေါ် များ သစ္စာ





ဖောက်ဖျက်ရာ ကျနေသလားဟူသော အတွေးက မိမိ၏ ရွှင်မြူး နေသော စိတ်နှလုံးကို ရှုပ်ထွေးနောက်ကျိသွားစေသည်။

ချစ်ခွန်းကလည်း တဒင်္ဂအတွင်း ပြောင်းလဲသွားသော မုန်းမာန်ပြေ၏ မျက်နှာရိပ်ကို သတိပြုမိလိုက်သည်။ တစ်ဆက် တည်းဆိုသကဲ့သို့ သူ၏ရင်ကိုလည်း ထိရှကာညှိုးရိပ်ဆက်သွား စေသည်။

"ခွန်း ဘာဖြစ်သွားတာလဲ"

မုန်းမာန်ပြေကလည်း ချစ်ခွန်း၏ ပြောင်းလဲသွားသော ပုံရိပ်ကို တွေ့မြင်ကာ ရုတ်တရက်မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"မျက်နှာထားတော် ညှိုးသွားလို့ပေါ့. . . ပြေ ဘာလို့ညှိုး သွားတာလဲ၊ ပြေရဲ့ပုံရိပ်က ခွန်းပဲ၊ ပြေပြုံးရင် ခွန်းပြုံးမယ်၊ ပြေမှဲ့ ရင်ခွန်းမှဲ့မယ်၊ ပြေငိုရင် ခွန်းငို မယ်၊ အဲဒီထိအောင်ခွန်းက ပြေ့ကို ခင်တာ"

မုန်းမာန်ပြေ သက်ပြင်းချလိုက်သည်။ တစ်ဆက်တည်း မှာပင်. . .

'ပြေလဲ ခွန်းလိုပါပဲ'ဟူသော စကားကို သက်ပြင်းနှင့်အ တူ မှိုချလိုက်လေသည်။

"သွားကြစို့ခွန်းရယ်၊ အိမ်မှာလေ ငါးပြေမ အချဉ်ဆီပြန် ချက်ထားတယ်၊ ခွန်းပါစားရမယ်။ စားတတ်ပါ့မလားမသိဘူး၊ အင်းကြားပြန်ကြီးဆိုတော့"

"ဘာဖြစ်လို့ မစားတတ်ရမှာလဲ၊ မြန်မာပြည်မှာ မွေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး မြန်မာပြည်မှာကြီးပြင်းတဲ့ လူတစ်ယောက်ပဲ၊ ပြင်ပနိုင်ငံမှာ သုံးနှစ်လောက်သွားရုံနဲ့ ကိုယ့်လူမျိုး ကိုယ့်ဓလေ့ထုံးစံကို မေ့လောက်အောင် မိုက်မဲတဲ့လူထဲမှာ ခွန်းမပါဘူး”

“အရိုးထွင်တတ်ရဲ့လား”

“ဒါကတော့အလေ့အကျင့်နဲ့ ဆိုင်လိမ့်မယ်ထင်တယ်၊ မေမေက ခွန်းကို ကလေးလိုပဲ ငါးရိုးကအစ ထွင်ပေးနေကျဆိုတော့”

“ငါးတော့ စားတတ်တယ်၊ အရိုးတော့ မထွင်တတ်ဘူးဆိုတဲ့သဘောပေါ့”

“ဟုတ်တယ်၊ အဲဒီအတိုင်းပဲ”

“ဒီလိုဆိုရင် လိုက်မစားတော့ဘူးပေါ့”


“မပြောပါဘူး စားမှာပါ။ ငါးအနှစ်ကလေးနဲ့ဖြစ်ဖြစ်ပေါ့ ဒီကြားထဲ မနေစိမ့်သူ ငါးအရိုးထွင်ပေးတော့လဲ ကုသိုလ်ပေါ့လေ”

“ဟင်း. . ဟင်း ခွန်းက စကားတတ်တယ်”

မုန်းမာန်ပြေသည် ချစ်ခွန်းအတွက်ဆိုလျှင် မနေစိမ့်သူ မနေရက်သူပင်။







# အခန်း (၁၃)

“ဒါနဲ့ ရှင်က အရိုးထွင်ပေးလိုက်ရောလား”

သဇင်မောင်၏အမေးကို မုန်းမာန်ပြေ မညာချင်ပါ။ ထို့ကြောင့်. . .

“အင်းလေ သူမှမထွင်တတ်တာ”

“ခက်တော့တာပဲ၊ ရှင် နှောင်ဖွဲ့ကို အဲဒီလို ကြင်နာယုယမှုမျိုး ပေးဖူးသလား”



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ နှောင်ဖွဲ့က အရိုးထွင်တတ်တယ်လေ"

"နှောင်ဖွဲ့အရိုးမထွင်တတ်ဘူးဆိုရင်ကော ရှင်ထွင်ပေးမှာလား"

"အင်း ထွင်ပေးရမှာပေါ့"

"တော်သေးတာပေါ့ရှင်၊ မဆိုးပါဘူး"

"ကျုပ် ဘာအတွက်ဆိုးရမှာလဲ၊ နှောင်ဖွဲ့အပေါ်မှာ ကျုပ် တစ်ဖက်သတ် ရက်စက်လိမ်မယ်လို့ ရှင်ထင်နေလို့လား"

"မထင်ချင်ပါဘူး၊ ဘာပဲပြောပြော ရှင်နှလုံးသားကို ရှင်ပိုင်စိုးတာပဲ၊ ဒါပေမယ့် နှလုံးသားအလိုကို မလိုက်မိစေနဲ့ ဒီတစ်ချက်တော့ သတိထားပါ"

"ကျုပ်နားလည်ပါတယ် သဇင်၊ နှောင်ဖွဲ့ကို ကျုပ်ဘယ်လောက်ထိချစ်ခဲ့တယ်ဆိုတာ ရှင်တို့သိပါတယ်"

"အေးပါ၊ နှောင်ဖွဲ့ဟာ တို့အားလုံးထဲမှာ အနိမ့်ပါးဆုံး အနွမ်းပါးဆုံးပဲ၊ ဒါပေမယ့် ကြိုးစားတယ်၊ သူ့ရဲ့အနာဂတ်ပန်းတိုင်ဟာ ရှင်ဆိုတာကို တို့အားလုံးသိထားကြတယ် မဟုတ်လား ဒါကြောင့်လေ့လော့ရင်း တက်ကျိုးသွားရမယ့်အဖြစ်မျိုးနဲ့ မကြုံတွေ့ဖို့တော့ နှောင်ဖွဲ့အတွက် ရှင့်ကို ချုပ်ချယ်တားဆီးနေရခြင်းဆိုတာ ရှင်နားလည်ပါ"

"ဒီလိုဆိုရင် ခွန်းကို ဖွင့်ပြောလိုက်မယ်လေ"

"မလုပ်နဲ့ မလုပ်နဲ့၊ ခွန်းကတစ်ဆင့် မီးခိုးကြွက်လျှောက်သိသွားနိုင်တယ်၊ ခွန်းဘက်က ရှင့်ကိုပရိုပို့စ် မလုပ်သရွေ့ရှင်ရင်ငုံနှုတ်ပိတ်သာနေ"





"လုပ်ခဲ့ရင်ကော"

"အဲဒီအခါ ရှင့်သဘောပဲ၊ ရှင့်အတွက် တစ်ခုခုတော့ [illegible]နာဆုံးရှုံးသွားမယ်"

"ဘာကိုလဲ"

"သူငယ်ချင်းကောင်း"

မုန်းမာန်ပြေ ရင်ထဲမကောင်းနိုင်ပါ။ သဇင်မောင်က နားလည်မှုရှိသဖြင့် ချစ်ခွန်းနှင့် ပတ်သက်လာသမျှခံစားမှု၊ လုပ်[illegible]များကို နှင်းဆီမောင်မသိစေဘဲ ဝန်ခံပြောဆိုခြင်းပြုခဲ့သည်။

နှင်းဆီမောင်သာ သိခဲ့လျှင်. . .

နှောင်ဖွဲ့ရေ အဲသည်မှာ အလုပ်မလုပ်နဲ့တော့၊ ဒီကိုပဲ [illegible]လာပြီး မာန့်ကို ခိုးပြေးတော့၊ လိုအပ်တဲ့ငွေကြေး ငါတို့ ဝိုင်းကူ[illegible]တဲ့ ချက်ချင်းသံကြိုးရိုက်ခေါ်မှာ ကျိန်းသေသည်။ ထို့ကြောင့် [illegible]ဆီမောင်မသိစေဘဲ သဇင်မောင်ထံ၌သာ ရင်ဖွင့်ရခြင်းဖြစ်[illegible]

"မာန်"

"ဘာလဲ"

"နင် ခွန်းကို ချစ်နေသလား"

"တော်ပါသဇင်ရယ်၊ နှလုံးသားဖောက်ပြန်မှုကို ကျုပ်[illegible]အားဖြင့်ပါ ဖောက်ပြန်ပြီး အားပေးသမှုပြုလုပ်ရမလား၊ [illegible]ဘယ်တော့မှ မပြောဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်ချစ်သူဟာ နှောင်ဖွဲ့ပဲ၊ နှောင်ဖွဲ့ကိုပဲချစ်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့ရာက ချစ်သူတွေရဲ့ သံမဏိစည်းကမ်းတစ်ခုလို့ ကျုပ်ယူဆတယ်"

"ဒီလိုလဲ မဟုတ်သေးဘူးထင်တယ်၊ ကျုပ်အထင်တော့ ရှင့်အယူအဆတစ်ခုခု လွဲချော်နေပြီလို့ ထင်တာပဲ၊ ဒါပေမယ့် ဘာလွဲချော်နေသလဲဆိုတာတော့ ကျုပ်လဲ မဆန်းစစ်တတ်သေးဘူး"

"အေးလေ အချိန်ကစကားပြောမှာပါ၊ မျှတသော အတွေးနဲ့ဆန္ဒကို ရှေ့တန်းမတင်ဘဲ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကိစ္စကို ဦးစားပေး ဆောင်ရွက်သွားတာပဲ ကောင်းပါတယ်"

"ဒါပေမယ့် ကျုပ်တစ်ခုတော့ စဉ်းစားမိတယ်"

"သူတည်းတစ်ယောက် ကောင်းဖို့ရောက်မှ . . တစ်ယောက်သူမှာ ပျက်လင့်ခမ့်တာတည်းတဲ့"

"ဘာဆိုင်လို့လဲ"

"ရှင်ရဲ့ရွေးချယ်မှုအတွက် တစ်ယောက်တော့ ထိခိုက်နစ်နာသွားမှာ သေချာတယ်"

"ရွေးချယ်မှု၊ ဟုတ်လားသဇင်"

"ဟုတ်တယ်လေ၊ ရွေးချယ်မှုပေါ့"

"ရှင်မှားနေပြီ၊ ကျုပ်နှောင်ဖွဲ့ကို ရွေးချယ်ခဲ့လို့ နှောင်ဖွဲ့ဟာ ကျုပ်ရည်းစားပဲ၊ ခွန်းက ကျုပ်ကိုစိတ်လှုပ်ရှားစေနိုင်တာရင် ကျုပ်ချစ်သူမဟုတ်ဘူး၊ ကျုပ်အတွက် ရွေးချယ်ခြင်းဆိုတာ မရှိတော့ဘူးလို့ ကျုပ်ယူဆထားတာ"

"ကောင်းပါတယ်မာန်၊ ရှင်ကဦးနှောက်ကို ဦးစားပေ





တတ်တဲ့ မိန်းမဆိုရင်တော့လဲ ကျုပ်တို့ဘာမှ ပြောစရာမလိုတော့ဘူးပေါ့"

"စိတ်ရှုပ်ပါတယ်ဟာ ငါဒီအကြောင်းတွေ မတွေးချင်တော့ချင်ဘူး"

"မတွေးချင်ရင် မတွေးနဲ့၊ ပျော်ပျော်သာနေ၊ ရှင်နားမှာ ကျုပ်တို့အမြဲရှိနေတာပဲ၊ ရှင့်စိတ်ကိုလဲ သိပ်ပြီးတင်းတင်းကျပ်ကျပ်ချုပ်နှောင်မထားနဲ့၊ လွတ်လွတ်လပ်လပ်သာနေ၊ ရှင့် အပေါ် ကျုပ်နားလည်ပါတယ်"

"ရှင် ကျုပ်အပေါ် နားလည်ပေးတဲ့အတွက် ကျုပ် ဝမ်းသာပါတယ်၊ ကျုပ်တစ်ခုတော့ အတတ်ပြောရဲတာရှိတယ် သိသား"

"ဆို"

"ကျုပ် နှောင်ဖွဲ့အပေါ် ဘယ်တော့မှ သစ္စာမဖောက်ဘူးဆိုတာကိုပဲ"

"ဟုး"

သဇင်မောင်သက်ပြင်းချလိုက်သည်။ သက်တူရွယ်တူတွေ ဖြစ်သည့်အတွက် အချစ်အပေါ် မည်ကဲ့သို့ခံယူချက်နှင့် သတ်မှတ်ရမည်ကို နားမလည်သေးသော်လည်း မုန်းမာန်ပြေသည် နှောင်ဖွဲ့အပေါ်၌ သနားခြင်းနှင့် စတင်ခဲ့ပြီး ထိုသနားခြင်းကို အချစ်ဟုထင်ခဲ့ကာ ချစ်ခဲ့ခြင်းဖြစ်ကြောင်းကို သိရှိခဲ့သည်။

ချစ်ခွန်းအပေါ်တွင်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ ချစ်ခွန်းသည် မိမိတို့အား ချစ်ရေးဆို မည်ဆိုပါက မဆိုင်းမတွ ခေါင်းညိတ်လိုက်မည်။ မူမနေတော့။ ထို့အတူ အခြားမိန်းမလေးတော်တော်များလည်း ထိုသို့ရှိပေမည်။

အဘယ်ကြောင့်ဆိုသော် ချစ်ခွန်းသည် မိန်းမများကျ လောက်သော ရုပ်အဆင်းရူပကာရှိခြင်း၊ ဥစ္စာဓနကြွယ်ဝခြင်း ပညာအရည်အချင်းကလည်း မဆိုးခြင်းဟူသော အရည်အချင်း များကပင်လျှင် မိန်းမများကျလောက်သည်။ မဆွတ်ခင်က ညွှတ် နေကြသူများက ဒုန်းဒေး။

ထိုကဲ့သို့သော ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ကို မုန်း မာန်ပြေ စိတ်ဝင်စားခြင်းသည်လည်း ဖြစ်နိုင်သည်။

စိတ်ဝင်စားခြင်း စိတ်လှုပ်ရှားခြင်းကို အချစ်ဟု သတ် မှတ်၍ ရနိုင်သလား။

"ဟူး. . စိတ်ရှုပ်စရာကောင်းလိုက်တာကွာ၊ ကျုပ်တော့ မိဘပေးစားတဲ့ ယောကျ်ားပဲ ယူလိုက်မယ်၊ အဲ. . ရုပ်ဆိုးဆိုး ရင်တော့ မယူဘူး၊ အပျိုကြီးလုပ်မယ်၊ အဲဒါအေးရောပဲ"

မုန်းမာန်ပြေ ဘာမှမပြောဘဲ ပြုံးနေလိုက်သည်။ အချစ် ၏ စွမ်းအားကို မကြုံဖူးသေးသောသူများကတော့ ပြောအား သည်ပေါ့။

သို့သော် အချစ်တစ္ဆေကတော့ ခြောက်လှန့်ခြင်းကြောင် ရင်မှာ မရှောင်ပျနိုင်သည်က သေချာသည်။

"ဟော လာပါပြီ၊ ရှင့်ကို အကြိုတော်ထောက်တာထ





ဘာ"

အမြွာညီအစ်မအိမ်သို့ စာကူးမည်ဟု အကြောင်းပြပြီး ရောက်လာသော မုန်းမာန်ပြေထံသို့ ချစ်ခွန်းရောက်လာသည်။

မုန်းမာန်ပြေ ပျော်သွားသည်။

ချစ်ခွန်း၏ မျက်နှာလေးကို အမြဲယာပရမြင်ရလျှင်ပဲ ကျေနပ်ပျော်ရွှင်နေတတ်သည်။ စိတ်ကိုတော့ မုန်းမာန်ပြေ ချုန်း အုပ်၍မရနိုင်ပါ။

"အန်တီက ဖုန်းဆက်လို့၊ ပြေ့ဖေဖေ ခရီးထွက်စရာရှိ လို့ ကားမအားတော့ဘူးတဲ့၊ အဲဒါ ခွန်းအားရင် ကြိုပေးပါလား ဆိုလို့ ခွန်းအားတာနဲ့လာကြိုတာ"

"ထင်သားပဲ၊ ထိုင်ဦးလေခွန်း၊ ငါတို့တော့ သဘော်သီး သုပ်စားတယ်၊ နင်စားဦးမလား ငါသုပ်လိုက်မယ်လေ"

"မစားတော့ပါဘူး၊ ငါအခုပဲ လက်ဖက်သုပ်စားလာတာ ဆိုတော့ ဗိုလ်နာမယ်"

"အေး ကောင်းတယ်၊ အလုပ်ရှုပ်သက်သာတာပေါ့"

"ဒါထက် မိနှင်းကော"

"သူက ခြေထောက်မှာ ဗွေပါတယ်လေ၊ မနက်ကတည်း ကထွက်သွားတာပဲ၊ ထိုင်ဦးလေ မိုးတိုးမတ်တတ်နဲ့"

"မထိုင်တော့ဘူး၊ ပြေ ကိစ္စပြီးပြီလား"

"ပြီးပါပြီ"

မုန်းမာန်ပြေကလည်း ထိုင်ရာမှ ထပြီးသားဖြစ်သွား သည်။ သဇင်မောင်က မျက်စောင်းထိုးသည်။ မုန်းမာန်ပြေက



www.burmeseclassic.com

www.burmeseclassic.com



မချိုပြုံး ပြုံးပြလိုက်ပြီး. . .

"ကျုပ်ပြန်မယ် မိဇင်"

"ကြွ ကြွ"

ချစ်ခွန်းနောက်သို့ မုန်းမာန်ပြေ လိုက်ခဲ့လေသည်။

"ဖေဖေက ဘယ်သွားတာတဲ့လဲ၊ အခုတလော ခရီးသိပ်ထွက်တာပဲ"

"ဒါတော့ ခွန်းကို မပြောဘူးပြေ၊ ခွန်းသိတာက ခရီးထွက်မယ်ဆိုတာပဲ"

"ခွန်းတောင် ပြေ့ဖေဖေကို တစ်ခါမှ မမြင်ဖူးသေးဘူး ခွန်းနဲ့မကြုံသေးဘူး"

မုန်းမာန်ပြေရင်ထဲ ထိခိုက်သွားသည်။ ဖခင်ကို မသက်ာဖြစ်နေသည်မှာ ကြာပြီ။ ခြေလှမ်းတွေမူမမှန်ဟု သံသယဝင်နေခဲ့သည်။

"ပြေလဲ တစ်နေ့နေ့တော့ ခွန်းတို့အိမ် လာလည်ပါဦးလား"

"မလာပါဘူး"

"ကိစ္စမရှိဘဲလာတော့ ခွန်းအမေက ပြေ့အပေါ် အထင်သေးမှပေါ့"

"မသေးပါဘူး၊ ဘာဖြစ်လို့သေးရမှာလဲ၊ ဂျပုတို့ မိနှင်းတို့တောင် ခွန်းဆီကိုလာလည်ကြသေးတာပဲ"

"အင်း အကြောင်းမရှိဘဲတော့ မလာချင်ဘူး"

"ဒါဖြင့် ခွန်းအကြောင်းရှိအောင် လုပ်လိုက်မယ်"





ချစ်ခွန်းက ကားမောင်းရင်းမှ မုန်းမာန်ပြေကို ငဲ့စောင်းကြည့်လိုက်သည်။ ဘယ်အချိန်ကြည့်ကြည့် ကြည့်၍ကောင်းသော မိန်းကလေးမှာ မုန်းမာန်ပြေဖြစ်သည်ဟု သူ့နှလုံးသားအမြင်ဖြင့် ကောက်ချက်ချလိုက်သည်။

မုန်းမာန်ပြေနှင့် မျက်လုံးခြင်းဆုံမိသည့် တဒင်္ဂအချိန်တိုင်း သူ၏ရင်၌ ရှိရင်းစွဲချစ်ခြင်းမေတ္တာ ပမာဏသည် လျော့ပါးသွားခြင်းမရှိဘဲ တိုး၍သာဖြစ်ပေါ်လာခဲ့သည်။

"ဘယ်လိုအကြောင်းလဲ"

"အိမ်မှာ ဆွမ်းကျွေးရှိတယ်ဆိုပြီး ပြေတို့တစ်သိုက်ကို ဖိတ်လိုက်မယ်"

"မွေးနေ့လုပ်ပါလား၊ လက်ဆောင်လဲရတယ်လေ"

"ဝါသနာမပါဘူး၊ မေမေက ခွန်းငယ်ငယ်ကတည်းက မွေးနေ့ရောက်တိုင်း စာသင်တိုက်တစ်ခုခုမှာ သံဃာကုန်ဆွမ်းကျွေးခိုင်းတယ်၊ ပြီးရင် ငါးသက်စေ့လွှတ်တာတို့၊ ဘိုးဘွားရိပ်သာ၊ မိဘမဲ့ကျောင်းတွေမှာ ဒါနပြုတာတို့ကို လုပ်နေကျဖြစ်လို့ ခွန်းလက်ဆောင်ကို မမက်မောတတ်ဘူး၊ အလှူဒါနပြုရတဲ့ ပီတိကိုပဲ မက်မောတတ်နေပြီ၊ ဒီတစ်ခါခွန်းမွေးနေ့ရောက်ရင် ပြေတို့ကို ခေါ်မယ်"

"ခွန်းမွေးနေ့က ဘယ်တော့လဲ"

"ပြည်ထောင်စုနေ့"

"အို"

မုန်းမာန်ပြေ ရုတ်တရက်အံ့အားသင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နှောင်ဖွဲ့မွေးနေ့နှင့် အတူတူပါပဲလားဟူသော အသိက ရင်ဝယ် လှုပ်ရှားသွားသည်။ တိုက်ဆိုင်မှုက တမင်ဖြစ်ပေါ်ကာ မိမိအား ထိန်းချုပ်ထားခြင်းများလား ဟုကြမ္မာရယ်ဟု မုန်းမာန်ပြေရင်ထဲ ထိရှမှုဖြစ် တွေးလိုက်သည်။

"ဘာဖြစ်လို့လဲ ပြေ"

"ဘာမှမဖြစ်ပါဘူး၊ မှတ်လို့လွယ်တဲ့ နေ့ထူးနေ့မြတ်ဆို တော့ သဘောကျလို့ပါ"

မုန်းမာန်ပြေ၏ အပြုအမူတို့သည် ချစ်ခွန်းကို တွေ့ပြီး တည်ငြိမ်ကာ ပြောင်းလဲသွားသည်ဟု အမြှာညီအစ်မနှင့် လေက်မက မှတ်ချက်ချသည်။ ထိုအခါမုန်းမာန်ပြေက မဆိုင်းမတွပင် 'အရွယ်က စကားပြောတာပါ' ဟု အဖြေပေးခဲ့သည်။

"ပြေ"

"အင်"

"ဘာတွေတွေးနေတာလဲ၊ ခွန်းမေးတာကြားရဲ့လား"

"ဘာ. . ဘာ မေးလိုက်တာလဲ"

"ဂျပုတို့အိမ်မှာ ပြေတို့သူငယ်ချင်းတွေ ရိုက်ထားတဲ့ ဓာတ်ပုံတွေ ခွန်းတွေ့ခဲ့တယ်၊ အဲဒီထဲက ခပ်ချောချောလူတစ် ယောက်ဟာ နှောင်ဖွဲ့လို့ ခွန်းသိရတယ်"

မုန်းမာန်ပြေရင်ထဲ လှိုက်ဖိုသွားသည်။ အမှန်တရားကို မုန်းမာန်ပြေရင်ဆိုင်ရတော့မည်။

"ဟုတ်တယ်. . . သူ နိုင်ငံခြားမှာ အလုပ်သွားလုပ်နေ တယ်"





မုသားမပါသော စကားဖြင့် ချစ်ခွန်း၏စကားကို လမ်းလွှဲပေးရန် ကြိုးစားလိုက်သည်။ သို့သော် ချစ်ခွန်းသည်သူခင်းသောလမ်းကိုမလျှောက်လှမ်းဘဲ. . .

"သူနဲ့ပြေရဲ့ ဆက်ဆံရေးကို ခွန်း သိခွင့်ရရင် သိချင် တယ်"

မုန်းမာန်ပြေ ဟန်မဆောင်နိုင်တော့ပါ။ မျက်စိမျက်နှာ အကြီးအကျယ် ပျက်သွားလိမ့်မည်ကို သူ့ကိုယ်သူ အသိဆုံးဖြစ် သည်။

"ခွန်း ကားကို ခဏရပ်လိုက်ရင် ကောင်းမယ်"

"ဘာဖြစ်လို့လဲ"

"ပြေ ခွန်းကို အလေးအနက်စကားတွေ ပြောချင်တယ်"

"ကောင်းပြီလေ"

ကားက တက္ကသိုလ်ရိပ်သာလမ်းတွင် ရောက်နေသည် ဖြစ်ရာ ချစ်ခွန်းကား အင်းလျားလမ်းဘက်သို့ ချိုးကွေ့လိုက်ပြီး. .

"တစ်ခုခုစားရင်း စကားပြောမယ်"

"ရခိုင်မုန့်တီကို သောက်ရအောင်"

"အိုကေ"

ချစ်ခွန်းရင်ထဲ အမည်မဖော်နိုင်သော ဝေဒနာတစ်ရပ် ဖြစ်ထွန်းသွားသည်။ ဝမ်းသာခြင်းအပြည့်အဝတော့ မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် မုန်းမာန်ပြေထံမှ အေးအေးဆေးဆေး ပြောချင်သည်ဟူသော စကားသည် အခြေအနေမကောင်းခြင်း နိမိတ်ကိုဆောင်သည်ဟု သူနားလည်လိုက်ခြင်းကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖြူဆိုင်အနီး၌ ကား ရပ်လိုက်သည်။ နေ့လယ်ခင်းဖြစ်သောကြောင့် ညနေခင်းထက်စာလျှင် လူရှင်းသည်ဟု ဆိုနိုင်သော်လည်း လူကတော့မပြတ်ချေ။

ကမ်းစပ်နားရှိ ကျောက်စားပွဲကို ရွေးချယ်ထိုင်လိုက်ကြသည်။

မုန်းမာန်ပြေရင်ထဲ၌ ကြေကွဲမှုက မျက်နှာပြင်သို့ပါ ဟပ်နေသည်။ ပြုံ့မယောင်မိုးနှယ် ညှိုးရိပ်ဆင်နေသည်။

"ဘာမှာမလဲ ခွန်း"

"ခွန်း သိပ်အစပ်မစားနိုင်ဘူး"

"ငရုတ်သီး ထည့်မစားနဲ့ပေါ့၊ ရခိုင်မုန့်တီ အရည်နှစ်ပွဲ ငါးဖယ်နဲ့"

မုန်းမာန်ပြေကပင် ဦးဆောင်ကာ လှမ်းမှာလိုက်သည်။ ချစ်ခွန်းမိဘများက ချစ်ခွန်းငယ်ငယ်ကတည်းက လမ်းဘေးဆိုင်မှ အစားအသောက်များကို မစားသောက်စေရန် လေ့ကျင့်ပေးပြီးသားဖြစ်သည်။

သို့သော် မုန်းမာန်ပြေတို့ အုပ်စုနှင့် ပေါင်းပြီးကတည်းက ချစ်ခွန်း အကျင့်ပျက်လေပြီဟု ချစ်ခွန်းက ရယ်မောပြီးပြောနေကျဖြစ်သည်။

"ပူပူလေးသောက်ခွန်း၊ ပြီးရင် အကြော်စားမယ်၊ အအေးသောက်မယ်"

"ပြေ စကားပြောဦးမှာလား"

"ပြောမှာပေါ့"





မုန်းမာန်ပြေ အားငယ်နေခြင်း ဖြစ်ကြောင်းကို ချစ်ခွန်းတမရိပ်မိချေ။

သူစိတ်စောနေသည်။

သိလိုလှပါပြီ။

မုန်းမာန်ပြေတို့ သူငယ်ချင်းဆိုသောသူနှင့် မုန်းမာန်ပြေ၏ ဆက်နွယ်မှုသည် သူ့ဘဝအတွက် အရေးပါဆုံးသော အကြောင်းအရာတစ်ရပ်ဖြစ်သည်။

ပူပူလောင်လောင် ဟင်းခါးကို သူခံတွင်းမတွေ့။ ချွေးအထွက်များသဖြင့် ချွေးမကြာခဏသုတ်နေရသဖြင့် မုန့်တီကို ဆက်မသောက်တော့. . .

"ခွန်း မစားတတ်ဘူးထင်တယ်"

"ဟုတ်တယ်"

"ဒါဖြင့် ဘူးသီးကြော်နှစ်ပွဲနဲ့ ဆန်းကစ်ရမလား၊ ရရင်နှစ်ဘူး"

မုန်းမာန်ပြေက ထပ်မှာပေးပြီး ဟင်းခါးကိုသာ ငုံ့သောက်နေလိုက်သည်။ ဖြစ်နိုင်လျှင် စားသောက်ပြီး ပြန်လိုက်ချင်သည်။

ချစ်ခွန်း မေးခွန်းကို မဖြေချင်၊ ဖြေလိုက်လျှင် ချစ်ခွန်းထံမှ စိမ်းကားမှုကို မလိုလားစွာ ရရှိလိမ့်မည်။

ချစ်ခွန်းနှင့် အဝေးဆုံးသို့ ရောက်ရှိသွားမှာကိုလည်း စိုးရိမ်သည်။

"ပြေ ဘာမှမပြောနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မုန်းမာန်ပြေ အံ့အားသင့်သွားသည်။

ချစ်ခွန်းအား အလန့်တကြား မျက်လုံးဖြင့် ကြည့်လိုက်သည်။

တွေ့လိုက်ရသည်။ ကြေကွဲရိပ်များ. . .

မုန်းမာန်ပြေ ခေါင်းငုံ့ချလိုက်သည်။

ရင်နှင့်မဆန့်အောင် နာကျင်သွားသော ဝေဒနာရိပ်သည် ရိပ်တန့်သွားခြင်းမရှိဘဲ၊ လျော့ပါးသွားခြင်းလည်း မရှိဘဲ တိုး၍ တိုး၍သာဖြစ်ပေါ်လာသဖြင့် မိန်းမသားပီပီ ထိုခံစားမှုကို မထိန်းသိမ်းနိုင်တော့ဘဲ မျက်ရည်အသွင်သို့ ကူးပြောင်းလိုက်သည်။

"ပြေ မငိုပါနဲ့၊ ဒါဟာ ငိုစရာမဟုတ်ပါဘူး၊ ပြေ့ကို ခွန်း နားလည်ပါတယ်"

ချစ်ခွန်း အမှန်တကယ် နားလည်ပါသည်။

ချစ်ခြင်းမေတ္တာသည် တန်ပြန်သက်ရောက်မှု သဘောရှိပါသည်။

ချစ်ခွန်းက မငိုပါနဲ့ပြောမှ မုန်းမာန်ပြေအတွက် ငိုချင်လျက် လက်တို့လိုက်သကဲ့သို့ ဖြစ်သွားသည်။

နှောင်ဖွဲ့နှင့် ချစ်သူဖြစ်ရခြင်းအတွက် နောင်တရ၍ ငိုခြင်းမဟုတ်။ သို့သော်လည်း. . .

ချစ်ခွန်းနှင့်တွေ့တာ နောက်ကျခြင်းအတွက်တော့ ငိုမိသည်ထင်ပါသည်။





မုန်းမာန်ပြေ မျက်ရည်သုတ်ရန်နှင့် နှပ်ညှစ်ရန်အတွက် ချစ်ခွန်း ကားတွင်းမှ တစ်သျှူးပေပါထုပ်ကို သွားယူပြီးမုန်းမာန်ပြေကို တစ်ခုချင်း ကမ်းပေးသည်။

မုန်းမာန်ပြေ ကြေကွဲမှုတို့သည် ချစ်ခွန်း၏ အလိုက်သိရှိမှုဝယ် တဖြည်းဖြည်းလျော့ပါးသွားသည်။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ မုန်းမာန်ပြေ၏ မျက်ရည်စတို့ ခန်းခြောက်သွားသည်။

ချစ်ခွန်းက ငွေရှင်းလိုက်သည်။

"အိုကေပြီလား ပြေ"

ချစ်ခွန်း၏ မျက်နှာကိုစေ့စေ့ကြည့်ကာ မုန်းမာန်ပြေ ပြုံးလိုက်သည်။

လှိုက်လှဲသော အပြုံးဖြစ်သည်။ ပြီးတော့မှ. . .


"ကျေးဇူးတင်ပါတယ် ခွန်း"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

ငိုပြီးစ နီရဲမို့အစ်နေသော မျက်နှာဖူးဖူးပေါ်မှ အပြုံး
သည် အင်မတန် တောက်ပလိမ့်မည်ဟု ချစ်ခွန်းမထင်ထားခဲ့ပါ

ယနေ့. . .

အင်းလျားကန်ခုံဘေး ကျောက်ဖြူရခိုင်မုန့်တီဆိုင်လေး
၌ မြင်ခဲ့ရသော မုန်းမာန်ပြေ အပြုံးသည် သူ၏အိပ်ပျော်ခြင်းကို
ပါ ယူငင်ဖမ်းစားထားသည်။

ဘယ်ပြောင်းညာလူးနှင့် အိပ်မရခြင်းတို့ဖြင့် ညဦးယံ





ကို ဖြတ်ကျော်သွားလေသည်။

မုန်းမာန်ပြေနှင့် နှောင်ဖွဲ့သည် သူငယ်ချင်းအဖြစ်မှ
ချစ်သူအဆင့်သို့ ကူးပြောင်းသွားခဲ့ခြင်းအဖြစ်ကို သူမနေ့ညက
သိလိုက်ရခြင်းဖြစ်သည်။

သို့သော် မုန်းမာန်ပြေ၏နှုတ်မှ ဝန်ခံစကားကို သူကြား
ထိုသည်။ သူမယုံချင်လက်မခံချင်။ ဒါကလည်း သူ့နှလုံးသား
ဖြစ်သည်။

သို့သော် သူ၏ဦးနှောက်အသိတရားက လက်ခံနေ
သည် မုန်းမာန်ပြေနှင့် နှောင်ဖွဲ့သည် ငယ်ကျွမ်းချစ်သူရည်းစား
သည်။

အဘယ်ကြောင့်ဆိုသော် ဂျပုဆီမှ ဓာတ်ပုံအယ်လ်ဘန်
တွင် တွေ့ခဲ့ရသော အသားညိုညို လူပုံထွားထွားချောချော လူ
တစ်ဦးကို မုန်းမာန်ပြေအနီး၌ အမြဲတွေ့ရှိရခြင်းကြောင့် ဖြစ်
သည်။

ဂျပုဆီမှ လျှို့ဝှက်မှုနိုင်သောစကားများကြောင့် သူစိတ်
ထဲမတင်မကျဖြစ်ကာ ဂျပန်ရှိ မုန်းမာန်ပြေ၏အစ်ကို သဲဦးပိုင်
ထံသို့ ဖုန်းခေါ်ကာစကားပြောခဲ့သည်။

"ကိုကို နှောင်ဖွဲ့ဆိုတာ ဘယ်သူလဲ"

"ဒီကောင်ကို မင်းတွေ့လို့လား၊ ဒီကောင်နိုင်ငံခြားထွက်
သွားပြီဆို"

ကိုကိုသဲဦးပိုင်၏အသံ၌ ဒေါသသံများ လွှမ်းနေသည်
ဟု သူယူဆခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဂျပန်ကိုတဲ့၊ ကိုကိုနဲ့တွေ့သေးသလား"

"မတွေ့ပါဘူး၊ တွေ့လဲတွေ့စရာမလိုဘူး၊ ဒီကောင်ရုပ်ကို ကြည့်လဲ မကြည့်ချင်ဘူး"

"ဘာဖြစ်လို့လဲ ကိုကို"

"အလကားပါကွာ၊ သားရေပေါ်အိပ် သားရေနားစား ငါ့ညီမကို အပိုင်ချိုင်ချင်တဲ့ သိုက်တူးသမား"

ဒီ စကားကိုတော့ ချစ်ခွန်းဘဝင်မကျနိုင်ပါ။

"မင်း ညီမလေးနဲ့ ကလပ်စ်တူတူဆို၊ ဒီကောင်နဲ့အဆက်အသွယ်လုပ်တာ တွေ့သေးသလား"

ချစ်ခွန်း ချက်ဆိုနားခွက်က မီးတောက်ပြီးသားဖြစ်သည် အားလျော်စွာ ကြေကွဲမှုကို ဖုံးကွယ်ပြီး. . .

"မတွေ့ပါဘူး၊ ရိုးရိုးသားသားပါပဲ ပြောသံကြားလို့"

"သေချာရဲ့လားကွာ မာန်က တဇွတ်ထိုးနိုင်တယ်၊ ဒီကောင်နဲ့မကြိုက်ဖို့ တားမြစ်လိုက်တာက သူ့အတွက်ပိုဆိုးသွားတာ၊ ဒါပေမယ့် ဖြတ်ပါ့မယ်လို့ ကတိပေးထားတာပဲ"

ကိုကိုသဲဦးပိုင်က ရိုးသားပွင့်လင်းစွာ ဝန်ခံသည်။

"ဆယ်ကျော်သက် စိတ်ကစားတတ်တဲ့ အရွယ်ဆိုတော့ သနားတာကို အချစ်လို့ ထင်မှတ်သွားတာ ဖြစ်မှာပါ။ မာန်ဟာ ကလေးလိုပါပဲ ညီလေးရာ၊ ကိုကို့ညီမလေးကို အပ်ပါတယ် ဂရုစိုက်ပါ စောင့်ရှောက်ပါ။ အဲဒီနှောင်ဖွဲ့ဆိုတဲ့ကောင်နဲ့တော့ လုံးဝအဖြစ်မခံနိုင်ဘူး၊ သူတို့အဆက်အသွယ်ရှိမရှိ ညီလေးစုံစမ်းပြီး ကိုကို့ကို အကြောင်းကြားပေးပါ"





"မရှိပါဘူးကိုကို၊ ပြေ ကြည့်ရတာ လန်းလန်းဆန်းဆန်း ပျော်ပျော်ရွှင်ရွှင်ပါပဲ၊ ကိုကိုတို့ အစိုးရိမ်ကြီးတာ ဖြစ်မှာပါ"

မုန်းမာန်ပြေအတွက် သူသည်အလိုအံလျောက် မုသားရှေ့နေကြီးဖြစ်သွားခဲ့လေပြီ။

"ကြားရတာ ဝမ်းသာပါတယ်၊ ဘာပဲဖြစ်ဖြစ် ကိုကိုတို့မိသားစုက မင်းကိုအပ်ထားပြီးနော်၊ မင်းစောင့်ရှောက်ထားပေးပါ၊ နှောင်ဖွဲ့နဲ့ပတ်သက်ပြီး အဆက်အသွယ်ရှိတယ်ဆိုရင် မေမေတို့ကိုဖြစ်ဖြစ်၊ ကိုကို့ကိုဖြစ်ဖြစ် ချက်ချင်းအကြောင်းကြားပေးပါ၊ ကိုကိုတို့ မင်းကျေးဇူးကို မေ့သွားမှာမဟုတ်ပါဘူး"

"စိတ်ချပါကိုကို ပြေဟာ မိုက်မဲတဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး"

ချစ်ခွန်းရင်ဝယ် သောကဝေဒနာမီး တောက်လောင်ခဲ့သည်။

ချစ်ငုံ ချစ်ဖူးလေး မပွင့်လန်းမီမှာပင် နှလုံးသားရင်ပြင်၌ မီးလောင်ကျွမ်းမှုကြောင့် ညှိုးရော် ခြောက်သွေ့သေဆုံးသွားတော့မည့် အဖြစ်ပါလား။

"သား. . ခွန်း"

"ဗျာ မေမေ"

ချစ်ခွန်း အလန့်တကြား ထလိုက်သည်။ ပြာလဲ့လဲ့ မီးရောင်အောက်မှာပင် မေမေ့ကို ထင်ရှားစွာ တွေ့မြင်လိုက်ရသည်။ မေမေဝင်လာခြင်းကို မသိရအောင် သူသည် အတွေးရေယာဉ်ကြော၊ အဆွေးရေယာဉ်ကြော၌ မျောပါခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်သေးဘူးလား၊ ဘာတွေတွေးနေတာလဲ"

"ဘာမှမတွေးပါဘူး"

"မတွေးဘဲနဲ့ ခွန်းဘာဖြစ်လို့ အိပ်မပျော်သေးတာလဲ"

"မဟုတ်ပါဘူး၊ ခွန်း တစ်ရေးနိုးတာပါ မေမေ"

"ခွန်းတောင် ညာတတ်နေပြီပဲ၊ ဒါထက်. . ခွန်း၊ ခွန်း မိန်းကလေးကို ချစ်ရေးဆိုပြီးပြီလား"

"မဆိုရသေးဘူး"

"ဘာဖြစ်လို့လဲ"

"သူက သူငယ်ချင်းစည်းကမ်းအရဆိုရင် ချစ်ရေးဆိုခွင့် ပေးမှာ မဟုတ်ဘူး မေမေ"

"ဒါဖြင့်ရင် ခွန်းကိုမေမေ အလေးအနက်စကားပြော စရာရှိသေးတယ်"

ချစ်ခွန်းရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ မုန်းမာန်ပြေနှင့် နှောင်ဖွဲ့အကြောင်း မေမေမသိပါစေနဲ့ဟု။

"ပြောလေ မေမေ"

"မုန်းမာန်ပြေရဲ့ ဖခင်ဟာ လူချော‌လူပွေတစ်ဦးဆို"

"ဗျာ ခွန်းမသိဘူး"

"ခွန်းက ဘာသိဦးမှာလဲ၊ ခွန်းအသက်က နှစ်ဆယ် ရှိသေးတာကို၊ လောကကြီးမှာ ခွန်းသိသင့်သိထိုက်တာ အများကြီးကျန်သေးတာပဲ၊ ပထမ သားကြီးယောကျ်ားလေး ပြီးတုန်းကလဲ လင်မယားကွဲကွာမယ်အထိဖြစ်နေတုန်း သ လေးမွေးလိုက်တော့ အဖေတစ်ယောက်အနေနဲ့ ခြေအ





မြှိမ်သွားခဲ့တာ၊ ဒါပေမယ့် အခုတလော ဇီဇပြန်ပြလာတယ်ထင် တယ်၊ တလောကမေမေတို့ဆိုင်ကို သူ့ဇနီးလဲမဟုတ်၊ သမီးလဲ မဟုတ်တဲ့ သမီးအရွယ်လောက်ရှိတဲ့ မိန်းမလည်လေးတစ် ယောက်နဲ့တွဲလာပြီး ပစ္စည်းတွေ ဝယ်ချမ်းပေးနေတာ တွေ့ရ တယ်"

"ဟုတ်ရဲ့လား မေမေရယ်၊ အမျိုးတွေဘာတွေ"

"ခွန်း မေမေတို့က ဈေးသည်ပါ၊ ပြီးတော့ ဘယ်လို အပြုအမူဟာ ဘယ်အခြေအနေမျိုးဆိုတာ လူကဲခတ်ကျွမ်းပြီး သားပဲ၊ သားမုန်းမာန်ပြေကို သတိပေးလိုက်ပါ"

"မေမေ အန်တီ့ကို သတိပေးတာ ပိုမကောင်းဘူးလား၊ သူ့ယောကျ်ားသူထိန်းပါစေပေါ့"

"ဒီကိစ္စမျိုး သားနားမလည်ပါဘူး၊ မေမေပြောသလို သာလုပ်ပါ၊ ဪဒါထက် သားဖေဖေက မေမေ့ကို အလည် လာဖို့ လေယာဉ်လက်မှတ် ပို့ပေးလိုက်ပြန်ပြီ၊ ခွန်းစာမေးပွဲဖြေပြီး မှ ဆိုတာလဲမရဘူး"

"ရပါတယ် မေမေကလဲ၊ ဘွားဘွားကိုခေါ်လိုက်ပေါ့"

"အင်းလေ ဒီတစ်ခါ မသွားဖြစ်ရင် ခွန်းအဖေ မေမေ့ ကို စိတ်ဆိုးမှာ သေချာတယ်၊ ဒီလိုဆို မေမေသွားလိုက်မယ်နော်"

"စိတ်ချလက်ချသာသွားပါ မေမေ"

"ကိုင်း ခွန်းလဲ အိပ်တော့၊ ဘာညာတွေ လျှောက်တွေး နေနဲ့တော့၊ ချစ်ခြင်းတရားနဲ့ တည်ဆောက်တဲ့ အိမ်ထောင် ရေးဟာ ခိုင်မြဲတတ်တယ်ခွန်း၊ သူချစ် ကိုယ်ချစ်ဖြစ်လာတဲ့ ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆိုရင် မေမေတို့ဘက်က ဘာမှကန့်ကွက်စရာမရှိဘူး၊ ကဲ အိပ်. . အိပ်"


ချစ်ခွန်းရင်ထဲ နင့်ခနဲဖြစ်သွားရသည်။

မိမိဘက်မှ အစစအရာရာ အဆင်ပြေပါသော်လည်း မုန်းမာန်ပြေဘက်ကတော့ဖြင့်. . .

မိခင်၏နောက်ကျောငေးရင်း. . .







# အခန်း (၁၅)

"သေချာရဲ့လား"

"ငါ့ကို ပြောပြသူက အသေချာဆုံးသောလူ ဖြစ်နေလို့"

ချစ်ခွန်း စကားကို သဇင်မောင်နှင့် နှင်းဆီမောင်က [illegible]ဝင်စွာဖြင့် သံပြိုင်မေးမိလိုက်သည်။

"ဘယ်သူမို့လို့လဲ"

"ငါ့မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အမြွာညီအစ်မက တစ်ပြိုင်နက် သက်ပြင်းချလိုက်သည်။

"ငါဒီအကြောင်းကို မြွေကိုဖွင့်ပြောလိုက်ရင် သူ စိတ်ထိခိုက်သွားမှာ စိုးရိမ်တယ်"

ချစ်ခွန်းက မုန်းမာန်ပြေစိတ်ထိခိုက်မှာ စိုးရိမ်ကြောင်း ကြစ္စာဖြင့် ပြောလိုက်သည်။

သဇင်မောင်က ချင့်ချင့်ချိန်ချိန်ဖြင့် . . .

"ဒါလဲ ဟုတ်တာပဲ၊ စာမေးပွဲကနီးပြီလေ"

"ဒါပေမယ့် ဒီအတိုင်းထားလို့တော့ မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့မှာ သူငယ်ချင်းကောင်းတို့ ဝတ္တရားရှိသေးတယ်လေ"

မြတ်စိုးက အလေးအနက်လေသံဖြင့် ဝင်ပြောလိုက်သည်။

ချစ်ခွန်းက ဤအဖွဲ့လေးကို သဘောကျသွားသည်။ သူငယ်ချင်း အချင်းချင်း အလွန်သစ္စာရှိသောအဖွဲ့ဖြစ်သည်။ အမှန်တကယ် စဉ်းစားကြည့်ပါက မုန်းမာန်ပြေ နှောင်ဖွဲ့ကို ချစ်ခြင်းသည်လည်း မမှားဟုသူထင်သည်။

နှောင်ဖွဲ့သည် လောကစံကို ရဲရဲရင့်ရင့် ရင်ဆိုင်ကာ အနိုင်ယူဖို့ ကြိုးစားနေသော ယောကျ်ားကောင်းတစ်ယောက်ဖြစ်သည်။ ဤကဲ့သို့သော သူမျိုးကို မုန်းမာန်ပြေရွေးချယ်ခြင်းသည် မှန်သည်ဟု သူယူဆသည်။





သို့သော် သူမုန်းမာန်ပြေကို ချစ်ခြင်းသည်လည်းမမှား။ မုန်းမာန်ပြေသည် လွတ်လပ်သော အပျိုစင်တစ်ဦးဖြစ်နေသေးသည်။ ဒါကိုသူလွတ်လွတ်လပ်လပ်ပင် ချစ်ရေးဆိုနိုင်သေးသည်။ ဒါဟာ မတရားသောအလုပ် မဟုတ်ဟုသူယူဆသည်။

သို့ပေမယ့် မုန်းမာန်ပြေပြောသကဲ့သို့ အစမ်းခန့်ကာလ တစ်နှစ်တွင်တော့ သူ၏ဆန္ဒဟူသမျှကို မျိုသိပ်ထားလိုက်ဦးမည်။

အချစ်နှင့်စစ်တွင် တရားသည် မတရားသည်မရှိ၊ လွတ်လပ်သော မိန်းမတစ်ဦးကို ချစ်ရေးဆိုဖို့ရန် တာဝန်မှာ လွတ်လပ်သော ယောကျ်ားတစ်ဦး၏ မဟာတာဝန်တစ်ရပ်ဟု။

"ဟေ့ကောင် ခွန်း"

"ဘာလဲကွ"

"ငါပြောတာ ကြားရဲ့လား"

"ဘာပြောလိုက်တာလဲကွ"

"ကျွတ် မင်းတော့သွားပြီ"

"စိတ်ထိန်းမှပေါ့ ခွန်းရယ်"

"ဟုတ်ပ. . . ငယ်ငယ်ရွယ်ရွယ်နဲ့၊ ကျွတ်. . ကျွတ်. . ကျွတ်"

မြတ်စိုးနှင့် အမြွာညီအစ်မက တွေဝေသွားသောသူ့အား ချမ်းသာမပေးဘဲ နောက်ပြောင်လေရာ ချစ်ခွန်းသည် ထုံးစံအတိုင်း မျက်နှာကြီးနီရဲကာ ရှက်ပြုံးပြုံးလေသည်။

"ဟာကွာ မင်းတို့ကလဲကွာ"

"ကဲပါဟယ်၊ စ,မနေနဲ့တော့၊ တော်ကြာ မိုးရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတော့မယ်၊ ကဲ. . ငလက်မပြောပြလိုက် နင့်အကြံ"

"အေးပါဟာ၊ ဒီလိုကွ ချစ်ခွန်းရ၊ မိမုန်းရဲ့အဖေ ခြေလှမ်းကို မိမုန်းမသိစေဘဲ ငါတို့တွေစောင့်ကြည့်ထားမယ်၊ စာမေးပွဲဖြေပြီးတဲ့နေ့ရောက်မှ မိမုန်းကိုဖွင့်ပြောမယ်"

"ဒါတော့ဒါပေါ့၊ ဒါပေမယ့် တစ်ခုတော့စဉ်းစားရမယ်"

ချစ်ခွန်းက ရုတ်တရက်ပေါ် ပေါက်လာသော အတွေးကို ထိမ်ချန်မထားတော့ဘဲ ဖွင့်ပြောလိုက်သည်။

"ဒီကြားထဲမှာ သူ့အဖေက အဲဒီအမျိုးသမီးနဲ့ တရားဝင်လက်ထပ်တော့မှာတို့ ဘာတို့ဖြစ်ပေါ် လာရင်တော့ ငါတို့ ထိမ်ချန်ဖို့ မသင့်တော်ဘူးထင်တယ်"

"အဲဒီအခြေအနေမျိုး ရောက်တောင်ရောက်နေပြီလား မသိဘူးကွာ"

"မရောက်သေးဘူး ထင်တာပဲ၊ မေမေပြောပုံအရလေ ဟောဟိုမှာ မြွေကားလာပြီ"

ချစ်ခွန်းတို့လေးဦး၏ မျက်လုံးအစုံများလည်း မုန်းမာန်ပြေ ကားဝင်လာရာသို့ မျက်စိရောက်သွားလေသည်။

မုန်းမာန်ပြေက ကားပေါ်မှ သူငယ်ချင်းများကို လှမ်းမြင်လိုက်ရလျှင် ဝမ်းသာအားရလက်လှမ်းပြလိုက်လေသည်။

ချစ်ခွန်းက မုန်းမာန်ပြေ၏ ရွှန်းလက်တောက်ပသော အပြုံး၌ ထူးခြားသောအားအင်များပါဝင်သည်ဟု သတိပြုမိလိုက်သည်။

မုန်းမာန်ပြေသည် ကားပေါ်မှဆင်းပြီး သူတို့ရှိရာသို့





သွက်လက်စွာ လျှောက်လာသည်။ ကားကရပ်၍မရ၊ လမ်းမ၌သာ ရပ်လိုက်သည်။ ကားများကတသီတတန်းကြီး သွားလာနေ၍ ဖြစ်သည်။

"တယ်ဟုတ်ပါလား ဘိုးတော်ကိုယ်တိုင် လိုက်ပို့လို့ပါလား"

"ဟုတ်တယ်၊ ကားရပ်ဖို့ နေရာမရှိလို့၊ ပြီးတော့ ဖေဖေတလည်းမအားလို့၊ နို့မို့ဆိုရင် ဖေဖေနဲ့ခွန်းကို မိတ်ဆက်ပေးလို့"

'ဟုတ်လား' ဟု ချစ်ခွန်းက အလိုက်သင့်ဖြေပြီး မြတ်နိုးအား အဓိပ္ပါယ်ပါသော မျက်လုံးဖြင့် လှမ်းကြည့်လိုက်သည်။

"ရှင်တို့ရောက်နေတာကြာပြီလား"

"စောစောကတင်ပါပဲ"

"ကြားသားမိုးကြိုး သူတို့ကများ စောရောက်ရတယ်လို့"

မုန်းမာန်ပြေက အမြဲတစေ နောက်ကျတတ်သော မြတ်နိုးနှင့် အမြွာညီအစ်မအားမေးငေါ့ကာ ပြောလိုက်သည်။

"ဒါတောင်ပျင်းလို့ တမင်ထွက်လာတာ၊ ပရက်တီကယ် ချိန်ခဲ့ လာတော့မလို့"

နှင်းဆီမောင်က ပြန်ပြောလိုက်သည်။ အမှန်တကယ်တော့ ချစ်ခွန်းက ဖုန်းဆက်ချိန်းသဖြင့် သူတို့တမင်စောစော ထွက်ခဲ့ကြခြင်းဖြစ်သည်။

ပြုံးရွှင်ပျော်မြူးနေသော မုန်းမာန်ပြေကို စိတ်တွင်းက ကျိတ်၍ သနားမိကြသော်လည်း အပြင်မျက်နှာပန်းကတော့



www.burmeseclassic.com


www.burmeseclassic.com



အပြုံးမပျက် နောက်ပြောင်ရယ်မောကြလျက် ထုံးစံအတိုင်း အုပ်စုလိုက် စာသင်ခန်းများဆီသို့ ဦးတည်လိုက်ကြလေသည်။







# အခန်း (၁၆)

မုန်းမာန်ပြေ ဒေါ်လှယမင်းကို တွေ့ဆုံရခြင်းအတွက် ကျေနပ်သည်။ ဒေါ်လှယမင်းသည် မိမိထင်ထားသည်ထက်ပင် လှပသော အမျိုးသမီးဖြစ်နေသည့်အပြင် ထင်ထားသည်ထက်ပင် နှစ်လိုဖွယ်ကောင်းသော ပျူငှာမှု ရှိနေသည်။

"မုန်းမာန်ပြေတို့ အမြွာတို့ လေက်မတို့ဆိုတာ အမည်ကြားရရုံနဲ့ အန်တီနဲ့ ရင်းနှီးပြီးသားဖြစ်နေခဲ့တာ၊ ခုလိုလူချင်း တွေ့ရတော့ အန်တီသားတွေ သမီးတွေလို ချစ်ခင်သွားပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှယမင်းက မုန်းမာန်ပြေ၏ အလှကိုသဘောကျရုံ မက စူးရှသော မျက်လုံးအစုံက ထက်ထက်မြက်မြက်ရှိသည်။ အစွဲအလမ်းကြီးမားသည်။ သစ္စာရှိသည်။ အေးအေးဆေးဆေး ရုပ်မျိုးဟု စိတ်တွင်း၌မှတ်ချက်ချကာ ကျေနပ်မိသည်။

"အန်တီက ကျွန်မတို့ထင်ထားတာထက်တောင် ချော နေတယ်၊ ဒါကြောင့် ခွန်းက အမေတူသားအဖြစ် ခြင်ချော်လဲ ဖြစ်နေတာကိုး"

နှင်းဆီမောင်က ပြောလိုက်သည်။ အားလုံးက ပြုံးပြုံး ပျော်ပျော်နှင့် ဒေါ်လှယမင်းပြင်ဆင်ထားသော ထမင်းဝိုင်း၌ ထိုင်လိုက်ကြသည်။

"အခြား ဧည့်သည်တွေ မဖိတ်ဘူးလား"

"အခြားဧည့်သည်တွေက အရေးမကြီးဘူး၊ အန်တီ ခရီး သွားခါနီးမှာ ခွန်းအတွက် ခွန်းသူငယ်ချင်းတွေကို အပ်နှံဖို့ကပဲ အရေးကြီးနေတယ်"

"အဟမ်း. . ကျွန်တော်တို့လို ဂုဏ်သရေရှိ လူကြီး လူ ကောင်းတွေလက်ထဲ အပ်နှံဖို့စိတ်ကူးကောင်းတဲ့ အန်တီကို လေးစားပါတယ်"

မြတ်စိုးက အတည်ပေါက်နောက်သည်။ မုန်းမာန်ပြေက မြတ်စိုး နားရွက်ကို လှမ်းတောက်လိုက်ပြီး. . .

"လူကြီးကို ပြောင်ချော်ချော်ပြောရသလား ငလက်မရဲ့"

"ကန်တော့နော်အန်တီ၊ ကျွန်တော်တို့က ပျော်တတ်လို့ ပါ"





"ရပါတယ်၊ ရိုင်းတဲ့ နောက်ပြောင်မှုမျိုး မဟုတ်တဲ့ ပျော် တတ်မှုမျိုးကို အန်တီတို့က နားလည်တယ်၊ ခွင့်လွှတ်တယ်၊ ကိုင်း အားမနာနဲ့၊ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီး စားကြ၊ နောက်အန်တီခရီးထွက်နေတုန်းလဲ ဝင်ကြထွက်ကြ စားကြ သောက်ကြရမယ်နော်"

"စိတ်ချပါအန်တီ၊ အန်တီရှိရှိမရှိရှိ လာစားဖို့ စိတ်ကူး ကျွန်တော့်ခေါင်းထဲမှာ ရှိပြီးသားပါ"

"ကုန္ဒြေရရနေစမ်းပါ၊ ဒါကြောင့် ကလေးခေါ်မလာချင် တာ လူကြီးတွေကို အရှက်ခွဲတယ်"

သဇင်မောင်က မြတ်စိုးကို ခတ်တည်တည်ဖြင့် မာန်မဲ လိုက်လေသည်။

"ဟုတ်ပ၊ အိမ်မှာကတည်းက ဝအောင်ကျွေးထားလျက် သားနဲ့"

"မှားပါတယ်၊ နောက်မပြောတော့ပါဘူး ကြီးတော် ဒေါ် တုလားမတို့ရယ်"

ချစ်ခွန်းက မိခင်ကိုအကဲခတ်လိုက်သည်။ သူ့မိခင်၏ အပေါင်းအသင်း သူငယ်ချင်းသစ်များ အပေါ်၌ မကျေနပ်ဖြစ် မှာကို သူအင်မတန်စိုးရိမ်သည်။ အထူးသဖြင့် မုန်းမာန်ပြေ အ ပေါ်။ မုန်းမာန်ပြေကို သူ့မိခင်ချစ်စေချင်သည်။ နားလည်စေ ချင်သည်။

ချစ်ခွန်း အကဲခတ်လိုက်သည့် တခဏ၌ မိခင်သည် မုန်း မာန်ပြေ ပန်းကန်ထဲသို့ ဟင်းခတ်ထည့်ပေးနေသည်ကိုတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကြည်နူးသွားသည်။

"အန်တီက ဘယ်တော့သွားမှာလဲ"

"ဖိန်းနွဲခါ"

"ကျွန်မတို့ လိုက်ပို့ပေးဖို့ လိုပါသေးသလား အန်တီ"

"ရပါတယ်ကွယ်၊ ကျောင်းချိန်နဲ့ ကိုက်နေလို့ ခွန်းတောင် လိုက်မပို့နဲ့လို့ ပြောထားတာ"

"ဟုတ်တယ်၊ မပို့ခိုင်းတာဘဲ ကောင်းတယ်အန်တီ၊ ဒီကောင်က လူကြားမရှောင် သူကြားမရှောင် အာပြဲနဲ့ငိုနေလို့ ကျွန်တော်တို့ အရှက်ကွဲနေဦးမယ်"

ဒေါ်လှယမင်းပြုံးလေသည်။ ချစ်ခွန်းအတွက်စိတ်ချသွားသည်။ မြတ်စိုး၊ မုန်းမာန်ပြေ၊ သဇင်မောင်၊ နှင်းဆီမောင်ဟူသောသူငယ်ချင်းသစ်များသည် သူ့သားအားချစ်ခင်ခြင်း သက်သက်ဖြင့် တွဲနေခြင်းသာဖြစ်သည်ဟု သူမ့ချမသွေ ယုံကြည်လိုက်မိပြီ။ သို့အတွက် ခင်ပွန်းသည်ရှိရာ ပြည်ပခရီးသို့ အေးအေးချမ်းချမ်းဖြင့် ထွက်သွားနိုင်ပြီ။ ချစ်ခွန်း၏နှလုံးသားကိုလည်း သူတွေ့မြင်လိုက်ပြီ၊ သားချစ်ခွန်းက မုန်းမာန်ပြေကို ကြည့်သောအကြည့်၌ နှလုံးသားနှင့်ကြည့်သည်ဟု သူသုံးသပ်တွေ့မြင်လိုက်ရပြီးသည့် တဒင်္ဂ၊ မုန်းမာန်ပြေက သားကိုကြည့်ကာ အကြည့်၌လည်း တူညီသောအကြည့်တို့ ပါဝင်သည်ဟု ထင်မြင်လိုက်သည့် တဒင်္ဂ ဒေါ်လှယမင်း ချမ်းမြေ့ခြင်း၊ ကြည်နူးခြင်းနှင့် နှစ်သက်ခြင်းတို့ပါဝင်သော ကျေနပ်ခြင်းကိုရရှိခံစားလိုက်ရသည်။ ထို့ကြောင့် မှသားမပါသောစကားဖြင့် ထပ်ဆင့်ကြေညာလိုက်မိ





သည်။

"တကယ်ပါ၊ အန်တီလေ ခွန်းအတွက် တကယ်စိတ်ချသွားပြီး၊ ခွန်းက ကံကောင်းတယ် မင်းတို့လို သူငယ်ချင်းကောင်းတွေ ရထားတဲ့အတွက်လေ၊ ဒီအကြောင်းတွေကို ခွန်းတို့ အဖေတို့ ပြန်ကြွားရဦးမယ်၊ ကိုင်း. . အန်တီကြွားဖို့ ဓါတ်ပုံရိုက်ကြသိလား"

ကင်မရာတစ်လုံးကိုသွားယူပြီး ပေးလိုက်သည်။ မြတ်စိုးက တရိုတသေလှမ်းယူပြီး ချိန်ကာ. . .

"ဂျပန်မင်းသား ဖိုတိုဂရာဖာလေ၊ မတူဘူးလား"

"တူပါတယ် မျောက်ခေါင်း"

နှင်းဆီမောင်၏ ထောက်ခံအားပေးမှုကို အားလုံးကရယ်မောလိုက်ကြသည်။ ချစ်ခွန်း ရင်ထဲက၌ ငိုကြွေးနေခြင်းကိုတော့ သူ့မိခင် မသိသွားတန်ပါဘူးဟု ချစ်ခွန်းတွေးလိုက်မိသည်။

မိခင်၏ ကျေနပ်ပြုံးပျော်နေခြင်းသည် မုန်းမာန်ပြေအားထောက်ခံနိုင်ခြင်းကြောင့်ဟု ချစ်ခွန်းသိပါသည်။

ယခုခေတ်လူငယ်များ၏ ရိုးသားပွင့်လင်းသကဲ့သို့ ဆင်ခြင်တုံတရားနှင့် ထိန်းချုပ်မှုတရားကိုလည်း မိခင်သိမြင်ဦးမည်ဆိုပါက သားဖြစ်သူအတွက် ရင်ထုမနာနှင့် အံ့ဩဝမ်းနည်းကြေကွဲဦးမည်မှာ. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၇)

မုန်းမာန်ပြေ သက်ပြင်းတစ်ချက်ချလိုက်ပြီး နှောင်ဖွဲ့ဓါတ်ပုံကို သော့ခတ်သိမ်းဆည်း၍ရသော ဒိုင်ယာရီစာအုပ်ကြားသို့ ပြန်ထည့်ပြီး သော့ခတ်လိုက်သည်။

နှောင်ဖွဲ့နှင့်ပတ်သက်လာတိုင်း မိမိ၏ရင်မှာ ကြေကွဲတမ်းတခြင်းတို့သည် အပြည့်အနှက် နေရာယူတတ်စမြဲပင်။

ချစ်သူ၏ပုံကိုပင် လွတ်လွတ်လပ်လပ်ထားခွင့် ကြည့်ခွင့်မရ။ ချစ်သူ၏စာကိုပင် လွတ်လွတ်လပ်လပ် ဖတ်ခွင့်မရ။ ချစ်သူ





ထံသို့ လွတ်လွတ်လပ်လပ် စာရေးခွင့်မရသော ဘဝကိုမကျေနပ် ဖြစ်မိသည်။

သို့သော် တစ်ခါတစ်ရံ ထိုဘဝသည်ပင်လျှင် ကျေနပ်ရာ ကောင်းနေသလားဟု မုန်းမာန်ပြေအတွေးဝင်မိသည်။

အဘယ်ကြောင့်ဆိုသော် ချစ်ခွန်းအပေါ် ရက်စက်ရာရောက်သည့်အတွက်ဖြစ်သည်။

ချစ်ခွန်းသည် နှောင်ဖွဲ့နှင့်ပတ်သက်၍ တစ်ခွန်းမှဖွင့်ဟခြင်းမပြုတော့သကဲ့သို့ မိမိကလည်း လေသံမျှပင် မဟ။ သူတို့နှစ်ဦးစလုံး နှောင်ဖွဲ့ကို တမင်တကာပင် မေ့လျော့ထားကြခြင်းဖြစ်သည်။

မုန်းမာန်ပြေမေ့လျော့မှုက မိမိတို့ ချစ်သူနှစ်ဦးအနာဂတ်အတွက်လည်း ပါသကဲ့သို့ ချစ်ခွန်းအပေါ် နားလည်မှုလည်းပါသည်။ သို့သော်ချစ်ခွန်း၏ မေ့လျော့မှုကိုတော့ မုန်းမာန်ပြေမသိနိုင်။ နားမလည်နိုင်။

သို့အတွက်သိရန်၊ နားလည်ရန်လည်း မကြိုးစားချေ။

နှောင်ဖွဲ့အကြောင်းတွေးကာမှ ချစ်ခွန်းဆီသို့ စိတ်ကရောက်သွားရပြန်သည်။

ဒေါ်လှယမင်း သည်နေ့ပဲ သူ့ခင်ပွန်းရှိရာ ဂျပန်နိုင်ငံသို့ထွက်ခွာသွားပြီ။ မိမိတို့အုပ်စု လက်တွေ့ခန်းဝင်ရသဖြင့် လိုက်ပို့ခွင့်မရလိုက်။ ချစ်ခွန်းကတော့ ပရယ်တီကယ်အပျက်ခံကာ မိခင်အားလိုက်ပို့လေသည်။

မုန်းမာန်ပြေ အိပ်၍မရသောစိတ်ကို ချစ်ခွန်းနှင့်ကား



www.burmeseclassic.com

www.burmeseclassic.com



ပြောခြင်းဖြင့် အသုံးချလိုသော ဆန္ဒဖြစ်ပေါ်လာသဖြင့် အိပ်ရာဘေးရှိ တယ်လီဖုန်းခွက်ကို ကောက်ကိုင်ပြီး အလွတ်ရပြီးသားဖြစ်သော ဂဏန်းခြောက်လုံးကို ကောက်နှိပ်လိုက်သည်။

"ဟဲလို"

ချစ်ခွန်းအသံကြားရုံမျှဖြင့် ရင်အတွင်းလှုပ်လှုပ်ရှားရှားဖြစ်သွားတတ်သောစိတ်သည် အလေ့အထတစ်ခုကဲ့သို့ ဖြစ်နေ ပြီလားဟု စဉ်းစားလိုက်မိသည်။

"ပြေ"

"ခွန်း ကျွန်မ ဖုန်းဆက်မယ်လို့ ရှင်ကြိုသိနေသလား"

"ခွန်းကဆက်ချင်နေတာ၊ ဒါပေမယ့် ပြေအနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ ဆက်ချင်လျက်နဲ့ မဆက်ပဲ ပြေဆီက ဖုန်းလာရင် ကောင်းမှာပဲဆိုတဲ့ တမ်းတမှုမျိုးစောင့်နေတာ ခ တော့"

မုန်းမာန်ပြေ ပင့်သက်ရှိုက်လိုက်ပြီး . . .

"ခွန်းရယ်"

"မေမေ ကမှာသွားသေးတယ်၊ ပြေတို့မှာချင်တာရှိရင် ဖုန်းဆက်မှာတဲ့"

ချစ်ခွန်းက သိတတ်နားလည်စွာဖြင့် စကားလမ်းကြောင်းကို ပြောင်းလွှဲပေးလိုက်သည်ဟု မုန်းမာန်ပြေ သဘောပေါက်မိကာ ချစ်ခွန်းအပေါ်၌ တိုး၍လေးစားသွားမိသည်။

"မှာချင်တာက တစ်ခုပဲရှိတယ်"

"ဘာလဲပြေ"





"အန်တီကော အန်ကယ်ကော မြန်မြန်ပြန်လာကြပြီး မြန်မာပြည်မှာပဲ အလုပ်ပြန်လုပ်ကြပါ၊ ပြီးရင်တစ်ဦးတည်းသော သားလေး ချစ်ခွန်းကို ရင်အုပ်မကွာ စောင့်ရှောက်ပြီး နွေးထွေးမှု ပေးနေပါလို့"

"ဟင်း. . ဟင်း"

သွားကြားက ထွက်လာတတ်သော လေသံမျိုးဖြင့် တိုးတိတ်စွာ ချစ်ခွန်းရယ်သံပြုလေသည်။

"ဘာရယ်တာလဲ"

"ဪ . . ပြေက ခွန်းကို ကလေးတစ်ယောက်လို့ ယူဆပြီး ပြောတဲ့အတွက်လေ"

"ခွန်းက ကလေးပဲ မဟုတ်ဘူးလား"

"အင်းလေ၊ ကလေးတစ်ယောက်လိုပဲ အမြဲဖြစ်နေရင်တော့ ကောင်းသားပဲ၊ ဒါမှ မိဘရဲ့ရင်ခွင်ကိုပဲ တမ်းတနေနိုင်မှာ၊ ဒါပေမယ့် သဘာဝတရားက ခွန်းကို လူကြီးအဖြစ် ပို့ဆောင်နေတော့ ခက်တယ်ပြေ"

"ကောင်းတာပေါ့ခွန်းရယ်၊ လူကြီးဆိုတော့ စဉ်းစားတတ်ပိုတယ်"

"ဆင်ခြင်တုံတရား ပိုရှိတယ်လေ၊ အဲဒီဆင်ခြင်တုံတရားက နှလုံးသားကို ချုပ်ကိုင်နိုင်ဆုံးသော ပဲ့နင်းကြီးပဲနော် ပြေ"

"လောကကြီးမှာ ဖြစ်ချင်တာထက် ဖြစ်သင့်ဖြစ်ထိုက်တာကို ဦးစားပေးနေတဲ့ လူတွေရယ်၊ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်တဲ့ လူတန်းစားတွေရယ် ဘယ်ဟာက ပိုများသလဲမသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော် ခွန်း”

“မနုဿ သုတေသီတွေကို သွားမေးကြည့်လိုက်ပါလား ပြေ၊ ဒါမှမဟုတ် ကိုယ်တိုင်ပဲ သုတေသနပြုလိုက်ပါလား”

“ဟုတ်တယ်၊ ဒါပေမယ့် ပြေ စဉ်းစားမိတာ တစ်ခုရှိသေး တယ်ခွန်း၊ အဲ. . . ပြေ မအိပ်ချင်လို့ စကားတွေလျှောက်ပြော နေချင်ပေမယ့် ခွန်းများအိပ်ချင်နေမလား မသိဘူး”

“ခွန်း မအိပ်ချင်ပါဘူး၊ ခွန်းဆန္ဒအရဆိုရင် ပြေနဲ့တစ် ညလုံး ထိုင်စကားပြောရမှာကို အိပ်ခြင်းထက် ပိုပြီးလိုလားပါ တယ်”

“ပြေကလဲ ရှင့်ဆန္ဒကို ဖြည့်စွမ်းပေးချင်ပါတယ်၊ ဒါပေ မယ့် ကျန်းမာရေးအတွက် အိပ်စက်ခြင်းအတွက်တော့ အချိန် ပေးရမှာပဲ”

“စောစောကစကား ဆက်ပါဦးပြေ”

“ဪ ပြေ စဉ်းစားမိတာပါ၊ ကိုယ့်ဆန္ဒထက် တစ်ပါး သူရဲ့ဆန္ဒကို ဦးစားပေးလိုက်ရတဲ့ သူမျိုးဟာ စိတ်ဆင်းရဲနိုင် သလား၊ ကိုယ့်ဆန္ဒကို ဦးစားပေးလိုက်သူမျိုးကကော တစ်ပါးသူ အတွက် စိတ်ဆင်းရဲနိုင်သလား”

“အနည်းနဲ့အများတော့ ဘယ်သူမဆို ကိုယ့်အတွက် ဖြစ်ဖြစ်၊ သူများအတွက်ပဲဖြစ်ဖြစ် စိတ်ဆင်းရဲမှုဟာ ရှိချင်ရှိမှာ ပဲ၊ ဒါပေမယ့် ခွန်းခံယူထားတာကတော့ ကိုယ့်ကြောင့်တစ်ပါး သူမထိခိုက်၊ မပျက်စီးစေဘဲ ဖြစ်ချင်တာထက် ဖြစ်သင့်ဖြစ်ထိုက် တာကိုဦးစားပေးရမယ်၊ ဒါမှ တစ်ကိုယ်ကောင်းမဆန်တဲ့လူ ပီ





နာရောက်မယ်”

“လေးစားပါတယ် ခွန်းရယ်”

“ကျွန်မလဲ ဒီလိုပဲ ခံယူထားတယ်၊ ရခဲလှတဲ့လူ့လောက ကြီးမှာ ကိုယ်လုပ်ချင်ရာ ကိုယ်လုပ်ခဲ့ပြီးရင် အဲဒီအလုပ်အတွက် ပဲ တာဝန်ယူနိုင်ရမယ်၊ ကိုယ့်ကြောင့် တစ်ပါးသူ မထိခိုက်စေရ ဘူး မနစ်နာစေရဘူး၊ မပျက်စီးစေရဘူးလို့ ခံယူထားတာ၊ ဒါပေ မယ့် သူတစ်ပါးကြောင့် ကိုယ့်ဘဝတစ်ခုလုံးကို စတေးပြစ်ရ လောက်အောင်တော့ ကျွန်မပါရမီကံ ရင့်သန်ပါ့မလားလို့တောင် တွေးမိတော့ စိုးရိမ်မိတယ်”

နှစ်ဦးစလုံးသည် တစ်စုံတစ်ယောက်ကို ရည်စူး၍ပြော နေကြသည်။ သို့သော် တစ်ခုခုကိုတော့ ထိမ်ချိန်ထားကြသည်။ ထိုအရာကို ဘယ်တော့မှမိမိတို့နှုတ်မှ မထွက်ပေါ်စေရဟုလည်း ဆုံးဖြတ်ထားကြသည်။

“ပြေ ဘယ်နှနာရီရှိပြီလဲ”

“ဘာလဲ၊ ခွန်းက ပြေ့ကိုအိပ်စေချင်ပြီလား”

“အိပ်ပျက်ပြီး ကျန်းမာရေးထိခိုက်သွားမှာ စိုးရိမ်တယ်၊ ပြေ အိပ်တော့၊ ဘာအကြောင်းကိုမှ မတွေးနဲ့၊ ထွက်လေဝင်လေ လေးကိုသာ မှန်မှန်ရှုပြီး အိပ်လိုက်နော်”

“ခွန်းအကြောင်း တွေးမယ်ဆိုရင်ကော”

“မတွေးပါနဲ့၊ ခွန်းကြောင့် ပြေအိပ်စက်ရမယ့်အချိန်ကို လိုက်ရခြင်းကိုလဲ ခွန်း မကျေနပ်နိုင်ဘူး၊ ပြေ နှစ်နှစ်ခြိုက်ခြိုက် အိမ်မောကျပြီး လန်းဆန်းပျော်ရွှင်နေခြင်းကိုပဲ ခွန်းလိုလား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်”

“ပြေလဲ ခွန်းလိုပဲ၊ ဒါပဲ ခွန်းအိပ်တော့၊ မနက်ရောက်ရင် သာ ကျောင်းကို စောစောလာခဲ့၊ ပြေ ကန်စပ်ကခုံမှာ ရှိနေမယ်”

“ကောင်းပြီး၊ အိပ်ပျော်နိုင်ပါစေ”

“ပေးတဲ့ဆုနဲ့ ပြည့်ပါစေ”

ဟု တီးတိုးရေရွတ်ရင်း တစ်ဖက်မှ ဖုန်းချမည့်အသံကို နားစွင့်လိုက်သည်။

ဖုန်းချသံ မကြားရ၊ ဖုန်းလိုင်းမှတစ်ဆင့် ချစ်ခွန်း၏ အသက်ရှူသံကို ကြားနေရသည်။ မိမိဘက်မှ ဖုန်းကိုမချရက် သဖြင့် သူ့ဘက်မှအချကို စောင့်စားနေခြင်းဖြစ်သည်။

“ခွန်း ဖုန်းချလိုက်တော့လေ”


တုန်ခါသွားသော အသံဖြင့် တိုးတိတ်ညင်သာစွာ အမိန့် ပေးလိုက်သည်။ ထိုအခါကျမှ ဂျလောက်ဟူသော ဖုန်းချသံနှင့် အတူ အဆက်အသွယ် ပြတ်တောက်သွားသည်။

မုန်းမာန်ပြေရင်ထဲ နင့်ခနဲနှင့်အတူ ရစ်ဝဲလာသော မျက်ရည်စများကို ကျဆင်းခွင့်မပေးဘဲ. . .

‘ခွင့်လွှတ်ပါနှောင်ဖွဲ့ရယ်၊ ငါ့နှလုံးသားကို ငါအပြစ် ပေးပါ့မယ်’ ဟု နှောင်ဖွဲ့ကို တိုင်တည်လိုက်ပြီး အိပ်ရာထက်သို့ လှဲချလိုက်လေသည်။







# အခန်း (၁၈)

မုန်းမာန်ပြေ၏ မျက်နှာပေါ်မှ ပြောင်းလဲမှုများကို ချစ်ခွန်း စိုးထိတ်စွာ ငေးကြည့်နေမိသည်။

ဝါနှစ်သော အသားအရောင်မှာ စတော်ဗယ်ရီရောင်သို့ ပြောင်းလဲသွားသည်။ ထိုမှတစ်ဆင့် မျက်ရည်ဥကလေးများ ရွှာသွန်းလာမလားဟု စိုးတထိတ်ထိတ်ဖြင့် မျက်ရည်သုတ်ပေးရန် တစ်သျှူးထုပ်ကလေးကို လွယ်အိတ်ထဲရှိမရှိ စမ်းသပ်ပြီးသား ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူထင်ထားသကဲ့သို့ မျက်ရည်များ ကျဆင်းလာခြင်းမျိုး မရှိဘဲ နှင်းဆီငုံဖူး နှုတ်ခမ်းနှစ်လွှာအနက် အောက်နှုတ်ခမ်းကို ဖိကိုက်လိုက်သည်။ လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ထိုင်နေရာမှ ဝုန်းခနဲထလိုက်သည်။

"အမယ်လေး လန့်လိုက်တာ၊ ဖြည်းဖြည်းလုပ်ပါ မိမုန်းရယ်၊ အားငယ်တတ်တဲ့ ယောကျ်ားသားတွေ လန့်အောင်မလုပ်ပါနဲ့"

"မင်းကလဲကွာ၊ အရေးထဲ"

မြတ်စိုးက အရေးထဲ နောက်ပြောင်နေသဖြင့် ချစ်ခွန်းက ဟန့်တားပြီး မုန်းမာန်ပြေကို မျက်ခြည်မပြတ် ကြည့်နေသည်။

"ခွန်း"

"ဘာလဲ ပြေ၊ ခွန်းဘာလုပ်ပေးရမလဲ"

မုန်းမာန်ပြေအတွက်ဆိုလျှင် အမြဲတမ်း အဆင်သင့်ရှိနေတတ်သောသူက ပျာပျာသလဲမေးလိုက်သည်။

"ငါလိုက်သွားမယ်"

"လေယာဉ်လက်မှတ်က ချက်ချင်းရမှာ မဟုတ်ဘူးနော်"

"ကားနဲ့သွားမယ်"

"အန်တီက ခွင့်ပြုမလား"

"မပြုလဲ မတတ်နိုင်ဘူး၊ နေမကောင်းတဲ့ မိန်းမကိုပစ်ထားပြီး ဟိုမိန်းမနဲ့ ပျော်ပါးနေနိုင်တဲ့ ယောကျ်ားတစ်ဦးရဲ့ မျက်နှာကိုစေ့စေ့ကြည့်ပြီး ကျွန်မနှုတ်ဖျားက အဖေလို့ခေါ်တာခံချင်





ရင်တော့ ကျွန်မနဲ့ပြန်လိုက်ခဲ့ပါလို့ သွားခေါ်ချင်တဲ့ဆန္ဒ ငါ့မှာဖြစ်နေတယ်ခွန်း၊ လေက်မ ငါ့ကိုကူညီစမ်းပါ၊ ကူညီမယ် မဟုတ်လားဟင်"

ချစ်ခွန်း မကြည့်ရက်၊ မမြင်ရက်ပါ။

"အေးပါ၊ အန်တီ့ကို ထားခဲ့ဖို့စိတ်ချရရင် ငါလိုက်ပို့ပေးမယ်၊ မနက်ဖြန် လေယာဉ်လက်မှတ် ရမလားလို့ ကြိုးစား"

"လုပ်မနေနဲ့၊ အခုပဲ ကားနဲ့သွားမယ်. . လုပ်ပါ ခွန်း၊ ဒီတောင်ကုတ်လမ်းခရီးကို ငါတစ်ယောက်တည်းသွားဖို့ မသင့်တော်လို နင်တို့ကို အောက်ကျခံပြီး ဒီလောက်ပြောနေတယ်မှတ်"

"အေးပါ အေးပါ၊ ဂျပု မင်းရောလိုက်ခဲ့၊ ဟိုအမြွှာကော"

"အမြွှာနှစ်ယောက်ကိုတော့ သွားအားမကိုးနဲ့၊ မနေ့ကပဲ စာမေးပွဲပြီးတယ်၊ ညကပဲ သူ့အဖေဆီလိုက်သွားကြတယ်"

အမြွှာနှစ်ယောက်အဖေသည် ထိုင်ဝမ်၌ အလုပ်သွားလုပ်နေသည်။

"မြန်လှချည်လား"

"လက်မှတ် အဆင်ပြေသွားလို့တဲ့၊ မင်းဆီကို ဖုန်းဆက်တော့ မင်းဖုန်းကပိတ်ထားတာကိုး"

"ကိုင်း ငါ မေမေ့ကို သွားပြောပြီး အဝတ်အစားနဲ့ လမ်းမှာ စားသောက်ဖို့ အဆင်သင့်ပြင်ထားမယ်၊ နင်တို့အိမ်ပြန်ပြေးမှ ယူစရာရှိယူပြီး ငါ့ကို နောက်ဆုံးမှလာခေါ်"

"အေး. . အေး. . အန်တီကို ထားခဲ့လို့ဖြစ်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်ဟာ ဒေါ်လေးလဲရှိတယ်၊ ဘွားဘွားလဲရှိတာပဲဟာ၊ လိုအပ်ရင် ကိုကို့ကို ပြန်ခေါ်လိုက်လို့ရတာပဲ၊ အရေးကြီးတာ ဖေဖေပြန်လာဖို့ပဲ၊ သွားကြတော့"

မုန်းမာန်ပြေက ပြောပြောဆိုဆို အိပ်ခန်းဘက်သို့ ဝင်သွားသဖြင့် မြတ်စိုးနှင့် ချစ်ခွန်းတစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပခုံးတွန့်လက်ခါပြပြီး. . .

"မလွယ်ဘူး"

ဟု သံပြိုင်ပြောကာ ထပြန်ခဲ့ကြလေသည်။

အမှန်တော့ သူတို့မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့သော မုန်းမာန်ပြေ၏ ဖခင်ဦးမောင်မောင်ဇင်သည် သူ၏ အတွင်းရေးမှူးမလေးနှင့် အလုပ်အကြောင်းပြကာ ပေလီသို့ အပန်းဖြေ အချစ်စခန်းဖွင့်ရန် ထွက်သွားကြသည် ဟူသောသတင်းကို အတိအကျရထားသည်မှာ စာမေးပွဲဖြေနေသည့် ဒုတိယနေ့ကတည်းကဖြစ်သည်။

စာမေးပွဲဖြေပြီး နောက်နေ့မှ မုန်းမာန်ပြေကို ဖွင့်ပြောပြလိုက်သည်။

မုန်းမာန်ပြေအမေကလည်း နေမကောင်းဖြစ်နေသေးသည်။ ခင်ပွန်းစိတ်ဖြင့် အိပ်ရာထဲ လဲနေခြင်းဖြစ်မည်ထင်ပါသည်။

"မင်း အဘွားက ခွင့်ပြုပါ့မလား"

"ခွင့်ပြုပါတယ်ကွာ၊ စိတ်ချသလား မချသလား မမေးနဲ့ အိမ်လာနေပါ ဆိုတာတောင် မနေဘူး၊ သူ့သမီးအငယ်မြေးတွေ





မြစ်တွေနဲ့ လုံးထွေးနေရမှ ကျေနပ်တာ၊ ခုလဲ ဖုန်းဆက်ပြီး သူငယ်ချင်းတွေနဲ့ စာမေးပွဲပြီး အပန်းဖြေခရီး ပေလီကိုထွက်မယ်လို့ ပြောလိုက်ရုံပါပဲ"

"မင်းအမေတို့ ဖုန်းဆက်ရင်ကော"

"အိမ်က ဘဏ္ဍာစိုးလင်မယားကို မှာထားလိုက်ရင် ပြီးတာပါပဲ၊ ငါ့အတွက် မပူပါဘူး၊ မင်းသာလိုက်ဖြစ်အောင်လိုက်ခဲ့၊ နှစ်ယောက်တည်းဆိုရင်တော့ လုံးဝမသင့်တော်ဘူးလေ"

"အေးပါကွာ၊ ငါလိုက်ခဲ့မှာပါ စိတ်ချပါ"

မြတ်စိုးက အလေးအနက်အာမခံလိုက်သဖြင့် ချစ်ခွန်းစိတ်အေးသွားရသည်။

မိမိအသည်းနှင့်အောင်ချစ်ရသောသူနှင့် ခရီးတစ်ခုကို နှစ်ယောက်တည်းသွားရမည့်အရေးကို မလိုလားသူ ရှိနိုင်ပါ့မလား။

သို့သော် မိမိချစ်ရသူက ပိုင်ရှင်ရှိပြီးသားဆိုတော့ သစ္စာအားကာ နှမသားချင်း။ သူငယ်ချင်းကောင်းသဖွယ် စောင့်ရှောက်ရမည့်အရေးအတွက် အခြားအဖော်များပါခြင်းက ပို၍သင့်တော်သည်ဟု ယူဆသည်။

မြတ်စိုးက မလိုက်နိုင်လျှင်တောင်မှ အိမ်မှဒရိုင်ဘာလင်မယားကိုခေါ် ရန် ဆုံးဖြတ်ထားသည်။ သို့သော် မုန်းမာန်ပြေတို့ မိသားစု၏ အရှုပ်တော်ပုံကို သူစိမ်းများသိသွားမှာကိုလည်း မလိုလားချေ။

"ခွန်း မင်းစိတ်မဆိုရင် ငါစကားတစ်ခုတော့ ပြောချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်"

ချစ်ခွန်း၏အတွေးစကို မြတ်စိုးက ဖြတ်တောက်လိုက်သည်။

"အတည်ဆိုရင် ပြောကွာ"

"ငါမနောက်ပါဘူးတကယ်ပါ၊ မင်းလဲ ငါ့သူငယ်ချင်း၊ နှောင်ဖွဲ့လဲ သူငယ်ချင်းပဲ၊ ဘယ်သူ့ဘက်ကမှ ငါမလိုက်ဘူး"

ချစ်ခွန်းရင်ထဲ လှုပ်ရှားသွားသည်။ နှောင်ဖွဲ့အမည်ပါလာတိုင်း သူ့ရင်ထဲ အမည်သတ်မှတ်၍မရသော ဝေဒနာတစ်ရပ်၏ နှိပ်စက်ခြင်းကို ခံလိုက်ရသည်။

"အချစ်နဲ့စစ်မှာ တရားတယ်၊ မတရားတယ် မရှိဘူး အပျိုကို လူပျိုချစ်ရေးဆိုတာ တို့လူပျိုတွေရဲ့ အခွင့်အရေးတစ်ရပ်ပဲ၊ ဒီတော့. . ."

"တော်ပါတော့ မြတ်စိုး၊ မင်းငါ့အပေါ်ထားတဲ့ စေတနာကို ငါနားလည်ပါတယ်. . .

"ဒါပေမယ့် ငါဟာပွဲလန့်တုန်းဖျာခင်းတတ်တဲ့ အခွင့်အရေးသမား မဟုတ်ဘူး၊ သောကပင်လယ်ဝေနေတဲ့မြွေကို ငါစောင့်ရှောက် အကူအညီပေးဖို့ကလွဲပြီး ငါ့စိတ်ထဲမှာ ဘာကိုမှ မမျှော်လင့်ဘူးဆိုတာ မင်း နားလည်ထားပေးစမ်းပါ"

"အေးပါကွာ၊ ငါ့စကားမှားသွားရင်လဲ ခွင့်လွှတ်ကွာ ငါတော့မင်းတို့သုံးဦးကြားမှာဘာမှ ဝင်မပါတော့ဘူး၊ မင်းအပေါ် နားလည်တယ်၊ လေးလဲလေးစားပါတယ် သူငယ်ချင်းရယ်၊ ကိုင်း ဒီမှာပဲ ချလိုက်တော့ကွာ၊ ပစ္စည်းထည့်ပြီး"





"လုပ်မနေနဲ့၊ တစ်ခါတည်းသာ လိုက်ခဲ့တော့"

"အိုကေ"


မြတ်စိုးက ပန်းခြံဝင်းတံခါးကို ဆင်းဖွင့်ရင်း ခြံစောင့်မရှိသဖြင့် မာလီကို လှမ်းမဲလေသည်။

ချစ်ခွန်းကတော့ ပြုံး၍သာပြုံးနေလိုက်သည်။ မြတ်စိုးသည်စိတ်ရင်းအင်မတန်ကောင်းသော၊ ပျော်တတ်သော သူငယ်ချင်းကောင်းဖြစ်သည်အတွက် မိမိသည်အချစ်ရေး၌ ကံဆိုးသော်လည်း မိတ္တဗလမှာတော့ ကံကောင်းသည်ဟု တွေးကာကျေနပ်နှစ်သိမ့်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၉)

“မင်းညောင်းရင် ငါတစ်လဲမောင်းမယ်လေခွန်း”

“ရပါတယ်ကွာ”

“ငါလဲ တစ်လဲ မောင်းပေးလို့ရတယ်နော်၊ ငါ့ကိုလဲ ခေါင်းထဲ ထည့်ထားကြဦး”

မုန်းမာန်ပြေက နောက်မှ လှမ်းပြောလိုက်သည်။

မြတ်စိုးက နောက်သို့လှည့်ကြည့်ပြီး. . .





“နင့်ဘာသာ နင်အေးအေးဆေးဆေးအိပ်ပြီး မေတ္တာလေးဘာလေးပို့ပြီး လိုက်ခဲ့တော့”

“ဘာကို မေတ္တာပို့ရမှာလဲ”

“နင့်ဘိုးတော်နဲ့ စမောလေး”

“တော်စမ်းပါ။ ငါ့မှာ အဲဒီလောက် ပါရမီရင့်နေရင် ဒီခရီးလမ်းကို ရောက်တောင်မလာတော့ဘူး”

မုန်းမာန်ပြေ နောက်သို့မှီချလိုက်သည်။ နေကာမျက်မှန်ကို ဖောက်ထွင်းပြီးမြင်ရသော မိမိရှေ့တည့်တည့်မှချစ်ခွန်း၏ ကုပ်သားဖွေးဖွေးသည် အစိမ်းနုရောင်ပြောင်းနေပြီး ထိုကုပ်သား စိမ်းဖန့်ဖန့်ပေါ်၌ ချွေးသီးချွေးပေါက်ကလေးများ စို့နေမှုကို မုန်းမာန်ပြေ မနှစ်မြို့စွာ တွေ့မြင်လိုက်ရသည်။ သုတ်ပေးချင်ပါသည်။ တယုတယနှင့် သုတ်ပေးချင်သည်။ သို့သော် ထိုသို့သုတ်ပေးလိုက်ပါက နှောင်ဖွဲ့အပေါ် သစ္စာမဲ့ရာ ရောက်သွားမှာကို စိုးရိမ်သည်။

နှောင်ဖွဲ့သည် မိမိအပေါ် နားလည်ခွင့်လွှတ်နိုင်လျှင်တော့ အကြောင်းမဟုတ်။

“အိုး”

ကားက ချိုင့်ကို မရှောင်နိုင်သဖြင့် မြောက်အတက်၌ မုန်းမာန်ပြေ နှုတ်မှအာမေဍိတ်ထွက်သွားလေသည်။

“တော်သေးတာပေါ့၊ ပါဂျဲရိုးမို့လို့၊ ငါ့ကားသာဆိုရင် တစ်စစီဖြစ်ပြီထင်တယ်၊ ကျေးဇူးတင်ပါတယ်ခွန်းရာ၊ နင်တော့ ငါ့အတွက် ဆံထုံးလဲထုံးရသေး၊ ဆီလဲစိုက်ရသေးဆိုသလိုဖြစ်


www.burmeseclassic.com

www.burmeseclassic.com



နေပြီ”

“ဟော ဘယ်တုန်းက ဆံထုံးထုံးပြီး၊ ဘယ်တုန်းက ဆံ စိုက်တာလဲ၊ ငါလဲ မသိလိုက်ပါလား”

“ငလက်မ နှင်ကတော့လုပ်ပြီး၊ စကားအဖြစ်ပြောတာ ပေါ့ဟဲ့၊ ဥပမာတင်စားတာ သိရဲ့လား၊ ခွန်းက အကူအညီ ပေးရသေးတယ်၊ သူ့ကားကိုလဲ သုံးသေးတယ်၊ ဓာတ်ဆီပါစိုက် ရသေး၊ ပြီးတော့ ဒရိုင်ဘာလုပ်ရသေး”

“ပြေ”

ချစ်ခွန်း မနေသာဘဲ လှမ်းခေါ်လိုက်သည်။

“သူငယ်ချင်းတွေကြားမှာ အဲဒီလို သာတယ်နာတယ် ဆိုတဲ့စကားမျိုး သုံးသင့်သလား”

“ဟုတ်တယ်၊ မသုံးသင့်ဘူး”

မြတ်စိုးက ဝင်ပြောလိုက်သည်။

မုန်းမာန်ပြေက ချစ်ခွန်းအား ကရုဏာဖြင့် ကြည့်လိုက် သည်။

သူ့အကြည့်ကို မည်သူမှ မမြင်နိုင်ဘူးဟု သူသိပါသည် နေကာမျက်မှန်ကို ဖောက်ထွင်း၍ မည်သူမျှ မမြင်နိုင်ဘူး မုန်းမာန်ပြေ ယုံကြည်သည်။

တစ်ခါတစ်ရံ နှလုံးသားကို လွှတ်လပ်စွာ ထားလိုက်ချင် ပါသည်။

“ခွန်းမကြိုက်ရင် ကျွန်မမပြောတော့ပါဘူး၊ ဒါပေမယ့် ရော့ ငလက်မ ခွန်း ဒီလောက်ချွေးတွေထွက်နေတာ သုတ်ပေး





လိုက်ပါလား”

မြတ်စိုးက မုန်းမာန်ပြေ ပစ်ပေးသော မွှေးပွ လက်ကိုင်ပဝါကို ပြန်ပစ်ပေးပြီး၊

“အဲဒါ မိန်းမအလုပ်၊ ငါမလုပ်တတ်ဘူး၊ နှင်မနေနိုင်ရင် နှင်ပဲလုပ်ပေးလိုက်”

“ရပါတယ် ပြေ”

ချစ်ခွန်းက ဝင်ပြောလိုက်သည်။

“အမယ်မယ် ရပါတယ်မလုပ်နဲ့၊ အဲကွန်းဖွင့်ထားတဲ့ကြားက ချွေးပြန်နေတာ၊ ရောဂါကြောင့်ပဲ ဖြစ်မယ်၊ သုတ်ပေးလိုက်မိမုန်း”

မြတ်စိုးစိတ်ထဲ သူတို့နှစ်ဦးကို သနားနေသည်။ သူတို့နှစ်ဦးဖြစ်သွားရင်လဲ နှောင်ဖွဲ့ကိုသနားရဦးမည်။ မတတ်နိုင်၊ လောလောဆယ်တော့ လက်ရှိမြင်တွေ့နေရသော သူနှစ်ဦး၏ စိတ်နှလုံးကို လွှတ်လပ်ခွင့်ပေးချင်သည်။

မြတ်စိုးက အားပေးအားမြှောက် ပြုသည့်တိုင်အောင် မုန်းမာန်ပြေချိန်ဆနေသည်။ သင့်လျော်၊ မသင့်လျော်။

နောက်ဆုံး မုန်းမာန်ပြေက ခန္ဓာကိုယ်ကို ရှေ့သို့ ကိုင်းလိုက်ပြီး ချစ်ခွန်း၏ လည်တံနှင့် ကုပ်မှချွေးသီးချွေးပေါက်များကို တယုတယ သုတ်ပေးလိုက်သည်။

ချစ်ခွန်းငြင်းပယ်ရန် ကြိုးစားလိုက်သေးသည်။ သို့သော် သူမ၏ စေတနာကို စော်ကားရာများ ရောက်သွားမလားဟု ငြိမ်သက်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုအမူ အယုအယမျိုး တစ်သက်လုံး ခံယူချင်ပါသည်။ သို့သော်. . .

"ကျေးဇူးပဲ သူငယ်ချင်း ရပါတယ်၊ ငါက ရောက်ချင်ဇောကပ်နေလို့ပါ။ အချိန်တွေ အလကားပုပ်သွားမှာစိုးလို့ပါ"

တမင်ပင် သူငယ်ချင်းအချင်းချင်း အရင်းနှီးဆုံးဖြစ်သော နင်ငါကို ပြောင်းလဲသုံးလိုက်သည်။

ဒါကို မုန်းမာန်ပြေ နားလည်ပါသည်။ ခက်နေသည်က ချစ်ခွန်းဘာပဲပြောပြော ဘယ်လိုပဲ ပြုမူပြုမူ၊ ဘာကိုပဲ သုံးစွဲသုံးစွဲ ချစ်ခွန်း၏စိတ်ကို နားလည်နေ၍ခက်သည်။

"ဘာ ကျေးဇူးပဲလဲ၊ သူငယ်ချင်းတွေကြားထဲမှာ ကျေးဇူးဆိုတဲ့စကားဟာ စိမ်းကားခြင်းရဲ့ ရှေ့တော်ပြေးပဲ ခွန်း၊ ငါ့ကို ကျေးဇူးစကားနဲ့ မပိုင်းခြားနဲ့၊ ဒီလိုဆိုရင် ငါကသာ နင့်တို့ကို ကျေးဇူးတင်ရမှာ၊ ငါ့ဆန္ဒကို နင်တို့အကောင်အထည်ဖော် ကူညီပေးတဲ့အတွက်၊ မဟုတ်ဘူးလား ငလက်မ"

"တော်. . တန်. . တိတ်. . ငါးကြော်ပန်းကန်ဖိတ်၊ ကျေးဇူးစကားတွေ ရပ်တန်းကရပ်"

မုန်းမာန်ပြေတို့ရင်ထဲ လှုပ်ရှားမှုဇောများ ကပ်လျက်ရှိသည်။

"ကဲ. . ရှေ့ကမြို့မှာ တစ်ခုခုစားကြတာပေါ့"

ချစ်ခွန်းက ခါးကိုဆန့်ချလိုက်ပြီး ပြောလိုက်လေသည်။

မြတ်စိုးနှင့် ချစ်ခွန်း ကားပေါ်မှ ဆင်းသွားကြသည်။

မုန်းမာန်ပြေလည်း ကားပေါ်မှ ဆင်းကာ အညောင်းအ





သာ ဖြေလိုက်သည်။

"လာ ပြေ တစ်ခုခုစားရအောင်"

"ပြေမှာ ထမင်းချိုင့်ပါတယ်လေ"

"ဆိုင်ထဲသာသွားနှင့် ငါယူခဲ့မယ်"

မြတ်စိုးက လှမ်းပြောလိုက်ပြီး ကားပေါ်တက်လိုက်သည်။ ချစ်ခွန်းနှင့် မုန်းမာန်ပြေသည် ကမ်းနားရှိ ကျယ်ဝန်းသန့်ပြန့်သော ဆိုင်တစ်ခုကို ရွေးချယ်လိုက်သည်။

"ဒေါ်လေးကလေ လမ်းမှာ တစ်စုံတစ်ခုဖြစ်ရင် အစားအသောက်ခက်မှာစိုးလို့ဆိုပြီး ငါးသေတ္တာဘူး ထည့်ပေးလိုက်သေးတယ်၊ ကြက်ဥတွေလဲ ပြုတ်ပေးလိုက်သေးတယ်"

"ကမ်းသာယာဖြစ်ဖြစ် ငပလီဖြစ်ဖြစ်ရောက်မှ ချက်စားကြတာပေါ့"

BURMESE CLASSIC .com

"အင်း. . ကောင်းတယ်၊ ဖေဖေ့နောက်ကိုလိုက်တဲ့ ခရီးမဟုတ်ဘဲ အမြွှာနှစ်ကောင်ပါပြီး အပျော်ခရီးဆိုရင် ဘယ်လောက်ကောင်းမလဲနော်"

"ဩော်. . ပြေရယ် လောကကြီးမှာ ကိုယ်ဖြစ်ချင်တိုင်းဖြစ်မလာနိုင်တာလဲ ရှိတတ်တာသဘာဝပဲ၊ ဒါပေမယ့် မဖြစ်သင့်တာကို တတ်နိုင်သမျှမဖြစ်အောင် တားဆီးရမှာတော့ တာဝန်တစ်ခုပဲလေ၊ အန်ကယ်နဲ့ပတ်သက်ပြီး ခေါင်းထဲမှာ သိပ်ထည့်မထားနဲ့၊ ပြေ့ကြည့်ရတာ နာရီပိုင်းအတွင်း မျက်နှာကျသွားသလိုပဲ၊ စိတ်ထောင်းကိုယ်ကြေမဖြစ်ပါစေနဲ့၊ စိတ်တင်းထား"

မုန်းမာန်ပြေ ချစ်ခွန်းစကားကို နာခံသောသဘောဖြင့်



www.burmeseclassic.com

www.burmeseclassic.com




ပြုံးကာ ခေါင်းညိတ်ပြလိုက်သည်။

ချစ်ခွန်းရင်ထဲ သိမ့်ခနဲ ကြည်နူးသွားသည်။ သို့သော် တဒင်္ဂသာဖြစ်သည်။ တစ်စုံတစ်ခုသည် မိမိ၏ကြည်နူးမှုကို ရုတ်တရက်ပင် ဆွဲယူသွားလေသည်။ သက်ပြင်းခိုးလေးချလိုက်မိလေသည်။







# အခန်း (၂၀)

"မင်းဟာက ဟုတ်ရဲ့လားကွာ၊ လမ်းများ မှားနေသလား"

"မမှားပါဘူးကွာ၊ ငါ မြေပုံသေသေချာချာဆွဲခဲ့တာ"

"ဘုရားရေ နင်ဒီလမ်း တစ်ခါမှ မသွားဖူးဘူးပေါ့၊ ဟုတ်လား ခွန်း"

မုန်းမာန်ပြေ၏ အိပ်ချင်မူးတူးစိတ် ကွယ်ပျောက်သွားသည်။ ပတ်ဝန်းကျင်တစ်ခုလုံး လယ်ကွင်းများနှင့် ကျိုးတိုးကျဲတဲ



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်များကိုသာ တွေ့ရသည်။ ကတ္တရာကျွာသောလမ်း ဖြစ်၍ ကားကလည်း ခုန်ပေါက်နေသဖြင့် ကားတွင်းမှ လူများသည် ဆန်ကောတွင်း ဆီဖြူသီး အလှိမ့်ခံရသည့်ပမာ ဖြစ်နေသည်။

"ဟုတ်တယ်လေ၊ ပေလီကို လေယာဉ်နဲ့ပဲ သွားဖူးတာ"

"ဟာ သေလိုက်ပါတော့၊ ခု ဘယ်ကိုသွားနေတာလဲ"

"မနုဖြူ အဲဒီကနေ ကျုံပျော်၊ ရေကြည်၊ ငါးသိုင်းချောင်းကနေ ရခိုင်ကို သွားမယ်ကွာ၊ မဟုတ်ဘူးလား ဂျပု"

"ဟိတ်. . ဟိတ်. . ပိန္နဲပင်ဆွဲထည့်နဲ့၊ ငါ ချောင်းသာပဲ သွားဖူးတာ၊ ပြီးတော့ လင်းလင်းရှင်းရှင်းမှာ သွားတာ၊ ခုလို ဇီးကွက်တွေ သွားလာလှုပ်ရှားတဲ့အခါသမယမျိုး ငါမသွားဖူးဘူး"

"ကဲပါ တစ်နေရာရာကို မေးကြည့်ပါဦး"

"မေးကြည့်ရအောင် ဘမ်းဘေးဝဲယာမှာ လယ်ကွင်းနဲ့ လယ်စောင့်တဲလေး တစ်လုံးစ နှစ်လုံးစပဲ တွေ့ရတယ်"

သုံးဦးသား တစ်ယောက်တစ်ပေါက်နှင့် ကားလမ်းဘေးကို ဂရုစိုက်ကြည့်နေစဉ်. . .

"ဟေ့ ရှေ့မှာ လူတစ်ယောက် ကားတားနေတယ်"

"အဘွားကြီးတစ်ယောက်ပါတယ်"

မုန်းမာန်ပြေက ဝင်ထောက်လိုက်သည်။

မြတ်စိုးက မခံဘဲ. . .

"အဘွားကြီးလဲလူ၊ အဘိုးကြီးလဲလူ၊ နင်တို့လို မဒီလေးတွေလဲလူ"

"တော်ပါတော့၊ လူမရှည်တိုင်း စကားကြောရှည်မနေနဲ့"





ချစ်ခွန်းကတော့ သူတို့နှစ်ဦးအား ကောင်းသည် ဆိုးသည် ဝင်မပြောဘဲ အဘွားကြီး အနီး ကားရပ်ပေးကာ. . .

"ဘာဖြစ်လို့လဲ အဘွား"

"လုပ်ပါဦး လူလေးတို့ရယ်၊ အဘိုးကြီး လယ်ထဲမှာ ဖားဆင်းရိုက်ရင်း ပိုးထိလို့"

မလှမ်းမကမ်း၌ လယ်စောင့်တဲလေးရှိနေသည်။ ဤအချိန်မျိုး အစစအရာရာ သတိထားရမည်ဟု သူတို့သုံးယောက်စလုံးသဘောပေါက်သည်။ တကယ်တမ်း ဒုက္ခရောက်နေသူဖြစ်ပါက သူတို့တစ်သက်လုံး နောင်တရ ရမည့်အဖြစ်မျိုးကို လည်း အရောက်မခံနိုင်။

"ဘယ်မလဲ အဘွား"

"ဟို တဲနားမှာ"

"ကိုင်း မြတ်စိုး၊ မင်းနဲ့ ဒီကပဲစောင့်နေ၊ ငါလိုက်သွားမယ်၊ ငါလက်နှိပ်ဓာတ်မီး ယူသွားမယ်"

"သိပ်မဝေးပါဘူး လူလေးရယ်၊ မြန်မြန်"

အဘွားကြီးမှာ ယောကျ်ားအတွက် စိုးရိမ်ပူပန်နေပုံရသည်။ အရှေ့မှ အရွယ်နှင့်မလိုက်အောင် အပြေးတစ်ပိုင်း သွားသဖြင့် ချစ်ခွန်းလည်း အမီလိုက်သွားလေသည်။

မုန်းမာန်ပြေ သံပုဒ္ဓေဂါထာရွတ်၍ ကျန်ရစ်ခဲ့လေသည်။ သို့သော် မျက်လုံးကတော့ဖြင့် ချစ်ခွန်း၏ လက်နှိပ်ဓာတ်မီးရောင် ရွေ့လျားရာနောက်သို့ လိုက်ပါသွားလေသည်။

"မဖြစ်သေးပါဘူး၊ ငါလိုက်သွားမယ် မိမုန်းဖြစ်မလား၊



www.burmeseclassic.com

www.burmeseclassic.com



ကားမီးရောင် လှမ်းထိုးထားလိုက်”

“ဘာဖြစ်လို့လဲ”

“တကယ်လို့ပိုးထိတာဆိုရင် လူနာက မလှုပ်မရှားသယ်မှ၊ ငါရှေးဦးသူနာပြုနည်းနဲ့ ပြုစုတတ်တယ်၊ ငါလိုက်သွားမယ်”

သူ့အိတ်ထဲမှ ပုဆိုးအဟောင်းတစ်ထည်ဆွဲထုတ်ပြီး မြတ်စိုးသည် ချစ်ခွန်းနောက်သို့ ပြေးလိုက်သွားလေသည်။

လှူပြတ်သောလမ်းမကြီးနံဘေးဝယ် မုန်းမာန်ပြေ တစ်ယောက်တည်းကျန်ခဲ့သည်။ သို့သော် မုန်းမာန်ပြေမကြောက်ပါ။ ကားကိုရှေ့ကာ မီးရောင်ဖြင့် သူတို့ရှိရာနှင့် မလှမ်းမကမ်းသို့ လှမ်းထိုးပေးလိုက်သည်။ နာရီအားဖြင့်တော့ မကြာလှ။ သို့သော် စောင့်ဆိုင်းသူများအတွက်တော့ အလွန်အမင်း ကြာလှသည်ဟု ထင်ရသည့်အချိန်တွင် ချစ်ခွန်းနှင့် မြတ်စိုး လူတစ်ဦးကို ထမ်းစင်သဖွယ်လုပ်ကာ တင်ဆောင်လာသည်။

“ဂျပု မင်းတို့ နောက်ခန်းမှာထိုင်ပြီး ခြေထောက်ကို မလှုပ်အောင်ထိန်းမေး”

“အေးပါ ဆရာသမားရယ်၊ ကိုယ့်ဘာသာကိုယ်မောင်းစမ်းပါ”

“လာ. . လာ. . အဘွား ကားပေါ်တက်”

ချစ်ခွန်းက အဘွားကြီးကို ရှေ့ခန်းသို့ တင်ဆောင်ပြီး မြတ်စိုးနှင့် မုန်းမာန်ပြေက ပိုးထိလူနာအဘိုးကြီးကို ဂရုတစိုက်ကြီးကြပ်ထိန်းသိမ်းရန် နောက်ခန်း၌ လိုက်ပါလာသည်။

“သူတော်ကောင်းလေးတွေနဲ့တွေ့တာ၊ နတ်မ, တာပါ





ပဲ သာဓု. . သာဓု. . လူလေးတို့၊ လုံမလေးတို့ ကျန်းမာပါစေ၊ ချမ်းသာပါစေကွယ်”

အဘွားကြီးက မေတ္တာပို့၍ မဆုံးတော့ပေ။

“မင်း ဘယ်ကိုမောင်းမှာလဲ”

“မနေ့ဖြူကိုလေကွာ၊ အဲဒီဆေးရုံကို ပို့ပေးရမယ်၊ နီးတယ်မြောတာပဲ”

“ဒီလိုဆိုရင် မင်း လမ်းမမှားဘူးပေါ့”

“ဘာကိစ္စ မှားရမှာလဲကွာ”

“မမှားပါဘူး၊ အဘွားတစ်ယောက်လုံးပါတာပဲ”

“အဘွားတို့က ရွာထဲမှာမနေဘဲ ဘာဖြစ်လို့ လယ်ထဲနေရတာလဲ”

မုန်းမာန်ပြေက လှမ်းမေးလိုက်သည်။ ထိုအခါအဘွားကြီးက မျက်ရည်စမ်းစမ်း စမ်းစမ်းဖြင့်. . .

“သားနှစ်ယောက်လား ထွန်းကားပါတယ်၊ တစ်ယောက်ငယ်ငယ်ရွယ်ရွယ်နဲ့ ပိုးထိသေ၊ တစ်ယောက်က ကြီးလာကာမေးခိုင်ပိုးဆိုလား ဘာလား အဲဒီရောဂါကြီးနဲ့သေတော့ တို့အဘိုးကြီး လင်မယားပဲ ဒိုးတူပေါင်ဖက် လုပ်စားလာလိုက်တာမြန်နှစ်ကမှ ရွာထဲက အိမ်ခြံလေးကိုရောင်းပြီး ဆရာတော်ကျောင်းမှာ လိုအပ်နေတဲ့ သိမ်ကိုဆောက်ပေးလိုက်တာ၊ လာသို့လဆိုရင် ရေစက်ချလှူမှာတော့၊ အမယ်လေး ကိုဖိုးချက်တော်မသေရဘူး၊ ကျုပ်နဲ့အတူ ရေစက်ချသွားဦးတော့၊ ကျုပ်တို့ရဲ့ ချွေးနဲ့စာတွေအဖြစ် အိမ်ကိုပါစွန့်ပြီး လှူတဲ့အလှူ



www.burmeseclassic.com

www.burmeseclassic.com



ဒါနတော့ ရှင်မသေရဘူး”

“မသေနိုင်ပါဘူးအဘွားရယ်၊ ရောက်တော့မှာပါ”

မုန်းမာန်ပြေက စိတ်မကောင်းသည့်ကြားက အားပေးလိုက်သည်။

“ဟုတ်ပါတယ်၊ ဒီလောက်မြတ်တဲ့အလှူအတွက် အဘိုးအသက်ရှည်မှာပါ။ ကျွန်တော်တို့လဲ ဝိုင်းဆုတောင်းပေးနေပါတယ်”

အရွတ်အနောက်နှင့် ပါးစပ်အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်နေတတ်သော မြတ်စိုးပင်လျှင်မနောက်နိုင်အားဘဲ အားပေးရှာသည်။

ချစ်ခွန်းကတော့ ကားကိုသာ မိုင်နှုန်းမြှင့်ပြီး ဂရုတစိုက်မောင်းနှင်လေသည်။ ဇန်နဝါရီလ၏ အေးချမ်းမှုကို ဇောချွေးကလေးများဖြင့် အန်တုနေရှာသော ချစ်ခွန်းအပေါ် ကရုဏာမိုးတွေ စွေပြီးရင်း စွေရသူမှာ မုန်းမာန်ပြေဖြစ်လေသည်။

“ငါမနေနိုင်ဘူး၊ ပြောရဦးမယ်”

“လုပ်ပြီ ငလက်မရယ်၊ ဘာရစ်ဦးမလို့လဲ”

“စောစောက ငါသာ ပုဆိုးဟောင်းတစ်ထည်ကို သတိတရ မယူသွားခဲ့ရင်လေ ခွန်းတစ်ယောက် သူ့ပုဆိုးချွတ်ပြီး ပတ်တီးစည်းတော့မလို့၊ ကံကောင်းလို့ နင်မျက်စိကျိန်းတော့မလို့”

မုန်းမာန်ပြေ မျက်နှာရဲကာ. . .

“အဟုတ်မှတ်လို့”

ချစ်ခွန်းကလည်း အရှက်ပြေရယ်ရာ. . .





“ခွေးကောင် ဂျပု ဘောင်းဘီပါတယ်ကွ”

“ဘာပဲပြောပြော ခွေးတစီစီမဖြစ်တာ ငါ့ကိုကျေးဇူးတင်”

“တင်ပါတယ် မောင်မင်းကြီးသား အားလုံးကို ကျေးဇူးတင်ပါတယ်၊ ကျေးဇူးကြီးပါပေတယ်”

အဘွားကြီးက ဝင်ပြောလိုက်သဖြင့် သူတို့အားလုံး ဝိုင်းရယ်မိကြသည်။ နောက်မှ လူနာနှင့်ပါလားဟူသော အသိတရားဖြင့် အရယ်ကို ရပ်ပစ်လိုက်ကြသည်။

“အဘွားရေ”

“တော်”

“အဘိုးနာမည်က ကိုဖိုးချက်ဆိုတော့ အဘွားနာမည်က မိညွက်လား”

“ပေါက်ပေါက်ရှာရှာ မိသေးမျှင်ပါတော်”

မုန်းမာန်ပြေ ခွက်ထိုးခွက်လန် ရယ်လေတော့သည်။ ဒါတောင် မြတ်စိုးက. . .

“ဒီလိုဆိုရင် အဘိုးနာမည် ပြောင်းလိုက်တော့”

“ဘာဖြစ်လို့လဲ မွေးကတည်းက ဆရာတော်ဘုရား ပေးခဲ့နာမည်ကို ဘာဖြစ်လို့ ပြောင်းရမှာလဲတော်၊ ပြောင်းနိုင်ပေါင်တော်”

“ပြောင်းလိုက်ပါတော်၊ အဲ့ဗျာ ဒါမှအဘွားနာမည်နဲ့ လိုက်သွားအောင်နော်၊ ကိုတွတ်ပီလို့လေ”

“ပေါက်ပေါက်ရှာရှာတော်”



www.burmeseclassic.com

www.burmeseclassic.com



မြတ်စိုးက သူ့ဘာသာသူပြောပြီး ဟားတိုက်ရယ်မောလေသည်။ ပြီးတော့မှ. . .

"ကြုံပဲ ကြုံတတ်တယ်နော်မိမုန်း၊ ခနဖြုန်းမှာ မသေးမှုနဲ့ လာဆုံရတယ်လို့"

မုန်းမာန်ပြေ မြတ်စိုးကို ဟန့်တားရန် သတိမရတော့ ရယ်ချင်တာပဲရှိတော့သည်။ မလှမ်းမကမ်းမှ မီးရောင်လေးများကို လှမ်းမြင်ရသောအခါ ဝမ်းသာအားရ. . .

"အဘွားရေ မြို့ရောက်တော့မယ်"

"ဟုတ်တယ်၊ ကိုတွတ်ပီ ကံကောင်းပြီ အဘွားရဲ့ မင်းနဲ့"

"သေတော့ လိပ်ပုံ နင့်ပါးစပ် ပိတ်ထားစမ်းပါ၊ ငါ ရယ်ရလွန်းလို့ မျက်ရည်တွေတောင်ထွက်လာပြီ"

"မျက်ရည်ထွက်တာ ဘာဖြစ်သလဲ၊ ဟိုဟာ မထွက်ဖို့ အရေးကြီးတယ်"

"ကောင်စုတ်နော်၊ ဘယ်ဟာလဲ"


"သေး"

"သေနာကောင်"

ချစ်ခွန်းပင် အသံထွက်အောင်ရယ်မောလေ၏။ အဘွားကြီးပင်လျှင် သူတို့နောက်ပြောင်နေသော မြိုင်ရာဇာတွတ်ပီနှင့် သေးမှုင်တို့ကို မသိဘဲ ရယ်ရမလို ငိုရမလို မအီမလည်နှင့် 'တနောက်တဲ့ ကောင်ကလေး'ဟု ရှက်ကိုးရှက်ကန်းပြောလေသည်။







# အခန်း (၂၁)

"လူနာရှင်. . လူနာရှင်. . ."

အဘွားကြီးကို တစ်ယောက်တည်း ပစ်မထားရက် အဘွားကြီးနှင့်အတူ လူနာကို ဝိုင်းစောင့်ပေးခဲ့ကြသည်။ စောင့်ရင်း ခုံတန်းလျားရှည်ပေါ်မှာ တစ်ယောက်ကိုတစ်ယောက် မှီကာ ငိုက်ခဲ့သူက ချစ်ခွန်းနှင့် မုန်းမာန်ပြေ ကားထဲ၌ပစ္စည်းစောင့်ရင်း တားစောင့်ရင်း ဖိမ်ကျသူက မြတ်စိုး။



www.burmeseclassic.com

www.burmeseclassic.com



ချစ်လှစွာသော ခင်ပွန်းအတွက် သောကဝေကာ မုန်းမာန်ပြေ အနီး၌ထိုင်ရင်း ဘုရားစာရွတ်ဖတ်နေသူက မသေးမျှင်။

"ကျစ် . . ကျစ် . ."

ချစ်ခွန်း ဆက်ခနဲ နိုးသွားသည်။ ထို့အတူ သူ၏ပခုံးကို ခေါင်းတင်ကာ အိပ်ပျော်သွားဟန်တူသော မုန်းမာန်ပြေလည်း နိုးသွားသည်။

"ဘာ . . ဘာဖြစ်လို့လဲ ဆရာမ"

"လူနာကို ကျွန်မတို့ ကယ်နိုင်လိုက်ပြီ၊ စိတ်ချရပြီလို့ လာပြောတာ"

အဘွားကြီး ဒေါ်သေးမျှင်မှာ မျက်ရည်စမ်းစမ်း စမ်းစမ်းနှင့် သာခု ခေါ်လေသည်။

"ကျွန်တော်တို့ ကြည့်လို့ရမလား ဆရာမ"

"ကြည့်လဲ ဘာမှမထူးပါဘူး၊ လူနာက သတိရဦးမှာ မဟုတ်ဘူး၊ လူနာစောင့်တစ်ယောက်လောက်နေပြီး ပြန်ချင် ပြန် ့တော့၊ လူနာအတွက် လိုအပ်တဲ့ပစ္စည်းတွေယူပြီး တစ်ယောက် တော့ စောင့်လို့ရတယ် ပြောမလို့"

ချစ်ခွန်းနှင့် မုန်းမာန်ပြေ တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်လိုက်သည်။

"ဘယ်လိုလုပ်ကြမလဲခွန်း"

"ပြေ တော့လေ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ချင် တယ်၊ အဘွားတို့အတွက် လိုအပ်တဲ့ ပစ္စည်းပစ္စယတွေဝယ်ပြီး ဒါနပြုခဲ့မယ်၊ ပြီးရင်အဘွားတို့ရွာကိုပြန်ပြီး ဘုန်းတော်ကြီး





အကျိုးအကြောင်း လျှောက်ထားလိုက်မယ်၊ နောက်ပိုင်းတော့ ဘုန်းကြီး တာဝန်ယူပေးလိမ့်မှာပေါ့နော်"

"ကောင်းတယ် ခွန်းလဲ ဒီလိုစိတ်ကူးတော့ရှိတယ်၊ ဒါပေ မယ့် ပြေများ ဝေလီကို အမြန်ဆုံးရောက်ချင်မလားလို့၊ သြော် ဒီလိုလုပ်လို့ရတယ်၊ ပြေနဲ့ တစ်ယောက်ယောက်က ဒီမှာ စျေး ဝယ်ပြီးနေရစ်ခဲ့၊ တစ်ယောက်က အဘွားကြီးခေါ်ပြီး ရွာကို သွား ပြောရင်ကော"

"ဟုတ် . . . ဒါကောင်းတယ်နော် အဘွား"

"လူလေးတို့ သွားချင်သွားကြ၊ ကျုပ်ကတော့ ကိုဖိုးချက် နားက မခွာနိုင်ပါဘူး၊ ကျုပ်မယုံဘူး၊ ခုထက်ထိ နိုးမှမနိုးသေး တာ"

"အဘွားသဘော အဘွားသဘော၊ ကျွန်မတို့ ရွာကိုအ ကြောင်းကြားပေးမယ်၊ အဘွားတို့ ဆေးရုံကမဆင်းမချင်း စားဖို့ သောက်ဖို့ ဝတ်ဖို့စားဖို့လဲ စီစဉ်ပေးခဲ့မယ်နော်"

ထိုအခါ အဘွားကြီးက သူ၏လုံချည်အထပ်ဆင်ကို ပြေ လျော့ပြီး ခွေးခံအကျီ အိတ်ကပ်ထဲ၌ ကျစ်ကျစ်ပါအောင် လိပ် ထားသော လက်ပိုင်ပဝါ မည်းမည်းညစ်ညစ်ကလေးကို ထုတ်ယူ ပြီး ဖြေလေသည်။ ဆယ်တန်၊ ငါးဆယ်တန်၊ ရာတန်၊ ငါးရာ တန်များပါ ပါဝင်သောပိုက်ဆံလိပ်ကလေးကို ထပ်မံဖြေလေ သည်။

မုန်မာန်ပြေ ရင်ထဲ၌ဆို့သွားသည်။ အဘိုးကြီးအတွက် အဘွားကြီး၏ မေတ္တာတရားက မသေးလှသကဲ့သို့ တစ်ဦးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး သံယောဇဉ် ကြီးမားလှသော လင်မယားကိုပြကာ ဖေဖေ့အား ငိုယိုကာ အပြစ်တင်ချင်လှပြီ။

ချစ်ခွန်းက ပြုံးပြကာ အဘွားကြီး၏လက်ကို တယုတယ ဆုပ်ကာ. . .

"ပိုက်ဆံဆွေ ပြန်သိမ်းထားလိုက်ပါ အဘွား၊ ဘယ်သူမှ မသိစေနဲ့၊ အဘွားတို့အတွက် ကုန်ကျစရိတ်ကို ကျွန်တော် ဒါန ပြုခဲ့ပါရစေနော်၊ သိမ်း. . သိမ်းလိုက်အဘွား"

ချစ်ခွန်း၏ နူးညံ့သိမ်မွေ့သော အပြုအမူနှင့် အပြောအဆို လေးများကို မုန်းမာန်ပြေ နှစ်သက်မြတ်နိုးစွာ ငေးကြည့်မိသည်။ နှောင်ဖွဲ့၌ ထိုကဲ့သို့သော ရိုင်းပင်းကူညီတတ်သော ပြည်သူ့နီတိစိတ်ဓာတ်မျိုးရှိရဲ့လား၊ ရှိမှာပါ။ သူဟာအောက်ခြေက လာခဲ့သူပဲဟု နှောင်ဖွဲ့ဘက်မှ ဖေးမ၍ တွေးလိုက်သည်။

"ကိုင်း အချိန်ရှိတုန်းလေး ခရီးမဖင့်ရအောင် ဂျပုကို ရှာသွားခိုင်းလိုက်မယ်"

မုန်းမာန်ပြေက ပြောလိုက်သည့်တိုင်အောင် ချစ်ခွန်းက ချင့်ချင့်ချိန်ချိန်ဖြင့်. . .

"ဒီကောင့်ကို ခိုင်းလိုက်လို့ စိတ်ချရပါ့မလား၊ ခွန်းပဲ သွားလိုက်မယ်၊ ဒီမှာ ပြေတို့ ဝယ်စရာရှိတာဝယ်၊ ငါ ဒါနပြု. ."

"တော်စမ်းပါ ခွန်းရယ်၊ ဂျပုက ရူးသလိုလို ပေါသလိုလို နေပေမယ့် အလုပ်အကိုင်ပိုင်းက စိတ်ချရပြီးသား၊ ဒါနဆိုတာ တစ်ယောက်တည်း လောဘကြီးပြုလို့ မရဘူးနော်၊ မျှဝေပေးရတယ်"





"ကိုင်း ဒါဖြင့် ဒီကောင့်ကို သွားနှိုးပြီး လွှတ်လိုက်မယ်၊ ဒီမှာပဲ နေဦး၊ မိုးလင်းလာမှ ဈေးထဲသွားကြမယ်"

"မနေ့ဘူးဟာ ဗိုလ်ဆာပြီ၊ မနက်စာစားရင်း ဈေးအဖွင့်ကို စောင့်တာပေါ့"

"သဘောပဲ"

ချစ်ခွန်းအား မျက်စိအောက်မှ အပျောက်မခံနိုင်အောင် တွယ်တာမိသောစိတ်ကို မုန်းမာန်ပြေ အလိုလိုက်မိသည်။

သို့သော် နှုတ်မှတော့ဖြင့် အကြင်နာစကား၊ တွယ်တာစကား၊ ချစ်စကားလုံးများကို ယောင်၍မျှပင် မဟမိစေရန်တော့ သတိထားပါသည်။

နှလုံးသား မနောကံအားဖြင့် ဖောက်ပြန်မှုအပေါ်တွင် ဝစီကံမပါစေရပါ။

မိမိ၏ သစ္စာသွေဖည်သွားခြင်းကြောင့် နှောင်ဖွဲ့၌ နစ်နာပျက်စီးမှုမျိုး လုံးဝမရှိစေရဟု မုန်းမာန်ပြေစိတ်ထဲ ပြတ်သားစွာ ဆုံးဖြတ်ပြီးသား ဖြစ်သည်။

"အဘွား ကျွန်တော်တို့ ဈေးသွားလိုက်ဦးမယ်၊ အဘွားအတွက် တစ်ခုခုဝယ်ခဲ့မယ်"

"မဝယ်နဲ့ လူလေးတို့၊ အဘွားတော်ကြာလာရောင်းတဲ့ ကောက်ညှင်းပေါင်းနဲ့ ပဲပြုတ်ဝယ်စားလိုက်မယ်၊ လူလေးတို့ သွားစရာရှိတာသာ သွားကြပါ၊ သူတော်ကောင်းလေးတွေ အဆင်းလှကြတာ၊ နောက်ဘဝ ဒီထက်လှကြ၊ ချမ်းသာကြဦးမှာပဲ"

မုန်းမာန်ပြေ ချစ်ခွန်းကိုလှမ်းအကြည့် မျက်လုံးချင်း ဆုံ



www.burmeseclassic.com

www.burmeseclassic.com



မိကြသည်။

တဒင်္ဂအားဖြင့် သူတို့နှစ်ဦး မျက်နှာမလွှဲကြ။ သို့သော် မုန်းမာန်ပြေ ပြုံးမိသည်။ နောက်ရှက်ပြုံးဖြင့် မျက်နှာလွှဲလိုက်သည်။

ချစ်ခွန်းက သက်ပြင်းတိတ်တခိုးချကာ ရှေ့မှ ထွက်သွားလေသည်။

ချစ်ခြင်းကို ရင်ခုန်ခြင်းဟု မသတ်မှတ်လိုပါ။ သို့သော် ရင်ခုန်ခြင်းများသည် မုန်းမာန်ပြေနှင့် ပတ်သက်လာတိုင်း နှလုံးသားသို့တိုင်အောင် စူးရှနက်ရှိုင်းမှုဖြင့် ခံစားနေရသည်။

ကြည်နူးရသည်။ ကြည်မွေ့သည်။ ရွှင်လန်းသည် နွေးထွေးသည်။ လှုပ်ခတ်သည်။ လွမ်းမောသည်။ တသသဖြစ်သည်။ ရင်ခုန်သံနှုန်း မြန်လွန်းသည်။

ဒါတွေအားလုံးသည် ချစ်ခြင်း၏ အဖူးအပွင့်၊ အငွေ့အသက်များဟု ချစ်ခွန်းယူဆသည်နှင့်အမျှ ချစ်ခြင်းကို ပိုင်ဆိုင်လိုစိတ်က ရင်ဝယ်အပြည့်အနှက် နေရာယူလျှက်။

"အို . . နင် ဘယ်လိုဖြစ်နေတာလဲ ခွန်း"

"ဆောရီးဟာ"

ခွေးချေးပုံအား မမြင်ဘဲ တက်နင်းမိတော့မည့် ချစ်ခွန်းကို မုန်းမာန်ပြေက လှမ်းဆွဲကာ သတိပေးလိုက်သည်။

"ဘာ ဆောရီးလဲ"

"ငါ့ရဲ့ နမော်နမဲ့ နိုင်မှုအတွက် နင်ဒုက္ခရောက်သွားမှာအတွက်လေ"





"ဘာဒုက္ခလဲ၊ ဒါ ဒုက္ခလား၊ နင်မနင်းလိုက်မိဘူးနော်"

"အင်း"

"တော်ပါသေးရဲ့၊ ငါ့ရဲ့ကြိုးစားမှု အရာရောက်သွားတာပေါ့၊ နင်ဘာတွေ တွေးနေလို့လဲ"

"ဒီနှစ်ယောက် ဘာဖြစ်လာရတာလဲ"

ကားတံခါးဖွင့်ကာ ခုန်ဆင်းလိုက်သော မြတ်စိုးကြောင့် . . .

"တော်ပါသေးရဲ့၊ နင့်ကို ငါတို့အမြောက်ထုပြီး နှိုးရမယ်လို့ထင်နေတာ"

မြတ်စိုးက လက်မ, ထောင်ကာ . . .

"ခရီးသွားလာတဲ့အခါ နိုးနိုးကြားကြားရှိပါတယ်ကွာ၊ မင်းတို့သာ ဆွဲလား လွဲလားနဲ့ ဘာဖြစ်လာတာလဲ ပြောစမ်းပါဦး"

မုန်းမာန်ပြေက ချစ်ခွန်းအား မကျေမနပ်ဖြင့် မျက်စောင်းထိုးလိုက်ပြီး . . .

"မပြောချင်ပါဘူး၊ ဒီလောက်ကြီး ဟီးထနေတဲ့ အလော့တ်အော့ဖ် ခွေးချေးပုံကြီးကို မမြင်ဘူးလေ၊ ဘာတွေတွေးနေလဲမှ မသိတာ"

"နင်းမိရောလား"

"ငါအဆွဲမြန်လို့ပေါ့"

ချစ်ခွန်းကတော့ ဘာမှ မပြောဘဲ အပြုံးလေးနှင့်သာ မုန်းမာန်ပြေ ပြောဆိုသမျှကို ကျေနပ်စွာ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့၊ မိန်းမသားဆိုတော့ ခြေမြန်လက်မြန် ရှိသင့်တာပေါ့"

"ကဲပါဂျပုရာ၊ မင်းအဘွားတို့ ရွာကိုသွား၊ ရွာဦးကျောင်းက ဘုန်းတော်ကြီးကို အကျိုးအကြောင်းပြောပြပြီး ပြန်ခဲ့ပေးဖို့ပဲ"

"မင်းတို့ကကော"

"ငါတို့က အဘိုးကြီးအဘွားကြီး လင်မယားအတွက် ဆေးရုံတက်တုန်းခါ လိုအပ်မယ့်အသုံးအဆောင်လေးဘာလေး ဝယ်ပြီး ဒါနပြုချင်လို့"

"အဘိုးကြီး အခြေအနေကကော"

"စိတ်ချရပြီလို့ ပြောတာပေါ့၊ သတိတော့မရသေးဘူး"

"ဘာပဲဖြစ်ဖြစ်၊ ခရီးသွားရင် ကြုံကြိုက်တဲ့ဒါနမှာ ငါလဲပါမယ်နော်၊ သုံးပုံပဲ"

"အေးပါကွာ၊ ကိုင်း. . . မင်းသွားတော့"

"ငါက ဆက်သားလုပ်မယ်၊ မင်းတို့ အဝယ်တော်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် လိပ်ပုလေးရယ်၊ နင်ဟာလေ လူပုသလောက် အင်မတန်ရှည်တယ်"

"ဟိုက် ဒုက္ခ၊ ငါရှည်တာ နင်ဘယ်တုန်းကများ မြင်လိုက်ပါလိမ့်"

မြတ်စိုးက ပြောပြောဆိုဆို ကားပေါ်တက်ကာ တံခါးပိတ်ပြီး ကားစက်နှိုးလိုက်လေသည်။

"ခွေးသူတောင်းစား"





မုန်းမာန်ပြေက ဆွေ့ဆွေ့ခုန်ပြီး ကျန်ခဲ့လေသည်။

ချစ်ခွန်းက သဘောကျစွာ ပြုံးလေသည်။ သို့သော် မုန်းမာန်ပြေ ရှက်မှာစိုးသဖြင့် သူ့အပြုံးကို ချက်ချင်းရုပ်သိမ်းကာ. .

"လာ သွားရအောင်ပြေ၊ နေရာဒေသက စိမ်းနေတော့ မေးမြန်းရဦးမှာ"

"အင်း"

မုန်းမာန်ပြေနှင့် သူငယ်ချင်းများအဖြစ်သို့ သူနောက်မှ ရောက်ရှိခြင်းအတွက် ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့ရမည်ကဲ့သို့ ဖြစ်နေသည်။

မုန်းမာန်ပြေနှင့် ယှဉ်တွဲကာ အရုဏ်ဦး၏နံနက် မိုးသောက်ယံတေးကို သီဆိုတတ်သော ငှက်ကလေးများနှင့် အတူနိုးထရခြင်းကပင်လျှင် မေ့မရနိုင်သော နံနက်ခင်းတစ်ခုဟု သူ့ရင်တွင်း ကမ္ပည်းတင်လျက်. . .

"ပြေ"

"ဘာလဲ"

". . . . . . . . . ."

"ဟာ. . ပြောလေ"

"ဘာမှ မဟုတ်ပါဘူး၊ ဒီခရီးဟာ နင့်အတွက်သောကခရီး၊ အဲ. . နင့်သောကဟာ ငါတို့သောကဆိုပေမယ့် ခုငါပျော်နေတယ်ပြောရင် သင့်တော်မတော် တွေးလိုက်မိလို့ပါဟာ"

မုန်းမာန်ပြေ ပြုံးလိုက်သည်။ သူ့အပြုံးနှင့်အကြည့်တာ ညှို့တွဲပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com




ထိုအကြည့်သည် သူ၏ရင်ခုန်သံနှုန်းကို မြန်စေသည်။ ထို့အပြင်. . .

"ကျွန်မလဲ ခွန်းလိုပါပဲဟယ်"

ဟူသောစကားကြောင့် လောကကြီးကိုစိန်ခေါ်ကာ အချစ်ဖြင့် အနိုင်ယူလိုက်ချင်ပါဘိဟု ချစ်ခွန်းမိုက်ရူးရဲစွာ ကြည်မွေ့မှုဖြင့် တွေးလိုက်မိလေတော့သည်။







# အခန်း (၂၂)

"ဘယ်လိုလုပ်ကြမလဲ"

"ဒီလမ်းက ညဘက်မောင်းဖို့ မလွယ်ဘူး"

"အေး. . ဒါလဲ ဟုတ်တာပဲ၊ ပြေ ဘာဖြစ်ချင်သလဲဆို တာပြော"

မုန်းမာန်ပြေကတော့ ဒေါသစိတ်၊ မကျေနပ်စိတ်များဖြင့် ဆက်တီတစ်လုံး၌ ခြေပစ်လက်ပစ်ထိုင်ချလိုက်ရင်း အပြော



www.burmeseclassic.com

www.burmeseclassic.com



ကျယ်သော ပင်လယ်ပြင်ကြီးနှင့် မိုးကုပ်စက်ဝိုင်းထိတွေ့မှုကို မျက်မှောင်ချီကာ ကြည့်နေမိသည်။ ပေလီ၌ သူ၏ဖခင်တို့စုံတွဲ ရှိမနေတော့. . . ပြန်သွားကြပြီတဲ့။

"မိမုန်း ဖြစ်ချင်တာကို လိုက်လျောဖို့ထက် မိုးဟုန်းဟုန်း တောက်နေမယ့်သူ့နှလုံးသားက ဆုံးဖြတ်ချက်ကို မယူသင့်ဘူး ထင်တယ်"

"ဟုတ်တယ် နင်တို့သဘောဟာ၊ ငါလဲပင်ပန်းပြီ၊ နင်တို့လဲပင်ပန်းပြီး၊ ဒီတော့အကောင်းဆုံးက ငါတို့ဒီမှာ ညအိပ်မယ်၊ ဒီပင်လယ်ကြီးထဲမှာ မမောတမ်း ငါရေကူးခပ်ပြီး အိပ်ပစ်လိုက်မယ်"

"မပြောကောင်းဘူးလေ ပြေ"

ချစ်ခွန်းက မျက်စိမျက်နှာပျက်ပျက်နှင့် ဟန့်တားလိုက်သည်။ မုန်းမာန်ပြေ နားမလည်။

"ဘာပြောလို့လဲ"

"ပင်လယ်ထဲမှာ အိပ်မယ်ဆိုတာ"

"အို ငါက ရေကူးပြီးမှ မောမောနဲ့အိပ်လိုက်မယ်ပြောတာပါ၊ ကဲပါ လုံးချင်းဘန်ဂလို တစ်ခုသာငှားလိုက်ပါဟာ"

"အေး. . အေး"

ချစ်ခွန်းနှင့် မြတ်စိုး အသက်ရှူချောင်သွားသည်။ စိတ်ထဲ၌လည်း လန်းဆန်းပျော်ရွှင်သွားသည်။ ငွ-ငတောင်ဂုတ်၊ တောင်ကြားလမ်းကို တစ်ယောက်ညောင်း တစ်ယောက်မောင်းပြီး ဖြတ်ကျော်ခဲ့ရသော သူတို့နှစ်ဦး၏ခါးများ တောင့်နေပြီဖြစ်





ရာ ယခုလို မုန်းမာန်ပြေထံမှ အနားယူဖို့အတွက် ခွင့်ပြုချက်ရလိုက်သည်နှင့် တစ်ပြိုင်နက် အမြန်ဆုံးတည်ခိုးရန် စီစဉ်လိုက်သည်။

"မြန်မြန်လုပ်မှ ခွန်းရေ၊ စိတ်ထားမပြောင်းခင်"

"အေးကွ"

ချစ်ခွန်းက တည်းခိုခန်းစုံစမ်းရန် ရုံးခန်းသို့ထွက်သွားလေသည်။

မုန်းမာန်ပြေ ဒေါသစိတ်တို့ ပြေလျော့သွားသည်။ မြတ်စိုးရော ချစ်ခွန်းပါမိမိအား စိတ်ရှည်လက်ရှည်စောင့်ရှောက်ခြင်းအတွက် မိမိ၏ကုသိုလ်ဟုဆိုကာ ကျေနပ်မိသည်။ သူတို့နှစ်ဦး၏ တီးတိုးစကားကြောင့် မုန်းမာန်ပြေအမျက်တို့သည် ပြေလျော့သွားသည်။

အမှန်ဆို အပန်းဖြေရန်လာသင့်သော နေရာဒေသ၌ သောကနှင့် ရောက်၍လာခြင်းအတွက် စိတ်ဘဝင်မကျနိုင်သည်မှာတော့ သေချာသည်။

တစ်ဆက်တည်း လမ်းခရီး၌ကြုံကြိုက်တုန်း ကူညီလိုက်သောကုသိုလ်ကို စဉ်းစားလိုက်မိသည်။

ချစ်ခွန်းသည်လည်းကောင်း၊ မြတ်စိုးသည်လည်းကောင်း မိမိနှင့်အတူ လိုက်လိုက်လဲ့လဲ့ပင် ကူညီသည်။

နှောင်ဖွဲ့အား သည်ခရီးစဉ်အကြောင်း ရေးပြရန် သင့်မသင့် စဉ်းစားလိုက်သည်။

ချစ်ခွန်းဟူသော သူငယ်ချင်းသစ်တစ်ယောက်တို့အုပ်



www.burmeseclassic.com

www.burmeseclassic.com



စုမှာ တိုးနေပြီဟု အားလုံးကတော့စာဖြင့် အသိပေးပြီးသား ဖြစ်သည်။

"ပြေ. . လာ. . ရပြီ"

ရှိသည့်အထုပ်များကို ဆွဲယူကာ သယ်သွားသော ချ
ခွန်းနောက်ကို မုန်းမာန်ပြေ အပြေးတစ်ပိုင်းလိုက်ရသည်။

ခေတ်မီသေသပ်လှပသော လုံးချင်းဘန်ဂလို၏ တစ်
ယောက်အိပ်ခန်း၌ မိမိကို နေရာချပေးလိုက်သည်။

"နင်တို့နှစ်ယောက်ကကော"

"ဟိုဘက်မှာလေ နှစ်ယောက်အိပ်ခန်း၊ ညရောက်ရင်
ငါတို့ တံခါးပိတ်မအိပ်ဘူး၊ နင်အရေးအကြောင်းရှိရင် နှိုးလိုက်"

"အေးပါ ငါမကြောက်တတ်ပါဘူး"

"ငါတို့ ရေသွားကူးမယ်"

"ငါလဲ လိုက်မယ်"

"နင် ဘီကီနီပါလို့လား"

"ဂျင်းဘောင်းဘီနဲ့ စပို့ရှပ်နဲ့ ဝတ်ကူးမယ်၊ ဒါမှ အသား
မည်းသက်သာမယ်"

"ကောင်းတယ်၊ ငါတို့ မျက်နှာအပူရ သက်သာတာပေါ့"

"လိပ်ပုနေဉ်၊ တော်ကြာ လိပ်ကျင်းတွေထဲမှာ ဝင်မေ
နဲ့ဦး"

လူငယ်စိတ်ဆိုသည် စိတ်ညစ်ညူးလည်း တစ်ခဏ
ချက်ချင်းပင် မုန်းမာန်ပြေသည် သူငယ်ချင်းနှစ်ဦးနှင့်အတူ
ပင်လယ်ကမ်းခြေ၌ လှိုင်းစီးရင်း ရေကူးရင်း စပိဘုတ်စီး





သောကဟူသမျှကို မေ့ကာ ပင်လယ်ဖျံလေးနှယ် ပျော်ရွှင်ခြင်း
အမှုကို ရောက်ရှိလျက်ရှိသည်။


ချစ်ခွန်းရင်ထဲ အလိုလိုပျော်ရွှင်နေသည်။ သူပျော်ရွှင်
ခြင်းက မုန်းမာန်ပြေ၏ ပျော်ရွှင်ခြင်းကို မြင်နေရသဖြင့် နှလုံး
သားအိမ်သည် အလိုအလျောက် ပျော်ရွှင်ခြင်းကူးစက်ခြင်းသာ
ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၃)

"ဟင်း. . ဟင်း. . ဟင်း. . ဟင်း"

ညည်းညူသံသည် အအိပ်ဆတ်သော ချစ်ခွန်းနားတွင်သို့ ကျူးကျော်ဝင်ရောက်လာသည်။ ထို့ကြောင့် သူဆတ်ခနဲထိုင်လိုက်ပြီး နားစွင့်လိုက်သည်။

"ဟင်း. . ဟင်း. . ဟင်း "

ဟုတ်သည်၊ ညည်းတွားသံ။ လူတစ်ယောက်၏ ညည်း





တွားသံဟု အိပ်မှုန်စုံမွှား လွင့်ပြယ်သွားချိန်၌ တိကျစွာသိလိုက်ရသောအခါ ထိတ်ခနဲဖြစ်သွားသည်။ ထို့ကြောင့် သူသည် ဘေးခုတင်ရှိ မြတ်စိုးအား သွားရောက်လှုပ်နှိုးပြီးဖြစ်သွားသည်။

"ဟေ့ကောင် ဂျပု၊ ထစမ်း. . ထစမ်း"

"ဟေ ဘာဖြစ်လို့လဲ၊ ရှီးလမ့်၊ အိပ်မက်ကောင်းတုန်းကွာ"

"ညည်းသံကြားလို့ကွ"

မြတ်စိုးက ကယောင်ကတမ်း ထိုင်ပြီးကာမှ ပြန်လည်အိပ်ချရန် ကြိုးပမ်းရင်း ပါးစပ်မှလည်း. .

"လခွီး လူကောင်ကြီး ဒီလောက်ကြီးထွားပြီး သရဲဘောတလဲ နည်းလိုက်တာမှ လွန်ရော၊ အိပ်ပျက်တယ်ကွာ၊ ခိုညည်းသံဖြစ်မှာပေါ့"

"ဟေ့ကောင် မအိပ်နဲ့ဦးကွ၊ ခိုညည်းသံမဟုတ်ဘူး၊ လူညည်းသံကွ၊ ပြွေအခန်းကအသံ"

မြတ်စိုးမျက်လုံးအတန်ငယ် ကျယ်လာဟန်တူပါသည်။

"ဟုတ်လား"

"ဟုတ်တယ်၊ အဲဒါသွားကြည့်မလို့၊ ငါတစ်ယောက်တည်းမကောင်းတတ်လို့ မင်းကိုနှိုးလိုက်တာ"

မြတ်စိုးက ချစ်ခွန်းကို ဖျတ်ခနဲကြည့်လိုက်သည်။ ချစ်ခွန်းအပေါ်၌ ကရုဏာသက်သွားသည်။ အစစအရာရာ စည်းစောင့်မှုရှိသော ယောကျ်ားတစ်ယောက်ပါလားဟုလည်း သူ့ခြေ ခွန်းအပေါ် လေးစားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ဒါဖြင့် သွားကြည့်တာပေါ့"

မြတ်စိုးအိပ်ရာထက်မှ လူးလဲထကာ ချစ်ခွန်းနှင့်အတူ မုန်းမာန်ပြေ အိပ်ခန်းရှိရာသို့ လိုက်သွားလိုက်သည်။

"ဟင်း. . ဟင်း. . ဟင်း"

ညည်းညူသံက ပို၍ကျယ်လာသည်။

သေချာပါသည်။ မုန်းမာန်ပြေထံမှ ညည်းညူသံဖြစ်ဖို့ ရာသေချာနေသည်။ ချစ်ခွန်း စိုးရိမ်ပူပန်ခြင်းကြီးစွာဖြင့် တံခါးကို ခေါက်လိုက်သည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

နှုတ်မှလည်း၊

"ပြေ. . ပြေ. . ဘာဖြစ်နေတာလဲ၊ တံခါးဖွင့်ပါဦး"

ညည်းညူသံ ပျောက်ကွယ်သွားသည်။

တစ်ဆက်တည်း. . .

"အင်း. . အင်း. . လာပြီ"

ဟူသော နွမ်းလျသံနှင့် ထူးသံကို ကြားလိုက်ရသည်။

ထိုကာလလေးက မုန်းမာန်ပြေအသံနှင့် တံခါးဖွင့်သည့် ကာလကလေးကို ချစ်ခွန်းအတွက် အလွန်ရှည်ကြာလွန်းလှ သည်။ ဇောချွေးများပင် ပြန်ချင်လာသည်။

ဂျလောက်ဟူသောအသံနှင့်အတူ တံခါးဖွင့်လာသည် နှင့်တစ်ပြိုင်နက် အရာတစ်ခုသည် တံခါးဝ၌နီးကပ်စွာ ရှိနေ သော ချစ်ခွန်းဆီသို့ လဲပြိုကျလာသည်။

"ဟာ. . ပြေ"





ပူချစ်အိခွေးနေသော ခန္ဓာကိုယ်တစ်ခုလုံး ချစ်ခွန်း ထွေးပိုက်လိုက်သည်။

တစ်ဆက်တည်း စိုးရိမ်ပူပန်မှုကြီးစွာဖြင့်. . .

"ပြေ. . ပြေ. ."

"အရမ်းဖျားနေတာပဲ၊ လုပ်စမ်းပါဦး ဆရာဝန်ရှာကွာ"

"မိမုန်းကို ခုတင်ပေါ် အရင်ပို့လိုက်ဦးကွာ"

မြတ်စိုးက ပြူးတူးပျာတာဖြစ်နေသော ချစ်ခွန်းအား သတိပေးလိုက်သည်။ ထိုအခါမှ ချစ်ခွန်းသည် 'အေး. . ဟုတ် သားပဲ' ဟုဆိုကာ မုန်းမာန်ပြေကို ပွေ့ချီကာ ခုတင်ပေါ်သို့ တင် လိုက်သည်။

"မင်း မိမုန်းကို ရေပတ်ကလေးဘာလေး တိုက်ထားပေး နှင့်ကွာ၊ ငါအစောင့်ကိုနိုးပြီး ဆရာဝန်သွားပင့်လိုက်မယ်"

"အေး. . အေး"

မြတ်စိုးအနေဖြင့် သည်နေရာမှ သူဦးဆောင်မှရတော့ မည်ဟု အတတ်သိလိုက်သည်။ ချစ်ခွန်း၏ တည်ငြိမ်မှုသည် တကယ့်တကယ် နှလုံးသားနှင့်ပတ်သက်၍ ကြုံတွေ့လာသော အခါ၌ ပျာယာခတ်ကာ ခြေမကိုင်မိ လက်မကိုင်မိနှင့် စိုးရိမ်ပူ ပန်မှုက အထွတ်အထိပ်သို့ ရောက်ရှိနေလေပြီ။

မြတ်စိုး ထွက်သွားသည်နှင့် ချစ်ခွန်းသည် မုန်းမာန်ပြေ ကို ကြည့်ကာ ဇောချွေးများပြန်နေလေပြီ။ ချစ်ချစ်တောက်ပူ နေသော နဖူးပြင်ကို အသာတို့ထိစမ်းလိုက်မိတိုင်း စိုးရိမ်ခြင်း ဟူသော ခံစားမှုကို တား၍မရအောင် ဖြစ်ပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ မြတ်စိုးသတိပေးထားသည်ကို သတိရကာ မျက်နှာသုတ်ပဝါတစ်ထည်ကိုယူကာ ရေနှစ်ပြီး ညှစ်လိုက်သည်။

မျက်နှာ၊ လည်ပင်းနှင့် ဒူးမှအစ ဒူးအောက်ပိုင်းကို ပွတ်တိုက်ပေးလိုက်သည်။ အပူများသော ချိုင်း၊ ပေါင်ခြံတို့ကို တိုက်ပေးခြင်းသည် ထိရောက်မှုန်းသော သူသိပါသည်။ သို့သော် ဤမျှအထိ သူ့စိတ်သည် မရဲတင်းသကဲ့သို့ သူ့လိပ်ပြာသူမလုံ။

သူမထံမှ အပူဟပ်မှုကြောင့်လား၊ သူ၏စိုးရိမ်ပူပန်မှုသောကကြောင့်လား ခွဲခြားမသိနိုင်သော်လည်း သူ့တစ်ကိုယ်လုံး ချွေးများရွှဲနစ်နေသည်။ ရေပတ်တိုက်ပေးခြင်းကို အခါခါသူပြုလုပ်ပေးသည်။

သူမထံမှ ညည်းညူသံတို့ တိတ်သွားသည်။ အချိန်မည်မျှကြာသွားသည် မသိလိုက်ခင်မှာပင် မြတ်စိုးနှင့် အမျိုးသားတစ်ဦး ရောက်ရှိလာသည်။

ထိုအခါကျမှ ချစ်ခွန်းမှ အသက်ဝဝရှူခွင့်ရသွားလေတော့သည်။







# အခန်း (၂၄)

မုန်းမာန်ပြေ အက်ကွဲမတတ်ပူလောင်မှုကို လည်ချောင်း၌ ဖြစ်ပေါ်ခံစားလိုက်ရသည်။ ရေငတ်ခြင်းကို မွတ်သိပ်စွာခံစားရပြီး အိပ်ပျော်နေရာမှ နိုးလာသည်။ သို့သော် ကိုယ်လက်တို့ကို သေယ်ချင်အောင် နုံးလျက်ရှိရာ ရုတ်တရက်မထသေးဘဲ မျက်လုံးဖွင့်ကြည့်လိုက်သည်။

လှိုင်းပုတ်သံ တဝုန်းဝုန်းကြောင့် ပေလီကမ်းခြေဟိုတယ်



www.burmeseclassic.com

www.burmeseclassic.com



သို့ရောက်ရှိနေမှန်းကို သတိရလိုက်သည်။ တစ်ဆက်တည်း ညကခေါင်းမထူနိုင်အောင် အပြင်းဖျားခဲ့သည်ကိုလည်း အမှတ်ရလိုက်သည်။

မျက်လုံးကိုရွှေ့လျားလိုက်သောအခါ. . .

"ဟင်"

မိမိခုတင် အနီးအနားတွင် ဒရင်းဘက်တစ်လုံး၌ အိပ်ပျော်နေဟန်တူသော ချစ်ခွန်း။ ပြီးတော့ မလှမ်းမကမ်း ခုတင်၌ လိပ်ပု(ခေါ်) ဂျပုခေါ်မြတ်စိုး။

အမှတ်ရလိုက်သည်က မိမိတံခါးကို လာခေါက်သဖြင့် ဖွင့်ပေးလိုက်သည်။ နောက် မူးမိုက်ကာ မေ့သွားခဲ့သည် ထင်ပါသည်။ ဘာကိုမှ သတိမရတော့။

အဖျားကြီးနေသော လူနာတစ်ယောက်ကို မည်သို့မည်ပုံ ပြုစုရမည်ကိုလည်း ခေတ်မီသူပီပီ နားလည်သည်။

ထို့ကြောင့် ချစ်ခွန်းနှင့် မြတ်စိုးသည် သူငယ်ချင်းဖြစ်သောမိမိ၏ အဖျားတက်နေမှုကို ရေပတ်တိုက်ပေးခြင်း၊ ချွေးဝတ်များ လဲပေးခြင်းတို့ကို ပြုလုပ်ပေးကြပေလိမ့်မည်။

ထိုအခါ. . .

ရှက်ရွံ့ခြင်းကြောင့် ထူပူကာ အဖျားပင် ပြန်တက်လာရော့သလားမသိ။ မျက်နှာတစ်ပြင်လုံး မီးဟပ်ခံရသကဲ့သို့ ပူလောင်ကာ ကတုန်ကယင်ဖြစ်ပြီး အနား၌ရှိနေသော ရေသန့်ပုလင်းကို ချစ်ခွန်းတို့ မကြားစေရန် အသာယူလိုက်သည်။

"ဂျလောက်"





ဂရုစိုက်ကာမှ မတော်တဆနှင့် လာ၍တိုးရသည်။ မိမိ၏ တုန်ယင်နေသော လက်က အစွန်း၌ရှိသော ရေခွက်ကို တိုက်မိကာ စားပွဲပေါ်မှ ကျသွားသည်။

"ဟင်. . . ပြေ နိုးလာပြီ"

ချစ်ခွန်းက ဖျတ်ခနဲနိုးလာပြီး ထထိုင်ကာ ရေပုလင်းကို ယူပေးသည်။

မုန်းမာန်ပြေ ကြောင်အအနှင့် ဖြစ်သွားသည်။ ရေသန့်ပုလင်းကို ကယောင်ကတမ်းနှင့် ကိုင်ထားလိုက်ပြီး ချစ်ခွန်းကို မှုတူးကြောင်တောင်နှင့် ကြည့်လိုက်သည်။

ချစ်ခွန်းက ကျသွားသော စတီးခွက်ကလေးကို ကောက်ကာ ရေချိုးခန်းဘက် ထွက်သွားပြီး ဘေစင်၌ သွားဆေးသည်။

ပြီးတော့ ပြန်လာပြီး မုန်းမာန်ပြေလက်ထဲမှ ရေသန့်ပုလင်းကို လှမ်းယူကာ ရေခွက်ထဲသို့ ငှဲ့ထည့်ပေးလိုက်သည်။

"သက်သာသွားပြီလား၊ ကိုယ်ပူသေးသလား"

ရေခွက်ကို ကမ်းပေးရင်း ချစ်ခွန်းကို စိုးရိမ်ပူပန်မှု အကြည့်ရှိနေသော မျက်လုံးဖြည်ကြည့်ကာ ညင်သာစွာမေးလိုက်သည်။

စောစောက ထိန်းချုပ်ထားခဲ့ရသော ရှက်ရွံ့ခြင်းနှင့်အတူ ရောထွေးကာ စွဲကပ်နေသည့်ဝေဒနာရပ်တို့သည် ပေါက်ကွဲ ပွင့်စဉ်မှ ဖြစ်ပေါ်သွားသည်ထင့်။

မိုးသီးမိုးပေါက်ပမာ မျက်ရည်ပေါက်တို့က ပိုးပိုးပေါက်ပေါက် ကျဆင်းလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဘာ. . ဘာဖြစ်လို့လဲ၊ ခေါင်းကိုက်လို့လား"

ချစ်ခွန်းသည် ရေခွက်ကိုစားပွဲပေါ် တင်လိုက်ပြီးနောက် မုန်းမာန်ပြေ၏ နဖူးပြင်သို့ လှမ်းစမ်းလိုက်သည်။

"သိပ်တော့ မပူတော့ပါဘူး၊ ဘာဖြစ်လို့လဲ ခေါင်းကိုက်လို့လား"

ချစ်ခွန်း မသိဟန်ပြုတာလားဟူသော အတွေးက ဝင်သောအခါ၌ အနည်းငယ်တော့ အနေရခက်ခြင်းမှ သက်သာသွားလေသည်။

သို့သော် ရင်တွင်းလှိုက်တက်နေသော ဝေဒနာတစ်ရပ်ကတော့ မလျော့ပါသွားချေ။

ထို့ကြောင့် မျက်ရည်စတို့က စိမ့်စမ်းကြားမှ စီးဆင်းနေသော စမ်းရေသဖွယ် အဆက်မပြတ်တသွင်သွင်စီးဆင်းလျက် ရှိလေသည်။

"ရော်. . ခက်ပါဘိ၊ ငါဘာလုပ်ပေးရမလဲ ပြေရယ်"

ချစ်ခွန်းက မျက်ရည်များကိုလှမ်းသုတ်ပေးရင်း ကရုဏာသက်စွာဖြင့် မေးလိုက်လေသည်။ မုန်းမာန်ပြေ၏ ကြေကွဲမှုသည် သူ၏ ကြေကွဲမှုဖြစ်သည်။ မုန်းမာန်ပြေ၏ဝေဒနာဟူသမျှကို လွှဲယူကူးပြောင်း၍ရလျှင် ကူးပြောင်းခံစားလိုက်ချင်ပါသည်။

အမှန်တကယ်တော့ မုန်းမာန်ပြေ၏စိတ်တွင် ချစ်ခွန်း၏ ရင်ခွင်သို့ မျက်နှာအပ်ကာ အားပါးတရ ငိုကြွေးချင်သောဆန္ဒ ဖြစ်မိသည်။

ထို့အတူ ချစ်ခွန်းသည်လည်း အားငယ်ခြင်း၊ ရှက်





ကြောက်ခြင်းနှင့်အတူ ကြေကွဲဝမ်းနည်းစွာ ငိုကြွေးနေသော မုန်းမာန်ပြေကိုလည်း ထွေးပွေ့ကာ အငိုတိတ်စေရေးအတွက် ချော့မြှူကာ အားပေးလိုပါသည်။

ဘဝတစ်ခုလုံး၌ ဆုံစည်းခြင်းကို လမ်းမမြင်သော မျိုးပြိုင် နှစ်ခုအတွက် ဖြူစင်သန့်ရှင်းသော မေတ္တာတရားနှင့် တည်ဆောက်ကြရတော့မည့် မိမိတို့နှစ်ဦး၏ ဘဝရှေ့ရေးအတွက် ကိုယ်စိတ်နှလုံး သုံးပါးစလုံးကိုသာ ချုပ်တည်းခြင်းမှ လွဲ၍ အခြားဘာကိုမှ မဆောင်ရွက်သင့်ဟု ချစ်ခွန်းနားလည်သည်နှင့် အညီ. . .

မုန်းမာန်ပြေ၏မေးကိုကိုင်ကာ အဓိပ္ပာယ် နက်ရှိုင်းခြင်းတို့ပါ ပါဝင်ယှက်သန်းနေသော ကြေကွဲရိပ်ဆင်သော မျက်လုံးအစုံ၊ ယိုစိမ့်ထွက်နေသော ကြေကွဲပွင့်တို့ကို သုတ်ပေးရင်း အင်အားရှိသောအပြုံးကို သူပြုံးပြလိုက်သည်။

ချစ်ခွန်း၏ အပြုံးအင်အားသည် မုန်းမာန်ပြေ၏ နှလုံးသားသို့ ထိမှန်လေသည်။

အားပေးသော အပြုံး၊ နားလည်သောအပြုံး၊ တောင်းပန်တိုးလျှိုးသော အပြုံးတစ်ရပ်ဟု နားလည်ကာ မုန်းမာန်ပြေ၏ ခံစားနေရသော ရှက်ရွံ့၊ ကြေကွဲ၊ အားငယ်စိတ်တို့သည် တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားသည်။

"တိတ်တော့ ပြေ၊ နင်ဘာမှအားမငယ်နဲ့နော်၊ နင့်ရှေ့မှာ ငါအမြဲရှိနေမှာပါ၊ ကိုင်း. . တိတ်. . တိတ်တော့"

တိုးတိတ်ညင်သာသောအသံဖြင့် ခိုင်မာစွာဆိုလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မုန်းမာန်ပြေ ခေါင်းညိတ်လိုက်ခြင်းဖြင့် လည်းကောင်း၊ မျက်လုံးအကြည့်အားဖြင့်လည်းကောင်း ချစ်ခွန်း၏စကားကို နာခံလိုက်သည်။

မျက်ရည်စိမ့်အိုင်ကလေး ခန်းခြောက်သွားလေပြီ။

ချစ်ခွန်းကပြုံးကာ မျက်ရည်သုတ်ပေးနေသော လက်ကိုလည်းကောင်း၊ မုန်းမာန်ပြေ၏မေးကို ကိုင်တွယ်ထားသော လက်ကိုလည်းကောင်း ရုပ်သိမ်းလိုက်သည်။

ထို့နောက် စားပွဲပေါ်မှ ရေခွက်ကလေးကိုယူကာ မုန်းမာန်ပြေအား ကမ်းပေးလိုက်သည်။

မုန်းမာန်ပြေက မျက်တော်မခတ်ကြည့်နေမိသော အကြည့်ကို ချစ်ခွန်းထံမှ ရုပ်သိမ်းကာ မျက်လွှာကလေးချပြီး ရေခွက်ကိုယူကာ ညင်သာစွာ မော့သောက်လိုက်လေသည်။

ထိုစဉ်. . .

သူတို့နှစ်ဦး၏ အဖြစ်အပျက်ဟူသမျှကို အိပ်ပျော်ချင်ဟန်ဆောင်ကာ ခိုးကြည့်နေသောမြတ်စိုးက အစအဆုံးမြင်တွေ့လိုက်ရသည်။

သူ့ရင်ထဲသို့တိုင်အောင် ကြေကွဲမှုတို့ကူးစက်ကာ မှင်တက်နေကြသည်။

တကယ့်ကို သစ္စာတရားကြီးမားကြသူတွေပါပဲဟု သူမှတ်ချက်ချမိကာ စိတ်မကောင်းခြင်းကြီးစွာဖြင့် အိပ်ပျော်ချင်ဟန်ဆောင်နေလိုက်သည်။





"ပြေ ခဏနေခဲ့နော်၊ ငါ နင်ဆေးသောက်ဖို့အတွက် တစ်ခုခုသွားစီစဉ်လိုက်ဦးမယ်"

ချစ်ခွန်းသည် ပြောပြောဆိုဆို အိပ်ခန်းထဲမှ ထွက်သွားသံကိုလည်း ကြားလိုက်ရသည်။

မုန်းမာန်ပြေ၏ သက်ပြင်းရှိုက်သံကိုလည်း သူကြားလိုက်ရသည်။

ဖြစ်နိုင်လျှင်. . .

နှောင်ဖွဲ့ရေ မင်းနောက်ဆုတ်ပေးလိုက်တော့ဟုသာ သူအော်ဟစ်လိုက်ချင်ပါသည်။ သို့သော်. . .




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၉)

ဖခင်၏ ဒေါသအိုးပေါက်ကွဲမှုကိုကြည့်ကာ မုန်းမာန်ပြေ ကျေနပ်မိသည်။

"ဒါဟာ လုံးဝမသင့်တော်တဲ့ကိစ္စပဲ၊ မိန်းကလေး တစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ဘယ်လောက်အထိ ထိခိုက်နစ်နာစေသလဲဆိုတာ မင်းမသိဘူးလား မဝေ"

"ဒါတော့ ကျွန်မလဲဘယ်သိမလဲ ကိုလတ်ရေ၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်က အိပ်ရာက မထနိုင်တဲ့အချိန်၊ သူသွားတာကလဲ ဖခင်ဆီကိုဆိုတော့. . . ”

“ဘာ ဖခင်ဆီကိုလဲ၊ ဖခင်ဆီကိုပဲလာလာ၊ လမ်းမှာ မိန်းမဖော်မပါဘဲ ယောကျ်ားလေးနှစ်ယောက်နဲ့ဆိုတော့ သင့်တော်မလား၊ မင်းစဉ်းစားကြည့်စမ်း”

“ဟုတ်လား၊ ဒီလိုဆိုရင် ရှင်နဲ့အတူပါသွားတဲ့ အေမီဆိုတဲ့ မိန်းကလေးကကော သူစိမ်း၊ ရှင်ကြီးနဲ့ နှစ်ယောက်တည်း၊ သိပ်သင့်တော်တယ်ပေါ့၊ ဟုတ်လား”

မုန်းမာန်ပြေ အားရသွားသည်။ မိခင်ထံမှ ဤကဲ့သို့ အချိုးကျကျ ပြန်နှက်မှုကို တစ်ခါမှမကြုံတွေ့ခဲ့ရ ယခုတော့မိခင်၏ ထိုးနက်မှုကြောင့် ဖခင် အမ်းတမ်းတမ်းဖြစ်သွားသည်ကို ကျေနပ်ကာ ပခုံးနှစ်ဖက်တွန့်၍ လက်သီးဆုပ်ကို မြှောက်ပြလိုက်သည်။ သို့သော် ထိုအပြုအမူသည် သူမချောင်းကြည့်နေသော ပုဏ္ဏားကွယ်ဘေးမှာဖြစ်သည်။

“ရှင် ဘာငြင်းချင်သေးသလဲ ဦးမောင်မောင်ဇင်၊ အရင်တစ်ခါ ရှင်နဲ့ကျွန်မ ဒီလိုကိစ္စမျိုးနဲ့ ပြတ်စဲလုဆဲဆဲမှာ သမီးလေးကြောင့်ရှင့်ကို ပြန်လက်ခံခဲ့ရတာ၊ ဒီတစ်ကြိမ်မှာတော့. . . ”

“မဟုတ်ဘူးမဝေ၊ ကိုယ်တို့ ခရီးမလွန်သေးပါဘူး”

“တော်စမ်းပါရှင်၊ ဆင်ကောင်ကြီး တွေ့နေတာတောင် ဆင်ခြေရာမဟုတ်ပါဘူးလို့ ရှင်ငြင်းချင်သေးသလား”

“ကိုယ်မှားပါတယ်၊ ပြီးတော့ကိုယ်နားလည်သွားပါပြီ သူကိုယ့်ဆီက ဘာလိုချင်သလဲဆိုတာကိုလဲ ကိုယ်သိသွားပါပြီ၊





သူတောင်းသလောက် ကိုယ်ပေးလိုက်ပါပြီ၊ ကိုယ်တို့လက်မထပ်ဖြစ်ခဲ့ပါဘူး၊ မင်းကိုလဲ ကိုယ်မကွာပေးနိုင်ဘူး၊ နောက်. . ကို. . မင်းစိတ်တိုင်းကျ ဖြစ်စေရပါမယ်”

“တော်စမ်းပါရှင်၊ လျှာအရိုးမရှိတိုင်း ပြောတတ်တဲ့ ရှင်တို့ယောကျ်ားစကားမျိုး ယုံခဲ့ပေါင်းများလို့ သေလုမြောပါး ဝေဒနာတွေကို ကျွန်မခံစားခဲ့ရလွန်းလို့ ခုတော့ အရေထူသွားပါပြီ”

“ထားပါတော့ မဝေရယ်၊ ကိုယ်တို့ကိစ္စ အသာထားပါ၊ သမီးလေးကိစ္စ ဘယ်လိုလုပ်မလဲ”

မုန်းမာန်ပြေ ပခုံးတွန့်လိုက်သည်။ မိဘနှစ်ပါးပြေလည်မှု ရရှိသွားလိမ့်မည်ဟု သူမ ယုံကြည်ပါသည်။

သို့သော်မိမိဘက် မြားဦးလှည့်လာခြင်းအတွက်ကိုမူ ရင်ခုန်စွာဖြင့် နားစွင့်လိုက်သည်။

“ဘာလုပ်စရာလိုလို့လဲ၊ သူ့ဘာသာသူ သူ့အဖေ သူစိမ်းမိန်းကလေးနဲ့ ထွက်သွားရာနောက်ကိုလိုက်ပြီး ခွဲပစ်ဖို့ကြံစည်တယ်၊ အဖေနဲ့ မတွေ့ဘူး၊ ဖျားတယ်၊ ပြန်လာတယ်၊ ဒါဟာ ရာဇဝင်ပျက်လောက်တဲ့ကိစ္စ မဟုတ်ဘူး”

“မင်း. . . ဒီလို ပေါ့ပေါ့ဆဆမပြောနဲ့ မဝေ၊ သမီးက မိန်းကလေးဖြစ်နေတာကို ထည့်စဉ်းစားပြီးမှ မင်းပြောကွ၊ မိန်းကလေးတစ်ယောက်ဟာ မိန်းမဖော်မပါဘဲ ယောကျ်ားကလေးနှစ်ယောက်နဲ့အတူတကွ ခရီးသွားခဲ့ပါတယ်ဆိုတဲ့ကိစ္စဟာ သမီးဘဝကို အမည်းစက်ထင်စေမယ့်ကိစ္စကွ၊ ဒါကို ကိုယ်လက်မခံနိုင်တာ”



www.burmeseclassic.com

www.burmeseclassic.com



"လက်မခံနိုင်တော့ ရှင်ကဘာလုပ်ချင်လို့လဲ"

"ဟ ဘာဖြစ်ရမှာလဲ၊ ဒီကောင်လေး နှစ်ယောက်ထဲက တစ်ယောက်ကတော့ သမီးချစ်သူဖြစ်မှာပေ့ါ၊ အဲ သူနဲ့အမြန် ပေးစားလိုက်ရင် ကိစ္စပြတ်ရောပေ့ါ၊ နောက်ကြောင်း ရှုပ်စရာလဲ မရှိတော့ဘူး"

"ရှင်ဟာလေ၊ နှစ်ယောက်စလုံးဟာ သမီးရဲ့သူငယ်ချင်း တွေရှင့်၊ သူတို့ချင်းဘာမှ မဖြစ်ကြဘူး၊ ခုခေတ်မှာလွပ်လပ်မှု ကို အလွဲသုံးစားလုပ်ပြီး ဖြစ်ချင်တိုင်းဖြစ်၊ ပျက်စီးချင်တိုင်း ပျက်စီးနေတဲ့ လူငယ်တွေအများကြီးရှိသလို စိတ်အလိုကို မလိုက် ဘဲ စိတ်ကိုထိန်းချုပ်ပြီး. . ဟွန်း၊ ရှင်တို့လိုလူကြီးတွေတောင် မစောင့်ထိန်းနိုင်တဲ့ ကိစ္စမျိုးကို စောင့်ထိန်းပြီး သန့်ရှင်းစင်ကြယ် စွာ နေကြတဲ့ လူငယ်တွေလဲအများကြီးရှိပါတယ်ဆိုတာ ရှင်သ ဘောပေါက်ထား၊ ဒီမှာ ဦးမောင်မောင်ဇင် ကျွန်မကလေ. . ရှင့်သမီးကိုလေ ချစ်ခွန်းနဲ့ပေးစားချင်တာမှ တစ်ပိုင်းကိုသေတာ ရှင့်၊ ဒါပေမယ့် မြင်းကမလှုပ် ခုံကလှုပ်ရမယ့်၊ မိန်းကလေးရှင် ဂုဏ်သိက္ခာကျဆင်းရမယ့် အဖြစ်မျိုးတော့ ကျွန်မတို့ တစ်သက် လုံးမလုပ်နိုင်ဘူး၊ ရှင့်သမီးကို ရှင်စိတ်မချနိုင်ရင် ရှင်ကိုယ်တိုင် ပဲ ရှင့်သမီးကို ရှင်မေးကြည့်ပေတော့"

"အိုကွာ ဒီကိစ္စမျိုး အဖေနဲ့သမီး ပြောလို့သင့်တော်ပါ့ မလားဆိုတာ မင်းစဉ်းစားကြည့်ဦး"

"အဲဒါဖြင့် ရှင်ဘာမှဆက်မပြောနဲ့တော့၊ ရှင်ကိစ္စသာ ပြတ်ပြတ်သားသားဖြစ်ပါစေ၊ ကျွန်မရှင့်ကိုဒုတိယအကြိမ်မြောက်





နောက်ဆုံးအကြိမ်အဖြစ် ခွင့်လွှတ်လိုက်မယ်၊ ဒါကလဲ သမီး ကြောင့်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သမီးကိုအဖမဲ့အနေနဲ့ မျက်နှာ မငယ်စေချင်ဘူး၊ သမီးလက်ထပ်တဲ့အခါမှာ မိစုံဖစုံနဲ့ မျက်နှာ မငယ်စေဘဲ ပွဲထုတ်ပေးချင်တယ်၊ ဟွန်း သမီးအိမ်ထောင် ရက် သားကျသွားပြီးလို့ကတော့ဖြင့် ဦးမောင်မောင်ဇင်ရယ် ဝေးပါ သေးတယ်"

မုန်းမာန်ပြေ ပခုံးတွန့်ကာ ချောင်းကြည့်နေသော လိုက် ဘာကို ဆုပ်ကိုင်ထားသော လက်မှဖြေလွှတ်လိုက်သည်။ ထို့ နောက် မိမိအိပ်ခန်းထဲသို့ ဝင်လိုက်သည်။

မိခင်နှင့် ဖခင်စစ်ပြေငြိမ်းမှု ရရှိသွားခြင်းသည် သား သမီးအတွက် အလွန်အဖိုးထိုက်တန်သော လက်ဆောင်ကောင်း တစ်ခုဖြစ်သည်ကို မိဘတိုင်း နားလည်သင့်သည် ထင်ပါသည်။

မိမိ,မိဘဘဝသို့ ရောက်ရှိခဲ့လျှင် အိမ်ထောင်ရေး ပြို ကွဲခြင်းမျိုး ဘယ်သောအခါမှ မရှိစေရဟု ဆုံးဖြတ်လိုက်သည်။

ထိုဆုံးဖြတ်ချက်နှင့်အတူ ပေါ်ပေါက်လာသော စိတ်ကူး တစ်ခုက နှောင်ဖွဲ့၏ အချစ်ဖြစ်သည်။

နှောင်ဖွဲ့သည် မိမိအပေါ်၌ နားလည်ခွင့်လွှတ်နိုင်သော အချစ်မျိုးနှင့် ချစ်ခြင်းမှဟုတ်ရဲ့လား။

ချစ်ခွန်းနှင့် မိမိအပေါ် နားလည်ခွင့်လွှတ်နိုင်ပါ့မလား။

အတွေးများနှင့်အတူ မြတ်စိုးကို သတိရလာသည်။ မြတ်စိုးသည် မိမိတို့သုံးဦးအကြောင်းကို အသိဆုံးသောကြောင့် ဖြစ်သည်။ ထို့ကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com



မုန်းမာန်ပြေ တယ်လီဖုန်းခွက်ကို ကောက်ကိုင်ပြီး ဂဏန်းခြောက်လုံးကို နှိပ်လိုက်သည်။

"ဟဲလို"

"လိပ်ပု. . အဲ. . မြတ်စိုး ရှိပါသလား အန်တီ"

"သမီးမုန်း ထင်တယ်"

"ဟုတ်ကဲ့ပါ အန်တီ"

"သမီး သူငယ်ချင်းကတော့ကွယ် ထုံးစံအတိုင်းပဲ၊ လူ… သလောက် ခြေကတော့ ရှည်သလား မမေးနဲ့၊ မနက်ကတည်း… အပြင်ထွက်သွားလိုက်တာ ပေါ်မလာဘူးလေ"

"ခွန်းတို့အိမ်များ သွားသလား မသိဘူး"

"မပြောတတ်တော့ဘူး၊ မောင်ချစ်ခွန်းတို့အိမ်ကို ဖုန်း… ဆက်ပြီးတော့သာ မေးကြည့်ပေတော့ သမီးရေ၊ တကယ်… သားပြန်လာရင်လဲ အန်တီပြန်ဆက်ခိုင်းလိုက်မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အန်တီ"

"ဒါပဲနော် သမီး"

"ဟုတ်ကဲ့ပါ"

တယ်လီဖုန်းချလိုက်ပြီး ချစ်ခွန်းဆီ ဖုန်းဆက်… ကောင်းမကောင်း စဉ်းစားလိုက်သည်။

ချစ်ခွန်းနှင့် မနေ့က ပြန်ရောက်ပြီးကတည်းက မတွေ့… သေးချေ။

ငပလီ၌ မိမိနေမကောင်းဖြစ်နေစဉ် ကာလအတွင်း ချစ်… ခွန်း၏ ဂရုစိုက်မှုက လိုလေသေးမရှိအောင် ပြည့်စုံလွန်း…





သည်။ ဖခင်တစ်ဦးက သမီးအပေါ် ဂရုစိုက်ခြင်းမျိုးကိုလည်း ကောင်း၊ မောင်တစ်ဦးက အစ်မအပေါ် ဂရုစိုက်ခြင်းမျိုးကိုလည်း ကောင်း၊ သူငယ်ချင်းအချင်းချင်း၏ ဂရုစိုက်ခြင်းမျိုးကိုလည်း ကောင်း မိမိနွေးထွေးစွာ ခံစားခဲ့ရသည်။

"တူ တူ တူ တူ တူ တူ"

တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသည်။

မုန်းမာန်ပြေ၏ အတွေးစဉ်တို့ လွင့်ပြယ်သွားသည်။

တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

"အမိန့်ရှိပါ"

"ပြေ"

"ဩော် ခွန်း"

"အဆင်ပြေလား"

"ဘာကိုလဲ"

"ဘိုးတော်နဲ့ မယ်တော်"

"ပြေသွားပြီ၊ ဟိုကိစ္စလဲ ပြီးပြတ်သွားပြီ ပြောတာပဲ"

"ဝမ်းသာပါတယ်"

"ဒါထက် ခွန်းတို့အိမ်ကို လိပ်ပုလာသလား"

"စောစောကတင် ပြန်သွားတယ်၊ ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ပါဘူး၊ ထင်လို့မေးတာပါ"

"အမြွှာညီအစ်မဆီကကော ဘာသတင်းကြားသေး သလဲ"

"မကြားသေးဘူး၊ သူတို့အိမ်လဲ မရောက်သေးဘူး၊ အဲ



www.burmeseclassic.com

www.burmeseclassic.com



ငပလီသွားတုန်း တစ်ရက်မှာတော့ ဖုန်းလာတယ်ပြောတာပဲ"

"ဘယ်ကလာတာလဲ"

"စင်ကာပူက"

"ဪ ဒါဖြင့် ခွန်း သွားလိုက်မယ်၊ မနက်ဖြန် မြွေဆီ ခွန်းလာခဲ့မယ်"

"ကောင်းပြီလေ"

"နေကောင်းအောင် နေနော်၊ ဒီနေ့ ရေချိုးပြီလား"

"ချိုးပြီ"

"ဟင် ဒီနေ့မှ စနေလေ၊ ဘာဖြစ်လို့ ချိုးရတာလဲ"

ချစ်ခွန်း၏ ပူပန်မှုကို မုန်းမာန်ပြေ သဘောကျစွာ ရယ်လိုက်သည်။

"အဘိုးကြီးကျနေတာပဲ၊ အယူကလဲသီးပဲ"

"သီးရတယ်ခင်ဗျာ၊ သီးရတယ်၊ ရှေးထုံးလဲ မပယ်နဲ့ ဈေးသုံးလဲ မလွယ်နဲ့ဆိုတဲ့စကား ဘယ်သွားထားမလဲ၊ ခုခင်ဗျား ကအောင်စံဖြိုး ရေချိုးပါလို့ ကျုပ်ပြောထားလျက်သားနဲ့ မနက်ဖြန်အထိအောင် မစောင့်နိုင်တော့ဘူးလား"

ချစ်ခွန်း ကျွဲမြီးတိုလာလျှင်ထိုကဲ့သို့ 'ကျွန်တော်' 'ခင်ဗျား' တို့ ပြောင်းလဲသွားခြင်းကို မုန်းမာန်ပြေ သဘောကျမိကာ တမင် ကျီစယ်လိုက်ခြင်းဖြစ်သည်။ တကယ်တော့ရေမချိုးသေးပေ။

"အဲ့ဟင်းဟင်း မေ့သွားလို့ပါ ဘိုးဘိုးရယ်၊ နောက်ဆိုရင် မှတ်ထားပါ့မယ်"

"အန်တီတို့ကလဲ သမီးကို မနိုင်တော့ဘူးလား မသိပါ





ဘူးဗျာ၊ ရေချိုးတော့ ဘာဖြစ်သေးသလဲ"

"တအားချမ်းတာပေါ့၊ ဒါကြောင့်အိပ်ရာထဲမှာ ကွေးနေတုန်း ရှင့်ဆီက ဖုန်းလာတာလေ၊ ရှင်ပြောတာနဲ့ကြောက်တောင် ကြောက်လာပြီ၊ ရေချိုးလို့ သေတဲ့မသာ မရှိနိုင်ပါဘူးနော်"

"ရှိတာပေါ့၊ ရေမချိုးလို့ သေတဲ့မသာ မရှိဘူး၊ ရေချိုးများပြီး သေတဲ့မသာပဲရှိတယ်၊ ဆေးလေးဘာလေး သောက်ဦးနော်၊ သိပ်ချမ်းလာရင် ဆေးခန်းလေးဘာလေးပြလိုက်၊ ပေါ့နေနဲ့ပြေ၊ အန်တီတို့ကို ချမ်းတဲ့အကြောင်း ပြောလိုက်ဦးလေ၊ ကိုယ်ကော ပူသလား၊ အဖျားတိုင်းကြည့်လိုက်ပါလား"

"ဟင်းဟင်းဟင်း. . ဘာမှမဖြစ်ပါဘူး၊ ချမ်းလဲမချမ်းဘူး၊ ကျွန်မက ရှင့်ကိုတမင်ပြောတာ၊ ရေလဲမချိုးရသေးဘူး ရှင့်သိရဲ့လား"

"ပြေကလဲကွာ၊ ငါက အဟုတ်မှတ်လို့ စိတ်ပူသွားတာ၊ ငါ့ကို အဲဒီလို မကျီစားနဲ့ပြေ"

မုန်းမာန်ပြေ၏ ကြည်နူးမှုသည် ပြောင်းလဲသွားသည်။ ရင်ထဲထိရှသွားပြီး အနာတရအဖြစ်သို့ ပြောင်းလဲသွားသည်။

"ခွန်း"

"ဘာလဲ"

"နင် ငါ့အတွက် တော်တော်စိုးရိမ်ခဲ့ရသလားဟင်"

"ပြေ"

"ပြောလေ"

"ငါ့ရဲ့ စိုးရိမ်မှုအတိုင်းအတာကို ငါမပြောချင်ဘူး ပြေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နင့်အတွက် ငါစိုးရိမ်ခဲ့ပါတယ်၊ အလွန်အမင်းကို စိုးရိမ်ပူပန်ခဲ့တယ်၊ နင့်ရဲ့ဝေဒနာကို ငါလွှဲပြောင်းယူလို့ရရင် ယူလိုက်ချင်ပါတယ် ပြေ"

မုန်းမာန်ပြေ၏ ရင်၌ဆို့နင့်သွားလေသည်။ စောစောက ကြည်နူးပျော်ရွှင်စိတ်တို့ ပျောက်ကွယ်သွားလေသည်။

"ပြေ"

"ကျေးဇူးတင်ပါတယ်ခွန်း"

ဟု ငိုချင်စိတ်ကို ထိန်းကာ ပြောလိုက်ပြီးပြီးချင်း ဖုန်းကို ချလိုက်သည်။

တစ်ပြိုင်နက်ဆိုသလို မျက်ရည်များက လိမ့်ဆင်းလာသည်။


နှလုံးသားသည် ကြောက်မတ်ဖွယ် ကောင်းလောက်အောင်ကို ဖောက်ပြန်နေလေပြီ။

"နှောင်ဖွဲ့ရယ် ငါ့ကိုခွင့်လွှတ်ပါ၊ ငါလေ ခွန်းရဲ့အပြုအမူအယုအယကို သာယာခဲ့မိသလို တမ်းတမိခြင်းအတွက် ငါ့ကိုခွင့်လွှတ်ပါ"

စိတ်တွင်း တိတ်တခိုး တောင်းပန်လိုက်သည်။ သို့တိုင်အောင် ရင်တွင်းကြေကွဲမှုက လျော့ပါးမသွားပါချေ။







# အခန်း (၂၆)

"သမီးရေ မောင်မြတ်စိုးလာတယ်ဟေ့၊ လာထိုင်သား"

မိခင်ဒေါ်တင်ဇာဝေ၏ အသံပျံ့လွင့်လာသည်။ အိပ်ရာထဲတွင် မဂ္ဂဇင်းဖတ်နေသော မုန်းမာန်ပြေက စာအုပ်ကို ချလိုက်ပြီး လူးလဲထကာ. . .

"လာပြီ မေမေ၊ လာပြီ"

မနေ့က မိမိဖုန်းဆက်ထားသဖြင့် မြတ်စိုးလာခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု အတပ်သိသည်။ ညှော်ခန်းရောက်တော့ မြတ်စိုးက . .

"မိမုန်း နင်အားသလား"

"အားတာပေါ့ဟာ"

"အားရင် အန်တီဆီ ခွင့်တောင်းပြီး ငါနဲ့လိုက်ခဲ့ပေး ပါလား"

"ဘယ်ကိုလဲဟ"

"အမြွှာနှစ်ကောင် ပြန်လာပြီတဲ့၊ အဲဒါသူတို့အိမ်သား တွေ ခရီးထွက်သွားလို့ဆိုလားပဲ၊ ငါ့ကိုလာကြိုပေးပါဆိုလို့ သွားကြိုမလို့"

"လေဆိပ်ရောက်နေပြီလား"

"မရောက်သေးဘူး၊ ဘန်ကောက်က ဆက်တယ်ပြော တာပဲ"

"အေး. . ဒါဖြင့်ခဏစောင့်၊ ငါမေမေ့ကိုပြောပြီး လိုက် ခဲ့မယ်"

မီးဖိုဘက်သို့ ဝင်သွားသော မိခင်နောက်သို့ လိုက်ကာ မုန်းမာန်ပြေ ခွင့်တောင်းရသည်။

"မေမေ ဂျပုပြောတာ ကြားတယ်နော်"

"အင်း လိုက်သွားလေ"

မိခင်က မြတ်စိုးနှင့် အမြွှာညီအစ်မကိုတော့ ငယ်ပေါင်း များဖြစ်၍ ကြည်ဖြူခွင့်လွှတ်သည်။ အဆင့်တူ၊ ဂုဏ်ရည်တူခြင်း ကလည်း ယုံကြည်ခြင်းကို ဖြစ်ထွန်းစေတတ်သည် ထင်ပါသည် ဟု မုန်းမာန်ပြေရင်ထဲ နှောင်ဖွဲ့အတွက် ရင်နာနာနှင့်တွေးကာ





"ဂျပု ခဏစောင့် ငါရှိုင်းလိုက်ဦးမယ်"

"နင်တို့ မိန်းမတွေကဒါပဲ၊ မြန်မြန်လုပ်။ အပုပ်ကောင် ချပ်ဆောင်ဦးမယ်၊ ရေမချိုးခဲ့ရတာတော့ တစ်ပတ်"

"သေတော့မှာပဲ၊ ချေးခြောက်ရေနှုးမနေနဲ့၊ ဒီနေ့ ငါ ဆာစောကတင် ရေချိုးပြီးလို့ တွေးနေတာ ကောင်စုတ်ရဲ့"

မုန်းမာန်ပြေက ရန်တွေ့ပြီး အိပ်ခန်းထဲသို့ ဝင်ခဲ့လေ သည်။

မြတ်စိုးက အပြင်သို့ခေါ် ထုတ်ခြင်းက အကြောင်းတစ်ခု ရှိလိမ့်မည်ဟု မုန်းမာန်ပြေ ရိပ်မိလိုက်သည်။

နှောင်ဖွဲ့ဆီကစာလာ၍ စာဖတ်ဖို့များလား။ ရှစ်လဆို သော ကာလအပိုင်းအခြား၌ နှောင်ဖွဲ့ဆီက စာခုနှစ်စောင်သာ ရတ်ရသည်။ ယခုရှစ်ကြိမ်မြောက် စာလာပြီထင်ပါရဲ့၊ အဝတ် တို့ အမြန်ဆုံးလဲကာ ထွက်ခဲ့သည်။

"အင်း ထွက်လာတော့လဲ ဒီအတိုင်းပဲ"

"ဘာ ဒီအတိုင်းရမှာလဲ၊ အဝတ်လဲခဲ့တာ နင်မမြင်ဘူး လား"

"ဒီအတိုင်းပဲလို့ မဆိုလိုပါဘူး၊ လာသွားမယ်၊ တော်ကြာ ဆိုက်ဆိုက်သွားပြီး ငါတို့ကိုမတွေ့ရင် ဒေါကန်နေဦးမယ်၊ အန်တီရေ ကျွန်တော်တို့ သွားပါဦးမယ်"

"အေး. . အေး"

"မေမေ သွားမယ်နော်"

မုန်းမာန်ပြေ မြတ်စိုးဘေးသို့ ဝင်ထိုင်လိုက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မြတ်စိုးက ကားမောင်းထွက်ခဲ့သည်။ ခြံထဲမှ ထွက်ထွက်ချင်း မြတ်စိုးက. . .

"နင်ငါ့ဆီကို ပြန်ခဲ့တဲ့အပတ်က ဖုန်းဆက်တယ်ဆို၊ ငါခရီး ထွက်သွားတာနဲ့ နင့်ကို ဖုန်းပြန်မဆက်မိဘူး၊ နင်ငါ့ကို ဘာပြော စရာရှိလို့လဲ"

"ရှိတာပေါ့"

"ဘာလဲ ခွန်းအကြောင်းလား"

မုန်းမာန်ပြေ အံ့သြသွားသည်။ မိမိ၏စိတ်လှုပ်ရှားနေမှု ကို ဘေးပတ်ဝန်းကျင်က လူတွေပါ သိရှိနေပြီလား။

"ဟုတ်တယ်၊ ပေလီတုန်းက ငါသတိလက်လွတ်ဖြစ်နေ တဲ့အချိန်မှာ ငါ့အကျီတွေကို ဘယ်လိုလုပ်လဲပေးသလဲ၊ သူလဲ မပေးတာလား၊ နင်ကောပါသလား"

ထိုစကား ခွန်းကိုမေးဖို့ မုန်းမာန်ပြေအတော့်ကို အား ယူခဲ့ရသည်။ မြတ်စိုးသည် ငယ်ပေါင်းဖြစ်သည့်အတွက် မေးခဲ့ ပါသော်လည်း မျက်နှာတစ်ခုလုံးထူပူကာ သွားသည်ကိုတော့ မုန်းမာန်ပြေ သိရှိခံစားလိုက်ရသည်။

မြတ်စိုးမျက်နှာကို ရှက်ရွံ့စွာ ငဲ့စောင်းကြည့်ရင်းအကဲ ခတ်လိုက်သည်။

မြတ်စိုးမျက်နှာပြင်၌ ပြောင်းလဲခြင်းအရေးအကြောင်း တို့ကို မတွေ့ရှိရဘဲ. . .

"ဒါများဟာ အထူးအဆန်းမှတ်လို့၊ သူပဲလဲပေးတာပေါ့ ငါလားနင့်ကိုယ်ကို နိုင်မှာ၊ ဒါပေမယ့် သူအဝတ်လဲပေးချင်တဲ့





အချိန်မှာ ငါ့ကိုနှိုးတယ်"

"ဩော်"

"ငါက ရုတ်တရက်တော့ သဘောမပေါက်ခဲ့ဘူး၊ ဒါပေ မယ့် အိပ်ချင်မူးတူးဖြစ်နေတဲ့ ငါ့ကိုစိတ်ရှည်လက်ရှည်ရှင်းပြ တယ်၊ ငါတို့မြန်မာ မိန်းမသားတစ်ယောက်အတွက် အရှက်နဲ့ ဂုဏ်သိက္ခာဟာ အသက်တမျှတန်ဖိုးကြီးမားပါတယ် ဂျပု၊ အထူး သဖြင့် ငါမြတ်နိုးတဲ့ ပြေရဲ့ဂုဏ်သိက္ခာကို ငါ့ရဲ့အသက်လို တန်ဖိုး ထားပြီး လုံခြုံမှုစောင့်ရှောက်မှု ပေးချင်ပါတယ်၊ မင်းမအိပ်ပါနဲ့၊ စောင့်ကြည့်ပေးပါလို့ ပြောပြီးမှ အဝတ်လဲပေးတာ"

မုန်းမာန်ပြေ၏ ရင်၌ထိခိုက်မှုက နင့်နင့်သီးသီးဖြစ်ပေါ် လာသည်။ ကြည်နူးခြင်းနှင့် ကြေကွဲခြင်းတို့ ရောယှက်သော ခံစားမှုတစ်ရပ်ဟု သိလိုက်ရသည်နှင့် တစ်ပြိုင်နက် မျက်ရည် စက်တို့က ပါးပြင်ပေါ်သို့ တလိမ့်လိမ့်စီးဆင်းလာသည်။

"နင် သိပ်ကိုခံစားနေရသလား မိမုန်း"

မုန်းမာန်ပြေအသံထွက်အောင် ဖြေနိုင်သော အားအင် ပင်ပျောက်ဆုံးနေလေပြီ။

"ခွန်းကလေ. . နင့်ကို ဥပမာပေးရရင် လူပုံအလယ်မှာ ရေချိုးပြီး အဝတ်လဲရသလိုမျိုး"

မုန်းမာန်ပြေ နားမလည်သဖြင့် ငိုအားထက်ရယ်အား သန်ကာ ငိုမဲ့မဲ့ရောထွေးနေသော အသံဖြင့်. . .

"လူပုံအလယ် ဘာဖြစ်လို့ ရေချိုးရမှာလဲဟဲ့"

"နင်လဲ ဒုံးဝေးလိုက်တာ၊ ဥပမာကွာ ငါတို့ ချိုက်ထီး



www.burmeseclassic.com

www.burmeseclassic.com



ရှိး ဘုရားသွားတုန်းက ရေမြောင်ကြီးမှာ ရေချိုးကြတော့ နင်တို့ မိန်းမအုပ်စုတွေ ဘယ်လိုအဝတ်လဲကြသလဲ၊ အဲဒီလိုပေါ့၊ မမြင်သင့်မမြင်အပ်တဲ့အရာတွေမပေါ်အောင် မမြင်ရအောင် ဖုံးဖုံးဖိဖိ ကွယ်ကွယ်ဝှက်ဝှက်နဲ့"

"တော်ပြီ၊ ငါသဘောပေါက်ပြီ"

"အေး . . ဒါဆိုရင် အဝတ်လဲပေးတဲ့အပိုင်းဟာ သိပ်ကို ရှင်းသန့်တယ်ဆိုတာ ငါမျက်မြင်သက်သေအနေနဲ့ ငါနှောင်ဖွဲ့ကိုရှင်းပြနိုင်တယ်"

"နှောင်ဖွဲ့က ယုံပါ့မလား"

"ဟင်း . . နှောင်ဖွဲ့နဲ့ငါက ဖွားဖက်တော် မလုံတလုံကတည်းက ပေါင်းခဲ့ရတဲ့ငယ်ပေါင်းတွေဖဲ့၊ သူ့အကြောင်း ငါသိတယ်၊ သူနင့်အပေါ် ဘယ်အတိုင်းအတာအထိ ချစ်ခဲ့တယ်ဆိုတာ နင်သိတာထက်ကို ငါကပိုသိတယ်၊ ဒါကြောင့် ငါအရှင်းဆုံးပြောရရင် နှောင်ဖွဲ့ဟာနင့်ဘဝမှာ အမည်းစက်စွန်းထေးသွားခဲ့သည့်တိုင်အောင် နင့်ကိုခွင့်လွှတ်ပြီး သူ့မေတ္တာနဲ့ ထွေးပိုက် သွားမယ့်ကောင်မျိုး"

"ငါ ငါလဲ အဲဒီလိုပဲ ယုံကြည်နေပါတယ်"

မုန်းမာန်ပြေရင်ထဲ၌ လှုပ်ခတ်နေသည်။ ရင်၌ထန်နေသော မုန်တိုင်းသည် ချစ်တတ်လွန်းသောသူ၏ နှလုံးသား၏ ပျော့ညံ့မှုကြောင့်ဟု သူကိုယ်သူနားလည်ကာ ကိုယ့်ကိုယ်ကိုယ်သာ အပြစ်ပုံချမိသည်။

"ဒီလိုပါပဲဟာ ခွန်းကလဲ နင့်ကိုသိပ်မြတ်နိုး တန်ဖိုးထား





ဘယ် သိပ်ချစ်တယ်ဆိုတာကိုလဲ ငါသိနေပြန်တယ်"

"သူ ငါ့ကို ယနေ့ထိ ပရိုပို့စ်မလုပ်ပါဘူး"

"ဒါလဲ ငါသိတယ်၊ ဒါပေမယ့် ငါ့ကိုတော့ ဖွင့်ပြောတယ်"

"ဘယ်တုန်းကလဲ"

"ပေလီမှာပဲ၊ နင့်ကို ငါတို့တစ်ညလုံး မအိပ်ဘဲစောင့်ကြည့်နေခဲ့တယ်၊ အဲ့ဒီမှာ သူရင်ဖွင့်ခဲ့တယ်၊ သူပြောတဲ့စကားတွေကို ငါပြန်မပြောပြတတ်တော့ဘူး၊ နင်လဲ မသိချင်ပါနဲ့တော့၊ ဒါပေမယ့် နင့်ရင်ထဲမှာ ဝေခွဲမရဘဲ တွေဝေနေမယ်ဆိုတာ ငါသိတယ်၊ နင်မပြောနဲ့ ကြားလူဖြစ်တဲ့ ငါတို့တောင် တွေဝေခဲ့တာပဲ"

"နင်ကလဲဟာ ငါသိပ်စိတ်ညစ်တာပဲ၊ ငါနဲ့ခွန်း မတွေ့ခဲ့ရင်သိပ်ကောင်းမှာပဲ"

"ဒီလိုဆိုရင် အိမ်မက်လိုသဘောထားပြီး နင့်စိတ်ထဲကနေ ခွန်းကိုဖျောက်ဖျက်ပစ်လိုက်ပေါ့"

မုန်းမာန်ပြေရင်ထဲ နင့်သီးစွာ စူးရှနာကျင်သွားသည်။ ရင်ထဲတင်မက နှလုံးသားသို့တိုင် နက်ရှိုင်းစွာထိုးဖောက်ဝင်ရောက်နေသော ချစ်ခွန်းကို မိမိဘယ်လိုမှ ဖျောက်ဖျက်ပစ်၍ ရနိုင်မည်မဟုတ်ကြောင်း မိမိကိုယ်မိမိသာလျှင် အသိဆုံးဖြစ်နေသည်။

"မိမုန်း နင်တစ်ခုခုတော့ ပြတ်ပြတ်သားသား ဆုံးဖြတ်ရ ဖြစ်တော့မယ်"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှောင်ဖွဲ့ကိုဖြတ်ပြီး ချစ်ခွန်းကို ရွေးမလား"

"ငါ သစ္စာမဲ့တဲ့မိန်းမ အဖြစ်မခံနိုင်ဘူး"

မုန်းမာန်ပြေ စိတ်တွင်း တင်းခနဲဖြစ်သွားသည်။ ဒါဟာ မာနလားဟု တွေးမိကာ။

"ဟုတ်တယ် နှောင်ဖွဲ့မှာအပြစ်မှမရှိဘဲ၊ အပြစ်မရှိတဲ့ ကိုယ့်အပေါ် ချစ်မြတ်နိုးပြီးသစ္စာရှိစွာ ရိုးသားကြိုးစားနေတဲ့ လူတစ်ယောက်ကို သစ်စိမ်းချိုးချိုး ပစ်လောက်အောင် မိုက်ရိုင်း လွန်းတဲ့ မုဆိုးတစ်ပိုင်း မိန်းမရိုင်းအဖြစ်မျိုး ငါအဖြစ်မခံနိုင်ဘူး လိပ်ပုရာ၊ ငါနှောင်ဖွဲ့ကိုသိပ်သနားခဲ့တယ်၊ ပြီးတော့ချစ်ခဲ့ ခဲ့တာ နင်တို့ အသိဆုံးပါ"

"အင်း ဒါပေမယ့် နင် ချစ်ခွန်းကိုလဲ ချစ်တယ်မဟုတ် လား"

"ဒီမေးခွန်းကို ငါမဖြေနိုင်ဘူး၊ မဖြေသင့်ဘူးလို့လဲ ငါ ထင်တယ်"

မုန်းမာန်ပြေ နှောင်ဖွဲ့အပေါ်၌ နှလုံးသား သစ္စာဖောက် တစ်ခုသာ ကျူးလွန်ပါရစေတော့ခွန်းရယ် ဟု ရင်တွင်းချစ်ခွန်း ကို တိုင်တည်လိုက်သည်။

စကားတပြောပြောနှင့် ကားက မင်္ဂလာဒုံလေယာဉ် ကွင်းသို့ ရောက်ရှိလာပြီဖြစ်ရာ ယာဉ်ရပ်ရန်နေရာ၌ ကားကိုရပ် ထားခဲ့ပြီး စားသောက်ခန်းသို့ လာခဲ့ကြသည်။

"အမွှာနှစ်ကောင်က ငါ့ဆီတော့ ဖုန်းမဆက်ဘူး"

"အခုလာမှာ အမွှာနှစ်ကောင်မဟုတ်ဘူး"





"ဒါဖြင့် ဘယ်သူလဲ"

"နှောင်ဖွဲ့"

မုန်းမာန်ပြေ အံ့အားသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ဟုတ်တယ် နှောင်ဖွဲ့ပဲ"

မြတ်စိုးက မုန်းမာန်ပြေ ထိုင်နိုင်ရန် ကုလားထိုင်ကို ဆွဲထုတ်ကာ. . .

"ထိုင်လေ"

မုန်းမာန်ပြေသည် လူသားစင်စစ်မှ စက်ရုပ်တစ်ရုပ် ဖြစ်သွားလေတော့သည်။ မြတ်စိုးဆွဲပေးသော ကုလားထိုင်ပေါ်သို့ တောင့်တောင့်ကလေး ထိုင်ချလိုက်သည်။

"နင် ပိုအံ့သြသွားဦးမယ်"

"နှောင်ဖွဲ့ကို အမြန်ဆုံးခေါ်လိုက်ဖို့ အကြံပြုတာကလဲ ချစ်ခွန်းဖြစ်နေလို့ပဲ"


ဘယ်လိုတွေဖြစ်ကုန်တာလဲ။ မုန်းမာန်ပြေအတွက် တကယ့်ကိုပင် အိပ်မက်ကမ္ဘာသို့ ရောက်ရှိနေပြီထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၇)

ရင်တွင်းမချိမဆံ့ ဝေဒနာရပ်ကို ပိုင်ဆိုင်ထားရင်း မုန်းမာန်ပြေကို တရှိုက်မက်မက် ငေးကြည့်နေမိသည်။

ရုပ်ဖျက်ထားပြီး ရေဘင်မျက်မှန်အနက် တပ်ထားသော မိမိကို မုန်းမာန်ပြေရော မြတ်စိုးရောပါ မမှတ်မိကြချေ။

သူတို့နှင့် မလှမ်းမကမ်း စားပွဲ၌ထိုင်ပြီး အကဲခတ်နေ သည်။





အထူးသဖြင့် သူ၏နှလုံးသားပုံရိပ်ဖြစ်သော မုန်းမာန် ပြေ၏မျက်နှာပြင်ပေါ်မှ အရေးအကြောင်းများ။

စိတ်လှုပ်ရှားမှုကြောင့် ထင်သည်။ မျက်နှာကလေးဖြူ ဖျော့ကာ ရှိနေပြီးမှ. . .

"နင်ဘယ်တုန်းကတည်းက ခေါ်ထားတာလဲ"

"ငပလီက ပြန်ရောက်ရောက်ချင်းပဲ၊ နင် ငါ့ဆီကို ဖုန်း ဆက်တော့ ငါက ခွန်း အိမ်ကိုရောက်နေတယ်၊ ငါပြန်သွားတော့ ခွန်းက နင့်ဆီကို ဖုန်းဆက်တယ် မဟုတ်လား"

"အင်း"

"အေး. . ပြီးတော့ ခွန်းက ငါ့ကိုချက်ချင်းလာခေါ်ပြီး ရင်ဖွင့်တယ်၊ တစ်ခုခုကို ပြတ်ပြတ်သားသားဆုံးဖြတ်မှ ဖြစ်တော့ မယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သူ့စိတ်ကို သူနိုင်နင်းဖို့ရာ သူ အာမမခံနိုင်တော့ဘူး၊ ဒါကြောင့် နှောင်ဖွဲ့ကို ခေါ်ပေးပါ၊ သူတွေ့ ချင်တယ်ဆိုလို့ ငါလဲဖုန်းဆက်ပြီး အရေးကြီးတယ်၊ မင်းကိုယ် တိုင် လာဖြေရှင်းမှရမယ့် ကိစ္စမျိုးဆိုပြီး ဖုန်းဆက်ခေါ်ရတာပဲ"

မြတ်စိုးနှင့် မုန်းမာန်ပြေ ပြောသမျှစကားတို့ကို သူအ တိုင်းသား ကြားနေရသည်။

"ဟာ အမြွာညီမ နှစ်ကောင်ရှိရင် သိပ်ကောင်းမှာပဲ"

"ဘာဖြစ်လို့လဲ"

"မိန်းမသား အချင်းချင်းဆိုတော့ ခံစားချက်ခြင်း၊ ခံယူ ချက်ခြင်းတူညီနိုင်ကြတယ်၊ သူတို့ဟာ ငါ့အတွက်အကောင်း ဆုံးသောအကြံဉာဏ်တွေ ပေးနိုင်ကြလိမ့်မယ်လို့ ငါယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

"ဒီမှာ မိမုန်း၊ ဒီကိစ္စမျိုးဟာ ဘယ်သူ့အကြံဉာဏ်မှ မယူသင့်ဘူး၊ အချစ်နဲ့စစ်ကြားမှာ ကြားဝင်တဲ့လူဟာ အမိုက်မဲ ဆုံးပဲတဲ့၊ ဟုတ်တယ် အချစ်ရေးမှာ ကြားမပါဘဲဆုံးဖြတ်ချက် ချတာဟာ အကောင်းဆုံးပဲ"

"နှောင်ဖွဲ့က တကယ်လာမှာလားဟင်း"

မုန်းမာန်ပြေ၏ တုန်ယင်သော မပံ့မရဲ မေးသံလေး သည် သူ့နှလုံးသားကို ထိရှစေသည်။

သူတို့ဟာ ငယ်ကျွမ်းချစ်သူတွေပဲ၊ သံယောဇဉ်ရှိရင်း တွေပဲ။ မိမိကဘာကြောင့်များ သူများ၏ ချစ်ခြင်းမေတ္တာကြား သို့ ဝင်ရောက်ဖျက်ဆီးချင်ရတာလဲ။ မျှော်လင့်ခြင်းကပဲသူတို့ နှစ်ဦး၏ မေတ္တာအိမ်ကို ဖျက်ဆီးပစ်ရာ ရောက်နေပြီထင့်။

"နင့်ကို ငါညာပါ့မလား မိမုန်းရင်၊ ဘာလဲ နင်က နှောင်ဖွဲ့ကို မလာစေချင်ဘူးလား"

"ဟင့်အင်း လာစေချင်ပါတယ်၊ ငါလဲတွေ့ချင်ပါတယ်"

ချစ်ခွန်း နှလုံးသားသို့ ချွန်ထက်သောအဆိပ်မြားတ စင်း ထုတ်ချင်းပေါက် ဖြတ်သန်းသွားလေပြီ။

တစ်ဖက်သတ်အချစ်၏ နှိပ်စက်ခြင်းဝေဒနာသည် ဆိုး ရွားလွန်းလှပါတကား။

စားပွဲထိုးကို ငွေရှင်းရန် အမူအရာ လှမ်းပြလိုက်သည်။

ထို့နောက် ငွေရှင်းပြီးသူ လေဆိပ်စားသောက်ဆိုင် မှ ထွက်ခဲ့လေသည်။

☺ အောင်မြင်စာပေ ☺



မုန်းမာန်ပြေကို ထပ်မံမကြည့်မိစေရန်အတွက် အား တင်းပြီး ကျောခိုင်းထွက်ခွာခဲ့လေသည်။

ကားပေါ်အရောက်၌ လေယာဉ်တစ်စီး ဆင်းသက်လာ သံကို ကြားလိုက်ရသည်။

တစ်ပြိုင်နက်ဆိုသလို ယောကျ်ားတန်မဲ့ မျက်ရည်ကျ ဆင်းလာသည်။

နှလုံးသားမှ စိမ့်ထွက်လာသော ကြေကွဲမှု မိုးပေါက်များ ာ သူလုံးဝခံစားလိုက်ရသည်။

မျှော်လင့်ချက်ဖြင့် အသက်ရှင်နေထိုင်ခြင်းထက်. . .

မျှော်လင့်ချက်ကင်းမဲ့သွားပြီး ဘဝသစ်တစ်ခုဖြင့် လော သစ်သို့သာ သူလျှောက်လှမ်းသွားတော့မည်။

ထိုအခါသူသည် အသက်ရှင်လျက် သေနေသောလူ ာ ဖြစ်နေမည်မှာတော့. . .


☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၈)

နှောင်ဖွဲ့ကို လူလုံးကွဲစွာမြင်တွေ့လိုက်ရသည်နှင့် တစ်ခြင်းနက် မုန်းမာန်ပြေ၍ရင်သည် တလှပ်လှပ်ဖြစ်သွားသည်။

ယခင်က အသားညိုသော၊ ယခု အသားအဖြူရောင်ပင် ပြောင်းလာသော နှောင်ဖွဲ့သည် မိမိအားလက်လှမ်းပြကာ လှိုက်လှိုက်နွေးထွေး၊ တမ်းတ၊ ကြည်နူးသောအပြုံးတစ်ရပ်ကို နှစ်ခြိုက်စွာ ပြုံးလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် မုန်းမာန်ပြေ၍ နှလုံးသား၌ နာကျင်သွာ… လေသည်။

ဤမျှ ရိုးသား၊ ကြိုးစားပြီး မေတ္တာတရားကြီးမားသော… လူတစ်ယောက်၏မေတ္တာရိပ်မှ ကျောခိုင်းသွားရန် မိမိစဉ်းစား… ဖူးသလား၊ ကြံစည်ခဲ့ဖူးသလား။

မိမိသည် အင်္ဂမတန်မိုက်မဲလွန်းသော မိန်းမတစ်… ယောက် ဖြစ်ခဲ့သလား။

ဒါတွေကို မိမိနှောင်ဖွဲ့ကို ပြောပြနိုင်ရန် ရင်ဆိုင်ဖို့အ… တွက် တည်ကြည်သောအားအင်မှ ရှိပါ့မလား။

လက်ဖျားခြေဖျားတို့ အေးစက်လာသည်။

တုန်လှုပ်ခြင်း၊ ကြေကွဲခြင်းတို့က ရူးသွပ်ခြင်းသို့ပ… ပြောင်းလဲသွားနိုင်သည်။

"မိမုန်း နှောင်ဖွဲ့ ပြန်လာပြီလေ၊ နင်ဝမ်းသာရမှာ မိမုန်း… ရဲ့၊ ကတိမပျက်နဲ့၊ ခုချိန်မှာသူ့ကို ဘာမှမပြောနဲ့ဦး သိလား… နောက်နေ့ နင်တို့ဆုံရအောင် ငါစီစဉ်ပေးမယ် ကြားလား"

"အင်းပါ ငါသိပါတယ်၊ ရုတ်တရက်ဆိုတော့ ငါ့စိတ်ထွေ… သိပ်လှုပ်ရှားသွားလို့ပါ၊ နှောင်ဖွဲ့က အသားဖြူပြီး ပိုချော… သလိုပဲ"

စိတ်လှုပ်ရှားမှုကို စကားဖြင့် ဖြေဖျောက်ရန်ကြိုးစား… လိုက်သည်။

တစ်ဆက်တည်းပင် နှောင်ဖွဲ့နှင့် မျက်နှာချင်းဆိုင်သည့်… အခါ၌ မည်ကဲ့သို့သောစကားကို စတင်သုံးနှုန်းသင့်သည်ကို… ဉ်းစားလိုက်သည်။





လောကကြီး၌ ဖြစ်သင့်ဖြစ်ထိုက်သည်ကို ဦးစားပေးရ ခြင်းအတွက် ဆုံးရှုံးမှုဆိုတာတော့ ဖြစ်မလာနိုင်ဘူး ထင်ပါသည်။

"လာ ငါတို့ အောက်ထပ်ဆင်းရအောင်"

မြတ်စိုးခေါ်ရာနောက်သို့ သွက်လက်သောခြေလှမ်းများ ဖြင့်လိုက်ခဲ့ရသည်။

ခြေတစ်လှမ်းလှမ်းလိုက်တိုင်း ချစ်ခွန်းနှင့် အဝေးဆုံး သို့ ပိုမိုရောက်ရှိသွားသကဲ့သို့ ခံစားလိုက်ရသည်။

နှောင်ဖွဲ့နှင့်ကတော့ အနီးဆုံးသို့ရောက်ရှိလာသည်။

တွေ့ဆုံကြပြီ။

"မာန်"

"နှောင်ဖွဲ့"

မျက်နှာချင်းရပ်လိုက်မိကြသည်။

နှောင်ဖွဲ့အကြည့်က ကွဲကွာနေသော ကာလများကို …တိုးချ၍ တမ်းတမ်းတတ၊ လွမ်းတသသ ကြည့်သောအကြည့် …သည်။

မိမိနှောင်ဖွဲ့ကိုကြည့်သောအကြည့်က မည်ကဲ့သို့ရှိမည် …မိမိမသိနိုင်။ သို့သော် ဝမ်းသာဝမ်းနည်းစိတ်ဖြင့် ငိုချင်စိတ် …ထိန်းထားရသည်။

ထိုစဉ်. . .

"ရော့မာန်၊ ငါ့ပစ္စည်းသွားရွေးလိုက်ဦးမယ်နော်"

မိမိလက်ထဲသို့ တစ်စုံတစ်ခုထည့်ပြီး ပစ္စည်းရွေးရန်



www.burmeseclassic.com

www.burmeseclassic.com




နေရာသို့ ထွက်သွားသော နှောင်ဖွဲ့ကို ငေးကြည့်နေရာမှ လက်ထဲသို့ ရောက်ရှိသော နှောင်ဖွဲ့ပေးသွားသည့်အရာလေးကို ငုံ့ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် မျက်ရည်တို့သည် အတားအဆီးမဲ့စွာ ကျဆင်းလာလေသည်။

ချောကလက်လေးတစ်တောင့်။ ထိုချောကလက်ကလေးက နှောင်ဖွဲ့နှင့် မိမိဘဝကို အရင်းနှီးဆုံးဖြစ်အောင် ပို့ဆောင်လိုက်ခြင်း၊ တစ်နည်းအားဖြင့် မိမိနှလုံးသားတွင်းသို့ နှောင်ဖွဲ့ရောက်ရှိလာအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်ကိုတော့ဖြင့် . . .







# အခန်း (၂၉)

"မိမုန်း နင်ကလဲဟာ၊ လာစမ်း"

မြတ်စိုးက မုန်းမာန်ပြေလက်ကိုဆွဲခေါ်ကာ ခရီးသည်များစောင့်ဆိုင်းရန် ထိုင်ခုံ၌ဝင်ထိုင်စေသည်။

"ဒါက ဘာဖြစ်ရပြန်ပြီလဲ၊ ငါပြောထားလျက်သားနဲ့ နင်ဟာလေ သိပ်မူပျက်တာပဲ"

မုန်းမာန်ပြေ မျက်ရည်များကို သုတ်လိုက်ပြီး အ[illegible]ကြားမှ လက်ထဲ၌ တင်းကျပ်စွာ ဆုပ်ကိုင်ထားသော ချောကလက်



www.burmeseclassic.com

www.burmeseclassic.com



တောင့်လေးကို ဖြန့်ပြလိုက်သည်။

မြတ်စိုးက နားမလည်နိုင်ပါ။

"အဲဒါ ဘာဖြစ်သလဲ"

မြတ်စိုးကိုယ်တိုင် မိမိတို့နှစ်ဦးအကြောင်း ခရေစေ့တွင်းကျ သိသည်ဆိုသည့်တိုင်အောင် နှလုံးသားကို လှုပ်ရှားလာအောင် ရိုက်ခတ်စေခဲ့သော အကြောင်းရင်းကလေးများကိုတော့ မြတ်စိုးတို့ အသေးစိတ်မသိနိုင်ခဲ့ကြချေ။

"ဘာမှမဖြစ်ပါဘူး"

အတိတ်ကို ပြန်လည် မတူးဖော်ချင်တော့သဖြင့် ရေပိတ်စကား ပြောလိုက်သည်။

တကယ်တော့ ဖခင် နိုင်ငံခြားကိုခရီးသွား၍ ပြန်အလာ၌ ချောကလက်များပါခဲ့သည်။ ထိုချောကလက်အနက် မိမိတို့အိမ်သို့ သတင်းစာလာပို့သော နှောင်ဖွဲ့ကို ခိုးကျွေးလိုက်သည်။ ဤသည်ကို မိခင်သိသွားပြီး မိမိအားရိုက်နှက်သည်အထိ စိတ်ဆိုးမာန်ဆိုးနှင့် အပြစ်ပေးခဲ့သည်။

"မုဆိုးမသား၊ သတင်းစာပို့တဲ့အကောင်၊ ကုန်စိမ်းထမ်းတဲ့အကောင်ကိုမှ ကျွေးရသလား၊ ကျွေးစရာလူ ဒီလောက်ရှားသလား၊ ဟိုကောင်ကလဲ အနူလက်နဲ့ ရွှေခွက်နှိုက်ချင်တဲ့အကောင် သူ့ကျွေးမယ့်အစား ခွေးကျွေးပစ်တာကမှ တန်သေးတယ်ဟဲ့ မိမုန်းမာန်နော်၊ ညည်းပြာပုံတိုးဖို့ မကြိုးစားနဲ့ အသေသတ်ပစ်မယ်၊ ဘာမှတ်လို့လဲ"

ထိုစကားတို့သည် ခြံထဲ၌မာလီအား ကူညီကာပန်းအိုး





ရွှေ့ပေးနေခဲ့သော နှောင်ဖွဲ့သည် အစအဆုံးကြားသိခဲ့သည်။ ချောကလက်ခွံကလေးကို ရာသက်ပန်သိမ်းထားမည်ဟု နှောင်ဖွဲ့ နာကြည်းစွာဖြင့် မုန်းမာန်ပြေကို ပြောပြခဲ့သည်။

ထိုစဉ်တုန်းက သူငယ်ချင်းဘဝပင် ရှိသေးသည်။ သို့သော် ချောကလက်ပြဿနာ ဖြစ်ပွားပြီးနောက်၌ မုန်းမာန်ပြေ၏ နှလုံးအိမ်ကို ကရုဏာလက်နက်က တူးဆွကာ နှောင်ဖွဲ့အပေါ် အချစ်ကိန်းဂဏန်းများ ပြောင်းလဲသွားခဲ့လေသည်။

"မာန်"

မိမိအနီး၌ မားမားမတ်မတ်လာရပ်သောအရိပ်ကြောင့် အတွေးရိပ်တို့ လွင့်ပြယ်ကာ မော့အကြည့်၌ နှောင်ဖွဲ့၏ကြည်လင်ရှင်းသန့်သော မျက်နှာပြင်ပေါ်ရှိ အပြုံးရိပ်များကို တွေ့မြင်လိုက်ရသည်။

တဒင်္ဂအတွင်း မုန်းမာန်ပြေအတွက် အရာရာကို မေ့လျော့သွားကာ. . .

"နှောင်ဖွဲ့ အသားတွေဖြူလာတယ်နော်"

"ဟုတ်တယ်၊ လေလုံမိုးလုံ အလုပ်ရုံမှာ အလုပ်လုပ်ရတော့ အသားဖြူလာတယ် ထင်ပါတယ်"

"ကိစ္စပြီးပြီလား နှောင်ဖွဲ့၊ သွားကြရအောင်"

"ဘယ်ကိုသွားမှာလဲ"

"ရှစ်မိုင်မာရှိတဲ့ ငါ့အိမ်တစ်လုံးကိုလေ၊ အဲဒီမှာ မင်းတို့စကားပြောပြီးမှ ငါမိမုန်းကို လိုက်ပို့ပေးမယ်"

"ကောင်းပြီလေ၊ မာန်အချိန်ရရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့တော့ ဖြစ်မယ်မထင်ဘူး"

မုန်းမာန်ပြေ နှောင်ဖွဲ့နှင့် ကြာရှည်စွာ ရင်ဆိုင်လိုသော ဆန္ဒမရှိချေ။ ကျူးလွန်ခဲ့သော နှလုံးသားပြစ်မှုအတွက် လိပ်ပြာ မသန့်အောင် ဖြစ်နေသည်။

"ဘာဖြစ်လို့လဲဟ"

မြတ်စိုးက မုန်းမာန်ပြေအား မကျေမချမ်း မေးလိုက်သည်။

"အမြွှာနှစ်ကောင် ပါမလာသေးဘူးလို့ညာပြီး နောက်နေ့ ထပ်တွေ့ရမယ့်ကိစ္စမှာ မေမေယုံအောင်ဖြီးတတ်ဖို့ လိုသေးတယ် နော်"

မိန်းမသားများ၏ ဖြတ်ထိုးဉာဏ်သည် ယောကျ်ားများ ထက် သာလွန်သည်ဟု မြတ်စိုးလက်ခံလိုက်သည်။

"အေး ဒါလဲဟုတ်တာပဲ၊ တော်ကြာ ငါပါခေါ် ထုတ်ခံ ခက်သွားမယ်"

"နင် အခေါ်ခက်ရင် ခွန်းကို"

မုန်းမာန်ပြေ အမှတ်တမဲ့ ပြောလိုက်ပြီးမှ နှောင်ဖွဲ့ရှိနေ ပါကလားဆိုသော သတိဝင်လာသဖြင့် စကားစကို ရပ်လိုက် သည်။

နှောင်ဖွဲ့သည် အခြေအနေအရပ်ရပ်ကို အကဲခတ်မိ သည်။ မိမိအတွက်အရေးကြီးသော ကိစ္စရှိသည်ဆိုခြင်းတွင် 'ချစ်ခွန်း' ဆိုသောသူသည် အဓိကပါဝင်လိမ့်မည်ဟု. . .။

သို့သော် ချစ်ရလွန်းသူ၏ အနေခက်စေမည့်အရေး





အတွက် သူသည် အရာရာကိုမသိလေဟန်ဖြင့် မသိကျိုးကျွန် ပြုကာ သူကပင်စတင် ဆော်ဩလိုက်သည်။

"ကိုင်း. . ဒါဖြင့်လဲ သွားကြရအောင်"

နှောင်ဖွဲ့၏ အိတ်များကို ဝိုင်းဝန်းသယ်ရင်း မြတ်စိုး ကားရှိရာသို့ လျှောက်ခဲ့ကြသည်။

ပစ္စည်းများ ကားနောက်ဖုံးထဲထည့်အပြီးတွင် မုန်းမာန် ပြေ တွေဝေရသည်။

ထို့အတူ နှောင်ဖွဲ့ကလည်းစဉ်းစားရသည်။ မိမိဘယ်မှာ ထိုင်ရမလဲ။

"နင်တို့နှစ်ကောင် နောက်မှာပဲထိုင်ပြီး စကားပြောကြ"

ကြားက ဆုံးဖြတ်ချက်ချပေးလိုက်သူက မြတ်စိုးဖြစ် သည်။ ကားနောက်ခန်း တံခါးများကို ဖွင့်ပေးလိုက်သည်။

နှောင်ဖွဲ့တွန့်ဆုတ်မနေ မိမိကယောကျ်ားပဲ။ တွေဝေ ပြနေလျှင် ချစ်သူအပေါ် စော်ကားရာ ရောက်သွားမှာကိုလည်း သူစိုးရိမ်သည်။

ထို့ကြောင့် သူအရင်ဝင်ထိုင်လိုက်သည်။

မုန်းမာန်ပြေက နောက်မှဝင်ထိုက်သည်။

ပြီးတော့ ချောကလက်တောင့်ကလေးကို နှောင်ဖွဲ့အား ပြန်ပေးလိုက်သည်။

"ဘာဖြစ်လို့ပေးတာလဲ၊ စားလေ"

"နှောင်ဖွဲ့က ဘာရည်ရွယ်ချက်နဲ့ပေးတာလဲ"

"ငါ့မှာ ရည်ရွယ်ချက်တစ်ခုတည်းပဲ ရှိပါတယ်မာန်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟင်"

"ငါ့အပေါ် အနစ်နာခံပြီး ချစ်ခဲ့တဲ့နင့်အပေါ်မှာ ငါအမြဲ အနစ်နာခံပြီး သစ္စာရှိရှိချစ်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်တစ်ခု ကလွဲရင် ဘာမှမရှိပါဘူး"

မြတ်စိုးက ကားကို ခပ်ဖြည်းဖြည်းပင် မောင်းလာသည်။

မုန်းမာန်ပြေ နှောင်ဖွဲ့ကို ငုံ့စောင်းကြည့်လိုက်သည်။

တစ်ဖက်၌ ထောင့်ကပ်ထိုင်ထားသော နှောင်ဖွဲ့နှင့် မိမိကြားတွင် အတက်ချီကော့စ်ပင် တင်၍ထားရသည်။

"နင့်မိဘတွေအပေါ် လဲ ငါအာဃာတ မထားပါဘူးမာန် မိဘတိုင်းရဲ့ဆန္ဒကို ငါနားလည်ခွင့်လွှတ်ပါတယ်"

မုန်းမာန်ပြေ သက်ပြင်းချလိုက်သည်။

"နင်ဟိုမှာ ပင်ပန်းသလားဟင်"

"ပင်ပန်းတယ်ဆိုတာ ငါ့ဘဝအတွက် မဆန်းတော့တဲ့ ကိစ္စပဲ"

'နင့်ကို ငါသနားလိုက် နှောင်ဖွဲ့ရယ်' ဟူသောစကားကို ရင်းတွင်း၌သာ ပြောလိုက်သည်။ သို့သော် ထိုစကားလုံးများက ဖော်ကောင်လုပ်လိုက်သည်။

နှောင်ဖွဲ့ကပြုံးပြကာ. . .

"ငါ့ကို မသနားပါနဲ့မာန်၊ ဘဝဆိုတာ ရုန်းကန်ခြင်းပဲ၊ အထူးသဖြင့် ယောကျ်ားဆိုတာ လုံ့လဝီရိယ အမြဲရှိသင့်တယ်လေ၊ ငါအလုပ်လုပ်ရတာ ကျေနပ်တယ်၊ ပျော်တယ်၊ ဘာဖြစ်လို့လဲသိလား၊ ငါ့ရဲ့ချွေးစက်တွေဟာ ငါနဲ့နင့်ကို နီးစပ်အောင်





လမ်းခင်းပေးတဲ့ ငွေတံတားတွေအဖြစ် ပြောင်းလဲပေးနေတဲ့အတွက်ကြောင့်လေ"

မုန်းမာန်ပြေ၏ရင်၌ နင့်နင့်သီးသီး ခံစားလိုက်ရသည်။

တူနှစ်ကိုယ် နီးရဖို့အရေးအတွက် ကြိုးစားနေသော ချစ်သူ အပေါ် သစ္စာမဏ္ဍိုင် သွေ့ပျက်ဖို့အရေးနှလုံးသားယိမ်းယိုင်ခဲ့မိသည့်ပြစ်မှုအတွက် နာကြည်းစွာခံစားလိုက်ရသည်။

"အခု အပြီးပြန်လာတာလား"

"မဟုတ်ပါဘူး အလည်ပဲ၊ နှစ်ပတ်ပဲ ခွင့်ရတယ်"

"ဪ"

"နင်ပို့ပေးတဲ့ငွေတွေကို နင့်ဘဏ်စာအုပ်ထဲမှာ ငါတို့ထည့်သွင်းထားပေးတယ်၊ စာအုပ်က လိပ်ပုပဲ သိမ်းထားပေးတယ်"

"ဒါတွေ နင့်စာထဲမှာ ပါပြီးသားပဲ မာန်၊ ငါသိပါတယ်၊ နင့်အတွက် ငါလက်ဆောင်ပစ္စည်းတွေ ပါလာတယ်၊ ဒါတွေကို ငါဘယ်လိုပေးရမလဲဟင်"

"အဲ. . အမြွာနှစ်ကောင်ပြန်လာမှ ရောကြော်လုပ်ပြီး ပေးလိုက်ရင် ရပါတယ်၊ နင်ပေးတဲ့လက်ဆောင်ဟာ ငါ့အတွက် မြတ်နိုးဖွယ်ရာပါ"

"ဒီလိုဆိုရင် ချောကလက်စားလိုက်လေ"

နှောင်ဖွဲ့က စောစောကမုန်းမာန်ပြေ ပေးလိုက်သဖြင့် ယူထားသောချော့ကလက်ကိုခွာကာ ဖဲ့ပြီးမုန်းမာန်ပြေအား ကမ်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်းမာန်ပြေက လှမ်းယူပြီးစားလိုက်သည်။ အမှန်တော့ ချစ်သူချင်းပဲ ပါးစပ်ကလေးအသာဟပေးလိုက်လျှင် နှောင်ဖွဲ့က ကျေနပ်စွာ ခွံ့ပေးပေလိမ့်မည်။

သို့သော် သူငယ်ချင်းအချစ်မှ ပြောင်းလဲခဲ့သော ချစ်သူဖြစ်၍ အနုအရွမ်းများနှင့် မခွဲနွဲ့ချင်ပါ။

"ပေး. . အခွံပါပေး"

"ဘာလုပ်မလို့လဲ"

"နင့်လိုပေါ့ နှောင်ဖွဲ့ရာ၊ ငါ နင့်ကိုအမြဲသတိရနေအောင်လို့ပေါ့"

"ဟင် နင်က ငါ့ကို အမြဲသတိရမနေတတ်ဘူးပေါ့ ဟုတ်လား မာန်"

မုန်းမာန်ပြေ မျက်စိမျက်နှာ ပျက်သွားသည်။ မိမိစကားများသွားပြီဟုလည်း သိလိုက်ရသည်။ သို့သော် နောက်ကျသွားပြီဖြစ်ရာ စကားကို ပြန်လည်ပြင်ဆင်၍ မဖြစ်နိုင်တော့ချေ။

မည်သို့ဆိုစေကာမူ ချစ်သူကျေနပ်စေရေးအတွက် ဖြေသိမ့်သောစကားကိုတော့ ပြောသင့်သည်ဖြစ်ရာ. . .

"ဟဲ့ စာကျက်နေတဲ့အချိန်တို့၊ စာမေးပွဲဖြေတဲ့အချိန်၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတဲ့အချိန်မျိုးတော့ ဘယ်သတိရနိုင်ပါမလဲ၊ ဒါပေမယ့် ခါတိုင်းထက်ကို သတိရမှုပိုအောင် ဒီချောကလက်အခွံလေးကို ငါသိမ်းထားမယ်လို့ ပြောတာပါ နှောင်ဖွဲ့ရာ၊ နင်စကားကို အထအနမကောက်နဲ့နော်၊ ငါစိတ်ဆိုးပစ်လိုက်မယ်"





ငယ်နိုင်ဖြစ်သည့်အားလျော်စွာ မုန်းမာန်ပြေက ချောကလက်အခွံ စက္ကူလေးကိုဆွဲယူပြီး မာန်မဲလိုက်သည်။

နှောင်ဖွဲ့က အပြုံးနှင့်တုံ့ပြန်ကာ. . .

"သတိမရတဲ့တိုင်အောင် မမေ့သေးရင် ငါကျေနပ်ပါဘယ်မာန်"

နှောင်ဖွဲ့စကားများသည် ချစ်ခွန်းနှင့် မိမိအကြောင်းသိရှိနေသော အရိပ်အငွေ့စကားများလားဟု မုန်းမာန်ပြေ တွေးလိုက်မိသည်။

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသကဲ့သို့ ဖြစ်နေမှာစိုး၍သာ ငြိမ်နေလိုက်ရသည်။ ပွင့်ပွင့်လင်းလင်းပြောဆို ဆွေးနွေးချင်လှပြီ။

"ကိုင်း. . နှောင်ဖွဲ့ရေ မင်း ဆင်းနေခဲ့ပေတော့"

မြတ်စိုးက ရှစ်မိုင်လမ်းတစ်ခုကို ချိုးဝင်ပြီး ခြံတစ်ခုကို ဟွန်းတီးလိုက်သည်။ ခြံစောင့်ဖြစ်ဟန်တူသော လူတစ်ဦးလာရောက်ဖွင့်ပေးသည်။ နှစ်ထပ်တိုက်တစ်လုံး၏ ပေါ်တီကိုအောက်တွင် ကားရပ်လိုက်ပြီး ပစ္စည်းများကိုချစေသည်။

"အခြေအနေပေးရင် ညဘက်ဖုန်းဆက်ပါလားမာန်၊ ငါဒီမှာပဲတည်းမယ်"

"အန်တီတို့ဆီ နင်မသွားဘူးလား"

"မသွားဘူး၊ သွားရင် ငါရောက်နေကြောင်းကို နင့်မိဘတွေ သိသွားနိုင်တယ်၊ ငါပြန်ခါနီး တစ်ရက်နှစ်ရက် အလိုရောက်မှ သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

နှောင်ဖွဲ့ကားပေါ်မှ ဆင်းလိုက်သည်။

မုန်းမာန်ပြေက အံ့အားသင့်သွားသည်။ အချစ်နှင့် ပတ်သက်လာလျှင် စွန့်လွှတ်မှုများက များပြားလွန်းလှပါလား။

"ဟုတ်တယ်မာန်၊ ငါ့လောကမှာ နင်နဲ့ဆုံစည်းဖို့အရေးဟာ အဓိကပါ။ နင့်မိဘတွေရဲ့ အလိုတော်ရိတွေဟာ ငါတို့ရင်ကွက်ထဲမှာရှိတာ နင်အသိပဲမဟုတ်လား၊ ကိုင်း နင့်ဆီကတယ်လီဖုန်းအလာနဲ့ နင်နဲ့ဆုံတွေ့မှုကို ငါ စက္ကန့်နဲ့အမျှ မျှော်လင့်နေမယ်နော်"

"ငါလဲ စက္ကန့်နဲ့အမျှ ကြိုးစားပါ့မယ်"

"အိုကေ သွားတော့ လိပ်ပု"

မြတ်စိုးက ရုတ်တရက် မထွက်သေးဘဲ. . .

"ဟိုမချော ရှေ့ပြန်လာခဲ့ဦးလေ၊ သဏ္ဌာန်လုပ် သရုပ်တူစေဦး"

"ဩော် ဟုတ်သားပဲ၊ မေ့လို့. . . မေ့လို့"

မုန်းမာန်ပြေက ပခုံးကိုတွန့်ကာ လျှာလေးတစ်လစ်လုပ်ကာ ပြောလိုက်ပြီးမှ ကားတံခါးကိုဖွင့်ကာ ရှေ့ခန်းသို့ ပြောင်းထိုင်လိုက်သည်။ ပြီး. . နှောင်ဖွဲ့ကို လက်ပြလိုက်သည်။

နှောင်ဖွဲ့က လက်ပြန်ပြရင်း ကျန်ရစ်ခဲ့လေသည်။

"မိမုန်း ငါနင့်ကို မေးခွန်းတစ်ခု မေးချင်တယ်၊ နင်အမှန်အတိုင်းဖြေရမည်"

"ဘာများလဲဂျပု"





ကား ပြည်လမ်းပေါ်သို့ ပြန်လည်ရောက်ရှိချိန်၌ မြတ်စိုးက စတင်ပြောလိုက်ခြင်းဖြစ်သည်။

"နင် နှောင်ဖွဲ့နဲ့တွေ့ရတာ ရင်မခုန်ဘူးလားဟင်"

"ဘာဆိုင်လို့ ခုန်ရမှာလဲဟ"

"ဟင် ဒါဖြင့် နင်ဘယ်လိုခံစားရသလဲ"

"ရင်ထဲမှာ နွေးထွေးသွားတယ်၊ သူ့ကို မတွေ့ရတာကြာပြီမဟုတ်လား၊ တွေ့ရတော့ ပျော်တယ်လေ၊ နင်ကော မပျော်ဘူးလား"

"ခက်ပြီ မိမုန်း၊ နင်တော့ခက်နေပြီ"

"ဘာမှ မခက်ပါဘူး လိပ်ပုရာ၊ နင် နားမလည်လို့ပါ။ တကယ်တော့ နှောင်ဖွဲ့ဟာ ငါ့ရင်ထဲမှာ အရင်းနှီးဆုံးရှိတဲ့အတွက် သူနဲ့ပတ်သက်လာရင် ငါ့မှာရင်ခုန်ခြင်းဘာခြင်း မရှိဘူး၊ ဒါပေမယ့် သူဟာငါ့အတွက်ဘယ်တော့မှ အဝေးဆုံးသူစိမ်းဖြစ်မနေဘူးဆိုတာကို နင်နားလည်ကြည့်ထားစမ်းပါဟာ"

မုန်းမာန်ပြေ အလေးအနက်ပြောလိုက်ရာ မြတ်စိုးမှာ ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်သွားပြီးမှ ခေါင်းကိုခါယမ်းကာ. . .


"မိန်းမတွေရဲ့ သဘောများ တယ်သိရခက်ပါလားနော်' ဆိုသော ညည်းတွားလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၀)

"ဟော သမီးလာပြီ၊ ဖေဖေတို့ သမီးကို စောင့်နေတာ"

"အတော်ပဲ သမီးရေ၊ မေမေတို့ ပြည်ကိုသွားမလို့၊ နှစ်ညအိပ် သုံးရက်ခရီးလောက်ဖြစ်လိမ့်မယ်၊ အဲဒါ သမီးနဲ့ဒေါ်ဝက် အိမ်စောင့်နေကြပေါ့"

"ရွှေစာကကော"

"ဩော် ရွှေစာလဲ သူ့ရွာ မရောက်တာကြာပြီ မဟုတ်လား၊ ရွာမှာချပေးခဲ့ပြီး အပြန်မှဝင်ခေါ်မယ်၊ ကောင်းကောင်း





နေနော်၊ အပြင်မထွက်နဲ့"

"ဟာ မထွက်လို့မဖြစ်ဘူးမေမေ၊ အမြွှာနှစ်ကောင် ပါလာဘူးလေ၊ ဘန်ကောက်မှာပဲ အလည်လွန်နေသလားမသိပါဘူး။ ဘယ်နေ့လာကြိုပါလို့ ဖုန်းဆက်ဦးမယ် မသိဘူး"

မုန်းမာန်ပြေအချက်အတွက် မုသားသုံးတတ်နေလေပြီ။

"အေးလေ၊ ဖုန်းဆက်တော့လဲ သွားကြိုလိုက်ပေါ့"

"မဝေ သွားစို့၊ ပစ္စည်းတွေအားလုံးတင်ပြီးပြီ၊ သမီး ဖေဖေတို့သွားမယ်၊ လိမ်လိမ်မာမာနေနော်"

"ဟုတ်ကဲ့"

မုန်းမာန်ပြေ စိတ်ထဲကျိတ်၍ ဝမ်းသာနေသည်ကိုတော့ သူ့ မိဘနှစ်ပါးက မသိနိုင်ပါချေ။ ဒါကြောင့်သားသမီးယုံ၊ စုံလုံးကန်းဟု ဆိုခြင်းဖြစ်မည် ထင်ပါသည်။

ကားကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေးကြည့်ပြီးမှ အိမ်ထဲသို့ ဝင်ခဲ့သည်။

ပထမဦးဆုံး ခန္ဓာကိုယ်ကို အိပ်ရာထဲသို့ပစ်လှဲချပြီး အနားဖြေလိုက်သည်။ စိတ်မောသောအမောက လူမောသောအမောထက် ပိုလေသည်။

နှောင်ဖွဲ့ဘာအတွက်ပြန်လာသနည်း။ မိမိနှင့်ဆွေးနွေးကြမည်။ နှောင်ဖွဲ့အပေါ် မိမိခံစားနေရသမျှတို့ကို မချွင်းမချန် ဝန်ခံလိုက်မည်။ ထိုအခါ နှောင်ဖွဲ့မည်ကဲ့သို့ ဆုံးဖြတ်မည်နည်း။

နှောင်ဖွဲ့အဆုံးအဖြတ်ကိုကော မိမိကလိုက်နာနိုင်ပါ့မလား။ ချစ်ခွန်းနှင့် တွေ့ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွန်းက ခေါ်ခိုင်းတာဆိုတော့ အကြောင်းတစ်ခုခု ရှိ မည်။ ချစ်ခွန်းဆီကို ဖုန်းခေါ်လိုက်သည်။

"ဟဲလို"

"ခွန်း"

"ပြေလား၊ ခွန်းကို ဘာပြောစရာရှိလို့လဲ"

"ရှိတယ်"

"ပြောလေ"

မုန်းမာန်ပြေ သက်ပြင်းချကာ ရင်ထဲဆို့နင့်နေမှုကို ရှင်း လိုက်ပြီးမှ၊

"နှောင်ဖွဲ့ကို ဘာကြောင့်ခေါ်ခိုင်းရတာလဲ"

"ဒီကိစ္စကို ငါမရှင်းပြသင့်ဖူးထင်တယ် ပြေ"

"ဘာဖြစ်လို့လဲ"

"ငဲ့ညှာထောက်ထားသင့်တဲ့ ဂုဏ်သိက္ခာတွေကြောင့်ပေါ့"

"ခွန်းရာ ငါ့ကိုတော့ နင်ပြောသင့်ပါတယ်"

"ဝမ်းနည်းပါတယ်ပြေ၊ ပြေနားလည်ထားဖို့က နှောင်ဖွဲ့ ကို ချစ်ခွန်းက သိပ်ကိုတွေ့ချင်လို့ ခေါ်လိုက်တယ်ဆိုတာကိုပဲ ပဲ"

"ဒါဖြင့် နင်တို့နှစ်ယောက် ဆုံတွေ့ကြမှာပေါ့၊ ဟုတ် လား"

မုန်းမာန်ပြေသိချင်လာသည်။ သူတို့ဘာတွေပြောကြ မည်နည်း။ မိမိနှင့်ပတ်သက်တာတွေပဲဖြစ်မည်။

ဘာပဲဖြစ်ဖြစ် သိအောင်တော့ကြိုးစားရမည်။





"ကောင်းပြီလေ ဒါပေမယ့် တစ်ခုတော့ ငါပြောလိုက် မယ် ခွန်း၊ မုန်းမာန်ပြေက နင်တို့ဆုံးဖြတ်ချက်ကို သိချင်တယ်၊ ဒါပေမယ့် နင်တို့ဆုံးဖြတ်ချက်ကို ငါလိုက်နာလိမ့်မယ်လို့တော့ မထင်နဲ့၊ ငါဘာသာငါဆုံးဖြတ်မယ်"

"ယုံကြည်ပါတယ်ပြေ"

"ခွန်းရာ"

မုန်းမာန်ပြေ မချိတင်ကဲ ညည်းတွားလိုက်သည်။

ချစ်ခွန်းက. . .

"အိမ်မှာ ဘယ်သူတွေရှိသလဲပြေ၊ လူကြီးတွေရှိသလား"

"မရှိဘူး၊ စောစောကတင် မြို့ကိုထွက်သွားကြတယ်၊ ဒေါ်ဝက်မနဲ့ သူ့ယောကျ်ား ဦးဘထွားတော့ရှိတယ်၊ ဘာဖြစ်လို့ မေးတာလဲ"

"ဒါဖြင့် ခွန်း ခုပဲလာခဲ့မယ် ဒါပဲ"

ချစ်ခွန်းဘက်က ဖုန်းချသွားသဖြင့် မုန်းမာန်ပြေ မေး ခွန်းထုတ်ချိန်မရလိုက်ချေ။

အံ့သြခြင်းနှင့်အတူ တယ်လီဖုန်းကို ချလိုက်သည်။

ချစ်ခွန်းတစ်ခါမှ မိဘများမရှိချိန်၌ လာမလည်ဖူးပါချေ။

မိမိအတွက် ထူးခြားသော စကားများကို ချစ်ခွန်းသယ် ဆောင်လာလိမ့်မည်ဟု. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၁)

"ယှဉ်ပြိုင်မှုတစ်ခုမှာ မျှတမှုဆိုတာ ရှိဖို့လိုအပ်တယ် ငါထင်တယ်ပြေ၊ တစ်ဖက်စောင်းနင်းနိုင်တဲ့ ယှဉ်ပြိုင်မှုမျိုး ယှဉ်ပြိုင်မှုလို့ မခေါ်ဘူး၊ အနိုင်ကျင့်မှု သိမ်းသွင်းမှုလို့ခေါ်တ

ချစ်ခွန်းသည် ရောက်ရောက်ချင်းထိုင်ရာ ရေတ တောင်းသောက်ပြီးသည်နှင့် အထက်ပါစကားကို စတင် လိုက်ရာ မုန်းမာန်ပြေ နားမလည်နိုင်အောင်ဖြစ်သွားပြီး





"နင် ဘာတွေပြောနေတာလဲခွန်း"

"သိပ်မလောပါနဲ့ပြေ၊ နင်တဖြည်းဖြည်းနားလည်လာမှာပါ။ အခုနှောင်ဖွဲ့က ရောက်လာပြီ၊ ချစ်သူရပ်ဝေးမှာရောက်နေတာကို သိရှိနေလျက်နဲ့ ကိုယ့်ဘက်ပါအောင် သိမ်းသွင်းယူဖို့ဆိုတာ တစ်ဖက်သားကို အနိုင်ကျင့်ရာရောက်တယ်၊ မတရားရာရောက်တယ်လို့ ယူဆပြီး နင့်ကိုငါသိပ်ချစ်ပါလျက်နဲ့ငါမျိုသိပ်ခဲ့တယ်ပြေ"

မုန်းမာန်ပြေမျက်လုံးအစုံ ဝိုင်းစက်သွားသည်။ ပြောမယ့်ပြောတော့လည်း တဲ့တိုးကြီးပါလား၊ ဆိုင်းမဆင့်ဗုံမဆင့်ဘဲ ဟော့ဟော့ဒိုင်းဒိုင်း ပြောချလိုက်သည့်ချစ်ခွန်းကို ဝိုင်းစက်သောမျက်ဝန်းအစုံဖြင့် ငေးကြည့်လိုက်သည်။

"ပြေ သိပ်အံ့သြနေသလား ခွန်း ပြေ့ကိုမြင်မြင်ချင်းချစ်ခဲ့တာ၊ အဲ. . . မြင်မြင်ချင်းဆိုတာတောင် ကိုကိုသဲဦးပိုင်ဆီမှာ ဓါတ်ပုံမြင်ရကတည်းက နာမည်ကလေးကြားရကတည်းက ချစ်ခဲ့တာပါ၊ ဒါပေမယ့် ပြေ့ဘဝမှာ နှောင်ဖွဲ့ရှိခဲ့ပြီးပြီဆိုတာ သိလိုက်ရတဲ့အချိန် ခွန်းနှုတ်တွေဆွံ့အခဲ့တယ်၊ အချစ်နဲ့စစ်မှာ တရားမရှိဘူးဆိုပေမယ့် ပြေနဲ့နှောင်ဖွဲ့တို့ရဲ့ အချစ်လမ်းခရီးမှာ ကြိုးစားရုန်းကန်နေရှာတဲ့ နှောင်ဖွဲ့နဲ့ အဝေးဆုံးအချိန်မှာ အနီးဆုံးမှာ အဘက်ဘက်က ပြည့်စုံပြီးမိဘတွေကပါ တွန်းအားပေးနေတဲ့ ခွန်းက ယှဉ်ပြိုင်မယ်ဆိုရင် လုံးဝမတရားဘူးလို့ထင်တယ်၊ ကြောင့် ခွန်းမျိုသိပ်ခဲ့တယ်"

"မျိုသိပ်လက်စနဲ့ ဆက်လက်မျိုသိပ်ထားလိုက်ပါတော့



www.burmeseclassic.com

www.burmeseclassic.com



လားခွန်းရယ်' ဟု ရင်တွင်း၌ ကြေကွဲစွာရွတ်ဆိုရင်း ကျလုလု မျက်ရည်များကို မာန်ဖြင့်ထိန်းထားလိုက်သည်။

"အခုတော့ နှောင်ဖွဲ့ရောက်လာပြီး မြေကိုသူလက်ထပ်နိုင်တဲ့ အနေအထားမျိုး သူ့မှာရှိနေပြီ၊ ဒီလိုပဲ ခွန်းဘက်ကမြေကို အချိန်မရွေးလက်ထပ်ယူနိုင်တဲ့ အနေအထားရှိနေတယ်၊ ဒါကြောင့် ခွန်း မြေကိုရယူဖို့ ယှဉ်ပြိုင်တော့မယ်ဆုံးဖြတ်ပြီး ပြောလိုက်တာ"

ချစ်ခွန်း၏အယူအဆကို မုန်းမာန်ပြေနားမလည်ချင်တော့။ ချစ်ခွန်းက နှောင်ဖွဲ့ကို ငဲ့ကွက်သည့်သဘော။

ငဲ့ကွက်ခဲ့ပြီးမှ ယခုဘာဖြစ်လို့ ဖွင့်ပြောရတာလဲ။ မေးစရာတွေ ရင်ထဲမှာ ပြည့်နှက်လျက်ရှိသည်။ သို့သော် မေးခွန်းအစ ပျောက်ဆုံးနေလေသည်။

"နှောင်ဖွဲ့ကိုခေါ်ခိုင်းတာ ဒါကြောင့်လား"

"ဆိုပါတော့"

"နင် တိတိကျကျပြောဟာ"

"အဓိက နင်နဲ့ပတ်သက်တာပဲပြေရာ၊ ဒီလောက်ဆိုရင် မလုံလောက်ဘူးလား"

"ဟင်အင်း ငါသိပ်သိချင်နေတယ်"

"နှောင်ဖွဲ့ နင့်ကို ပြောပြသင့်တယ်ထင်ရင် ပြောပြလိမ့်မယ်၊ ငါတော့မပြောဘူး၊ ကိုင်း ခွန်းသွားစရာရှိတယ်"

"နေဦး ခွန်း"

မုန်းမာန်ပြေ မကျေနပ်၊ ချစ်ခွန်းက သူပြောချင်ရာကို





ပြောပြီး ကျေနပ်သွားသည်နှင့် ထပြန်ဖို့လုပ်သည်။

မုန်းမာန်ပြေတို့မိန်းမသားတွေက တကယ့်ကိုပဲ ဖက်ဘဝမျိုးဖြင့် ခံဘက်ကချည်းသာ နေရမည်လော။

"နင် ငါ့ဆီက အဖြေတောင်းဖို့ မေ့သွားသလား"

"မမေ့ပါဘူး၊ မတောင်းတာပါ၊ ငါက မတောင်းတာ"

"ဟင် ဘာဖြစ်လို့"

"လက်ရှိ ချစ်သူရည်းစားရှိနေတဲ့ မိန်းမတစ်ယောက်ဆီက တုံ့ပြန်မယ့်အဖြေကို ငါမလိုချင်ဘူး၊ အဲဒီ နင့်ရဲ့ဆုံးဖြတ်ချက်ဟာ ငါ့အတွက်အဖြေပေးပြီးသား ဖြစ်မယ်ဆိုတာ ငါသိနေတာပဲပြေ၊ ငါသွားမယ်"

"နင်ဘယ်သွားမှာလဲ"

"နင်သိပ်သိချင်သလား"

"ဟုတ်တယ်"

"နှောင်ဖွဲ့ဆီ"

"ဘာ"

"ဟုတ်တယ် နှောင်ဖွဲ့ကိုတွေ့ဖို့ ငါဖိတ်ခေါ်ထားတာပဲ၊ ငါသွားတွေ့ရမှာပေါ့၊ ဒါပေမယ့် ငါက စာနာတတ်ပါတယ်၊ ငါဖိတ်ခေါ်ထားတာဖြစ်ပေမယ့် ချစ်သူချင်းကို အရင်ပေးတွေ့တာ ငါ့ရဲ့စေတနာနော်ပြေ၊ ကိုင်း သွားပြီ"

သည်တစ်ချီတွင်တော့ မုန်းမာန်ပြေ တားဆီးနိုင်ခြင်းမရှိမီ ချစ်ခွန်းသည် သူ၏ကားပေါ်တက်ကာ မောင်းထွက်သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

မုန်းမာန်ပြေ ဒေါသဖြစ်မိသည်။ နာကြည်းမိသည်။ စိတ်ထဲ၌ခံပြင်းသည်။ ယောကျ်ားနှစ်ဦး၏ ချစ်ခြင်းကိုတစ်ပြိုင်နက်ခံယူနေရသော မိန်းမတစ်ယောက်အနေနဲ့ ဂုဏ်ယူရမည့်အစား၊ သူတို့၏ရွေးချယ်မှုကို ခံယူရမည့် မိန်းမအနေနှင့်တော့ လက်မခံနိုင်ပါ။

မိမိကသာ ရွေးချယ်သူဖြစ်ရမည်။

ချက်ချင်းပင် တယ်လီဖုန်းတင်ထားရာဆီသို့ လျှောက်ခဲ့၏။ မြတ်စိုး မိဘများနှင့်အတူနေသောအိမ်သို့ ဖုန်းအရင်ခေါ်လိုက်သည်။ မြတ်စိုးရှိမနေ။ ဖုန်းပြန်ချအပြီး နှောင်ဖွဲ့တည်းခိုနေသောရှစ်မိုင်အိမ်သို့ ထပ်မံ၍ခေါ်လိုက်ပြန်သည်။

"ဟဲလို"

ကံတရားသည် မုန်းမာန်ပြေဘက်၌ ရှိနေသေးသည်။

"လိပ်ပု ငါပါ၊ နင့်နားမှာ နှောင်ဖွဲ့ရှိနေသလား"

"မရှိဘူး ဒီကောင် ဖီလင်တက်နေတယ် ထင်တယ်"

"ဒီလိုဆို ငါပြောတာ နင် သေသေချာချာ နားထောင်ပြီး ငါ့ကို တစ်ခုကူညီပါ လိပ်ပုရာ"

မုန်းမာန်ပြေက စိတ်လှုပ်ရှားစွာဖြင့် တောင်းပန်လိုက်သည်။

"မိမုန်းရာ နင် ဘာဖြစ်ရပြန်ပြီလဲ"

"ခွန်းပေ့ါ အခုပဲ ငါ့ကို ရည်းစားစကား ပြောသွားတယ်"

"ဟေ"





"သူ အခုနှောင်ဖွဲ့ဆီလာနေပြီ"

"ဟုတ်လား"

"အဲဒါ သူတို့နှစ်ဦး ဘာတွေပြောကြတယ်ဆိုတာ ငါသိချင်တယ်၊ အဲဒါ နင်သူတို့မသိအောင် အသံဖမ်းထားပေးပါဟာ"

"ဘာလုပ်မလို့လဲ"

"ငါ့မှာ ဆုံးဖြတ်ချက်ရှိပြီးသားပါ၊ ဒါပေမယ့် ငါ့ရဲ့ဆုံးဖြတ်ချက်ဟာ မှန်ကန်စေချင်တယ်၊ ဒါကြောင့် သူတို့ပြောဆိုကြတာတွေကို ငါကြားသိလိုက်ရရင် ငါအမှန်ကန်ဆုံးသော ဆုံးဖြတ်ချက်တစ်ခုကို ချနိုင်လိမ့်မယ်ထင်တယ်၊ အဲဒီဆုံးဖြတ်ချက်အတွက် ငါ့တစ်သက်လုံး နောင်တရမှုမျိုးမဖြစ်စေချင်ဘူးလေ၊ ဒါကြောင့်ပါဟာ လိပ်ပု"

"ပြော"

"ငါပြောတာ နင် လက်ခံပါတယ်နော"

"အေး"

"ဒါဖြင့် နင်ငါ့ကို ကူညီမယ်ပေ့ါ"

"အင်း"

"ဝမ်းသာလိုက်တာဟာ"

"နင်ပြောချင်တာ ဒါပဲလား၊ ဒါဖြင့် ဖုန်းချလိုက်တော့၊ သူတို့နှစ်ဦးမဆုံခင် ငါပြင်ဆင်သင့်တာ ကြိုတင်ပြင်ဆင်ထားလိုက်မယ်"

"အေး. . အေး. . ဒါပဲ"

မုန်းမာန်ပြေ ရင်ထဲမှအလုံးကြီး လျော့သွားလေသည်။



www.burmeseclassic.com


www.burmeseclassic.com



တယ်လီဖုန်းကိုချလိုက်ပြီး စိတ်လှုပ်ရှားမှုတို့ကို ဖြေဖျောက်ရန်အတွက် ပန်းခြံထဲသို့ဆင်းခဲ့ပြီး ဦးထွားကြီး ပန်းပင်ရေလောင်းရာသို့သွားကူညီရင်း စကားစမြည်ပြောရန် စဉ်းစားလိုက်သည်နှင့် တစ်ပြိုင်နက် ခြေလှမ်းတို့သည် လှမ်းပြီးသားဖြစ်နေသည်။







# အခန်း (၃၂)

"နှောင်ဖွဲ့ . . ဒါ ခွန်း၊ ချစ်ခွန်းပဲ"

"ခွန်း . . ဒါ နှောင်ဖွဲ့ပဲ"

မြတ်စိုးက သူတို့နှစ်ဦးကို မိတ်ဆက်ပေးလိုက်သည်။ နှစ်ဦးစလုံး ကြည်လင်သောအပြုံးနှင့် လက်ဆွဲနှုတ်ဆက်ကြလေသည်။

"ကျွန်တော် ကိုနှောင်ဖွဲ့အမည်နဲ့ ရင်းနှီးနေခဲ့တာကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွက်တော့ ကိုချစ်ခွန်းရဲ့အမည်ကြားရတာ နှစ်လလောက်ပဲ ရှိဦးမယ်ထင်တယ်"

"ဩော်"

"ကိုင်း သူငယ်ချင်းတို့ ထိုင်ကြ၊ အေးအေးဆေးဆေး စကားပြောကြ၊ မင်းတို့အတွက် ဖါတစ်ခုခုစီစဉ်လိုက်ဦးမယ်"

"နေပါဂျပုရာ၊ ဧည့်သည်တွေမှ မဟုတ်တာ၊ မင်းရှိနေတာ ပိုကောင်းပါတယ်"

ချစ်ခွန်းက ဟန့်တားလိုက်သည်။ ထိုအခါ မြတ်စိုးက ဝင်ထိုင်လိုက်သည်။

သုံးဦးသား ဖိုခနောင့်အနေအထားမျိုး ထိုင်နေကြ၏။

ခက်သည်က သုံးဦးအနက် ဆေးလိပ်သောက်တတ်သူက မြတ်စိုးသာရှိသည်။

မြတ်စိုးက ပွဲကြည့်ပရိတ်သတ်သက်သက်။ စီးကရက်သောက်ရင်း ဘယ်သူက စကားစမလဲဟု စောင့်ကြည့်လိုက်သည်။ နှောင်ဖွဲ့ကပင်. . .

"ကိုချစ်ခွန်း ကျွန်တော့်ကို ခေါ်တဲ့ကိစ္စက"

"မြေ့အပေါ်မှထားရှိတဲ့ သဘောထားကို အရင်ဆုံးပြောပြပါရစေ"

"ဟုတ်ကဲ့ ပြောပါ"

"မြေ့ကို ကျွန်တော်လူကိုမြင်မှ စွဲလမ်းသွားတာမဟုတ်ဘူး၊ လူကိုမမြင်ခင် ကိုကိုသဲဦးပိုင်ဆီမှာ ဓာတ်ပုံကလေးမြင်ထဲတည်းက စွဲလမ်းခဲ့မိတာဆိုရင် ကိုနှောင်ဖွဲ့ယုံကြည်မလား"





"ဖြစ်တတ်တဲ့ သဘာဝတစ်ခုပါ"

"ဒါပေမယ့်မြေ့ကို သူငယ်ချင်းဘဝမျိုးနဲ့ခင်ခွင့်ရတော့ပဲ ကျွန်တော်မျိုသိပ်ခဲ့တယ်၊ ကိုနှောင်ဖွဲ့နဲ့မြေ့အကြောင်းကြားသိရတဲ့အချိန်မှာ ကျွန်တော်ပိုပြီးသစ္စာစောင့်သိခဲ့ပါတယ်"

"ဒါကိုလဲ ကျွန်တော် သိပါတယ်"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်အခွင့်အရေးသမားအဖြစ်မခံနိုင်ဘူး၊ အချစ်ကို တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ ရယူပိုင်ဆိုင်ဖို့သာ အဓိကဆိုတဲ့အခွင့်အရေးသမား၊ အတ္တသမား တစ်ဦးရဲ့အယူအဆမျိုးကို ကျွန်တော်ရွံ့မုန်းတဲ့အတွက်ပဲ၊ ဒါပေမယ့် ကျွန်တော်မြေ့ကိုမပိုင်ဆိုင်ချင်ဘူးလားဆိုတော့လဲ မဟုတ်ဘူး၊ သိပ်ကို ပိုင်ဆိုင်ချင်တယ်၊ ရယူချင်ပါတယ်"

"ချစ်သူရှိရှိမရှိရှိ လွတ်လပ်တဲ့ အမျိုးသမီးတစ်ဦးကို အမျိုးသားတစ်ဦးအနေနဲ့ ချစ်ရေးဆိုခွင့် ရှိပါတယ်၊ ဒါဟာ တရားပါတယ် ကိုချစ်ခွန်း"

"မှန်ပါတယ်၊ သာမန်ချစ်သူရှိတဲ့ မိန်းကလေးဆိုရင်တော့လဲဖြစ်ပါတယ်၊ ဒါပေမယ့် မုန်းမာန်မြေနဲ့ နှောင်ဖွဲ့တို့ ချစ်သူနှစ်ဦးအကြောင်း အသေးစိတ်သိထားတဲ့ ကျွန်တော့အတွက်တော့ မတရားဘူးလို့ထင်လို့ပါ"

နှောင်ဖွဲ့ ချစ်ခွန်းကို သေချာစွာ အကဲခတ်လိုက်သည်။ သနားခဲ့သော မိမိအနေဖြင့် လူတွေရဲ့အကြောင်းကို ကောင်းကောင်းသိနေလေပြီဖြစ်ရာ ချစ်ခွန်းလိုလူမျိုးကို တစ်ရာမှာတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တွေ့နိုင်ခဲ့သဖြင့် အံ့အားသင့်မိသည်။

"ကျွန်တော် ကိုနှောင်ဖွဲ့ကိုခေါ် ရတဲ့အကြောင်းရင်းက တော့ မပြောမဖြစ်ပြောပြရတော့မှာပဲ၊ ဒါကလဲ မြတ်စိုးအ ဆုံးပဲ၊ အဲ . . မြတ်စိုးမသိသေးတဲ့ ကိစ္စတစ်ခုလဲ ရှိနေပါတယ် ကျွန်တော် ပြောပြမယ်နော် . . ဒီလိုပါ"

ချစ်ခွန်းက မုန်းမာန်ပြေ၍ ဖခင်နောက်သို့ ကော ကောက်ပါအောင်လိုက်သော ခရီးစဉ်၌အဖြစ်အပျက်တို့ မချွင်းမချန်ပြောပြန်လိုက်သည်။

"ကျွန်တော် စိတ်သိပ်လှုပ်ရှားခဲ့ပါတယ်"

"သစ္စာဆိုတာ လူတိုင်းအပေါ် ထားရှိနိုင်တဲ့အရာတစ် ဖြစ်ပါတယ်၊ ဒါပေမယ့် လူတိုင်းမလိုက်နာနိုင်အောင်ကို လူ ဆက်ဆံရေး နယ်ပယ်အတွက် အင်အားသိပ်ကြီးမားတဲ့အ တစ်ခုပါ၊ အချစ်ဆိုတာကတော့ အစွဲအလမ်းကြီးတတ်တဲ့သူ အတွက် တစ်သက်မှာတစ်ကြိမ်ပဲ ပေါက်ဖွားတတ်တဲ့အရာ တစ် ဖြစ်တယ်လို့သာ ကျွန်တော်ပြောလိုက်ရင် အချစ်ကိုသွေးဆော ဖြားယောင်းရာ ကျရောက်သွားမှာကို စိုးရိမ်တယ်၊ ကျွန်တော် သန့်စင်တဲ့အချစ်ကို ဘာနဲ့မှ အစွန်းအထေးမခံနိုင်တဲ့အတွ အချစ်နဲ့ပတ်သက်ပြီး ကျွန်တော်ဘာမှ မပြောပါရစေနဲ့တော့"

"ဟုတ်တယ်၊ ဒါတွေအားလုံးဟာ အမှန်အကန်ပဲ နှော ဖွဲ့ မင်းယုံကြည်ရဲ့လား"

နှောင်ဖွဲ့သက်ပြင်းချလိုက်သည်။ သူ့ရင်ထဲမှာ နင့် အောင်ခံစားလိုက်ရသည်။ အလွှာမတူသော မိမိတို့နှစ်ဦး





ချစ်ခြင်းသည် ခိုးကြောင်ခိုးဝှက်နှင့် တွေ့ဆုံခဲ့ရသည်။ ခရီးတစ်ခု ကို အတူတကွ သွားလာခွင့်မျိုးဆိုတာ ဝေးလေစွ။ ချစ်ခွန်းနှင့် အလွှာတူသည်ဆိုတော့ မိဘများကသဘောတူ ကြည်ဖြူကာ အမင်လွှတ်ထားခြင်းဖြစ်မည်။

"ဖြေလေကွာ နှောင်ဖွဲ့"

"ငါ ဆုံးဖြတ်ချက် မပေးချင်သေးဘူး၊ ကိုချစ်ခွန်းမှာ ပြောစရာစကားတွေ ကျန်နေဦးမယ်ထင်တယ်၊ ပြောပါဦး"

နှောင်ဖွဲ့ တွေဝေနေသည်။ မိမိ တစ်ခုခုကို ဆုံးဖြတ်မှ ဖြစ်လိမ့်မည်၊ မိမိဘယ်သူ့အတွက် ဆုံးဖြတ်သင့်သလဲ။

ချစ်ခွန်း နှောင်ဖွဲ့၏ တည်ကြည်သော မျက်နှာရိပ်ကို သဘောကျသည်။ သူသည် ဒုက္ခပင်လယ်ကို ကူးခပ်ကျင်လည်ခဲ့ သူဖြစ်သည့် အားလျော်စွာ လောကလှိုင်းတံပိုးတို့၏ ရိုက်ခတ် ခြင်းကို ခံနိုင်ရည်အတော်ရှိနေသည့်ပုံမျိုး။

"အဲဒီက ပြန်ရောက်ပြီး နောက်တစ်နေ့မှာပဲ အန်တီ တင်ဇာဝေ ကျွန်တော့်ဆီရောက်လာတယ်၊ အမိကပြောဆို တာတော့ မိန်းကလေး တစ်ယောက်ဟာ ယောကျ်ားလေး ယောက်နဲ့အတူ လေးညအိပ်ခရီးကိုသွားခဲ့တဲ့အတွက် သိပ် ပါတယ်၊ ပတ်ဝန်းကျင်အပြောမခံချင်ဘူး၊ ဒါကြောင့် ကျွန် တော့်မိဘတွေကို ကျွန်တော်ကပဲ တွန်းအားပေးပြီး ပြေကို လက် ထပ်ဖို့တောင်းဆိုခဲ့တယ်"

နှောင်ဖွဲ့၏ မျက်နှာပြင်ရိပ်၌ ထူးကဲသော အံ့သြခြင်း ရိပ်အယောင်မတွေ့ရချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ ဖြစ်လာမယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါဟာ သမီးရှင်တွေရဲ့ မှန်ကန်တဲ့လုပ်ရပ်တစ်ခုပါလေ"

"ငါတစ်ခု ဖြတ်ပြောဦးမယ်"

မြတ်စိုးက ကြားဖြတ်ပြောလိုက်သည်။

"ပြောလေ သူငယ်ချင်း"

"မင်းဆီက အပြန်မှာထင်တယ်၊ အဘွားကြီးက ငါ့ဆီဝင်လာပြီး မင်းကို တွန်းအားပေးဖို့တောင်လာပြောသွားသေးတယ်"

"ဒါတွေ မြေ့ကို မင်းပြောပြလိုက်သေးသလား"

"မပြောမိပါဘူးကွာ၊ မိမုန်းကို သနားတယ်လေ၊ သူဘာပဲဖြစ်ဖြစ် ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးမယ့် မိန်းကလေး ခေါင်းကလဲမာပဲ"

"ဟုတ်တယ်၊ ဒီအခြေအနေတွေကြောင့် နှောင်ဖွဲ့ကိုပြန်လာခဲ့ပါလို့ ကျွန်တော် တောင်းဆိုလိုက်တာပဲ"

"ကောင်းပြီ ကျွန်တော်ကိုမေးခွင့်ပြုပါ"

နှောင်ဖွဲ့က ဆုံးဖြတ်ချက် တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချပြီး ပြောလိုက်ဟန်တူသည်။

ချစ်ခွန်းရင်တွေခုန်လာသည်။

"ကိုချစ်ခွန်း မာန်ကို ဘယ်အတိုင်းအတာအထိ ချစ်နိုင်သလဲ"

ချစ်ခွန်းက နှောင်ဖွဲ့ကို စူးစူးသော အကြည့်ဖြင့် ကြည့်လိုက်သည်။





"ဖြေပါ ကိုချစ်ခွန်း ကျွန်တော့်ကို ငဲ့ကွက်စရာ မလိုပါဘူး"

"ကျွန်တော် အသက်ရှင်နေနိုင်တဲ့အထိ ချစ်သွားနိုင်မယ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်မိတာပဲ"

"ကိုချစ်ခွန်း အနေနဲ့ အခုဘာဖြစ်ချင်တဲ့ ဆန္ဒရှိလို့ ကျွန်တော့်ကို ခေါ်တာလဲဆိုတာ ပွင့်ပွင့်လင်းလင်းသိပါရစေ"

မိမိသည် သူတစ်ပါး ချစ်သူအပေါ် ချစ်မိခြင်းကြောင့် အရှုံးခံဘဝလို အစစ်အဆေးအမေးအမြန်း ခံနေရပါလားဟု ချစ်ခွန်း နာကြည်းစွာ တွေးလိုက်မိသည်။

"ကျွန်တော် ဖြစ်စေချင်တာက မြေနဲ့ခင်ဗျားနားလည်မှုချင်း လက်ထပ်လိုက်ဖို့ပါပဲ၊ ခင်ဗျားလက်မထပ်ဘူးဆိုရင် ကျွန်တော်ဟာ သမီးရှင်တွေရဲ့ဆန္ဒ၊ အထူးသဖြင့် မြေ့ဂုဏ်သိက္ခာကို ထောင့်ရှောက်တဲ့အနေနဲ့ မြေ့ကိုလက်ထပ်ခွင့်တောင်းရလိမ့်မယ် ဆိုတာကြောင့်ပါ၊ ခင်ဗျားဆန္ဒကို ဦးစားပေးတဲ့သဘောပါ ဒါကလဲ ခင်ဗျားရဲ့အချစ်နဲ့ သစ္စာတရားကို ကျွန်တော်စာနာလေးစားတဲ့ အတွက် ကြောင့်ပါ"

"ကောင်းပြီလေ၊ ကျွန်တော် မာန်နဲ့တွေ့ဦးမယ်၊ မနက်ဖြန်တွေ့လို့ဖြစ်မလား လိပ်ပ"

"ဖြစ်မှာပါ၊ မြေ့မိဘတွေ ပြည်ကိုသွားကြတယ်"

မြတ်စိုး အဖြေမပေးမီ ချစ်ခွန်းကပင် ဖြေလိုက်သည်။

"မာန်နဲ့ ကျွန်တော် စကားပြောပြီးမှ အဖြေတစ်ခုကို ကျွန်တော်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ဘဝတစ်သက်တာ အရေးအတွက် ဖြစ်နိုင်ရင် အချိန်ယူကြပါလို့တော့ ငါကကြားကနေ တိုက်တွန်းချင်တယ်ကွာ"

မြတ်စိုးက ကြားဝင်ပြီး အလေးအနက် ပြောလိုက်သည်။

"အဲ.. တစ်ခုတော့ရှိသေးတယ်၊ မိမုန်းက နင့်တို့ဆုံးဖြတ်ချက်ကို မနာခံဘဲနဲ့ သူ့ဆုံးဖြတ်ချက်ကို နင်တို့ နာခံရမယ်ဆိုရင်ကော"

"သူ့စိတ်ချမ်းသာဖို့က အဓိကပါ"

ချစ်ခွန်းက အဖြေပေးလိုက်သည်။ နှောင်ဖွဲ့ကတော့ ဘာမှမပြောချေ။

"ကိုနှောင်ဖွဲ့ ကျွန်တော့်ကို ပြောစရာစကား မရှိဘူးဆိုရင် ကျွန်တော်ပြန်တော့မယ်"

"ခုလို ပွင့်ပွင့်လင်းလင်း ဖွင့်ဟဝန်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့ ပြန်တွေ့ကြဦးမှာပါ"

"ဟုတ်ကဲ့ မျှော်လင့်ထားပါတယ် ခွင့်ပြုပါဦး၊ ဂျပု ခေါ်ပြန်မယ်"

ချစ်ခွန်းနှုတ်ဆက်ပြီး ပြန်သွားလေသည်။

နှောင်ဖွဲ့သည် ချစ်ခွန်းအား မျက်စိတစ်ဆုံးကြည့်နေ ကျောက်ဆစ်ရုပ်သဖွယ် ကျန်ရစ်ခဲ့ရာမှ စကားတစ်ခွန်းတော့ မှတ်ချက်ချလိုက်လေသည်။

"ကိုချစ်ခွန်းဟာ မာန်အတွက် အသင့်တော်ဆုံး လူပဲ





ယောက်ပဲ လိပ်ပု"

"ဘာ"


မြတ်စိုး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၃)

"မာန် . . . ဘာပြောစရာရှိနေသလဲ"

မုန်းမာန်ပြေက မြတ်စိုးကို မျက်စောင်းလှမ်းထိုးရာ နှောင်ဖွဲ့ကို ရင်ဆိုင်လိုက်သည်။

နှောင်ဖွဲ့မျက်နှာပြင်ပေါ်မှ အရေးအကြောင်းများသည် တစ်မျိုးဖြစ်နေသည်ဟု မုန်းမာန်ပြေ ထင်နေသည်။

"ဘာအတွက်လဲ"





"ချစ်ခွန်းနဲ့ ပတ်သက်ပြီးလေ"

မုန်းမာန်ပြေက ပြုံးလိုက်သည်။

"ငါ ဘာပြောစရာလိုလို့လဲ၊ နင့်ကို ချစ်ခွန်း ပြောပြီးရောပေါ့"

မုန်းမာန်ပြေ မခိုးမခန့် ပြောလိုက်သည်။

မုန်းမာန်ပြေ အမှန်တကယ် စိတ်တိုနေသည်။ မြတ်စိုးထံမှ အသံသွင်းထားတာကို မိမိ မရရှိပါချေ။ မြတ်စိုးက သူဖမ်းထားပါသည်။ သို့သော် ထိုအသံတွေ ပျက်သွားသည်တဲ့။ ဒါမည်သူ့လက်ချက် ဖြစ်နိုင်သည်ကို ဗေဒင်မေးစရာမလိုဘဲ တပ်အပ်သိလိုက်သည်။

နှောင်ဖွဲ့မှတစ်ပါး အခြား မည်သူမှ မဖြစ်နိုင်ပါချေ။

"ချစ်ခွန်းပြောချင်တာက ချစ်ခွန်းရဲ့ ခံစားချက်၊ ငါ သိချင်တာက မာန်ရဲ့ခံစားချက်၊ မာန်ရဲ့အချစ်၊ မာန်ရဲ့သစ္စာကိုပါ"

နှောင်ဖွဲ့က ခပ်အေးအေးလေး ပြန်ပြောလိုက်ရာ မုန်းမာန်ပြေကလည်း ခပ်တည်တည်ပင်။

"အချစ်ဆိုတဲ့အရာဟာ အင်မတန် တန်ဖိုးကြီးပါတယ်၊ ဘယ်အရာနဲ့မှ တန်ဖိုးဖြတ်လို့မရတဲ့ ထူးဆန်းအံ့ဩဖွယ်ရာ ဒြပ်အရာတစ်ခုပါပဲ"

နှောင်ဖွဲ့ မဲ့ပြုံးပြုံးလိုက်လေသည်။ မုန်းမာန်ပြေ မိမိအပေါ် မကျေမနပ်ဖြစ်နေပြီဟု နားလည်သဘောပေါက်လိုက်သည်။

"ကျွန်မကလေ . . . အဲဒီထူးဆန်းတဲ့ အရာတစ်ခုလို့



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ထားတဲ့ အချစ်ကို သိပ်ပိုင်ဆိုင်ချင်ပါတယ်၊ ရယူချင်ပါတယ်၊ ဒါပေမယ့် အချစ်ကို ခြောက်လှန့်နေတဲ့အရာတစ်ခုက ရှိနေပြန်တယ်”

မြတ်စိုးက ခေါင်းခါကာ သူတို့နှစ်ဦးအား ကျောခိုင်းကာ ကန်စပ်သို့ လျှောက်သွားပြီး ရေကန်ထဲသို့ ခဲပစ်ချလိုက်သည်။

“အဲဒါက ဘာလဲဆိုတော့ သစ္စာပဲ”

“သူကလဲ အံ့ဩစရာကောင်းလောက်အောင်ကို တန်ခိုးမပြတ်နိုင်တဲ့ အရာတစ်ခု ဖြစ်နေပြန်တယ်၊ သူ့ကိုလွန်ဆန်နိုင်တဲ့ စွမ်းအားမျိုး အချစ်မှာ ရှိနေမယ် ဆိုရင်တော့လဲ. . . အဟင်း ဟင်း၊ နင်နဲ့ငါ ခုလိုတောင် တွေ့ရမှာမဟုတ်ဘူး နှောင်ဖွဲ့၊ သိရဲ့လား”

“ဟင်”

မြတ်စိုးမှာ ပြတ်သားလွန်းသော မုန်းမာန်ပြေ စကားကြောင့် မျက်လုံးပြူးကာ နောက်ကြောင်းသို့ ပြန်လှည့်ကြည့်လိုက်သည်။

နှောင်ဖွဲ့သည် တည်ငြိမ်စွာပင်။

“အချစ်ကို မြတ်မြတ်နိုးနိုးနဲ့ လဲလှယ်ရမယ့်အရာဟာ သစ္စာတရားဖြစ်နေတော့ ဆုံးရှုံးမှုတွေဟာ နောက်ဆက်တွဲပြီး ပေါ်လာလိမ့်မယ်၊ အဲဒီအထဲမှာ အကြီးမားဆုံးသော ဆုံးရှုံးမှုက ဂုဏ်သိက္ခာကျဆင်းခြင်းပဲ ဖြစ်လိမ့်မယ် ထင်တယ်. . . မာန် အဲဒီလို ယူဆနေတယ် မဟုတ်လား”





မိန်းမသားတစ်ဦး၏ မာန်ကို နှောင်ဖွဲ့သိပါလား။ ဒါပေမယ့် မိန်းမသားတစ်ဦး၏ နှလုံးသားကို ချုပ်ကိုင်နိုင်ဆုံးသော စေတစ်လုံးပိုင်ရှင်ကို နှောင်ဖွဲ့နားမလည်နိုင်သေးပါလား။

“အမှန်တော့ မာန် အယူအဆလွဲနေတယ်”

“. . . . . . . . .”

“သစ္စာတရားဟာ ဂုဏ်သိက္ခာ မဟုတ်ဘူး”

“ဂုဏ်သိက္ခာဆိုတာ အတ္တရဲ့ သားကောင်ပဲ”

“ဟင်. . . ဂုဏ်သိက္ခာဆိုတာ အတ္တရဲ့သားကောင် ဟုတ်လား”

မုန်းမာန်ပြေ နှောင်ဖွဲ့အယူအဆကို အံ့အားသင့်သွားသည်။

“ဟုတ်တယ် မာန်. . . ဂုဏ်သိက္ခာဆိုတာ အတ္တရဲ့သားကောင်ပါ၊ ဒီတော့ အင်မတန် နက်နဲနူးညံ့သိမ်မွေ့လွန်းလှတဲ့ အချစ်နဲ့ နက်ရှိုင်းခိုင်ခံ့ တည်ငြိမ်လွန်းလှတဲ့ သစ္စာတရားဟာ အတ္တကင်းကွာပါတယ်၊ အချစ်နဲ့သစ္စာရဲ့ သန့်စင်မှုက ဂုဏ်သိက္ခာဆိုတဲ့ အတ္တမာနကို ခဝါချလိုက်ပြီ၊ မာန်ရှေ့ရေးကို မာန်နှလုံးသား ဆန္ဒနဲ့ပဲ ရွေးချယ်ဆုံးဖြတ်ပါလို့ နှောင်ဖွဲ့ တောင်းပန်ပါရစေ”

“မဟုတ်သေးဘူး နှောင်ဖွဲ့၊ ငါ ဘာမှ ရွေးချယ်စရာ မလိုဘူး၊ လွန်ခဲ့သော ကာလကတည်းက ငါ နင့်ကိုရွေးချယ်ခဲ့ပြီးသားပဲ”

“အဲဒီတုန်းက ငါတစ်ယောက်တည်းလေ၊ ပြိုင်ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



မရှိသေးတာ”

“နင် ဘာတွေ လာပြောနေတာလဲ၊ ဘာလဲ . . . နင်က ချစ်ခွန်းနဲ့ငါ့ကို မသင်္ကာလို့ ငါ့ကို အင်တင်တင် ဖြစ်နေတာလား”

“ဒါတွေဟာ သိပ်ကိုအောက်တန်းကျတဲ့ အတွေးအခေါ်တွေပါ၊ နင်နဲ့ငါဟာ ချစ်သူဘဝပေမယ့် ဘယ်လောက် သန့်စင်ခဲ့သလဲ၊ ဒီလိုပဲ နင်နဲ့ချစ်ခွန်းကြား ညစ်နွမ်းစေခဲ့တာမျိုး ဘာတစ်ခုမှ မကျူးလွန်ခဲ့ဘူးလို့ ယုံကြည်ပါတယ်”

မုန်းမာန်ပြေ နှောင်ဖွဲ့အပေါ် သနားခြင်းအပြင် လေးစားခြင်းပါ တိုးဆင့်သွားသည်။

“ဒါပေမယ့် . . . နင့်အတွက် ငါ စဉ်းစားသင့်တယ်လို့ ထင်တယ်၊ နင်နဲ့ငါအခု လက်ထပ်ကြမယ် ဆိုပါစို့”

“ဘာဖြစ်လို့ လက်ထပ်ရမှာလဲ၊ ငါ ကျောင်းပြီးမှ လက်ထပ်ကြမယ်လေ”

“လူတိုင်းရဲ့ နောက်ပါးမှာ မမြင်နိုင်တဲ့ ကံကြမ္မာဆိုတာ ကပ်ငြိပါလာတတ်တာမျိုးလေ မာန်၊ ပုံသေကားကျ တွက်ထားလို့ မရဘူး”

“ထားပါတော့”

“ကိုင်း . . . ခုနေ နင်နဲ့ငါ မဖြစ်မနေ လက်ထပ်ရပါပြီတဲ့ . . . နင့်ကို ငါနှစ်ချုပ်နဲ့ပဲ တိုက်ခန်းတစ်ခု ငှားထားပေးနိုင်ခဲ့မယ်၊ ငွေသိန်းတစ်ရာလောက်ကို လုပ်ငန်းတစ်ခုခုမှာ ဒါမှမဟုတ်ရင် နင်ကိုယ်တိုင်ပဲ တိုးပွားအောင် လုပ်ရလိမ့်မယ်၊ ငါပြန်လာမှ ကိုယ်ပိုင်တိုက်ခန်း၊ ဒါမှမဟုတ် ဆင်ခြေဖုံးရပ်ကွက်လို





နေရာမျိုးမှာ လုံးချင်းအိမ်ရာတစ်ခုနဲ့ ကားတစ်စီးပဲ စီစဉ်ပေးနိုင်မယ့် အခြေအနေမျိုး”

“အဲဒါ ဘာဖြစ်သလဲ”

“အဲဒါ ဘာဖြစ်ရမှာလဲ မာန်၊ သိန်းကိုထောင်နဲ့ချီပြီးတန်တဲ့ အိမ်ပေါ်မှာ စားဝတ်နေရေး မကြောင်မကြ မပူမပန်နေရတဲ့ နင့်ဘဝကို ငါက အငှားတိုက်ခန်းတစ်ခုကို ဆွဲချပြီး ဘဝကို ရုန်းကန်ခိုင်းသင့်သလား”

“ဘဝဆိုတာ ရုန်းကန်ခြင်းပဲဟ . . . တူနှစ်ကိုယ် တဲအိုပျက်နေရတဲ့ ဘဝမျိုးထက် အဆပေါင်းများစွာ သာလွန်တာပဲ၊ ငါ နေတတ်ပါတယ်”

“မာန်ရာ . . . နင်စကားကို ကတ်ဖွဲ့ပြီး မပြောစမ်းပါနဲ့”

“ငါက ကတ်ဖွဲ့တာမဟုတ်ဘူး၊ နင်က ချောင်နေတာ”

နှောင်ဖွဲ့က မုန်းမာန်ပြေကို လက်မြှောက်ပြလိုက်ပြီး . .

“အရှုံးပေးပါတယ်၊ ဒါပေမယ့် ဆက်ပြောပါရစေဦး”

“ပြော . . . တစ်ခါတလေမှလာတဲ့နင့်ကို ငါသနားလို့ အရှုံးပေးလိုက်တာနော်”

“ဟုတ်ကဲ့ . . . သဘောပေါက်ပါတယ်၊ ဆက်ပြောမယ် နင့်ကိုခုနေ သိန်းထောင်နဲ့ချီပြီးတန်တဲ့ အိမ်ပေါ် ဆွဲတင်ပြီး နင့်မိဘတွေထက်သာလွန်တဲ့ စားဝတ်နေရေးကို ဖန်တီးပေးမယ့် ဘဝမျိုးကို ပြောင်းလဲသွားမယ်ဆိုရင် . . . ငါက နင့်ကို မစွန့်လွှတ်သင့်ဘူးလား”

“ဘာကြောင်တာလဲ၊ အဲဒါပုံပြင်ဟ ဘာလဲ နင်က ပုံ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ထဲက သူရဲကောင်းမင်းသား ဖြစ်ချင်နေလို့လား၊ အဟင်းဟင်း ချစ်ပုံပြင်တစ်ပုဒ်က အချစ်သူရဲကောင်းကြီးအဖြစ် ရာဇဝင်မှာ ကမ္ဗည်း အတင်ခံချင်တယ်ပေါ့ ဟုတ်လား"

"မာန်"

"ဒီမှာ နှောင်ဖွဲ့ နင်ကလွဲရင် ငါဘယ်သူကိုမှ လက်မထပ်ဘူး၊ ဒါဟာ ငါရဲ့ နင့်အပေါ် ထားရှိတဲ့ မေတ္တာတရားနဲ့ သစ္စာတရားပဲ၊ နင့်ဘက်က ဘာဖြစ်လို့ တွေဝေချင်ရတာလဲ၊ ပြောင်းလဲချင်ရတာလဲ၊ နင့်စိတ်ထားတွေဟာ ပတ်ဝန်းကျင် လေတိုးတိုင်း ယိမ်းယိုင်သွားတတ်သလား ပြောင်းလဲသွားတတ်သလား"

"မဟုတ်ဘူး မာန်. . . ငါပြောနေတာ နင့်အတွက်ပါ"

"အို ကိုယ့်ချစ်သူ ကောင်းစားရေးအတွက် ကိုယ်က စွန့်လွှတ် အနစ်နာခံမယ်ဆိုတဲ့ ပျော့ညံ့မှုမျိုးနဲ့ ကိုယ့်ချစ်သူ ကောင်းစားရေးအတွက် ကိုယ်သာ အနစ်နာခံ လှုပ်ရှားရုန်းကန် ကြိုးစားမယ်ဆိုတဲ့ ယောကျ်ားမာနမျိုးနဲ့ နင်ဘယ်ဟာကို ရွေးချယ်မလဲ"

"နင် ဒုတိယစကားဟာ ငါရဲ့ရွေးချယ်မှုပါ"

"ဒါဆိုရင် ပြီးနေပြီ"

"နင့် ပြီးသလို နင့်မိဘတွေက ပြီးခဲ့ရင်တော့ အကောင်းသားပေါ့ မာန်"

"ဘာလို့ မပြီးရမှာလဲ၊ အဓမ္မစီမံမယ်ဆိုရင် နင့်ဆီကို ငါလိုက်လာခဲ့မှာပေါ့"

"မာန်ရယ်"





နှောင်ဖွဲ့ရင်ထဲ နွေးထွေးသွားသည်။ မုန်းမာန်ပြေ၏ ပြတ်သားမှုကို သိရှိလိုက်ရပြီးနောက် သူ့၌ပြောစရာစကားတို့ ကုန်ဆုံးသွားသည်။

မြတ်စိုး မုန်းမာန်ပြေကို နားမလည်နိုင်အောင် ဖြစ်သွားသည်။

ချစ်ခွန်းအပေါ်၌ သူမ၏စိတ်ထားသည် မည်ကဲ့သို့ရှိခဲ့သနည်းဆိုတာကို ပြန်တွေးရမလို ဖြစ်သွားသည်။

နှောင်ဖွဲ့က ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာချလိုက်သည်။

"မာန့်ဘက်က ဒီလောက်ပြတ်သားနေမှတော့ ငါက ယောကျ်ားပဲ ငါ့ဘက်က ပိုပြတ်သားပါတယ်၊ မာန့်ကိုလက်ရှိဘဝထက် မနိမ့်ကျအောင် စိတ်ချမ်းသာအောင် ငါထားနိုင်ပါတယ်၊ ငါကြိုးစားနေတယ် ကြိုးစားသွားမှာပါ၊ ကျေနပ်တယ် နော် မာန်"

"ကျေနပ်တယ်၊ နင့်ကို ငါချစ်ခဲ့တာ အဲ့ဒီစိတ်ဓာတ်ကြောင့်ပဲ၊ ငါချစ်တဲ့ စိတ်ဓာတ်ကို နင်တွေဝေမှု အရောင်မဆိုးစေနဲ့၊ ငါ မကြိုက်ဘူး"

"ကောင်းပြီ၊ ဘယ်အရောင်မှ မဆိုးတော့ဘူး"

"နင့်ကို ငါတစ်ခု မေးဦးမယ်၊ ငါတို့ ပေလီသွားတဲ့ ကိစ္စ သိပြီးပြီလား"

"သိပြီးပြီ၊ မြတ်စိုးလဲ ပြောပြတယ်၊ ချစ်ခွန်းလဲ ပြောပြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင့်စိတ်ထဲဘယ်လိုမှ မနေဘူးလား"

နှောင်ဖွဲ့က ပြုံးသည်။ ကျီစယ်သောအပြုံးဟု မုန်းမာန်ပြေက နားလည်သည်။

"နေတာပေါ့ဟ"

"ဟင်"

"ဟုတ်တယ်၊ ချစ်ခွန်းကိုလဲ မနာလိုဘူး၊ လိပ်ပုကိုလဲ မနာလိုဘူး"

"မနာလိုခြင်းဟာ ယောက်ျားအလုပ် မဟုတ်ဘူးလေ"

"ဒါတော့ မတတ်နိုင်ဘူး၊ ကိုယ့်ချစ်သူနဲ့ကိုယ်တောင် တွဲသွားတွဲလာ လုပ်ဖို့အခွင့်အရေးမျိုး ကိုယ်မှာမရရှိခဲ့တော့၊ ညအိပ်ခရီးမျိုးကိုတောင် အခွင့်အရေးရရှိတဲ့ သင်းတို့ကို ငါမနာလိုဘူး"

"ဩော်. . . ဟော်. . ဟော်"

မုန်းမာန်ပြေက အခုမှသဘောပေါက်ကာ ရယ်မောလိုက်သည်။

မြတ်စိုးက. . .

"အရိုးလိုလို့ အသားတောင်းနေပြီဟေ့ မိမုန်း"

"အသားလိုလို့ အရိုးတောင်းတာပါ"

"ဝန်တိုခြင်းကင်းရင် အချစ်စစ်မခေါ်ဘူးဆို ငါဝန်တိုကြည့်တာပါ"

"ဒါပေမယ့် ရပါတယ် ဦးသဝန်ကြောင်ရယ်၊ ကျွန်မနဲ့ရှင် သန်လျင်ဘက်ကို သွားလည်ရအောင်"





"ငါကောလိုက်ရဦးမလား"

"နင် မလိုက်လို့ ဘယ်ဖြစ်မလဲ၊ နင်က ဒရိုင်ဘာလုပ်ရဦးမှာ"

"ကောင်းကွာ . . . ဆေးရိုးသည်က ကန့်လန့်ကန့်လန့်ဖြစ်ဦးတော့မှာပဲ"

"လာ အချိန်ရှိတုန်းသွားရအောင်"

မုန်းမာန်ပြေ၏ ရင်ထဲ၌ ချစ်ခွန်းသည် တဒင်္ဂမေ့ပျောက်သွားသည်။ နှောင်ဖွဲ့နှင့် နားလည်မှုရရှိသွားသဖြင့် ကျေနပ်ခြင်းကတော့ ဖြစ်မိသည်။

ဖောက်ပြန်တတ်သော နှလုံးသားကို ဤနည်းနှင့်မှ အပြစ်မပေးလျှင် နှလုံးသားတစ္ဆေက မိမိအား အနိုင်ယူသွားလိမ့်မည်ကို မုန်းမာန်ပြေ ကောင်းစွာသိရှိလေသည်။


ထို့ကြောင့် နှောင်ဖွဲ့၏ လက်မောင်းကို ချိတ်တွဲကာ. .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၄)

"ငါ့သမီးလေးတော်လှတော်လှနဲ့ ယောက်မမြင်းစီးထွက်လိုက်တာပေါ့လေ၊ ထိုင်စမ်းပါဦး မိရွှေမုန်း"

မုန်းမာန်ပြေအတွက် မုန်တိုင်းထန်လေပြီ။

ပြည်က ပြန်ရောက်ပြီး နောက်တစ်နေ့၌ဘယ်သူဆောင်ကြဉ်းလာသော သတင်းမှန်းမသိ၊ မိခင်၏နားသို့ ချက်ချင်းရောက်ရှိသွားလေပြီ။

"ပြောစမ်း ဟိုကောင်ဘယ်တုန်းက ပြန်ရောက်သလဲ"





"တစ်နေ့ကပဲ"

"ဘာ"

"ညည်း ဒီကောင်နဲ့ အဆက်အသွယ် မပြတ်သေးဘူးပေါ့ . . ဟုတ်လား"

"ဘယ်တုန်းကမှ မပြတ်ခဲ့ပါဘူး"

"ဘာ"

မိခင် ဒေါ်တင်ဇာဝေ၏ ညာလက်ဝါးသည် မုန်းမာန်ပြေ၏ ဘယ်ဘက်ပါးပြင်ပေါ်သို့ အရှိန်အဟုန် ပြင်းစွာဖြင့်ကျရောက်သွားလေသည်။

"ဖြန်း"

မုန်းမာန်ပြေ၏ မျက်လုံးအစုံ၌ ကြယ်ရောင်၊ လရောင်တို့ လင်းလက်သွားပြီး ခေါင်းသည်လည်ထွက်ကာ ငံပျပျအရသာတို့သည် ဘယ်ဘက်နှုတ်ခမ်းစွန်း၌ စွန်းထေးသွားသည်။

"ညည်း. . . ညည်းကို သတ်ပစ်မယ်၊ ဒီခွေးကောင်နဲ့တော့ မပေးစားနိုင်ဘူး. . . တောက်"

မုန်းမာန်ပြေ၏ နာကြည်းမှုမျက်ရည်စက်တို့က ပါးပြင်ပေါ်သို့ တလိမ့်လိမ့် ဆင်းလာသည်။

"ဟင်. . . အန်တီ. . . ပြေ"

မျှော်လင့်မထားသောမြင်ကွင်းကြောင့် ချစ်ခွန်း အံ့အားသင့်သွားသည်။

"ဘာဖြစ်ရမှာလဲ၊ ခွေးလိုမိုက်တဲ့ အမိုက်မကို ဆုံးမနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး အန်တီရယ်၊ ဖြည်းဖြည်းဆေးဆေး ပြောလဲရပါတယ်"

"ဖြည်းဖြည်းပြောလို့ကို မရနိုင်အောင် မိုက်တွင်းနက် သမီး၊ မွဲချင်တဲ့ခွေး ပြာပုံတိုးတယ်ဆိုတာ ဒါမျိုးပဲ"

ဒေါ်တင်ဇာဝေသည် ဒေါသကြောင့် မောမောနှင့်ဆ တီပေါ် ပစ်ထိုင်လိုက်ပြီး. . . .

"မောလိုက်တာ ဘယ်သူရှိသလဲ၊ ရွှေစာ. . . ရွှေ ရေတစ်ခွက် ခပ်ခဲ့စမ်း၊ ပြီးရင်. . ညည်းအန်ကယ်ကြီးကို ဖုန်း ဆက်၊ အရေးကြီးတယ် အမြန်ပြန်လာပါလို့"

"ဟုတ်. . . ဟုတ်ကဲ့ အန်တီကြီး"

မုန်မာန်ပြေကတော့ ပကတိကျောက်ရုပ်။

"မဖြစ်ဘူး၊ သင်းကို သင်းအဖေတို့ကုမ္ပဏီမှာ ရှယ်ယာ အများဆုံးဝင်ထားတဲ့ ဒါရိုက်တာ မောင်ထိုက်အောင်နဲ့ပဲ အမြ ဆုံး လက်ထပ်ပေးလိုက်တော့မယ်"

ချစ်ခွန်းက ပျာပျာသလဲ. . . .

"ဒီလိုတော့ မလုပ်ပါနဲ့အန်တီ၊ အန်တီပြောထား ကျွန်တော် မေမေတို့ကို ဖုန်းဆက်ခေါ်ထားတာ၊ ဒီည ဖလိုက် နဲ့ဖေဖေရော မေမေပါ ပြန်လာကြမှာပါ။ အဲဒါ ကျွန်တော်သဘော လာပေးတာ၊ ခုလိုမြင်ကွင်းမျိုးတွေ့ရတော့ ကျွန်တော် အနေ ကို စိတ်မကောင်းဖြစ်ရပါတယ်"

ချစ်ခွန်းက အခြေအနေ အရပ်ရပ်ကို သုံးသပ်ကာ စဉ်ကြည့် ကလိုက်သည်။ အမှန်တော့ မိဘတွေက သူတို့





သာသာသူတို့ ပြန်လာကြခြင်းဖြစ်သည်။ ဒါကို အခွင့်ကောင်း ယူကာ မုန်းမာန်ပြေအတွက် ထွက်ပေါက်တစ်ခု အနေနှင့် ဖန်တီးပေးလိုက်ခြင်းဖြစ်သည်။

မုန်းမာန်ပြေကတော့ အံ့အားသင့်သော မျက်လုံးဖြင့် ချစ်ခွန်းကို ကြည့်သည်။ ချစ်ခွန်းလျှို့ဝှက်ထားသော စကားတစ်ခု၏ တစ်စွန်းတစ်စကို မုန်းမာန်ပြေ ရိပ်မိလိုက်လေပြီ။

သူ၏မိခင်သည် ချစ်ခွန်းအပေါ်၌ တစ်ခုခုတောင်းဆိုထားလိမ့်မည်။

ချစ်ခွန်းနှင့် မျက်လုံးဆုံသည့် တဒင်္ဂ၌ ချစ်ခွန်း၏ မျက်ဝန်းရိပ်တွင် မေတ္တာ၏ အားအင်များနှင့် အားပေးသော အကြည့်တို့ကို တွေ့မြင်လိုက်ရသည်။

"မင်းပြောတာ အသေအချာပဲလား"

"ဟုတ်ကဲ့ပါ၊ မနက်ဖြန်ညနေလောက် မေမေတို့ကို ကျွန်တော်ခေါ်လာပါ့မယ်"

ပြောင်းလဲခြင်းသည် ဤမျှမြန်ဆန်စွာ ဖြစ်ပေါ်လာလိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့သဖြင့် မုန်းမာန်ပြေသည် မယုံကြည်နိုင်အောင် ဖြစ်နေသည်။

"ပြေ"

ချစ်ခွန်းက မုန်မာန်ပြေ၏ အနီးဆုံးနေရာ၌ ဝင်ထိုင်လိုက်ပြီး တစ်သျှူးပေပါလေးကိုထုတ်ကာ ကမ်းပေးလိုက်၏။

မုန်းမာန်ပြေအတွက် ကြေကွဲမှုက ပိုမိုသည်းထန်လာခြင်း ထိုင်နေရာမှ ဖြုန်းခနဲထကာ အိပ်ခန်းထဲသို့ ပြေးဝင်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ချစ်ခွန်းရင်ထဲ မီးဟုန်းဟုန်း တောက်လောင်၍ ကျန်ရစ်ခဲ့လေသည်။

မုန်းမာန်ပြေ၍ သောကဟူသမျှတို့ကို သူပဲလွှဲပြောင်းယူလိုက်လိုသော ဆန္ဒက သူ့နှလုံးအိမ်၌ အပြည့်အနှက် နေရာယူလျက်. . .







# အခန်း (၃၅)

"မိမုန်းကို အိမ်တွင်း အကျဉ်းချထားလိုက်ပြီ၊ ငါ့ကို ...ောင် ပေးမတွေ့ဘူးဟ၊ ငါ့ကိုပါ နင်တို့အားလုံး ကြဲရာပါပဲ၊ ...ည့်သူငယ်ချင်း ကောင်းစားရေးကို ဖျက်ဆီးပစ်ကြတဲ့သူမျိုး ...ာ သူငယ်ချင်းကောင်း မဟုတ်ဘူးလို့ ပြောလွှတ်လိုက်သေး ...ယ်ဗျ"

မြတ်စိုးနှင့် နှောင်ဖွဲ့ အမြွှာညီအစ်မကို ကြိုရှင်းမြတ်စိုး



www.burmeseclassic.com

www.burmeseclassic.com



က အခြေအနေ အရပ်ရပ်ကို ရှင်းပြလိုက်သည်။

"ဒီလိုဆိုရင် မိမုန်း ခွန်းနဲ့လက်ထပ်ရတော့မယ့် အနေအထားပေါ့ ဟုတ်လား"

"အေးလေ အခြေအနေက အဲဒီလိုဖြစ်နေပြီကိုး"

"ခွန်းကိုကော စိတ်ချထားလို့ ဖြစ်ပါ့မလား၊ သူက မိမုန်းကို သိပ်ချစ်တာ"

သဇင်မောင်က လေးလေးနက်နက်ထားပြီး ဝင်ပြောလိုက်ရာ နှောင်ဖွဲ့က ဖျတ်ခနဲ သဇင်မောင်ကို လှမ်းကြည့်လိုက်ပြီး. . .

"ချစ်ခွန်းက နင်တို့ကို ဝန်ခံလို့လား"

"ဟ. . . နှုတ်ကတော့ ဘယ်ဝန်ခံမလဲ၊ ဒါပေမယ့် မျက်လုံးက ဝန်ခံနေတယ်"

"ဒါဖြင့် မာန်နဲ့ချစ်ခွန်း လက်ထပ်သွားဖြစ်ရင်တောင် မာန့်အတွက်ငါ စိတ်ချမ်းသာသင့်တယ်ဆိုရင် ငါမှားမလား"

"ဘာ. . . ဘာပြောတယ်နှောင်ဖွဲ့၊ နင်ယောကျ်ား ဟုတ်ဘူးလား"

နှင်းဆီမောင်က စွာတူးစွာဖြင့် မကျေမနပ် မေးလိုက်သည်။

"နင်တို့ သေသေချာချာ စဉ်းစားကြည့်စမ်း၊ မာန်ဟာ ငါ့ကိုချစ်တာမဟုတ်ဘူး သနားနာ၊ သူတကယ်ချစ်သွားတာ ချစ်ခွန်းပဲ"

"ဟ. . . သနားတာလဲ ချစ်တာပဲပေါ့၊ ချစ်ခွန်းကို ချစ်





တာက ချစ်စရာကောင်းလို့ချစ်တာ၊ ချစ်ခွန်းကို သူတင်မကဘူး မြင်ရတဲ့ အပျိုမတွေတိုင်းလိုလို ရင်ခုန်ချင်စရာကောင်းလောက်တဲ့ ရုပ်ရည်နဲ့ အပြုံးကြောင့် တစ်ဖက်သတ်ချစ်နေကြတဲ့သူတွေ အပုံကြီး၊ ငါ့အထင်ပြောရရင် မိမုန်းကလဲ အပျိုမတစ်ယောက်ပဲ ချစ်ခွန်းအပေါ် ရင်ခုန်မိတာ အဆန်းမဟုတ်ပါဘူးလို့ ငါထင်တယ်"

နှင်းဆီမောင်က ပြတ်သားစွာ ပြောလေသည်။

သဇင်မောင်ကလည်း. . .

"ဟုတ်တယ်. . . မြွေမြွေချင်း ခြေမြင်တယ်၊ မိန်းမသားတစ်ဦးရဲ့စိတ်ကို မိန်းမသားအချင်းချင်းပဲ ပိုနားလည်တတ်ပါတယ်ဟာ၊ နင်ခေါင်းရှောင်ပြီး သူ့ရဲ့ကောင်းလုပ်ဖို့ မစဉ်းစားလိုက်နဲ့ နှောင်ဖွဲ့၊ ငါတို့အားမပေးဘူး"

နှောင်ဖွဲ့ သက်ပြင်းချလိုက်သည်။ သူငယ်ချင်းများ ပြောသည်ကိုလည်း သူလက်ခံသည်။

ချစ်ခွန်းသည် မုန်းမာန်ပြေအပေါ် အဘယ်မျှချစ်သည် ပြောပြော မိမိအချစ်ထက်တော့ မသာလွန်နိုင်။

မုန်းမာန်ပြေအပေါ် မိမိရင်ခွင်ကလွဲပြီး အခြားမည်သူ့ရင်ခွင်ကို သူစိတ်ချရမည်နည်း။

"ဘာလဲ ကိုယ့်ချစ်သူကောင်းစားရေးအတွက် ကိုယ်သာ အနစ်နာခံမယ်ဆိုတဲ့ ခပ်ပျော့ပျော့ ခပ်အောက်အောက် အတွေးအခေါ်မျိုးကို ငါတို့လက်မခံနိုင်ဘူး"

သဇင်မောင်က ဝင်ပြောလိုက်ပြန်သည်။ နှောင်ဖွဲ့စိတ်ထဲ မိန်းမသားအတော်များများသည် ခံယူချက်ချင်း တူညီကြပါ



www.burmeseclassic.com

www.burmeseclassic.com



လားဟု သဘောပေါက်လိုက်သည်။

"ဟုတ်ပ. . ကိုယ့်ချစ်သူ ဘဝမြင့်မားရေးအတွက် ကိုယ့်လုပ်အားနဲ့ကိုယ် ရုန်းကန်ရှာဖွေ ကြိုးစားခြင်းသာ ယောကျ်ားကောင်း ယောကျ်ားမြတ်တွေ ရဲ့ အလုပ်လို့ ငါတို့ နားလည်တယ် လက်ခံတယ်၊ နင် မပျော့ညံ့နဲ့နော်၊ မတွေဝေနဲ့၊ ငါတို့ပါ နင့်ကို ငယ်စာရင်းက ပယ်ပစ်လိုက်မယ်"

"ငယ်စာရင်းကိုပဲ ပယ်ပါ၊ ဟိုငယ်. . . ဟိုဟာကိုတော့ မပယ်လိုက်ပါနဲ့"

မြတ်စိုးက ဝင်ဖောက်လေရာ နှင်းဆီမောင်က. . ။

"ခွေးသူတောင်းစား. . . နင် မစုတ်ပဲ့နဲ့"

မြတ်ခွန်းက ရယ်မောလိုက်လေသည်။ နှောင်ဖွဲ့က ပြုံးပြုံး. . .

"ဒီလိုဆိုရင် ငါ့ကို ချစ်ခွန်း ဆက်သွယ်လာလိမ့်မယ် ထင်တယ်"

"အေး. . . သူ့ဘက်က ရိုးသားပါတယ်ဆိုရင်တော့ မကြာခင် ဆက်သွယ်လာမှာ ကျိန်းသေတယ်၊ ကိုင်း. . . ကိုင်း အမြွှာနှစ်ကောင် နင်တို့ပစ္စည်းပစ္စယတွေ ကိစ္စပြီးပြီလား၊ ပြီးရင် သွားရအောင်"

"ပြီးပြီ"

"ဒါဖြင့် မင်းကိုရှစ်မိုင်အိမ်မှာပဲ ထားခဲ့မယ်၊ ငါဒီနှစ်ကောင်ကို ပို့ပြီးမှပြန်လာခဲ့မယ်"

"အေး. . . ငါတို့လဲ ကိစ္စဝစ္စပြီးရင် မိမုန်းကိုဆက်သွယ်





ကြည့်ဦးမယ်၊ ပြီးရင် နင်တို့နဲ့ ဆက်သွယ်မယ်"

"ပြောမယ့်သာ ပြောရတာဟာ ခွန်းအတွက်လဲ စိတ်မကောင်းဖြစ်မိတယ်၊ ငါတို့နှစ်ယောက်က အမြွှာမဖြစ်ဘဲ မိမုန်းမှာသာ အမြွှာရှိခဲ့ရင် ကိစ္စပြီးနေပြီ"

သူငယ်ချင်းများ ရောက်တတ်ရာရာ ပြောကြတော့လည်း သူတို့အားလုံး၏ ခေါင်းထဲ၌ မုန်းမာန်ပြေနှင့် အဆက်အသွယ်ရရှိဖို့သာ အာရုံရောက်နေကြသည်။

ရှစ်မိုင်ရှိ မြတ်စိုးခြံဝင်းအဝ၌သာ နှောင်ဖွဲ့ကို မြတ်စိုးချထားခဲ့ပေးလိုက်သဖြင့် ချစ်ခွန်း ရောက်ရှိနေကြောင်းကို နှောင်ဖွဲ့မှလွဲ၍ ကျန်သုံးဦးက မသိလိုက်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၆)

"ကျွန်တော် ပြေနဲ့ လွတ်လွတ်လပ်လပ် တွေ့ခွင့်မရသေးပါဘူး ကိုနှောင်ဖွဲ့၊ သူ့မိခင်ရှေ့မှာပဲ တွေ့ခွင့်ရတဲ့အတွက် ကျွန်တော်တို့ ဘာမှပြောခွင့်မရသေးပါဘူး"

နှောင်ဖွဲ့က ချစ်ခွန်းကိုအားနာစွာဖြင့် ကြည့်လိုက်သည်။ ချစ်ခွန်းပေါ် မတရားရာ ကျရောက်နေပြီဟု ထင်ပါသည်။ သူ့အသည်းနှလုံးတစ်ပါးသူကို ထုတ်ပေးသည့် ကိစ္စမျိုးမှာတောင် သူ့ရင်ကိုသူ ခွဲထုတ်ရမည့်ကိန်းဆိုက်နေသည့် ချစ်ခွန်းကို သူ





စာနာကာ သနားခြင်း၊ အားနာခြင်းတို့ ရောပြွမ်းကာ မည်သည့်တောင်းဆိုချက်ကိုမှ ပြောမထွက်အောင် ဖြစ်နေသည်။

"ကျွန်တော့် မိဘတွေကို ဖွင့်ပြောတော့လဲ မစော်လွန်းဘူးလား ကျောင်းပြီးမှဆိုရင် ပိုမကောင်းဘူးလား ဘာညာနဲ့ပေါ့ ခုထက်ထိ ခေါင်းမညိတ်ကြသေးဘူး"

နှောင်ဖွဲ့ရင်ထဲ ပူလောင်လာသည်။ မုန်းမာန်ပြေ အတွက် စိတ်မကောင်းဖြစ်ကာ စိုးရိမ်ပူပန်မှုဖြင့် ခေါင်းမီးတောက်လောင်လာသည်။

"ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"ကျွန်တော် ကြိုးစားကြည့်ပါဦးမယ်၊ ကျွန်တော်နဲ့ အဆင်မပြေရင် သူတို့ဖက်စပ်ကုမ္ပဏီက ဒါရိုက်တာနဲ့ပေးစားပစ်မယ့် အနေအထားဆိုတော့ ကျွန်တော်ပါ အဝင်ခက်သွားမှာ စိုးရိမ်တယ်လေ၊ ဒါကြောင့် ဘယ်သူနဲ့မှ မတိုင်ပင်ဘဲ ကျွန်တော့် မိဘတွေကို ဖွင့်ပြောပြီး လာတောင်းပါမယ်လို့ အာမခံလိုက်တာ မိဘတွေက လက်မခံတော့ ခက်နေတယ်"

"ဘာဖြစ်လို့ လက်မခံတာလဲ"

ချစ်ခွန်း ပြောသင့် မပြောသင့် ချိန်ဆလိုက်သည်။

အထူးသဖြင့်. . .

"ချစ်ဦးသူ ရည်းစားရှိခဲ့ဖူးတဲ့ မိန်းကလေး၊ သူ့ရည်းစားက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတုန်း မင်းကိုအပျော်တွဲတာ ဒီလို မိန်းကလေးရဲ့ မေတ္တာကို မေမေ မယုံကြည်ချင်ဘူး" ဟူ. . . မိခင်၏ ခါးသီးသောစကားကို သူပြောမထွက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နှောင်ဖွဲ့သည် ချစ်ခွန်းမျက်နှာပြင်ပေါ်မှ အရေးအကြောင်းများကို အကဲခတ်မိလိုက်သည်။

ပြောစရာမလိုပါ။ တစ်ဦးတည်းသော သားဖြစ်၍ မိဘများက နှမြောပေမည်။ အထူးသဖြင့် ချစ်သားနှင့် ပတ်သက်လာသမျှ မိန်းကလေးများ၏ နောက်ကြောင်းကို မစုံစမ်း၊ မစစ်ဆေးဘူးဟု မပြောနိုင်၊ စုံစမ်းလာသည့်အခါ ဘယ်မိဘမဆို ခြောက်ပြစ်ကင်းသဲလဲစင် မိန်းကလေးမျိုးကိုသာ လိုလားကြပေမည်။

ရည်းစားရှိသော မိန်းကလေးတစ်ယောက်ကို နောက်ကြောင်းမရှင်းပါဘူး သားရယ်ဟုတော့ သားဖြစ်သူကို တတ်နိုင်သရွေ့တားမြစ်ရမည်မှာ မိဘများ၏ မေတ္တာတရားဟု သူနားလည်သဘောပေါက်မိရာ မုန်းမာန်ပြေအပေါ် အသနားပိုသွားရသည်။

မိမိနှင့် ပတ်သက်လာလျှင် မုန်းမာန်ပြေမှာ အရှုံးကြီးသာပါတကား။

"ဘာရယ် မဟုတ်ပါဘူး၊ ကျွန်တော့်ကို နှိုးနှိုးစင်တယ်လို့တောင် မယူဆသေးချင်ကြဘူး"

ချစ်ခွန်း၏ မှသားကို သူနားလည်ပါသည်။ ထို့ကြောင့် ချစ်ခွန်း စိတ်သက်သာရာ ရစေရေးအတွက်. . .

"အင်းပေါ့ဗျာ. . . တစ်ဦးတည်းသော သားကလဲဖြစ်ပြန်၊ ကျောင်းကလဲ မပြီးသေးဘူးဆိုတော့ အနှမြောပိုကြမှာပေါ့၊ ဘာပဲဖြစ်ဖြစ်ဗျာ ကိုချစ်ခွန်းက သူ့အိမ် ဝင်ထွက်ခွင့်ရသေးတဲ့ သူဆိုတော့ ကျွန်တော်နဲ့မာန်ကို ဆက်သွယ်ခွင့်ရအောင်တော့





အကူအညီပေးပါဗျာ"

"ဟုတ်ကဲ့. . . ကျွန်တော်ကြိုးစားပါ့မယ်"

ချစ်ခွန်းသည် နှောင်ဖွဲ့နှင့် မုန်းမာန်ပြေတို့၏ အခြေအနေကို မြတ်စိုးမှတစ်ဆင့် သိရှိပြီးဖြစ်ရာ မိမိအရှုံးအတွက် ကြေကွဲမနေအားဘဲ ချစ်သူချင်း မကွေကွင်းဖို့အရေး အားတက်သရော ကူညီပေးရန် ဆုံးဖြတ်ချက်ချခဲ့သည်။

"ဒီလိုဆို ကျွန်တော်ပြန်ဦးမယ်"

"လိပ်ပုကို မစောင့်တော့ဘူးလား"

"မစောင့်ပါဘူး၊ အခြေအနေတွေကိုသာ ပြောပြလိုက်ပါ"

ရှုံးသူဖြစ်သော်ငြား ဝန်တိုခြင်းကင်းကွာစွာဖြင့် မိမိအား အကူအညီပေးနေသော ချစ်ခွန်း၏စိတ်ဓာတ်ကို သူ မလေးစားဘဲ မနေနိုင်။

အကယ်၍ မုန်းမာန်ပြေအား မလွှဲမရှောင်သာ၍ ချစ်ခွန်းနှင့် လက်ထပ်လိုက်ရသည့်တိုင်အောင် သူသည်ကြေကွဲမှုကြားက ကျေနပ်သည့်အပြုံးကို ပြုံးနိုင်လိမ့်မည် ထင်ပါသည်။

ချစ်ခွန်း၏ကားလေး ခြံထဲမှထွက်သွားသည်။ သြော်. . . သူတစ်နှစ်လောက် ရှာဖွေစုဆောင်းသည့် ငွေကြေးတန်ဖိုးသည် ချစ်ခွန်း၏ ကားတစ်စီးစာမျှပင် မရှိပါလား။

နှောင်ဖွဲ့အတွက် ဤခရီးစဉ်သည် လျှို့ဝှက်နေစရာ မလိုတော့သဖြင့် မိဘညီအစ်ကို မောင်နှမများနှင့် တွေ့ဆုံရန် စဉ်းစားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မုန်းမာန်ပြေဘက်က ဆက်သွယ်လာလျှင် အဆင်သင့်ဖြစ်နေစေရေးအတွက် ဤအိမ်မှ တစ်ဖဝါးမှ ခွာ၍ မဖြစ်နိုင်ပါ။

"တူး တူ တူး တူ တူ တူး"

ထိုစဉ် တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသဖြင့် မြတ်စိုးပြေးဝင်ကာ ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"နှောင်ဖွဲ့. . ငါပါ"

"ဟာ. . . မာန်"

"ပြဿနာတွေတော့ ရှုပ်ကုန်ပြီ၊ ခုပဲ ခွန်းမေမေလာသွားတယ်"

"ဟင်"

"သူတို့ဘက်က သားကိုနှမြောသေးတဲ့အကြောင်းနဲ့ ဘွဲ့ရပြီးမှ လက်ထပ်ပေးမယ်ဆိုတဲ့အကြောင်းကို လာပြောသွားတယ်"

နှောင်ဖွဲ့ရင်၌ စူးရှနာကျင်သွားသည်။ သမီးရှင်များ၏ ဂုဏ်ပကာသနခွဲခြားမှုသည် မိမိသမီး၏တန်ဖိုးကို ကျဆင်းစေတတ်ကြောင်း မသိရှိကြဘူးထင်ပါသည်။

"ဒီတော့. ."

"ဒီတော့. . . မေမေက ဘယ်ခံမလဲ၊ ခုချက်ချင်းပဲ ခွန်းထက်သာတဲ့လူနဲ့ ပေးစားမယ် ဘာမယ်ဖြစ်နေတယ်"

"ဩော်"





"မာန် ဆုံးဖြတ်ချက် ပြတ်ပြတ်သားသား ချပြီးပြီပဲ. . . မေမေတို့ လုပ်ရပ်ဟာ သမီးရဲ့ ဂုဏ်သိက္ခာကို တစ်ပြားသားမှ မရှိအောင်လုပ်လိုက်တာပဲ၊ ဘာပဲညာပဲနဲ့ ငါ ငိုယိုပစ်လိုက်တယ်"

"ဒီတော့"

"ဒေါ်လေးတို့ ဘွားဘွားတို့ကလဲ ငါ့ဘက်ကပါလာကြပြီ၊ မေမေလဲ တွေဝေလာတာပေါ့၊ ခုတောင် ဗေဒင်မေးဖို့ထွက်သွားကြတယ်၊ ဒါပေမယ့်. . . ငါ့ကိုတော့ အစောင့်အကြပ်တွေနဲ့ထားခဲ့တာပေါ့၊ ရယ်ရတယ် ငါထမင်းမစားတာ သုံးနပ်ရှိပြီ"

"ဟင်. . . အဲဒီလိုတော့ မလုပ်နဲ့လေ၊ တော်ကြာ အစာအိမ်ရောဂါတွေ ဘာတွေဖြစ်ကုန်ဦးမယ်၊ မလုပ်ပါနဲ့ မာန်ရယ်"

"အဟင်း . . . ဟင်း. . . နင်ထင်သလား"

မုန်းမာန်ပြေသည် သောကရောက်တဲ့ကြားက ရယ်နိုင်သေးတယ်၊ ဤမာကျောကျောနှင့် ခေါင်းမာသော မိန်းကလေးကိုမှ မိမိကလည်း ချစ်ခဲ့မိသည်ကိုး။

"ဘာထင်ရမှာလဲ မာန်"

"ငါက ထမင်းတော့မစားဘူး၊ ဒါပေမယ့်. . သူတို့ မသိအောင်တော့ မုန့်ခိုးစားထားတာပေါ့၊ အဲဒါ ငါ့ကိုဘယ်သူ အကြံပေးတာလဲ သိလား"

"လိပ်ပုလား"

"မဟုတ်ဘူး ခွန်း၊ သူပဲ ဝင်ထွက်ခွင့်ရတာကို သူပဲမုန့်ဝယ်ပေးထားတယ်၊ ရွှေစာက ငါ့ဘက်ကလေ၊ ငါက မုတ်ရည်ချပြလေ သူက သနားလေရဲ့၊ ငါခိုင်းတာ အကုန်လုပ်ပေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နင်ဘာမှမစိတ်မပူနဲ့သိလား၊ ငါ နင်ကလွဲပြီး ဘယ်သူနဲ့မှ လက်ထပ်ပေးတာကိုမှ လက်မခံနိုင်ဘူး”

“မာန်ရယ် . . . ငါလဲ နင့်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ကို လက်ထပ်ယူမယ်”

“ကျေးဇူးတင်ပါတယ်၊ နင့်စိတ်တွေ မတွေဝေတော့ခြင်းအတွက် ငါကျေနပ်တယ် သိလား၊ နင့်ရည်မှန်းချက်အတိုင်းပဲ ငါးနှစ်ပြည့်အောင်တော့ စောင့်ကြမယ်လေ၊ ငါလဲလွတ်လွတ်လပ်လပ် နေချင်သေးတယ်ဟ”

“အခြေအနေမပေးရင်ကော”

“ငါ့အသက်ကို အသေခံပြီးတော့ ယောကျ်ားပေးစားမယ်ဆိုရင်လဲ ပေးစားပါစေကွာ၊ ခုနကပဲ ငါပြောလိုက်တယ် မေမေတို့လုပ်ပုံက မဟုတ်သေးဘူးလို့ ကျွန်မမှာပဲ မဖုံးနိုင် မဖိနိုင်ဖြစ်နေလို့ ယောကျ်ားတစ်ယောက်ကို အမြန်ဆုံးငမ်းငမ်းတက် လိုက်ဖမ်းယူနေတဲ့ပုံ ပေါက်နေတယ်လို့ ငါလဲငိုပြော ပြောပြစ်လိုက်တော့မှ ငြိမ်ကျသွားကြတယ်”

“မာန်ရယ် . . . နင် သိပ်ပင်ပန်းနေပြီလားဟင်”

“ရပါတယ်၊ ဘဝဆိုတာ ဒီလိုပဲပေါ့ ငိုတစ်လှည့် ရယ်တစ်ခါပေါ့ဟာ”

“မာန်”

“ရှင်”

“ဘယ်လိုထူးလိုက်တယ်”

“ရှင် လို့လေ၊ နင်နဲ့ငါ အိမ်ထောင်ပြုကြရင် နင့်ကို ငါ





အိမ်ဦးနတ်အနေနဲ့ ရှိသေရမယ်မဟုတ်လား၊ ခုကတည်းက အကျင့်ပါအောင် ထူးကြည့်တာ၊ အဟင်း . . . ဟင်း . . . နားထောင်လို့ မကောင်းဘူးလားဟင်”

“မာန်ရယ် မနောက်စမ်းပါနဲ့၊ နင့်ကို ငါစကားအတည်ပြောမလို့”

“ဟင် . . . နင်ပြောခဲ့တဲ့စကားအားလုံးကို ငါကအတည်မှတ်နေခဲ့တာ”

“တော်ပါတော့ မာန်ရယ်၊ ရယ်ရလွန်းသူဟာ ငိုရတတ်တယ်တဲ့၊ နင်သိပ်ရယ်မနေနဲ့ဟာ ငါနင့်အတွက် စိုးရိမ်တယ်၊ ဒါ . . . ငါပြောချင်တဲ့စကားတောင် ဘယ်ရောက်သွားမှန်းမသိတော့ဘူး”

“အတည်စကားလား”

“အင်း . . . ဒီလို အစက နင့်အချစ်ကို ငါမယုံခဲ့ဘူး၊ ဒီတိုင်းစံရွှေမင်းသမီးက အပျင်းတော်ပြေစေဖို့ အညတရလုလင်နဲ့ချစ်တမ်းကစားတယ်လို့ ထင်ခဲ့ပြီး မဝံ့မရဲနဲ့ ချစ်ခဲ့ရတာ”

“အခုတော့ကော”

“နင့်ရဲ့အချစ် နင့်ရဲ့သစ္စာတရားဟာ တန်ဖိုးမဖြတ်နိုင်အောင်ကြီးမားတယ်လို့ ငါလက်ခံယုံကြည်လိုက်ပြီ၊ ဒါကြောင့်မို့ ငါလေ ချစ်တဲ့အပြင် သိပ်လေးစားသွားပြီမာန်”

“အလို့ . . . တယ်ဟုတ်ပါလား၊ ကောင်းတယ် နှောင်ဖွဲ့၊ ဆိုရိုးရှိတယ်လေ မယားရှိခိုးသွားမကျိုးတဲ့”

နှင်းမာန်ပြေက ရယ်သံနှောတဲ့ သူ့အား နောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ သို့သော် နှောင်ဖွဲ့စိတ်ထဲ ထင်၍လားမသိ မုန်းမာန်ပြေ၏ ရယ်သံသည် အက်ကွဲကာ ငိုသံစွက်ဖက်နေသည်ဟု. . .

"မာန်"

"အင်"

"ငါ နှင်နဲ့လက်ထပ်ဖို့ အမြဲအဆင်သင့်ရှိနေတယ်ဆိုတာ နှင်ယုံကြည်ထားနော်"

"အင်း. . . ငါလဲ နှင်နဲ့တွေ့ဆုံဖို့ အမြဲချောင်းနေတာ ဩော်. . . နှင်နဲ့ ကိုကိုသဲဦးပိုင် ဂျပန်မှာ ဆုံဖြစ်ကြသေးသလား"

"အင်း. . . ဖက်ထရီ တစ်ခုမှာလေ သူ့အလုပ်သူ ကိုယ့်အလုပ်ကိုယ်လုပ်ပဲ၊ ငှားထားတဲ့ အခန်းချင်းကလဲ ကပ်လျက် ဒါပေမယ့်. . . ကိုယ်က ညပိုင်းအလုပ်သမားဆိုတော့ နေ့ဆိုင်းသမားနဲ့ စပ်တူငှားထားတာ၊ ဒီတော့ နည်းနည်းသက်သာ တယ်လေ"

"ကိုကိုနဲ့နှင် တစ်ခါမှ မျက်နှာချင်းဆိုင် မတိုးဘူးလား"

"တိုးတာပေါ့ ခဏခဏပဲ၊ ငါက နှင့်မျက်နှာနဲ့ ငါ့ယောက်ဖလောင်းကို ပြုံးပြပါတယ်၊ သူကတော့ ခပ်တည်တည်ပေါ့"

"နှင် စိတ်မပျက်ဘူးလားဟင်"

"မပျက်ပါဘူး၊ ဩော်. . . ငါ မြန်မာပြည် ပြန်ရောက် နေတယ်လို့ သတင်းပေးလိုက်တာ ကိုကိုပဲ ဖြစ်လိမ့်မယ် တယ်"

"ဘာ ကိုကိုလဲ"

"ခုကတည်းက နှုတ်ကျိုးပြီး ကျင့်သားရနေတော့





ကောင်းဘူးလား"

"တော်ပြီ နှောင်ဖွဲ့ရာ၊ ကားသံကြားတယ်၊ ခွန်းထင် တယ်၊ ငါ ခွန်းနဲ့ စကားပြောလိုက်ဦးမယ်နော်"

"အင်း. . အင်း. .၊ ဩော်. . ထမင်းလဲ စားလိုက်ဦး နော်"

"စိတ်ချပါ။ ကိုယ့်ဝမ်းကိုယ်တော့ အငတ်မထားပါဘူး တာ၊ အမြွာနှစ်ကောင်ကို ဖုန်းဆက်ပြီးအားရင် ငါ့ဆီလာခဲ့ဖို့ ပြောလိုက်ဦးနော်"

"အင်း. . ဒါပဲလား"

"အင်း. . ."

မုန်းမာန်ပြေဘက်က တယ်လီဖုန်းချသွားသည်။ နှောင်ဖွဲ့သက်ပြင်းချလိုက်သည်။ ကံကြမ္မာသည် မိမိဘက်သို့ မျက်နှာသာပေးစပြုပြီ ဖြစ်သော်လည်း သူမယုံရဲသေးပါ။

မုန်းမာန်ပြေအနားသို့ အမြဲတစေ ချဉ်းကပ်ခွင့်ရသူမှာ ချစ်ခွန်းသာ ဖြစ်နေသည်ဆိုတော့. . .


သူ၏အချစ်ကိုသာ မဏ္ဍိုင်ပြု၍ သူသစ္စာဆိုရဲပါသည်။ သူ၏ မုန်းမာန်ပြေအပေါ် ထားရှိသော အချစ်နှင့်သစ္စာတရားကြောင့် သူသည်. . . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၇)

မုန်းမာန်ပြေသည် အိမ်ရှေ့မှ ရုတ်ရုတ်သဲသဲအသံ ကြောင့် ပြေးထွက်ခဲ့သည်။

ဦးထွားကြီးနှင့် ဒရိုင်ဘာမောင်ထူး ခြံတံခါးကို ဖွင့်မ ပေးဘဲ ချစ်ခွန်းအား ပြန်ရန်သာပြောနေသည်။ ချစ်ခွန်းက ရုတ် တရက် နားမလည်ဘဲ. . .

"ဘာဖြစ်လို့လဲဗျာ"





"ဘာဖြစ်လို့လဲဆိုတာတော့ ဦးတို့လဲ မသိဘူး၊ ဦးလေး ဘို့တာဝန်က ဘယ်သူ့ကိုမှ ဖွင့်မပေးနဲ့ဆိုတော့ မင်းကိုလဲ ဖွင့် မပေးနိုင်ဘူး"

"မဟုတ်ပါဘူး၊ ကျွန်တော့်ကို အန်တီတို့ကိုယ်တိုင်ခွင့် ပြုထားတာပဲ"

"အစက ဟုတ်မယ်၊ ဒီမနက် မင်းအမေထင်တယ်၊ မင်းနဲ့ ရုပ်ဆင်တယ်၊ မာစီဒီး အနက်နဲ့လေ၊ အဲ. . . သူလာသွား ပြီးကတည်းက မင်းပါ ဒီကိုလာခွင့် ပါမစ်ပိတ်သွားပြီ"

"ဗျာ. . ."

ချစ်ခွန်း အံ့အားသင့်သွားသည်။ သို့သော် ချက်ချင်းပင် အခြေအနေ အရပ်ရပ်ကို သုံးသပ်လိုက်မိသည်။

အိမ်ဘက်ဆီသို့ လှမ်းကြည့်လိုက်သောအခါ မုန်းမာန် ပြေကို အိမ်ရှေ့သံပန်းတံခါး၏ အတွင်းဘက်၌ လှမ်းမြင်လိုက် သည်။

ပတ်ဝန်းကျင်က ရိပ်မိသွားမှာ စိုးရိမ်သည်။ မုန်းမာန်ပြေ ဆိုသူများက သမီးဇောဖြင့် သွေးပူကာ ပတ်ဝန်းကျင်ကို မေ့လျော့ ပြီး ထင်တိုင်းကြနေပေမယ့် သူ့အနေဖြင့် မုန်းမာန်ပြေ၏သိက္ခာ အပေါ် ငဲ့ညှာသင့်သည်။ ထို့ကြောင့် ချက်ချင်းပင် လှည့်ပြန်ခဲ့ လိုက်သည်။

ပထမဦးဆုံး သူတွေ့ရမည့်သူမှာ သူ၏မိခင်ဖြစ်သည်။ မိခင်ရှိရာ ဗိုလ်ချုပ်ဈေးဘက်သို့ ကားကိုဦးတည်လိုက်သည်။ ဆိုင် ရောက်တော့ ထင်သည့်အတိုင်း မိခင်အလုပ်ရှုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ဟော. . . သား၊ လာ. . . မုန့်မာန်ပြေအိမ် ရောက်ခဲ့ပြီထင်တယ်၊ လာ. . . လာ. . ."

မိခင်က သူမ၏ရုံးခန်း သီးသန့်ခန်းသို့ခေါ်ဆောင်သွားသည်။ သူ၏ပျက်ယွင်းနေသော မျက်နှာရိပ် မျက်နှာကဲကို မိခင်က ရိပ်မိသိရှိပြီးဖြစ်နေသည်ကို သူ မအံ့ဩနိုင်တော့ပါ။

"ထိုင်. . သား"

မိခင်က သူ၏ရှုသိုးသိုးဖြစ်နေသော မျက်နှာကို ပြုံးကြည့်ကာ နေရာပေးလိုက်သည်။

"မေမေ မကောင်းဘူးဗျာ၊ ပြေ့အိမ်ကို ဘာသွား ပြောတာလဲ"

"မေမေ့မှာ သမီးမရှိလို့ သမီးချင်း မစာနာတတ်ဘူးလို့ သား မစွပ်စွဲနဲ့နော်၊ ငရဲကြီးသွားလိမ့်မယ်၊ မေမေပြောပြတာကို ခွန်းဆုံးအောင် နားထောင်ပြီးမှ ခွန်းပြောချင်တာတွေပြော မေမေနားထောင်မယ်"

ချစ်ခွန်းက မျက်မှောင်ချီကာ မိခင်ကိုကြည့်လိုက်သည်။ မိခင်က သူ၏ပွရောင်းနေသော ဆံပင်ကို ဖြီးသင်ရင်းဖြင့်. . .

"မေမေက သမီးလေးကို တွေ့ဖို့သွားတာ သမီးလေးနဲ့ တွေ့ခွင့်မရဘဲ ဒေါ်တင်လေးဝေနဲ့ပဲ တွေ့ရတယ်၊ သူက သူ့သမီးနဲ့သားကို အမြန်ဆုံး လက်ထပ်ပေးချင်တယ်၊ လူငယ်ချင်းတွေ ရည်ငံနေတယ်၊ ပေလီကိုလဲ ညအိပ်ညဉ့်နေ သွားခဲ့တယ်ဆိုတော့ သူတို့ဘက်က သမီးရှင်အနေနဲ့ ထိခိုက်နစ်နာနေတဲ့ အကြောင်းကို ပြောပြတယ်လေ"



ချစ်ခွန်းက ငြိမ်သက်၍ နားထောင်နေလိုက်သည်။ ဒါတွေအားလုံးသူ့အား ဒေါ်တင်လေးဝေ ပြောပြသကဲ့သို့ သူ့မိခင်ကိုလည်း ပြောပြလိမ့်မယ်ဟု သူယုံကြည်လေသည်။ ထို့ကြောင့် သူနှုတ်ဆိတ်နေလိုက်သည်။

"မေမေက သားတို့လူငယ်တွေ သူငယ်ချင်းတွေ ပေါင်းသင်းဆက်ဆံကြပုံဟာ လူနေမှုအဆင့်အတန်း မြင့်မားကြပါတယ်၊ အချို့လူငယ်တွေလို သောက်စားမူးယစ်ပြီး ဖိုမကိစ္စ မွန်ထူနေခြင်းမျိုး လုံးဝမရှိကြပါဘူး၊ ရိုးသားသန့်စင်ပြီး ဖြူစင်ကြပါတယ်၊ ဒါကို ကျွန်မတို့က အရောင်ဆိုးလိုက်သလို ဖြစ်သွားရာမရောက်ပေဘူးလားလို့ မေမေကရှင်းပြပါတယ်"

သူ့မိခင်က ဘီးကိုအသာချထားလိုက်ပြီး သူနှင့်မျက်နှာချင်းဆိုင် စားပွဲ၌ဝင်ထိုင်လိုက်သည်။

"နောက်ပြီး သားတို့အသက်ကမှ နှစ်ဆယ့်တစ်နှစ်ပဲရှိကြသေးတာ၊ ပညာကလဲ သင်ကြားကြတုန်း သိပ်ငယ်သေးတယ်၊ အိမ်ထောင်ပြုဖို့ စောပါသေးတယ်၊ ကျောင်းပြီးတဲ့အချိန် လူငယ်ချင်း ကျေနပ်မယ်ဆိုရင် ကျွန်မတို့ဘက်က သမီးလေးကို အခမ်းနားဆုံးလာရောက် တောင်းရမ်းယူပြီး လက်ထပ်ပေးမှာပါလို့ မေမေက နားဝင်အောင် ပြေပြေလည်လည် ပြောပြပါတယ်ခွန်း"

ချစ်ခွန်း စိတ်ထင် မိခင်အပေါ် ဖြစ်ပေါ်နေခဲ့သော ဒေါသအနည်းငယ် ပြေလျော့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေပြောတာ ယုံကြည်ရဲ့လား ခွန်း"

ချစ်ခွန်းက ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါ တုံ့ဆိုင်းဘာဝေ လုပ်နေလိုက်သည်။ ဒေါ်လှယမင်းက သားဖြစ်သူ၏ ခေါင်းကို ချစ်စနိုး လှမ်းပုတ်လိုက်ပြီး . . .

"ဒါတင် အာကဦးမလဲသားရယ်၊ မေမေ့က သမီးလေး မုန်းမာန်ပြေလို ဖူးဖွတ်စင်နေအောင် လှပပြီးသွက်လက်ချက်ချာတဲ့ မိန်းကလေးတစ်ယောက်ကို သိပ်သမီးတော်ချင်နေတဲ့သူပဲ သားရယ်၊ ဒါကြောင့် သမီးလေးနဲ့ တွေ့ဆုံပြီးစကားပြောချင်ပါတယ်ဆိုတော့လဲ တွေ့ခွင့်မပေးဘူးလေ"

"မေမေက ဘာဖြစ်လို့ ပြေနဲ့တွေ့ချင်ရတာလဲ"

"ဩော် . . . ခွန်းရယ် မေမေက ပြေ့ကိုတွေ့တော့ ပြေနဲ့သား ဘယ်အတိုင်းအတာအထိ ဖြစ်ခဲ့ကြသလဲ၊ တကယ်လို့ ဖြစ်ခဲ့ရင်တော့လဲ မေမေတို့အနေနဲ့ ငြင်းစရာမရှိတော့ဘူးပေါ့၊ ခုဟာက တစ်ဖက်သတ်လေ၊ သူ့သမီးကို သူတို့သဘောမတူတဲ့ ကောင်လေးနဲ့ ငြိစွန်းသွားမှာစိုးလို့ သားကိုအမိဖမ်းလိုက်တဲ့ သဘောမျိုးဆိုတော့လဲ မေမေတို့ ဘယ်လက်ခံနိုင်မလဲ"

"ဟင် . . ."

ချစ်ခွန်း အံ့အားသင့်သွားသည်။ သူ၏မိခင်အနေဖြင့် မုန်းမာန်ပြေနှင့် နှောင်ဖွဲ့တို့အကြောင်းကို သိရှိလိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့ခြင်းသည် မှားယွင်းသွားပြီဟု သူသိလိုက်ရသည်။

"အံ့ဩသွားသလား ခွန်း၊ မေမေဂျပန်မှာ နှောင်ဖွဲ့ဆိုတဲ့လူငယ်လေးနဲ့ ဆုံစည်းခဲ့ကြတယ်၊ သိပ်ကို ကြိုးစားတဲ့သူငယ်





ပဲ၊ အသောက်အစားလဲ ကင်းတယ်၊ ပေါင်းသင်းဆက်ဆံရေးလဲ ကောင်းတယ်၊ အခြားစက်ရုံတစ်ခုမှာ ညအဆိုင်းကို အပြည့် လုပ်ပြီး မင်းဖခင် အလုပ်ရုံမှာလဲ ကွန်ပျူတာနဲ့စာရင်းကိုင်အနေနဲ့ ညနေတိုင်း လာရှင်းပေးတဲ့အလုပ်ကိုပါ လုပ်ထားတယ်၊ ဒါ့အပြင် မြန်မာပြည်က အလုပ်လာလုပ်တဲ့ အလှမြင် ဆိုင်တို့ဘာတို့မှာလဲ ရှယ်ယာဝင်ထားတယ်၊ သိပ်ကိုကြိုးစားတဲ့ သူငယ်ပဲ၊ သူ့ရဲ့အိပ်ချိန်ဟာ မနက်ခြောက်နာရီ အလုပ်က ပြန်လာပြီး ခုနစ်နာရီကနေ မွန်းတည့်ဆယ့်နှစ်နာရီအထိပဲ အိပ်စက်အနားယူရှာတယ်"

နှောင်ဖွဲ့၏ ရုပ်ရည်ကို ချစ်ခွန်းကိုယ်တိုင် အကဲခတ်မြင်တွေ့နေရပြီဖြစ်ရာ မိခင်စကားများကို သူယုံကြည်ပါသည်။

"ဒါနဲ့ မေမေက ဒီလောက်ကြိုးစား ရုန်းကန်နေတဲ့ ကိုယ့်လူမျိုး လူငယ်ကလေးအကြောင်းကို သိချင်လာတယ်၊ ဒါနဲ့ သူ့အခန်းဖော်က သားဖေဖေအလုပ်ရုံမှာ အလုပ်လုပ်တဲ့မြန်မာလေးပဲ၊ နောက်တစ်ယောက် ရှိသေးတယ်၊ သူက သဲဦးပိုင်၊ ပထမတော့ သဲဦးပိုင်ကို အရင်မေးတယ်၊ သဲဦးပိုင်က မဖြေဘူးလေ၊ မသိဘူးလို့ပဲပြောတယ်၊ ဒါပေမယ့် သဲဦးပိုင်ရဲ့ မျက်ဝန်းရိပ်မှာ နှောင်ဖွဲ့နဲ့ပတ်သက်မှု ရှိနေတယ်လို့ မေမေရိပ်မိပါတယ်"

ချစ်ခွန်း မိခင်ကို လက်ဖျားခါသွားပြီ၊ သူ့၌ဘာမှပြောစရာ မရှိတော့ပါချေ။

"ဒါနဲ့ နှောင်ဖွဲ့ရဲ့ အခန်းဖော်လေးကိုပဲ မေမေက အပ်စုရတာပေါ့ ခွန်းရယ်၊ ဒီမှာပဲ မေမေနဲ့ဖေဖေ သိလိုက်ရတာက



www.burmeseclassic.com

www.burmeseclassic.com



နှောင်ဖွဲ့ဟာ မိသားစုအတွက်ရော ချစ်သူအတွက်ရော ကြိုးစားရုန်းကန်နေရှာတဲ့အဖြစ်ကို သိရှိလိုက်ရတယ်၊ သူ့ချစ်သူရဲ့ ပန်းချီကားလေးကိုလဲ မေမေတို့သူတို့စပ်တူ အိပ်ခန်းဖော်ရဲ့ အခန်းထဲမှာ တွေ့ရှိလိုက်ရတာ၊ မုန်းမာန်ပြေရဲ့ပုံလေးပဲ ခွန်း"

ချစ်ခွန်းရင်ထဲက တမြည့်မြည့်ဖြစ်သွားသည်။ သူ့အသည်းနှလုံးပေါ်၌ ရှိနေသော မုန်းမာန်ပြေ၏ပုံရိပ်ကိုတော့ဖြင့် မည်သူမှ မမြင်တွေ့ကြပါသေး။ သူ့အား သူ့မိခင်ပင်သနားလိမ့်မည် မထင်ပါ။

"ဒီလို သူငယ်မျိုးရဲ့ အနာဂတ်ကို မေမေတို့ဖျက်ဆီးသင့်သလား ခွန်း"

"... ... ..."

ချစ်ခွန်း ခေါင်းငိုက်ဆိုက်ကျသွားသည်။ အချစ်ဆိုသည်မှာ ရယူခြင်းဟု ခံယူ၍မရတော့ပါချေ။

"ခွန်း"

"..............."

ဒေါ်လှယမင်းက သားဖြစ်သူ၏ ခေါင်းကိုညင်သာစွာဆွဲမော့လိုက်သည်။ ချစ်ခွန်း၏ မျက်လုံးအိမ်၌ မျက်ရည်စများ ရစ်ဝဲလျက်ရှိသည်ကို မြင်တွေ့လိုက်ရသည်။

"သားရယ်"

ဒေါ်လှယမင်း၏ ရင်ခွင်သို့ ချစ်ခွန်းတိုးဝင်လိုက်သည်။

"ခွန်း မှားသွားပါပြီ မေမေ၊ ခွန်းလေ. . မေမေတို့ လက်ထပ်ခွင့်ပေးရင် မလွှဲမရှောင်သာလို့ဆိုပြီး သူငယ်ချင်းတွေကို





လိမ်ညာလှည့်ဖြားပြီး ပြေ့ကိုလက်ထပ်ထိမ်းမြားမယ်လို့ ကြံစည်ခဲ့တာ"

"ခွန်းရယ် အချိန်မီခဲ့ပေလို့ ဘုရား. . . ဘုရား၊ သူ့တစ်ပါးချစ်ခြင်းကို သားမို့လို့ ခွင်းဖို့ကြံစည်ရက်တယ်"

"ခွန်း . . . ခွန်း ပြေ့ကို သိပ်ချစ်တယ် မေမေ"

"ဒါပေမယ့် ပြေ့မှာ ငယ်ကျွမ်းချစ်သူ ရှိတယ်လေ"

"ခွန်း မှားသွားခဲ့တယ်၊ ပြေ. . . ပြေကလဲ ခွန်းကို ချစ်တယ်လို့ ခွန်းထင်ခဲ့တာကိုး"

ဒေါ်လှယမင်း ကိုယ်တိုင် သားဖြစ်သူ၏ ကြေကွဲမှုသည် သူတို့၏ ရင်ကွဲမှုပင်ဖြစ်ရာ မျက်ရည်ကျရင်း သားကိုနှစ်သိမ့်မှုပေးနေရသည်။

"မှတ်ထားသား၊ မိန်းမသားတွေရဲ့ နှလုံးသားကို အထိမှန်နိုင်ဆုံးအရာဟာ သနားခြင်းဆိုတဲ့ လက်နက်ပဲ"

"... ... ..."

"ပြေက နှောင်ဖွဲ့ကို ချစ်ခဲ့တဲ့အချစ်မှာ သနားခြင်းကအခြေခံခဲ့တဲ့အတွက် ယိုင်လဲဖို့ရာ မလွယ်ကူတော့ဘူးသား"

"... ... ..."

"ယောကျ်ားပဲ သားရယ် . . . သူ့တစ်ပါး ချစ်သူအတွက် မျက်ရည်ကျတယ်ဆိုတာ ရှက်စရာကောင်းပါတယ်"

ချစ်ခွန်းက မိခင်ရင်ခွင်မှထွက်ကာ မျက်ရည်များကိုခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်ပြီး . . .

"ခွန်း နှလုံးသားအတွက် ကျတဲ့မျက်ရည်စက်တွေပါ



www.burmeseclassic.com

www.burmeseclassic.com



ဒါ နောက်ဆုံးပါ မေမေ”

ချစ်ခွန်း၏ မျက်ရည်များက ဒေါ်လှယမင်း ကိုယ်တိုင် သုတ်လိုက်ပြီး. . .

“ဒါမှ မေမေ့သား၊ ယောကျ်ားဆိုတာ လောကဓံကိုလဲ ကြံ့ကြံ့ခိုင်ခိုင်ရမယ်၊ နှလုံးသား ပြဿနာမှာလဲ တရားသဖြင့် ရှင်သန်စွာ အနိုင်ယူနိုင်ရမယ်၊ ငါ့သားရဲ့ ချစ်သူအပေါ် စောင့်စည်းခဲ့တဲ့ သစ္စာတရားဟာ ငါ့သားရဲ့ မြင့်မြတ်မှုပါသား၊ သာမန် ယောကျ်ားတွေ စောင့်စည်းနိုင်ခဲ့တဲ့ကိစ္စတွေမှာတောင် သားက စောင့်စည်းနိုင်ခဲ့၊ သစ္စာရှိနိုင်ခဲ့သေးတာပဲ၊ ဆင်ပြောင်ကြီး အမြီး ကျမှတစ် ဆိုသလို သံပရာတစ်ခြမ်းနဲ့ မချေလိုက်နဲ့နော်သား”

“ကျွန်တော် နားလည်ပါပြီ မေမေ”

“ဒီလိုဆို ခွန်း ပြေ့ကို အရင်ကလို သူငယ်ချင်းအဖြစ်နဲ့ ဆက်လက်တွဲသွားနိုင်ပါ့မလား”

ချစ်ခွန်းက ခိုင်မာပြတ်သားစွာပင် . . .

“တွဲနိုင်ပါတယ် မေမေ၊ ဘာဖြစ်လို့ မတွဲနိုင်ရမှာလဲ”

“ဒီလိုဆို ခွန်း. . . နှောင်ဖွဲ့နဲ့ မုန်းမာန်ပြေတို့ နီးစပ်မှု အတွက် အပေါ်ယံ ဟန်ဆောင်မှု သက်သက် မဟုတ်ဘဲရင်ထဲ ကအစစ်အမှန်နဲ့ကို အမှန်တကယ် ကူညီသွားမှာပေါ့နော် သား ဟုတ်လား”

“ဟုတ်တယ် မေမေ. . . ခွန်း တကယ်ကူညီသွားမှာပါ”

“ဝမ်းသာပါတယ် ခွန်းရယ်”

“ကျွန်တော် သွားတော့မယ်. . . မေမေ”





“ဟင့်အင်း မေမေပါ ပြန်လိုက်မယ်၊ ခွန်းတစ်ယောက် တည်းပြန်သွားတာကို မေမေခွင့်မပြုနိုင်ဘူး”

“မေမေ့သဘောလေ”

ဒေါ်လှယမင်းကိုယ်တိုင် ကားမောင်းပြီး ချစ်ခွန်းကို အိမ် ပြန်ပို့ပေးခဲ့သည်။ သားဖြစ်သူ အိပ်ရာဝင်သွားသည်ကို တိတ်တ ခိုး စောင့်ကြည့်ပြီးမှ ခင်ပွန်းဖြစ်သူ၏ ရင်ခွင်သို့ဝင်ကာ အားပါး တရငိုရှိုက်လိုက်သည်။


ချစ်ကံခေလွန်းသော သားအတွက် သူမကိုယ်တိုင်ယူ ကျုံးမရဖြစ်ကာ ကြေကွဲရသည်ကိုတော့ဖြင့် သားဖြစ်သူက သိ လိမ့်ဦးမည် မထင်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၈)

"သမီး မိမုန်း သူငယ်ချင်းတွေ ရောက်နေတယ်၊ ထွက်တွေ့လိုက်ဦး"

မုန်းမာန်ပြေသည် မှောက်ခုံအိပ်ကာ ဆန္ဒပြနေရာမှ ခေါင်းထောင်ပြီး. . .

"ဘယ်သူတွေလဲ"

"လိပ်ပု အမြွှာနှစ်ကောင်နဲ့ မောင်ချစ်ခွန်း"

"ဟင်"





မုန်းမာန်ပြေ အံ့အားသင့်ကာ လူးလဲထလိုက်ပြီး မိခင်အား မော့်ကြည့်လိုက်သည်။

ဒေါ်တင်လေးဝေက မုန်းမာန်ပြေအား ပြုံးပြလိုက်သည်။ သူမ၏အပြုံး၌ မျက်ရည်များပါသည်။

"သမီး. . . မေမေရဲ့ သားသမီးအပေါ် ဆင်စီးပြီး မြင်းရံတာ မြင်ချင်တဲ့ ဆန္ဒကို သမီးနားလည်ရဲ့လား"

"ကျွန်မ နားမလည်ဘူး မေမေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ အမေဘဝကိုမှ မရောက်သေးတာ"

"အေး. . . ဒါပေမယ့် မေမေဟာ သားသမီးဘဝကို ကျော်ဖြတ်ခဲ့ရသူဆိုတော့ သားသမီးတွေရဲ့ဆန္ဒကို နားလည်သွားပါပြီ"

"ဒါဖြင့်သမီးကို ဘယ်သူနဲ့မှ လက်ထပ်ပေးဖို့ မစီစဉ်တော့ဘူးပေါ့နော် မေမေ"

"သမီးဆန္ဒမပါဘဲ ဘယ်သူနဲ့မှ လက်မထပ်ပေးတော့ပါဘူး"

"ဟား. . . ဒါမှ တို့ မေမေကွ"

မုန်းမာန်ပြေက ဝမ်းသာအားရ ခုတင်ပေါ်က ခုန်ဆင်းကာ မိခင်အား ဖက်ပြီး ပါးပြင်ကို တစ်ချက်နမ်းရှိုက်လိုက်သည်။

ပြီးတော့မှ မှန်ခုံရှေ့ပြေး မျက်နှာကို တို့ပတ်ရိုက်ခေါင်းကို တစ်ချက်နှစ်ချက် ဖြီးသင်လိုက်ပြီးမှ ဧည့်ခန်းဘက်သို့ပြေး ထွက်သွားလေသည်။

ဒေါ်တင်လေးဝေက မျက်ရည်ကြားမှ ပြုံး၍ကျေနပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့လေသည်။

သူမ၏လုပ်ရပ်ဟူသမျှတို့သည် မှားယွင်းသွားကြောင်း ကိုစေ့စေ့တွေးလေ သဘောပေါက်လေ ဖြစ်ခဲ့ရသည်။

သူမ၏ လုပ်ဆောင်ချက်များသည် သမီး၏ဂုဏ်သိက္ခာကိုကျဆင်းစေကာ မိမိတို့၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေနိုင်သည်။

ညက သားဖြစ်သူ ကိုကိုသဲဦးပိုင်ကလည်း ဖုန်းဆက်ကာ နှောင်ဖွဲ့အကြောင်းကို တော်တော်ပြောပြခဲ့သည်။ ကြိုးစားမှု၊ ရိုးသားမှုနှင့် လုပ်ရည်ကိုင်ရည်ရှိကာ ထက်မြက်သော လူငယ်တစ်ဦးဖြစ်ကြောင်း၊ အထူးသဖြင့် ချစ်သူအပေါ် သစ္စာရှိရှိ ချစ်မြတ်နိုးခြင်းသည် ပေါ်လွင်ကြောင်း၊ ထို့ကြောင့် သူတို့၏ အချစ်လမ်းခရီးကို မသိကျိုးကျွန်ပြုကာ စောင့်ကြည့်စေချင်ကြောင်း၊ မုန်းမာန်ပြေတွဲ့ရမှ နှောင်ဖွဲ့၏ပြောင်းလဲလာသော ဘဝအခြေအနေကို သုံးသပ်ပြီး လက်ခံသင့်က လက်ခံသင့်ကြောင်း အေးဆေးစွာ ရှင်းပြခဲ့သည်။

ထို့ကြောင့် ဒေါ်တင်လေးဝေက သမီးဖြစ်သူအား အလျှော့ပေးကာ သူမ၏ဆန္ဒကို လိုက်လျှောခြင်းဖြစ်သည်။

မုန်းမာန်ပြေနှင့် သူငယ်ချင်းများ၏ရယ်သံသည် ဧည့်ခန်းတွင်းမှ ထွက်ပေါ်လာသည်။

"မိနှင်းဆီရယ်. . . နင်တို့နှစ်ယောက်မရှိလို့ လိပ်ပုတို့နဲ့ခရီးထွက်မိပါတယ်၊ ကံကောင်းလို့ ယောက်ျား စောစောစီးစီး ယူရတော့မလို ဖြစ်သွားတယ်"





မုန်းမာန်ပြေက သောကရိပ်ကင်းစင်သော မျက်နှာဖြင့် ပြောလိုက်သည်။ ချစ်ခွန်းက မုန်းမာန်ပြေအား ငေးကြည့်နေမိသည်။

ချစ်သူအပေါ် သစ္စာရှိသော မိန်းကလေးတစ်ယောက်အနေဖြင့် သူ လေးစားပါသည်။ မိမိ တန်ဖိုးထား ချစ်မိသော မိန်းကလေး၊ သူမစိတ်ကို သူ အလိုမလိုက်ဘဲ သစ္စာတရားနှင့် မှန်ကုန်သောရည်မှန်းချက်ကို အပျက်မခံဘဲ ကြံ့ကြံ့ခံ ရပ်တည်နိုင်သော မိန်းကလေးအဖြစ် သူ လေးစား တန်ဖိုးထားကာ သူ့နှလုံးအိမ်၌ စိုက်ထူသွားနိုင်ခဲ့သည်ကိုတော့ သူ့ကိုယ်သူအသိဆုံးဖြစ်နေသည်။

"ပြေ. . . မနက်ဖြန် ဖေဖေ ပြန်ရောက်တုန်း အိမ်မှာ ဆွမ်းကျွေးမလို့၊ အဲဒါ လာနိုင်မလား"

"မေမေခွင့်ပြုရင် လာမယ်လေ"

ဧည့်ခန်းသို့ ရောက်လာသော ဒေါ်တင်လေးဝေက. .

"ခွင့်ပြုတယ် သမီး၊ ဩော်. . . ကြုံတုန်း သားတို့သမီးတို့ကိုအန်တီတစ်ခု ပြောထားရဦးမယ်၊ အန်တီ မှားယွင်းခဲ့တာရှိရင် အန်တီအပေါ် နားလည်ခွင့်လွှတ်ပေးကြပါလို့"

"ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော်တို့ နားလည်ပါတယ်"

"အေးကွယ်. . . အရင်တုန်းကလိုပဲ မင်းတို့သူငယ်ချင်းအပေါ် ချစ်ချစ်ခင်ခင်နဲ့ စောင့်ရှောက်ပေးကြပါလို့ အန်တီ မေတ္တာရပ်ခံပါတယ်"

"စိတ်ချပါ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းလေးဦးက ပြိုင်တူကတိပေးလိုက်ကြသည်။

"အေး. . . အေး. . . ဝမ်းသာပါတယ်၊ ကိုင်း. . . စကားပြောကြဦး၊ အန်တီ မင်းတို့စားဖို့ တစ်ခုခု စီစဉ်လိုက်ဦးမယ်"

ဒေါ်တင်လေးဝေ၏ လင်ပူ သမီးပူများသည် မိမိ အမှန်တရားကို တွေ့မြင်လိုက်ရချိန်၌ ငြိမ်းချမ်းသွားလေပြီ။ သမီး၏ အဖေလည်း သမီးချင်း ကိုယ်ချင်းစာတတ်ကာ ရာသက်ပန် ခြေငြိမ်သွားပြီဖြစ်လေရာ အရာရာကို အေးအေးဆေးဆေး ချင့်ချင့်ချိန်ချိန် ဆုံးဖြတ်ရန်သာ ရှိတော့သည်။

"ဘယ်လိုလဲဟ . . . အရမ်းပြောင်းလဲသွားပါလား"

မြတ်စိုးက ဒေါ်တင်လေးဝေ ဧည့်ခန်းအတွင်းမှ ပျောက်ကွယ်သွားချိန်တွင် မျက်စပစ်ကာ မေးလိုက်သည်။

"မသိဘူးလေ. . . ငါက ဟိုလူဒီလူနဲ့ ပေးစားရင် ကိုယ့်ကိုယ်ကိုယ် သတ်သေမယ်လို့ ခြိမ်းခြောက်ထားလို့လားမှ မသိတာ"

"မဟုတ်ဘူး . . . ငါသိတယ်"

ချစ်ခွန်းက ကြားဝင်ဖြေလိုက်သည်။ မုန်းမာန်ပြေက ချစ်ခွန်းအား ကြည့်လိုက်သည်။ ရင်ထဲမှာတော့ လှမ်းမောသွားသည်။ သို့သော် မျက်နှာပြင်ပေါ်၌ နှလုံးသား အရိပ်မထင်စေရန် ဖုံးကွယ်ရင်း . . .

"ငါတောင် မသိဘူး၊ နင်က သိတယ်"

"အင်း"





"ဒါဖြင့်ပြော"

"နင်တို့နှစ်ဦးရဲ့ သစ္စာတရားကြောင့်"

မုန်းမာန်ပြေ ရင်ထဲ စူးနင့် နာကျင်သွားသည်။ သစ္စာတရားအတွက် မိမိနှလုံးသား၌ ဒဏ်ရာတရ ဖြစ်သွားခဲ့ခြင်းကို တော့ မည်သူမှသိနိုင်လိမ့်မည် မထင်ပါ။

သို့သော် တစ်စုံတစ်ယောက်တော့ သိနိုင်လိမ့်မယ်။ ထိုသူသည် . . .




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၉)

ကိစ္စအားလုံး ပြီးစီးသွားပြီဖြစ်၍ နှောင်ဖွဲ့သည် နှစ်ပတ်ပြည့်အောင် မနေတော့ဘဲ တစ်ပတ်နှင့်ပင် ဂျပန်သို့ပြန်တော့မည်ဖြစ်ရာ မုန်းမာန်ပြေနှင့် သူငယ်ချင်း အစုံအလင်လိုက်ပို့ကြသည်။

မုန်းမာန်ပြေကိုတော့ ချစ်ခွန်းတို့အိမ် ဆွမ်းကျွေးဟုဆိုကာ ညာခေါ်ခဲ့ခြင်းဖြစ်သည်ကို လမ်းရောက်မှ သိခဲ့ရသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွန်းရင်ထဲ၌ အတိတ်သို့ရောက်ရှိသွားသည်။ ဤနေရာလေး၌ သူစွဲလမ်းခဲ့သော ဓါတ်ပုံရှင်မိန်းကလေးကို ရင်ခုန်စွာဖြင့် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်တုန်းက မျှော်လင့်ချက်တို့သည် ရင်မှာအပြည့်အနှက် နေရာ ယူလျက်ရှိခဲ့သည်။

ယခုအချိန်တွင်တော့ မျှော်လင့်ချက်တို့ ကုန်ဆုံးလျက်ရှိချေပြီ။

"နှောင်ဖွဲ့"

"ဘာလဲ မာန်"

"နင် အလုပ်တွေချည်း ဖိလုပ်မနေနဲ့နော်၊ ကျန်းမာရေးကိုလဲ ဂရုစိုက်ပါ"

"အေးပါ မာန် ငါနားလည်ပါတယ်၊ ငါ့ဘဝမှာ နင်ရှိနေသရွေ့ လှေလှော်ရင်း တက်ကျိုးရမယ့် ကိန်းမျိုးဘယ်တော့မှ မဆိုက်စေရပါဘူး"

ပြည်ပခရီးသွား တံခါးအပေါက်ဝအနီး၌ ထွက်ခွာလုလုနှောင်ဖွဲ့ကို မုန်းမာန်ပြေက မှာကြားလိုက်သည်။

နှောင်ဖွဲ့က မလှမ်းမကမ်းရှိ မြတ်စိုး၊ ချစ်ခွန်းနှင့် အမြွာညီအစ်မထံသို့ လျှောက်လာလိုက်သည်။ မြတ်စိုးကို ဦးစွာလက်ဆွဲနှုတ်ဆက်ကာ . . .

"လိပ်ပုံ . . . ငါသွားမယ်နော်၊ မင်းတို့ရဲ့ သူငယ်ချင်းကောင်းဝတ္တရားအတိုင်း ဆက်လက်ပြီး အကျိုးဆောင်ပေးကြပါဦး"

"စိတ်ချ နှောင်ဖွဲ့"





"မိသဇင်နဲ့ မိနှင်းဆီ . . . ငါသွားမယ်၊ မာန်တို့စောင့်ရှောက်နော်"

"ပြောစရာ မလိုပါဘူးဟဲ့"

"စိတ်ချ အမှုန့်ကြိတ်ပစ်မယ်"

နှောင်ဖွဲ့က ပြုံးကာ ချစ်ခွန်းဆီသို့ နောက်ဆုံးလှည့်လိုက်သည်။ ချစ်ခွန်းအား လက်ဆွဲနှုတ်ဆက်ကာ လက်ကိုမလွှတ်ဘဲ မြဲမြံစွာဆုပ်ကိုင်ထားသည်။

အေးစက်နေသော သူတို့နှစ်ဦး၏ လက်များသည် နွေးထွေးသွားသည်အထိ ဆုပ်ထားကြသည်။

"ခွန်း . . . ကျွန်တော့်အတွက် မိတ်ဆွေကောင်း သူငယ်ချင်းကောင်းတစ်ဦး တိုးပွားခြင်းအတွက် သိပ်ကိုဝမ်းသာပါတယ်ဗျာ၊ မာန်ကို အရင်ကအတိုင်း ဆက်လက်စောင့်ရှောက်ပေးနိုင်လိမ့်မယ်လို့လဲ ကျွန်တော်ယုံကြည် မျှော်လင့်ထားပါတယ်ဗျာ"

ချစ်ခွန်း ပြုံးလိုက်ပြီး ပြုံးရယ်လျက်ပင် . . .

"ခင်ဗျားကတော့ဗျာ၊ အမည်နဲ့လိုက်အောင် အားလုံးအပေါ် နှောင်ဖွဲ့သွားတော့တာပဲ၊ စိတ်ချပါဗျာ . . . မာန်ဆိုတဲ့ ခင်ဗျားချစ်သူ၊ ကျွန်တော့် သူငယ်ချင်းကို ကျွန်တော်တို့ စောင့်ရှောက်သွားမှာပါ"

ချစ်ခွန်း ရင်ထဲကစကားကို နှစ်နှစ်ကာကာ ပြောလိုက်ခြင်းဖြစ်သည်။

နှောင်ဖွဲ့က ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ ပစ္စည်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို ထုတ်ကာ ချစ်ခွန်းအားပေးလိုက်သည်။ အသံဖမ်းစက်လေး ဖြစ်သည်။

မုန်းမာန်ပြေ ဖမ်းခိုင်းခဲ့သော သူတို့နှစ်ဦးစကားပြောသံများနှင့် မုန်းမာန်ပြေ၏ ပြတ်သားသော ဆုံးဖြတ်ချက်နှင့် စကားသံများ ဖြစ်သည်။

မြတ်စိုးဆီမှ သူယူခဲ့ခြင်းဖြစ်သည်။ ယခု ချစ်ခွန်းကိုပေးလိုက်သည်။ ချစ်ခွန်းနားထောင်ပြီးလျှင် ဖျက်ဆီးချင်ဖျက်ဆီးပစ်ပါစေတော့၊ သူ့အတွက် ဘာမှမလိုအပ်တော့ပါ။

ချစ်သူ၏ သစ္စာတရားသည် အရာရာကိုပြီးပြည့်စုံစေသည်။ နှောင်ဖွဲ့နှင့် ချစ်ခွန်း မျက်ဝန်းချင်း စကားပြောမိကြသည်။

ထို့နောက် နှောင်ဖွဲ့သည် လက်ချင်းဖြုတ်ကာ နောက်သို့လှည့်မကြည့်တမ်း ထွက်သွားခဲ့လေသည်။

မုန်းမာန်ပြေအတွက်တော့ ခံရခက်သော ဝေဒနာ တစ်ရပ်က နှလုံးသားကို စူးနင့်စွာ ဒုက္ခပေးစေသည်။

ထို့ကြောင့် . . .

နှောင်ဖွဲ့၏ နောက်ကျောပြင်ကို ငေးကြည့်နေသည့်ကြားက ကြေကွဲမှု မျက်ရည်စက်တို့က လိမ့်ဆင်းလာခဲ့လေသည်။

ထိုမျက်ရည်စက်တို့သည် အဝေးတစ်နေရာသို့ နှစ်အတော်ကြာ ခွဲခွာသွားသူ နှောင်ဖွဲ့အတွက်လား . . .

သို့တည်းမဟုတ် . . .





သူ့အနား၌ အမြဲတစေရှိနေမည်ဖြစ်သော်လည်း နှလုံးသားနှင့် အဝေးဆုံးတစ်နေရာသို့ ပို့ဆောင်လိုက်ရသော ချစ်ခွန်းအတွက်လား . . .

မည်သူမျှ သိနိုင်ကြလိမ့်မည် မဟုတ်ပေ။

သို့သော် မုန်းမာန်ပြေ သိလိုက်သည်က မိမိအတွက် ဤကဲ့သို့သော ကြေကွဲမှု မျက်ရည်ပွင့်တို့ ကျဆင်းခြင်းမှာ နောက်ထပ်ဖြစ်ပွားတော့မည် မဟုတ်ကြောင်းကိုပင် . . .

**မြပုလဲခင်**



www.burmeseclassic.com